www.burmeseclassic.com



# တင်နိုင်တိုး

# ကုန်းဘောင်ခေတ်မင်းမှုထမ်းများ အဘိဓာန်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မှာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုပိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# တင်နိုင်တိုး

# ကုန်းဘောင်ခေတ် မင်းမှုထမ်းများအဘိဓာန်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | | ၃၁၀၀၂၉၀၄၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၃၁၀၂၂၄၁၁၁ |
| မျက်နှာဖုံးဒီဇိုင်း | ◆ | မင်းမြင့်ခိုင် |
| အတွင်းစာစီ | ◆ | မြစ်ခွဲ၉စင်းကွန်ပျူတာ |
| ထုတ်ဝေသည့်လ | ◆ | ၂၀၁၂ ခုနှစ်၊ ဩဂုတ် လ |
| အကြိမ် | ◆ | ပထမအကြိမ် |
| အုပ်ရေ | ◆ | ၁၀၀၀ |
| ထုတ်ဝေသူ | ◆ | ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)<br>အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ◆ | ဒေါ်ခင်စီ (ပြည်ဦးဘောပုံနှိပ်တိုက်)၊<br>အမှတ်(၁၅၈)၊ ၃၇-လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ◆ | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | ◆ | 2500 |


## စာရေးသူ၏ အမှာစာ

ဤစာရေးသူသည် ၂၀၀၂ ခုနှစ်က ‘ကုန်းဘောင်ခေတ် အဝေးမြို့ဝန်’ ဟူသောစာအုပ်ကို ပြည့်စုံစာပေတိုက်မှ ရေးသားထုတ်ဝေခဲ့ဖူးပါသည်။ ထိုစဉ်က စာဖတ်သူမိတ်ဆွေတစ်ဦးထံမှ အမရပူရမြို့ဝန် ဘိုင်ဆတ် အကြောင်း မပါရှိသဖြင့် စာအုပ်မှာ စုံလင်မှုမရှိပါဟု သူ့အနေဖြင့် ထင်မြင်ယူဆကြောင်း စကားဆိုခဲ့ဖူး၏။ စာရေးသူ၏ အဝေးမြို့ဝန်စာအုပ်မှာ မစုံလင်ကြောင်း အမှန်ပင်ဖြစ်ပါသည်။ ရရှိနိုင်သ၍ အထောက်အထားများဖြင့်သာ စုစည်းရေးသားထားသဖြင့် ဖြည့်စွက်စရာ အကြောင်းအရာများ ရှိနေဦးမည်သာ ဖြစ်ပါသည်။ သို့သော် အမရပူရမြို့ဝန် ဘိုင်ဆတ်၏အကြောင်းမှာမူ ကုန်းဘောင်ခေတ် အဝေးမြို့ဝန်စာအုပ်တွင် ပါဝင်မည်မဟုတ်ပါ။ အကြောင်းမှာ ဘိုင်ဆတ်သည် အဝေးမြို့ဝန် ခေါ် အဝေးမြို့ရွာ အုပ်ချုပ်ရေးဆိုင်ရာ မင်းမှုထမ်းတစ်ဦးမဟုတ်ဘဲ ရာဇဌာနီအုပ်ချုပ်ရေးတွင် အကျုံးဝင်သည့် နန်းမြို့ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိတစ်ဦး ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ဤစာရေးသူအနေဖြင့် ထိုစဉ်ကပင် ကုန်းဘောင်ခေတ် ရာဇဌာနီ အုပ်ချုပ်ရေး ဆိုင်ရာမင်းမှုထမ်းများအကြောင်းကို သီးခြားရေးဖွဲ့ရန် ဆန္ဒရှိခဲ့ပါသည်။ သို့ဖြင့် အချက်အလက်များကို ရှာဖွေစုဆောင်းခဲ့ပါသည်။

ကုန်းဘောင်ခေတ် နန်းမြို့ဝန်းကျင်ဆိုင်ရာ အရေးပါသောမင်းမှုထမ်းအချို့၏ အတ္ထုပ္ပတ္တိအကြောင်းအရာများကို အတော်အတန် စုဆောင်းရမိသောအခါ မပျောက်မပျက် တစ်စုတစ်စည်းတည်း ရှိနေစေရန်အတွက် အင်တာန်


www.burmeseclassic.com



အသွင်စီစဉ်ကာ 'ဤကုန်းဘောင်ခေတ် မင်းမှုထမ်းများအဘိဓာန်' ကို ပြုစုအပ်ပါသည်။ ဤအဘိဓာန်တွင် နန်းတွင်း၌အရေးပါလှသည့် ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ သံတော်ဆင့် စသည့် ရာထူးများ၊ မြို့တော်ဝန်၊ ဆင်ဝန်၊ မြင်းဝန်၊ ကင်းဝန်၊ လှေသင်းဝန်၊ လက်နက်တိုက်ဝန် စသည့် ဝန်စုမျုးစုအသီးသီးတို့၏ အကြောင်းအရာများကို လက်လှမ်းမီသ၍ ထည့်သွင်းဖော်ပြထားပါသည်။ သို့သော် မင်းမှုထမ်းတစ်ဦးချင်းစီ၏ အကြောင်းအရာအတ္ထုပ္ပတ္တိများကိုမူ ပြည့်စုံစွာဖော်ပြနိုင်ခြင်း မရှိပါ။ အရေးပါသည့် အချက်အလက်များကိုသာ ဖော်ပြနိုင်ပါသည်။ ထို့အတူ အချို့သော နန်းတွင်းအမှုထမ်းများအကြောင်းကို အမည်မျှသာ ဖော်ပြနိုင်တော့သည်လည်း ရှိပါသည်။ နောင်တွင် အရေးပါလှသော နန်းတွင်းအရာရှိကြီးများအကြောင်းကို သီးခြားရေးသားဖော်ပြသွားရန်လည်း ပြင်ဆင်လျက်ရှိပါသည်။ မည်သို့ဆိုစေကာမူ ကုန်းဘောင်ခေတ်တစ်လျှောက် နန်းတွင်းအမှုထမ်းများ များစွာရှိခဲ့ရာ အကြောင်းအရာများမှာ ဖြည့်စွက်ရန် ကျန်ရှိနေဦးမည်သာ ဖြစ်ပါသည်။ သက်ဆိုင်ရာနန်းတွင်းအမှုထမ်းတို့၏ ဆွေစဉ်မျိုးဆက်များအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ပြင်ဆင်ဖြည့်စွက်ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

တင်နိုင်တိုး

■



ဝန်စာရေးဦးသာကြွယ်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်ဝန်ကြီး ဦးကြီး




အကြီးတော်ဦးသံမှိုင်

www.burmeseclassic.com

www.burmeseclassic.com




ကင်းဝန်မင်းကြီးဦးကောင်း၊




ယောအတွင်းဝန်ဦးဘိုးလှိုင်

www.burmeseclassic.com

www.burmeseclassic.com



လေ့အသင်းအတွင်းဝန် ဦးရွှေမောင်



သံတော်ဆင့်ဦးကျော်အေး

www.burmeseclassic.com

www.burmeseclassic.com



အဝေးရောက်မင်းဦးအောင်ကြီး




မြောင်လှဝန်ထောက်ဦးခြိမ့်

www.burmeseclassic.com

www.burmeseclassic.com




စာရေးတော်ကြီးဦးသိုင်း



သီဟာသနနန်းပလ္လင်

www.burmeseclassic.com



နန်းတော်၏အချက်အချာ လွှတ်တော်ကြီး

# (က)

**ကလယ်၊ ဦး၊ နာခံတော်**

ဦးကလယ်သည် ပုဂံမင်းလက်ထက်တွင် နာခံတော်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၅၂ ခု၊ ဧပြီလတွင် တောင်သမန်အင်းအတွင်း ငါးဖမ်းကြသူတို့အား တားမြစ်မှုမရှိသည့်အပြင် အားပေးအားမြှောက်ပြုခဲ့မိသည့်အတွက် ဝန်ထောက်ဦးပေါက်နှင့်အတူ ရာထူးချထားခံခဲ့ရ၏။

**ကာစော၊ ဦး၊ ဝန်ထောက်**

ဦးကာစောသည် စစ်ကိုင်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးမှ မင်းလှဖေယျကျော်ဘွဲ့ခံ ဝန်ထောက်အဖြစ် ခန့်အပ်ခံခဲ့ရပါသည်။

**ကာမဏိစန္ဒ၊ မြို့တော်ဝန်**

ကာမဏိစန္ဒသည် ဗဒုံမင်းလက်ထက်တွင် မြို့တော်ဝန်ရာထူး ရရှိခဲ့၏။ သူသည် ယခင်က ကင်းတပ်ဗိုလ်အဖြစ် အမှုထမ်းခဲ့သူ ဖြစ်ပါသည်။

**ကုလား၊ ဦး၊ စိုင်နံ့ဝန်ကြီး**

ဦးကုလားသည် ၁၇၆၀ ပြည့်နှစ် ဒီပဲယင်းမင်း နန်းတက်လျှင် မင်းကြီးမင်းကျော်ထင်ဘွဲ့ဖြင့် ဝန်ကြီးရာထူး ခန့်အပ်ခံခဲ့ရ၏။ ဦးကုလားသည် မြေဒူးမင်းလက်ထက်တွင်လည်း ဝန်ကြီးအရာဖြင့်ပင် ဆက်လက်အမှုထမ်းခွင့်ရခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



### ကုလား၊ ဦး၊ ပုဏ္ဏားဝန်

ဦးကုလားသည် ပုဂံမင်းလက်ထက်တွင် ပုဏ္ဏားဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၅၃ ခုနှစ် နှစ်ဆန်းကာလ၌ ဖြစ်ပွားခဲ့သည့် မင်းတုန်း၊ ကနောင် မင်းသားများ အရေးတော်အတွင်း ရုပ်ဖျက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

### ကုလား၊ ဦး၊ အနောက်ဝင်းမှူး

ဦးကုလားသည် ဗဒုံမင်းလက်ထက်တွင် မဟာဥတ္တမသင်္ကြံဘွဲ့ဖြင့် အနောက်ဝင်းမှူးရာထူး ရရှိခဲ့သည်။

### ကူ၊ ဦး၊ အတွင်းဝန်

ဦးကူသည် ဗဒုံမင်းလက်ထက်တွင် သူရဲဝန်အဖြစ် စတင် အမှုထမ်းရွက်ခဲ့ပြီး ၁၇၈၄ ခုနှစ်တွင် မင်းလှကျော်စွာဘွဲ့ဖြင့် အတွင်းဝန် ဖြစ်လာပါသည်။ ၁၈၀၃ ခုနှစ်တွင် ဦးကူကို ရန်ကုန်မြို့ဝန်ရာထူး ခန့်အပ်လိုက်ပါသည်။ ဦးကူအား တွေ့ဆုံခဲ့ဖူးသူ ခရစ်ယာန်သာသနာပြု Felix Carey က ဦးကူသည် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးကို ဝါသနာပါပြီး လူတိုင်းနှင့် ဆက်ဆံရေးကောင်းမွန်သည်ဆိုပါသည်။ ဗဒုံမင်း၏ ဝမ်းကွဲညီအစ်ကိုဟူ၍လည်း ဆိုကြ၏။ ခရစ်ယာန်သာသနာပြုက ဦးကူနှင့် သွားတွေ့သောအခါ အခွန်ဝန်ဂူဂျာ၏ဆန္ဒအရ ကလေးများအတွက် ကစားစရာပစ္စည်းများ၊ လက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်ဆို၏။ သာသနာပြု Felix Carey သည် ၂၅၊ နိုဝင်ဘာ၊ ၁၈၀၉ ခုနှစ်တွင် ဦးကူနှင့်အတူ ဆင်စီး၍ မုတ္တမသို့သွားရောက်ခဲ့ကြောင်း သိရှိရ၏။

### ကံ၊ ဦး၊ မြို့တော်ဝန်

ဦးကံသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းရဲဇေယျကျော်ဘွဲ့ခံ ကျောက်ဆည်ဝန်အဖြစ် အမှုထမ်းခဲ့၏။ ထို့နောက် မင်းရဲကျော်ထင်ဘွဲ့ဖြင့်ပင် မြို့တော်ဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။



### ကံ၊ ဦး၊ လက်ဝဲဝင်းမှူး

ဦးကံသည် ၁၈၃၉ ခုနှစ် သာယာဝတီမင်း နန်းတက်စကပင် မင်းကြီးမဟာမင်းလှမင်းထင်ဘွဲ့ဖြင့် ဒလမြို့ဝန်အဖြစ် အမှုထမ်းလျက်ရှိပါသည်။ ၄၀ တော် သွေးသောက်စာရင်းဝင်ဖြစ်ပြီး ၁၈၄၁ ခုနှစ်တွင် တွံတေးရွှေဆံတော်ဘုရားအား မင်းမိန့်ဖြင့် ရွှေအပြည့်ကပ်လှူပူဇော်ခဲ့သေး၏။ နောက်ပိုင်းတွင် လက်ဝဲဝင်းမှူးရာထူး ပြောင်းရွှေ့ခန့်ထားခံခဲ့ရ၏။

### ကံဘော၊ ဦး၊ ဝန်ထောက်

ဦးကံဘောသည် ဗဒုံမင်းလက်ထက်တွင် မြေစွန်းဝန်ရာထူးဖြင့် အမှုထမ်းနေရာမှ မင်းလှသီရိဘွဲ့ခံ ဝန်ထောက်ဖြစ်လာပါသည်။

### ကံရေး၊ ဦး၊ ဝန်ထောက်

ဦးကံရေးသည် စစ်ကိုင်းမင်းလက်ထက်တွင် ဝန်ထောက်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူသည် လွှတ်တော်ဝန်ကြီးငါးဦးအား ထောက်ပံ့တာဝန်ထမ်းရွက်ရသူဖြစ်၏။ ၁၈၂၇ ခုနှစ်တွင် ကလကတ္တားသို့ ရှေ့ပြေးကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့သည်။ ၁၈၃၀ ပြည့်နှစ်၌လည်း မဏိပူရတွင် ဗြိတိသျှအရာရှိများနှင့် သွားရောက်တွေ့ဆုံခဲ့ရ၏။ ပျော်ရွှင်စွာနေထိုင်တတ်သူဖြစ်သော်လည်း ဗြိတိသျှတို့အား များစွာအနှောင့်အယှက်ပေးသူဖြစ်သည်ဆိုပါသည်။ သူသည် ကလကတ္တားသို့ သွားရောက်ခဲ့စဉ်က အတွေ့အကြုံများကို ပြောပြလေ့ရှိသည် ဆို၏။ အစားအသောက်ခုံမင်ပြီး မြဝတီမင်းကြီးဦးစနှင့် ရင်းနှီးကျွမ်းဝင်သူလည်းဖြစ်၏။ ဦးကံရေးသည် မင်းလှရာဇာဘွဲ့ခံသံတော်ဆင့်အဖြစ် အမှုထမ်းနေရာမှ ဝန်ထောက်ရာထူးသို့ တိုးမြှင့်ခန့်ထားခံခဲ့ရခြင်း ဖြစ်သည်။

### ကောက်၊ ဦး၊ အတွင်းဝန်

ဦးကောက်သည် သာယာဝတီမင်းလက်ထက်တွင် အတွင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့သူဖြစ်သည်။ မင်းကြီး မဟာနော်ရထာဘွဲ့ ရရှိခဲ့ပြီး အင်းဝမြို့စား ဖြစ်ဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂုဏ်း၊ ဦး၊ ကွမ်းရေတော်

ဦးကင်းသည် မင်းတုန်းမင်း လက်ထက်တွင် နေမျိုးသမန္တရာဇာဘွဲ့ဖြင့် ကွမ်းရေတော်အဖြစ် အမှုထမ်းခဲ့၏။ ဦးကင်းသည် တောင်ဖင်မြို့သူကြီး ဦးဖိုး၏သားဖြစ်ပြီး ဒေါ်ချိန့်နှင့် စုံဖက်ကာ ဦးဖေကြီး (တောင်ဖင်မြို့သူကြီး)၊ ဦးဘိုးအို၊ ဦးမြင့်၊ ဦးဘိုးချစ်၊ ဒေါ်မမလေးနှင့် ဦးသိန်းတို့ကို ဖွားမြင်ပါသည်။

## ကင်း၊ ဦး၊ အသုံးစာရေး

ဦးကင်းသည် သီပေါမင်းလက်ထက်တွင် နေမျိုးမင်းထင်ရာဇာဘွဲ့ခံ အသုံးစာရေးအဖြစ် အမှုထမ်းရ၏။ သူသည် မုန့်တော်ခေါင်းမင်း ဦးရွက်၏ဇနီး ဒေါ်မြ၏မောင်ဖြစ်ပြီး အစ္စလာမ်ဘာသာဝင်တစ်ဦးလည်း ဖြစ်ပါသည်။

## ကောင်း ၊ဦး၊ ကင်းဝန်မင်းကြီး

ဦးကောင်းကို မုံရွာခရိုင်၊ ဆင်ရှင်မြို့နယ်၊ မုန်တိုင်ပင်ရွာ၌ သွေးသောက်ကြီး ဦးမှို ဒေါ်နှင်းဆီတို့မှ ၃၊ ဖေဖော်ဝါရီ၊ ၁၈၂၂ ခုနှစ်တွင် ဖွားမြင်ပါသည်။ သူသည် အမရပူရမြို့၊ ဗားကရာတိုက်တွင် ဦးအာသဘဘွဲ့နှင့် ရဟန်းဝတ်နေရာမှ ၁၈၄၉ ခုနှစ်၌ လူထွက်ကာ မင်းတုန်းမင်းသား အိမ်တော်တွင် အမှုထမ်းခဲ့သည်။ ၁၈၅၃ ခု မင်းတုန်းမင်းနန်းတက်ချိန်တွင် မင်းလှသီခ်သူဘွဲ့ဖြင့် ရွာသစ်ကြီးရွာစား ရှေ့တိုက်စိုးဖြစ်လာ၏။ ထို့နောက် သပြေ ၅ ရွာစား အမှာတော်ရေး၊ ၁၈၅၇ ခုနှစ်တွင် မဟာမင်းကျော်စည်သူဘွဲ့ဖြင့် လွှတ်တော်စာရေးကြီး၊ ၁၂၊ အောက်တိုဘာ၊ ၁၈၆၁ ခုနှစ်တွင် အလုံမြို့ဝန်၊ ၁၈၆၅ ခုနှစ်တွင် တောင်ငူ၊ ရမည်းသင်းနှစ်မြို့ အခွန်ဝန်၊ ၁၈၆၆ ခုနှစ်တွင် မင်းကြီးမဟာစည်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူးအဆင့်ဆင့် ရရှိခဲ့သည်။ ၁၈၇၀ ခုနှစ်တွင် ကင်းဝန်ရာထူးကိုပါရရှိခဲ့သဖြင့် ကင်းဝန်မင်းကြီးဦးကောင်းဟု အမည်ထင်ရှားလာပါသည်။

၁၈၇၂-၇၄ ခုနှစ်များတွင် ဥရောပနိုင်ငံများသို့မသွားရောက်မီ ၁၅၊ ဇန်နဝါရီ၊ ၁၈၇၂ ခုနှစ်၌ ဦးကောင်းကို မင်းကြီးမဟာစည်သူဘွဲ့ဖြင့် ဝန်ကြီးရာထူး ပေးအပ်ခဲ့သည်။ သီပေါမင်းလက်ထက်တွင်လည်း သတိုးသုဓမ္မမဟာသက်တော်ရှည်ဘွဲ့ဖြင့် လယ်ကိုင်းမြို့စားဝန်ကြီးအဖြစ် ဆက်လက်အမှုထမ်းရ၏။ ၃၀၊ ဇွန်၊ ၁၉၀၈ ခုနှစ်တွင် ကင်းဝန်မင်းကြီးဟောင်း



ဦးကောင်း ကွယ်လွန်ပါသည်။ ဦးကောင်း၏ ဝန်ကတော်မှာ တရားသူကြီး ဦးဘိုး၏ ကိုယ်လုပ်တော်ဟောင်း ဆင်ကြန့်သခင်နှင့် အလုံမြို့သူကြီး၏နှမ ဒေါ်ရွှေမေတို့ ဖြစ်ကြပါသည်။ မင်းကြီးဦးကောင်းတွင် သားသမီးအရင်း အချာမရှိဘဲ မွေးစားသားနှစ်ဦးသာရှိရာ မောင်ကြာဥနှင့် မောင်ဘိုကြီးတို့ ဖြစ်ကြသည်ဆို၏။

ကင်းဝန်မင်းကြီး ဦးကောင်း၏ မွေးချင်းများမှာ မအိမ်ကြွယ်၊ ဦးကောင်း(ကင်းဝန်မင်းကြီး)၊ ဦးချောင်း(စစ်ကဲ)၊ မဘူး၊ ဦးရွှေ၊ ဦးထား (ကင်းတပ်စစ်ကဲ)နှင့် မထူးတို့ ဖြစ်ကြပါသည်။

## ကောင်း၊ ဦး၊ သေနတ်ဝန်

ဦးကောင်းသည် အလောင်းမင်းတရားကြီးလက်ထက်၌ သေနတ်ဝန်ရာထူးဖြင့် အမှုထမ်းခဲ့ရသူ ဖြစ်ပါသည်။ သူသည် ၁၇၊ ဧပြီ၊ ၁၇၅၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြင်းရည်တက်သူရဲကောင်း (၆၈)ဦးအဝင်ဖြစ်ပြီး မင်းကျော်ပျံချီဘွဲ့ကို ဦးစွာရရှိခဲ့သည်။ မကြာမီ မင်းလှမင်းခေါင်ဘွဲ့ခံ သေနတ်ဝန်ဖြစ်လာပါသည်။ ဦးကောင်း၏ဇာတိမှာ အလုံ သာစည်ရွာဖြစ်ပြီး ညီအရင်း ဦးနောင်(နောင်ပခန်းမင်းကြီး)နှင့်အတူ အလောင်းမင်းတရားထံ ခိုလှုံခဲ့သည်။ ၁၄၊ ဇူလိုင်၊ ၁၇၅၆ ခုနှစ် သံလျင်တိုက်ပွဲတွင် သေနတ်ဝန်ဦးကောင်း ကျဆုံးသွားပါသည်။ ဦးကောင်းသည် မင်းကျော်ပျံချီ၊ မင်းလှမင်းခေါင်(ကျော်)၊ မဟာသေနာပတိ၊ အဂ္ဂမဟာသေနာပတိဘွဲ့များ အဆင့်ဆင့်ရရှိခဲ့ပါသည်။

## ကောင်းစံ၊ ဦး၊ နန်းကံကျွေးဝန်

ဦးကောင်းစံသည် သီပေါမင်းလက်ထက်တွင် နန်းကံကျွေးဝန်အဖြစ် အမှုထမ်းရ၏။ သူသည် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်းကာလတိုင် သက်ရှိထင်ရှားရှိသေးကြောင်း ဝက်မစွတ်ဝန်ထောက်၏ (၉၊ မေ၊ ၁၈၉၃) ရက်စွဲပါ မှတ်တမ်းအရ သိရှိရ၏။

## ကျွားကြီး၊ ဦး၊ မြောက် (၁၅၀)ဗိုလ်

ဦးကျားကြီးသည် သီပေါမင်းလက်ထက်တွင် ဆိပ်ခွန်ရွာစားမြောက် (၁၅၀) သေနတ်ဗိုလ်အဖြစ် အမှုထမ်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျိုစိုး၊ ဦး၊ ငယ်တိုးအတွင်းဝန်

ဦးကျိုစိုးသည် ဗဒုံမင်း နန်းတက်စတွင် မလဲသာရွာစား အတွင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ သူသည် အမရပူရမြို့နယ် ငယ်တိုးရွာဇာတိဖြစ်သဖြင့် ငယ်တိုးအတွင်းဝန်ဟု အမည်တွင်ခဲ့သည်။ ဘွဲ့မည်မှာ မဟာနန္ဒယော်ဇာ ဖြစ်သည်။ ငယ်တိုးအတွင်းဝန် ဦးကျိုစိုးသည် မြောက်ဘက်တိုက်ဝန်မင်းကြီး မဟာသက်တော်ရှည်၏ သားဖြစ်ပြီး ဦးမြတ်သာ ဒေါ်ပွင့်တို့၏သမီး ရှင်တုတ်နှင့် အိမ်ထောင်ကျခဲ့၏။ ငယ်တိုးအတွင်းဝန်သည် ၁၁၊ နိုဝင်ဘာ၊ ၁၇၈၅ ခုနှစ် ယိုးဒယားသို့စစ်ချီစဉ်က မြင်းတပ်ကိုအုပ်ချုပ်ကာ လိုက်ပါခဲ့ရသည်။ ထို့နောက် ၁၇၈၉ ခုနှစ်တွင် ဇာတ်ချင်းများ ရေးသားပြုစုသောအဖွဲ့၌ အမှုထမ်းခဲ့ရ၏။ ငယ်တိုး အတွင်းဝန်၏ဖခင် မဟာသက်တော်ရှည်သည် ၂၉၊ မတ်၊ ၁၇၈၈ ခုနှစ်တွင် အတွင်းဝန်ရာထူးမှ မြောက်ဘက်တိုက်ဝန် ဖြစ်လာသူ ဖြစ်၏။ ငယ်တိုးအတွင်းဝန်၏နှမ ရှင်အူချာမှာ ဘိုးတော်ဘုရား၏ မြောက်ဆောင်တော်မိဖုရား ဖြစ်သည်။

## ကျိုးညို၊ ဦး၊ အသုံးစာရေး

ဦးကျိုးညိုသည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူ့တွင် မောင်ရှင်ကြီးဆိုသူ သားတစ်ယောက်ရှိကြောင်း သိရှိရ၏။ ဦးကျိုးညိုသည် အင်္ဂလိပ်အစိုးရလက်ထက် ၁၃၊ ဒီဇင်ဘာ၊ ၁၈၈၉ ခုနှစ်တွင် မန္တလေးမှ ဘနော့ရွာသို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ၉၊ ဒီဇင်ဘာ၊ ၁၈၉၁ တွင် ယင်းဘနော့ရွာ၌ပင် ကွယ်လွန်ခဲ့၏။

## ကျေး၊ ဦး၊ နာခံတော်

ဦးကျေးသည် သာယာဝတီမင်းလက်ထက်တွင် နာခံတော်အဖြစ် အမှုထမ်းခဲ့၏။ ပုဂံမင်းလက်ထက်တွင် ရာထူးကျခဲ့ဟန်ရှိပါသည်။ ထို့နောက် မင်းတုန်းမင်း လက်ထက် သာသနာပိုင်ဆရာတော်၏ ဈာပနသို့ထွက်စဉ် ၁၀၊ နိုဝင်ဘာ၊ ၁၈၆၅ ခုနှစ်တွင် ဦးကျေးကို နာခံတော်ရာထူး ပြန်လည်ခန့်အပ်ခဲ့သည်။

## ကျော်ခေါင်၊ ဦး၊ တောင်(၁၅၀)မိုလ်

ဦးကျော်ခေါင်ကို ၁၈၄၂ ခုနှစ်၌ ဖွားမြင်ပါသည်။ မိဘများမှာ အနောက်ဝင်းမှူး ဦးဘားကြီးနှင့် ဇနီးတို့ ဖြစ်ကြ၏။ ငယ်စဉ်က အမရပူရဗားကရာ



တိုက် ကိုရင်ကြီးရှင်နန္ဒထံ ပညာသင်ယူဆည်းပူးခဲ့သည်။ အရွယ်ရောက်လျှင် မင်းတုန်းမင်းထံ အမှုထမ်းရွက်ရာ လက်သုံးတော်ကြီးကိုင်၊ စချီစာရေး၊ ထို့နောက် မဟာမင်းလှသီဟသူဘွဲ့ဖြင့် လှတောကြီး (၅)ရွာစား ဖြစ်ခဲ့၏။ သီပေါမင်းလက်ထက်တွင် မဟာမင်းခေါင်သီဟသူဘွဲ့ဖြင့် တောင်(၁၅၀)မိုလ် မြင်စိုင်းမြို့စားအရာ ရရှိခဲ့သည်။ မကြာမီ မိုးဖြဲစစ်ကဲကြီးအရာ ရရှိခဲ့၏။

ဦးကျော်ခေါင်သည် ၁၈၈၀ ပြည့်နှစ်တွင် ဆင်းမလားသွားသံ အဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံသို့ လိုက်ပါခဲ့ရသည်။ မန္တလေးသို့ ပြန်လည် ရောက်ရှိလာပြီးနောက် အောင်မြေသာစံရပ်၌ မဟာဓေရုံဘုံကျော်ကျောင်း တိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် ဇနီး ကန္တီရွာစား သုသီရိဝဏ္ဏ ကွယ်လွန်ခဲ့ရာ ဇနီး၏ညီမဖြစ်သူ ခင်ခင်နှင့် ထပ်မံလက်ဆက်ခဲ့သည်။ ဦးကျော်ခေါင်၏ သားသမီးများမှာ ဦးခင်မောင်ကြီး၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်ခင်ခင်လေးတို့ ဖြစ်ကြသည်။ ဦးခင်မောင်ကြီးမှာ အင်္ဂလိပ်အစိုးရလက်ထက်တွင် မဟာဒါန်ဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ တောင်(၁၅၀)မိုလ် ဦးကျော်ခေါင်၏ ဇနီးနှစ်ဦးစလုံးမှာ ကျောက်ပန်းတောင်းဝန်ကြီး ဦးရွှေကြည်၏သား ဦးလေးငယ်နှင့် လက်ဝဲဝင်းမှူးဦးခဲ၏သမီး မင်းခင်းခင်မြစ်တို့က ဖွားမြင်ကြသူများ ဖြစ်သည်။

## ကျော်ခေါင်၊ ဦး၊ သံလျင်မင်းကြီး

ဦးကျော်ခေါင်ကို ဒီပဲယင်းမြို့နယ်၊ ဟသ်ာရွာ၌ ဖွားမြင်ပါသည်။ မိခင်မှာ ဗဒုံမင်း၏ အလယ်နန်းမိဖုရား မယ်လွန်းပု၏ အစ်မတော်စပ်သူ မယ်ဆုံကြီး ဖြစ်ပါသည်။ ဦးကျော်ခေါင်သည် ဗဒုံမင်းမင်းသား ဘဝကပင် အိမ်တော်၌ အမှုထမ်းခဲ့၏။ ဗဒုံမင်းလက်ထက်တစ်လျှောက်တွင် ဝေါကြီးမှူး၊ ကောင်ဟန်ဝန်၊ နေမျိုးဇေယျနော်ရထာဘွဲ့ခံ လက်ဝဲဝင်းမှူး၊ တောင်ငူမြို့ဝန်၊ ပုသိမ်မြို့ဝန်၊ အတွင်းဝန်၊ သံလျင်မြို့စားဝန်ကြီး ရာထူးများအဆင့်ဆင့်ရရှိခဲ့သည်။ ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက်စတွင် သတိုးမင်းကြီးမဟာမင်းခေါင်ဘွဲ့ဖြင့် ကျိုဝန်ရာထူး ထပ်မံခန့်အပ်ခဲ့၏။ ၁၈၂၀ ပြည့်နှစ်၌ ဝန်ကြီးဦးကျော်ခေါင် ကွယ်လွန်ပါသည်။ သံလျင်မင်းကြီးသည် ရတု၊ ကဗျာများ ရေးဖွဲ့ခဲ့သူ စာဆိုတစ်ဦးလည်း ဖြစ်၏။

ဦးကျော်ခေါင်၏ သားသမီး (၁၃)ဦးအနက် ထင်ရှားသူများမှာ

www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာမြို့စား မြောက်နန်းမိဖုရား၊ လောင်းရှည်ဝန်ကြီး ဦးမောင်ကလေး၊ ဝန်ကြီးဦးပွား၏ ဝန်ကတော် မင်းကင်းမြို့စား၊ ဗန်းမော်အတွင်းဝန် ဦးဘိုးကတော်၊ ပြင်စည်မြို့စား မှန်နန်းအပျိုတော်တို့ ဖြစ်ကြ၏။ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်မှာ သံလျင်မင်းကြီး၏ မြစ်တော်စပ်သူ ဖြစ်ပါသည်။

## ကျော်နိုင်၊ ဦး၊ ဝန်ထောက်

ဦးကျော်နိုင်သည် ဗဒုံမင်း လက်ထက်တွင် ကျော်ထင်နန္ဒစည်သူဘွဲ့ဖြင့် အမှာတော်ရေးအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် နေမျိုးကျော်ထင်ဘွဲ့ခံ ဝန်ထောက် ဖြစ်လာပါသည်။

## ကျော်စံ၊ ဦး၊ ကွမ်းရေတော်

ကွမ်းရေတော်ဦးကျော်စံသည် မည်သည့်မင်းလက်ထက်၌ အမှုထမ်းရသည်ကို တိကျစွာမသိရပါ။ သူသည် ဗဒုံမင်းလက်ထက် လက်ဝဲဝင်းမှူး ဦးဖျော်၏ သားဖြစ်သည်။ ဦးကျော်စံ၌ သမီးနှစ်ဦးထွန်းကားရာ ခင်စာ၊ ခင်ညှာတို့ ဖြစ်ကြသည်။ ခင်ညှာမှာ ကနောင်မင်းသားကြီး၏ ကိုယ်လုပ်တော်တစ်ဦးဖြစ်ပြီး သမီး ရနောင်မင်းသမီးကို ဖွားမြင်၏။

## ကျော်စံ၊ ဦး၊ သံတော်ဆင့်၊ စိန်တုံးလှေတော်အုပ်

ဦးကျော်စံသည် မင်းတုန်းမင်းနန်းတက်စတွင် စိန်တုံးလှေတော်အုပ်၊ သံတော်ဆင့်ရာထူးများဖြင့် အမှုထမ်းခဲ့သည်။ သူသည် ၁၈၅၄ ခုနှစ်၊ ဇူလိုင်လတွင် ဝန်ထောက်ဟောင်းတစ်ဦး၏ လယ်မြေကွက်အား စိန်တုံး လှေတော်အမှုထမ်းတို့ နှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန် အမိန့်ထုတ်ပြန်ပေးခဲ့ရ၏။

## ကျော်ညာ၊ ဦး၊ အသုံးစာရေး

ဦးကျော်ညာသည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးရာထူးဖြင့် အမှုထမ်းခဲ့၏။ ၁၀၊ ဖွန်၊ ၁၈၉၃ တွင် ဦးကျော်ညာ ကွယ်လွန်ပါသည်။

## ကျော်မဲ၊ ဦး၊ အနောက်ဝင်းမှူး

ဦးကျော်မဲသည် ဗဒုံမင်းလက်ထက်တွင် နေမျိုးသခ်ယာဘွဲ့ခံ အနောက်ဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရ၏။



## ကျော်ရွှေ၊ ဦး၊ မြေထဲမင်းကြီး

ဦးကျော်ရွှေကို ၁၇၅၉ ခုနှစ်ခန့်တွင် အလုံနယ်၊ နောင်ကြီးအိုင်ရွာ၌ ဖွားမြင်ပါသည်။ မိခင်မှာ ဒီပဲယင်းနယ် ဟသ်ာရွာမှ မယ်ဆုံကြီး ဖြစ်သည်။ သူသည် ငယ်စဉ်ကပင် ဗဒုံမင်းသား၏အိမ်တော်၌ အမှုထမ်းခဲ့သည်။ ၁၇၈၂ ခုနှစ် ဗဒုံမင်းနန်းတက်စဉ် ဦးကျော်ရွှေကို မင်းလှရွှေတောင်ဘွဲ့ဖြင့် ရေကြည်မှူးရာထူး ခန့်အပ်ခဲ့၏။ ၂၄၊ မေ၊ ၁၇၈၃ ခုနှစ်တွင် မင်းလှနော်ရထာဘွဲ့ရရှိကာ ၁၇၉၂ ခုနှစ်တွင် မြေထဲမြို့စား ရန်ကုန်မြို့ဝန်ရာထူး တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။ ဦးကျော်ရွှေသည် ရန်ကုန်မြို့ဝန်အဖြစ် အမှုထမ်းစဉ် ၁၂၊ ဧပြီ၊ ၁၇၉၅ ခုနှစ်၌ မိုက်ကယ်ဆိုင်း၏ သံအဖွဲ့ကို ပဲခူးမြို့တွင် လက်ခံတွေ့ဆုံခဲ့သည်။ မိုက်ကယ် ဆိုင်းဒုတိယအကြိမ် လာရောက်စဉ်၌မူ ရန်ကုန်မြို့ဝန် ဦးကျော်ရွှေ မင်းကွန်းသို့ ရောက်ရှိနေသဖြင့် ၂၃၊ ဒီဇင်ဘာ၊ ၁၈၀၂ ခုနှစ်တွင် မိုက်ကယ်ဆိုင်းက မင်းကွန်း၌ပင် တွေ့ဆုံပါသည်။ ၁၈၀၆ ခုနှစ် ဦးကျော်ရွှေကို နေပြည်တော်သို့ ပြန်ခေါ်ခဲ့သော်လည်း ၁၈၁၂ ခုနှစ်၌ ရန်ကုန်မြို့ဝန်ရာထူး ပြန်လည်ခန့်အပ်ခဲ့၏။ ၂၃၊ နိုဝင်ဘာ၊ ၁၈၁၅ ခုနှစ်တွင် ဦးကျော်ရွှေကို ဝန်ကြီးရာထူး ခန့်အပ်လိုက်လေသည်။ သို့သော် ၁၈၁၆ ခုနှစ်တွင် ဝန်ကြီးဦးကျော်ရွှေအား ရန်ကုန်မြို့ဝန်အဖြစ် ခန့်အပ်ခဲ့ပြန်၏။ ၁၈၂၂ ခုနှစ်တွင် ဦးကျော်ရွှေ ရန်ကုန်မြို့၌ ကွယ်လွန်ပါသည်။

ဦးကျော်ရွှေ၏အစ်ကိုမှာ သံလျင်မြို့စားဝန်ကြီး ဦးကျော်ခေါင်ဖြစ်၏။ ဦးကျော်ရွှေ၏ ဝန်ကတော် ရှင်မင်းရင်မှာ အလောင်းမင်းတရားကြီး၏ မြင်းရှည်တက် (၆၈)ဦးအဝင် သတိုးသီဟကျော်ဘွဲ့ခံ ဦးလွင်နှင့် ရှင်စိုးမင်းတို့၏သမီး ဖြစ်ပါသည်။ ဦးကျော်ရွှေ၌ သားသမီးလေးဦးရှိရာ မင်းမြတ်လှ(စစ်ကိုင်းမင်း၏ မြေဒူးမြို့စားမိဖုရား)၊ မင်းလှဝန်း(ကောင်းတုံမြို့စားဟောင်းအင်္ဂါ၏ဇနီး)၊ မင်းရဲသီဟကျော်ဘွဲ့ခံ မောင်ဆင်နှင့် ငယ်စဉ်ကပင် ကွယ်လွန်ခဲ့သည့် မောင်မိုးတို့ ဖြစ်ကြပါသည်။

## ကျော်လှ၊ ဦး၊ လက်ဝဲဝင်းမှူး

ဦးကျော်လှသည် အလောင်းမင်းတရားကြီး၏အနွယ်တော်မှ ပေါက်ဖွားလာသူဖြစ်၏။ သို့ကြောင့်လည်း မြဝတီမင်းကြီးဦးစက မင်းသား မောင်ကျော်လှဟု ခေါ်ဆိုခြင်းဖြစ်သည်။ သူသည် ဒီပဲယင်းမင်းလက်ထက် (၁၇၆၀-

www.burmeseclassic.com

www.burmeseclassic.com



၆၃) အတွင်း၌ ပြည်မြို့ဝန် မင်းလှရာဇာအဖြစ် ထင်ရှားခဲ့သည်။ မြေဒူးမင်း လက်ထက်တွင် မဟာသီဟသူဘွဲ့ဖြင့် လက်ဝဲဝင်းမှူးအရာ ရရှိခဲ့၏။ ဗဒုံမင်းလက်ထက် ၁၁၊ ဖေဖော်ဝါရီ၊ ၁၇၉၄ ၌ ဓညဝတီမြို့ဝန်ရာထူး ခန့်အပ်ခံရသည်။ သို့သော် လအနည်းငယ်သာ အမှုထမ်းရွက်ခဲ့ရပြီး ရာထူး ကျသွား၏။

ဦးကျော်လှသည် အလောင်းမင်းတရားကြီး၏နှမ မယ်မင်းနှင့် ခင်ပွန်း ဦးပြည့်အောင်တို့၏သား ဖြစ်ပါသည်။ မွေးချင်းညီအစ်ကို မောင်နှမ များမှာ မောင်စော်ဘွား၊ ရှင်မိလှ၊ မောင်ကျော်မည်း (ဓညဝတီမြို့ဝန်မင်း ရဲဖေယျကျော်)နှင့် မောင်ကျော်လှတို့ဖြစ်ကြသည်။ ဦးကျော်လှသည် လက်ရွေး ငယ်မြင်းမှူးအဖြစ်လည်း အမှုထမ်းခဲ့ဖူးပြီး မင်းတုန်းမြို့ဝန် ဦးစိန်ပန်း၏သမီး ဒေါ်ရွှေရည်နှင့် စုံဖက်ကာ မောင်ရွှေထွန်း၊ မောင်ရွှေအေးတို့ကို ဖွားမြင်ပါ သည်။

## ကျော်ဦး၊ ဦး၊ သံတော်ဆင့်

သံတော်ဆင့်ဦးကျော်ဦးသည် မင်းတုန်းမင်းလက်ထက်တွင် တောင်တွင်းကြီး မြို့စား သံတော်ဆင့်အရာ ရရှိခဲ့၏။ ဦးကျော်ဦးမှာ စလင်းသူကောင်းမျိုးမှ ပေါက်ဖွားလာသူဖြစ်ပြီး စစ်ကိုင်းမင်းလက်ထက်တွင် ပထမကျော်စာမေးပွဲ အောင်မြင်ခဲ့သည်။ ထို့နောက် လူထွက်၍ စလင်းမြို့ဝန် ဦးမြတ်သူ၊ ဒေါ်နော်ဇာတို့၏သမီး ဒေါ်ဖွားနှင့်စုံဖက်ခဲ့၏။ ဦးကျော်ဦးသည် တောင်တွင်း ကြီးမြို့တွင် အနေများပြီး ၁၈၆၆ ခုနှစ်၌ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ သည်။ သံတော်ဆင့် ဦးကျော်ဦးနှင့် ဒေါ်ဖွားတို့မှ ဦးခင်၊ ဒေါ်ရိတ်နှင့် ဒေါ်လေးတို့ကို ဖွားမြင်ပါသည်။ ဦးခင်နှင့် ဇနီး ဒေါ်ကြင်တို့သည် ဗိသုကာ ဆရာဆိုင်၏ မိဘများ ဖြစ်ကြသည်။

## ကျော်အေး၊ ဦး၊ သံတော်ဆင့်

ဦးကျော်အေးသည် သီပေါမင်း လက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ဦးကျော်အေးနှင့် ဇနီး ဒေါ်မမတို့မှ ဒေါ်ဒေါ်ချစ်၊ ဒေါ်ဒေါ်ရှင်၊ ဒေါ်ဒေါ်မှတ်တို့ကို ဖွားမြင်၏။ သံတော်ဆင့်ဦးကျော်အေး၏ သမီး ဒေါ်ဒေါ်ချစ်သည် အသက်(၇၇)နှစ်အရွယ် ၅၊ မတ်၊ ၁၉၆၁ ခုနှစ်တွင်



## ကျောက်လုံး၊ ဦး၊ စစ်တောင်းမြို့စားဝန်ကြီး

ဦးကျောက်လုံးကို ဓညဝတီဝန်ဦးကြာရိုး၏သားဖြစ်သူ ဦးပွဲမှ ဖွားမြင်ပါ သည်။ ဇာတိမှာ ရွှေကျင်မြို့ဖြစ်၏။ ပုဂံမင်း မင်းသားဘဝကပင် အိမ်တော်၌ ကွမ်းရေတော်ခေါင်းအဖြစ် စတင်အမှုထမ်းခဲ့သည်။ ပုဂံမင်း နန်းတက် လာသောအခါ မင်းရဲမင်းခေါင်ကျော်ဘွဲ့ဖြင့် တောင်တွင်းကြီးမြို့ဝန်အရာ ရရှိခဲ့သည်။ ထို့နောက် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအတွင်း ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့မှုကြောင့် ၄၊ ဩဂုတ်၊ ၁၈၅၂ ခုနှစ်တွင် သတိုးမင်းရဲမင်းခေါင် ကျော်ဘွဲ့ဖြင့် စစ်တောင်းမြို့စားဝန်ကြီးရာထူး ရရှိပါသည်။ ၁၇၊ ဖေဖော်ဝါရီ၊ ၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်လာသောအခါ စစ်တောင်းဝန်ကြီး ဟောင်း ဦးကျောက်လုံးကို ဖမ်းဆီးကာ စစ်ကိုင်းသို့ပို့ထားခဲ့သည်။ နှမ ဖြစ်သူ မရွှေမိမှ ပုဂံမင်း၏မြောက်နန်းမိဖုရားဖြစ်သဖြင့် ဝန်ကြီးဦးကျောက်လုံး ကို မင်းသားကြီး ဦးကျောက်လုံးဟူ၍သာ လူသိများပါသည်။

## ကျယ်၊ ဦး၊ မင်္ဂလာ အမြောက်ဗိုလ်

ဦးကျယ်သည် သီပေါမင်းလက်ထက်တွင် မင်္ဂလာအမြောက်ဗိုလ်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၈၇၈ ခုနှစ် စစ်ရေးပြအခမ်းအနားတွင် ပါဝင်တက်ရောက်ခဲ့ရသည်။

## ကြာကြီး၊ ဦး၊ တရားသူကြီး

ဦးကြာကြီးသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးသူရသင်္ခယာဘွဲ့ခံ တရားသူကြီးအဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် တရုတ်သံအဖွဲ့ ကြိုဆိုရာ၌ ပါဝင်ခဲ့ရသည်။

## ကြာဘက်၊ ဦး၊ ယွန်းစုဝန်

ဦးကြာဘက်သည် စစ်ကိုင်းမင်း လက်ထက်တွင် ယွန်းစုဝန်အဖြစ် အမှု ထမ်းရွက်ခဲ့၏။ သူသည် ဦးစွာ နေမျိုးမင်းကျော်ဘွဲ့ခံ တောင်ငူမြို့ဝန် ဖြစ်ခဲ့၏။ ၁၈၂၃ ခုနှစ်တွင် အာသံသို့ စစ်ချီတက်စဉ် လိုက်ပါခဲ့ရသည်။ မကြာမီ ယွန်းစုဝန်ရာထူး ခန့်အပ်ခံရ၏။

burmeseclassic.com

www.burmeseclassic.com



## ကြာ၃၊ ဦး၊ မကွေးမင်းကြီး

ဦးကြာ၃ကို ၁၃၊ ဖွန်၊ ၁၇၉၆ တွင် သူရဲဝန်ဦးထွန်းနှင့် ဝန်ကတော်တို့က ဖွားမြင်ပါသည်။ သူသည် စစ်ကိုင်းမင်းလက်ထက်တွင် လက်ဖက်ရည်တော်၊ ထန်းတပင်မြို့စား မြောက်ထားဝယ်ဗိုလ်၊ မင်းလှသီဟသူဘွဲ့ဖြင့် ငွေခွန်ဝန် ရာထူးများ ရရှိခဲ့၏။ သာယာဝတီမင်းလက်ထက် ၁၅၊ မေ၊ ၁၈၃၉ တွင် ငွေခွန်ဝန်ဦးကြာ၃ကို မင်းလှမဟာသီဟသူဘွဲ့ဖြင့် ကျီဝန်ရာထူး တိုးမြှင့် ခန့်အပ်လိုက်၏။ ပုဂံမင်း နန်းတက်လာပြီးနောက် ကျောက်မော်မြို့စားဝန်ကြီး ဖြစ်လာ၏။ ထို့နောက် မင်းတုန်းမင်းလက်ထက်တွင် သတိုးမင်းကြီး မဟာ မင်းလှသီဟသူဘွဲ့ဖြင့် မကွေးမြို့စားဝန်ကြီးအရာ ရရှိခဲ့သည်။ ၁၈၆၆ ခုနှစ် တွင် ပတိမ်းမင်းသား ပုန်ကန်မှု၌ ပါဝင်ပတ်သက်ခဲ့သဖြင့် ရာထူးမှဖယ်ရှား ခြင်းခံခဲ့ရ၏။ ကာနယ်စလေဒင်၏ မှတ်တမ်းဒိုင်ယာရီအရ မကွေးမင်းကြီး ဦးကြာ၃သည် ပတိမ်းမင်းသားနှင့်အဖွဲ့အား သူပိုင်ဆိုင်သော ငွေ (၁၂)သိန်း ခန့် ကူညီထောက်ပံ့ခဲ့သည်ဆို၏။

ဝန်ကြီးဦးကြာ၃၏ ဝန်ကတော်မှာ ဒေါ်ရွှေကြာဖြစ်ပြီး သမီး ဒေါ်ခင်ဖြူကို ဖွားမြင်ပါသည်။ ဒေါ်ခင်ဖြူသည် ယောမင်းကြီး ဦးဘိုးလှိုင် ကတော် ဖြစ်ပါသည်။ မကွေးမင်းကြီး ဦးကြာ၃သည် ပတိမ်းမင်းသားအမှု နောက်ပိုင်းတွင် တိမ်မြုပ်သွား၏။ နိုင်ငံခြားသားအများ၏ နိုင်ငံခြားရေး ဝန်ကြီးအဖြစ် သိရှိကြသူ မကွေးမင်းကြီးမှာ မည်သည့်အချိန်က ကွယ်လွန်ခဲ့ သည်ကိုပင် မသိရပေ။

## ကြီး၊ ဦး၊ တိုင်တားဝန်ကြီး

ဦးကြီးသည် အသည်ဝန်ဦးရွှေပု၏ သားဖြစ်ပါသည်။ သာယာဝတီမင်း လက်ထက်တွင် ကွမ်းရေကိုင်၊ ဆင်ရှင်ရွာစား (၄၀)တော် သွေးသောက်ကြီး အဖြစ် အမှုထမ်းရ၏။ မင်းတုန်းမင်းလက်ထက်တွင် မင်းကြီးမဟာသီဟ သူရဘွဲ့ဖြင့် တိုင်တားမြို့စား အသည်ဝန်ထောက်၊ ၁၈၆၇ ခုနှစ်၊ ဒီဇင်ဘာလ တွင် တိုင်တားမြို့စားဝန်ကြီးရာထူးများ တိုးမြှင့်ခန့်ထားခံရ၏။ သို့သော် ဦးကြီးသည် ဝန်ကြီးရာထူးဖြင့် (၅)လခန့်သာ တာဝန်ထမ်းဆောင်ခဲ့ရပြီး နောက် ရောဂါဖြင့် ကွယ်လွန်သွား၏။ ဦးကြီး၏ ဘွဲ့မည်မှာ အသည်ဝန် တိုင်တားမြို့စားဝန်ကြီး မင်းကြီးမဟာသီဟသူရ ဖြစ်၏။



## ကြီး၊ ဦး၊ နာခံတော်

ဦးကြီးသည် သီပေါမင်းလက်ထက်တွင် နာခံတော်အဖြစ် အမှုတမ်းခဲ့၏။ ၂၅၊ ဇန်နဝါရီ၊ ၁၈၈၂ တွင် နာခံတော်ဦးကြီး ကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။

## ကြီး၊ ဦး၊ ဘင်္ဂလားစာရေးတော်ကြီး

ဦးကြီးသည် မင်းတုန်းမင်းလက်ထက်တွင် ဘင်္ဂလားစာရေးတော်ကြီး ရာထူး ခန့်အပ်ခံရ၏။ ဘွဲ့မည်မှာ မဟာနေမျိုးစည်သူကျော်ထင် ဖြစ်၏။ ဘင်္ဂလား စာရေးတော်ကြီးဟူသည် အိန္ဒိယနိုင်ငံဆိုင်ရာ အမြဲတမ်းသံအမတ်ကြီး ဖြစ်သည်။ ဦးကြီးသည် ၁၈၇၄ ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် ဦးခြိမ့်၏သံအဖွဲ့ ၌ သံလတ်အဖြစ် လိုက်ပါလာခဲ့ရ၏။ ၎င်းတို့နှင့်အတူ ပညာတော်သင် မောင်ဘိုးစောတို့လည်း လိုက်ပါလာခဲ့ကြသည်။ ၂၃၊ ဇန်နဝါရီ၊ ၁၈၇၅ တွင် ဦးကြီးနှင့် ဦးခြိမ့်တို့ ဗုဒ္ဓဂါယာသို့ သွားရောက်ခဲ့ကြသည်။ မကြာမီ ကရင်နီနယ်(ကယား)အရေးကိစ္စများ ဆွေးနွေးကြပြီးနောက် ဦးခြိမ့် ပြန်လာ သော်လည်း ဦးကြီး နေကျန်ရစ်ခဲ့၏။ ဦးကြီးသည် သီပေါမင်းပါကော်မှု ချိန်အထိ ယင်းရာထူးဖြင့် အမှုထမ်းခဲ့ရဟန်တူပါသည်။

ဦးကြီး၏သားမှာ ကွမ်းရေတော် မောင်မောင်ခန့် ဖြစ်သည်။ သူသည် ဒေါ်ခင်မြနှင့် လက်ဆက်ကာ သမီးဒေါ်ခင်ကြည် (စည်သူမောင် မောင်ကျော်၏ဇနီး)ကို ဖွားမြင်ခဲ့သည်။

## ကြီး၊ ဦး၊ ရဲညွန့်မြင်းဝန်

ဦးကြီးသည် သီပေါမင်း လက်ထက်တွင် ရဲညွန့်မြင်းဝန်အဖြစ် အမှုထမ်း ခဲ့သည်။ သူ့ကို ၂၈၊ ဩဂုတ်၊ ၁၈၈၈ ရက်စွဲပါ ဝက်မစွတ်ဒိုင်ယာရီ၌ တွေ့ရှိရ၏။

## ကြီး၊ ဦး၊ လက်ဖက်ရည်တော်

ဦးကြီးသည် သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်တော်အဖြစ် အမှု ထမ်းခဲ့ရ၏။ သူသည် အမွေဝန်၏ သား။

www.burmeseclassic.com

www.burmeseclassic.com



## ကြီး၊ဦး၊သုံးဆယ်ဝန်ကြီး

ဦးကြီးသည် အလုံနယ်၊ ငပယင်းရွာဇာတိဖြစ်၏။ မင်းကြီးမဟာဗန္ဓုလနှင့် ဝန်ကတော်ရှင် မင်းဘူးတို့၏သား ဖြစ်သည်။ သာယာဝတီမင်းလက်ထက်တွင် မြောက် (၁၅၀)ဗိုလ်၊ မြောက်မာရဘင်ဗိုလ်၊ ရှေ့ဝင်းတော်မှူးရာထူးများ ရရှိခဲ့ပြီး ပုဂံမင်း နန်းတက်စဉ် ဒီပဲယင်းမြို့ဝန်အဖြစ်အမှုထမ်းခဲ့၏။ ထို့နောက် ပုဂံမင်းလက်ထက်တွင် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဘွဲ့ဖြင့် သုံးဆယ် မြို့စားဝန်ကြီး ဖြစ်လာပါသည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအတွင်း ၂၃၊ မေ၊ ၁၈၅၂ ခုနှစ်တွင် ဝန်ကြီးဦးကြီး ဦးဆောင်သည့်တပ်များ ဟံသာဝတီစစ်ကြောင်း ချီတက်ခဲ့ရ၏။ သုံးဆယ်ဝန်ကြီးသည် ပြည်မြို့ ရသေ့တောင်တိုက်ပွဲ၌ အင်္ဂလိပ်တို့အား ရှုပ်ရှုပ်ချချ ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် ရာထူးချထားခြင်းခံခဲ့ရပြီး ၁၅၊ အောက်တိုဘာ၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်သို့ ဝင်ရောက်ခိုလှုံသွားခဲ့၏။

## ကြီးကလေး၊ ဦး၊ ခနော်ပလာဆင်ဝန်

ဦးကြီးကလေးသည် မင်းတုန်းမင်းလက်ထက်တွင် ခနော်ပလာဆင်ဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ရန်ကုန်မြို့ဝန် ဦးညို၏မြေးဖြစ်ပြီး ဖခင်မှာ တောင်သာညောင်အုပ် (၂)မြို့ဝန်သံတော်ဆင့် ဦးဘိုဖြစ်သည်။ မွေးချင်းနှစ်ဦးရှိရာ ညီငယ်မှာ ကွမ်းရေတော်မောင်မောင်ငယ် ဖြစ်၏။ ဦးကြီးကလေး၏ မင်းပေးဘွဲ့မည်မှာ မင်းထင်ပြာရုပ် ဖြစ်သည်။ ဆင်ဝန် ဦးကြီးကလေးနှင့် ဇနီး ဒေါ်ခင်ပုံတို့မှ ထနောင်းကုန်းရွာစား သူ့သူဇာဘွဲ့ခံ ခင်ခင်ကြီးကို ဖွားမြင်ပါသည်။ ခင်ခင်ကြီးမှတစ်ဖန် ခင်မောင်ကြီး၊ ခင်မောင်လတ် (အမြတ်တော်ဝန်ထောက်)နှင့် ခင်မကြီးတို့ကို ဖွားမြင်ပါသည်။

ဆင်ဝန်မင်းသည် မန္တလေး၌ မင်းထင်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပြီး ၂၆၊ ဖေဖော်ဝါရီ၊ ၁၈၈၈ တွင် ကွယ်လွန်ခဲ့၏။

## ကြံ၊ ဦး၊ ရေကြည်ဝန်

ဦးကြံသည် သီပေါမင်းလက်ထက်တွင် ရေကြည်ဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူ့ကို ဝက်မစွတ်ဝန်ထောက် ဦးလတ်၏(၃-၁၁-၁၈၉၇) မှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရ၏။



## ကြင်၊ ဦး၊ ရွှေတိုက်ဝန်

ဦးကြင်သည် မြေဒူးမင်းလက်ထက်တွင် မုံရွာမြို့စား ရွှေတိုက်ဝန်အဖြစ်ဖြင့် အမှုထမ်းခဲ့၏။ သူသည် မြေဒူးမင်း နတ်ရွာစံလုနီးအချိန် ရေနန်းမှ နန်းတော်ကြီးသို့ ခေါ်ဆောင်သွားရာတွင် အနီးကပ်ပြုစုရင်း လိုက်ပါလာခဲ့၏။

## ကြယ်၊ ဦး၊ စာရေးကြီး

ဦးကြယ်သည် မင်းတုန်းမင်းလက်ထက်တွင် စာရေးကြီးရာထူးဖြင့်အမှုထမ်းခဲ့၏။ သူသည် ၈၊ နိုဝင်ဘာ၊ ၁၈၆၅ တွင် ရာထူးမှရပ်စဲခံခဲ့ရ၏။အကြောင်းရင်းမှာ မင်း၊ မိဖုရားတို့ သာသနာပိုင်ဆရာတော်၏ ဈာပနသို့ သွားရောက်ရန် ရထားစီစဉ်ရာ၌ လစ်လပ်မှုရှိ၍ဟုဆိုပါသည်။ စာရေးကြီးဦးကြယ်၏အမည်ကို ၁၈၅၈ ခုနှစ်တွင် လေ့လျော်အမှုထမ်းတို့ ဂန်ထောက်ပောင်းတစ်ဦးပိုင် မြေကွက်အတွင်းနေထိုင်ယှက်ခဲ့မှုကိုစစ်ဆေးရာတွင် ပါဝင်နေသည်ကိုတွေ့ရှိရ၏။

## ကွန်၊ ဦး၊ ရွှေခဲအတွင်းဝန်

ဦးကွန်သည် သာယာဝတီမင်းလက်ထက်တွင် မင်းရဲအဂ္ဂကျော်ဘွဲ့ခံ အတွင်းဝန်ရာထူးကို ရရှိခဲ့သည်။ သူ့ကို ရွှေခဲအတွင်းဝန်ဟူ၍လည်း ခေါ်ဆိုကြသည်။

## ကွန်၊ ဦး၊ ဖောင်ဝန်

ဦးကွန်သည် ပုဂံမင်းလက်ထက်တွင် ဖောင်ဝန်ရာထူးဖြင့် အမှုထမ်းရ၏။ သူသည် ၁၈၅၃ ခုနှစ် နှစ်ဆန်းကာလတွင် ဖြစ်ပွားခဲ့သည့် မင်းတုန်း၊ ကနောင်မင်းသားများ အရေးတော်အတွင်း ကစဉ့်ကလျား တပ်ဆုတ်ခဲ့ရ၏။

## ကွန်း၊ ဦး၊ ဝန်ထောက်

ဦးကွန်းသည် ပုဂံမင်းလက်ထက်တွင် မဟာမင်းထင်မင်းကျော်ဘွဲ့ခံ ဝန်ထောက်အဖြစ် အမှုထမ်းရွက်ခဲ့ရသည်။

## ကွမ့်၊ ဦး၊ စာရေးတော်ကြီး

ဦးကွမ့်သည် မင်းတုန်းမင်းလက်ထက်တွင် စာရေးတော်ကြီးအဖြစ် အမှုထမ်းခဲ့၏။ ဦးကွမ့်သည် ၁၈၅၃ ခု၊ ဇူလိုင်လတွင် ဖြစ်ပွားခဲ့သည့် ပုဂံမြို့သူကြီး ဦးဘိုးမင်းနှင့် တောင်လုံးမိုင်းပုံနှင်းတို့ အမှုစစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကြွက်၊ ဦး၊ စီးတော်မြင်းဝန်**

ဦးကြွက်သည် သီပေါမင်းလက်ထက်တွင် မဟာမင်းကျော်မင်းထင်စည်သူ ဘွဲ့ဖြင့် စီးတော်မြင်းဝန်ရာထူး ရရှိခဲ့၏။ သူသည် ၁၈၈၂ ခုနှစ်တွင် စီးတော်မြင်းဝန် တောင်သမန်လယ်စားမောင်ဖေငယ် ရာဇဝတ်သင့်ခဲ့ပြီး နောက် စီးတော်မြင်းဝန်အဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

**ကြွက်၊ ဦး၊ ရွှေတိုက်စိုး**

ဦးကြွက်သည် သီပေါမင်းလက်ထက်တွင် ရွှေတိုက်စိုးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၈၄ ခုနှစ်၊ မေလအတွင်း၌ အကောက်ဝန် အစွမ်းအင် ဝယ်ယူတင်သွင်းသည့် ပိတ်အုပ်၊ ပဝါအုပ်များကို လက်ခံခဲ့ရ၏။

**ကြွယ်၊ ဦး၊ ဝန်စာရေး**

ဦးကြွယ်သည် သီပေါမင်း လက်ထက်တွင် ဝန်စာရေးရာထူးဖြင့် အမှုထမ်းရွက်ခဲ့ပြီး စာပုံနှိပ်တိုက်ကို အုပ်ချုပ်ခဲ့ရသည်။ ဦးကြွယ်သည် နိဗ္ဗာန်ကုန်သည် ဦးဆိုးပေ(ဖနီးဒေါ်ပုံ)တို့အစ်မ ဒေါ်ထွေးနှင့်စုံဖက်ကာ ဒေါ်ချမ်းမြင့်ကို ဖွားမြင်ပါသည်။ ဒေါ်ချမ်းမြင့်မှာ မန္တလေးအနောက် နယ်ပိုင်ဝန်ထောက် ဦးအုံ့ထူးနှင့် လက်ဆက်ပြီး ယခင် ရှမ်းပြည်နယ်ဆိုင်ရာ ဥပဒေအကြံပေး အရာရှိ ဦးမြင့်ထူး(ဘီလပ်ပြန် ဝတ်လုံတော်ရ)ကို ဖွားမြင်ပါသည်။ ဦးကြွယ်သည် ၁၆၊ ဒီဇင်ဘာ၊ ၁၉၀၆ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

**ကြွယ်ဝ၊ ဦး၊ ကင်းဝန်**

ဦးကြွယ်ဝသည် ဇစ်ကိုင်းမင်း လက်ထက်တွင် မဟာမင်းလှကျော်စွာဘွဲ့ခံ ကင်းဝန်အဖြစ် အမှုထမ်းခဲ့၏။ ဦးကြွယ်ဝသည် မြင်းမူနယ် မူးဝရွာတောင် ဇာတိဖြစ်ပါသည်။ ဦးကြွယ်ဝကို လက်နက်တိုက်ဝန်၊ အနောက်ဝန် လင်းကတောသယ်ရွာစား မင်းနေမျိုးသူရနှင့် ဝန်ကတော်တို့မှ ဖွားမြင်ခဲ့သည်။ သူသည် စစ်ကိုင်းမင်းလက်ထက်တွင် ကင်းဝန်၊ ယွန်းစုဝန်၊ လှေသင်းတော်မှူး ရာထူးများ ရရှိခဲ့သည်။ မူးဝရွာ၌ မာန်အောင်ရွှေကူဘုရားကို ၁၊ ဇန်နဝါရီ၊ ၁၈၃၂ တွင် စတင်တည်ခဲ့ပြီး ၂၉၊ ဩဂုတ်၊ ၁၈၃၃ ၌ ပြီးစီးအောင်မြင်ခဲ့သည်။



ဦးကြွယ်ဝသည် ကင်းဝန် ရွှေတောင်သီဟကျော်စွာအဖြစ် အမှုထမ်းနေရာမှ စစ်ကိုင်းမင်းက မင်းလှကျော်စွာဘွဲ့ ပေးအပ်ခဲ့၏။ သာယာဝတီမင်းလက်ထက်တွင် စလင်းမင်းသားကြီး၏ ဘက်တော်သားဖြစ်သဖြင့် ရာထူးမှဖယ်ရှားကာအကျဉ်းချထားခံခဲ့ရသည်။ ထို့နောက် သာယာဝတီမင်းက အကျဉ်းမှလွှတ်ကာ နေမျိုးမင်းလှဇေယျသူဘွဲ့ဖြင့် မြို့တော်ဝန်ရာထူး ပြန်လည်ခန့်အပ်ခဲ့ပါသည်။ ဦးကြွယ်ဝတွင် ဒေါ်ခင်ငြိမ်းနှင့် ဦးချမ်းသာဆိုသူ သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။ ဒေါ်ခင်ငြိမ်းနှင့် ခင်ပွန်း ဦးမောင်မောင်လေး (မြဝတီမင်းကြီးဦးစ၏သား)တို့မှ သားသမီးသုံးဦးဖွားမြင်ခဲ့ရာ မောင်မကြီး (ကင်းစာရေး)၊ ခင်နှင်းဦးနှင့် မောင်မြသိး(ငှက်တွင်းဆရာတော်)တို့ ဖြစ်ကြ၏။ ဦးကြွယ်ဝ၏သား ဦးချမ်းသာမှာမူ သစ်တောအုပ်ကြီးအဖြစ် အမှုထမ်းခဲ့၏။

(ခ)

**ခဲ၊ ဦး၊ စားတော်ဝန်**

ဦးခဲသည် မင်းတုန်းမင်း နန်းတက်စကာလကပင် အမရပူရနန်းတွင်း၌ အမှုထမ်းခဲ့သူဖြစ်သည်။ သူသည် မဟာမင်းလှရွှေတောင်၊ မဟာမင်းထင်စည်သူဘွဲ့များ ရရှိခဲ့ပြီး ရေစကြိုရွာစားအဖြစ် ချီးမြှင့်ခံခဲ့ရ၏။ ဘုရင့်ပွဲတော်အုပ်များအတွက် တာဝန်ယူရပြီး မင်းတုန်းမင်းနှင့် အလွန်တူသူလည်းဖြစ်ပါသည်။ ၁၈၅၅ ခုနှစ် ဖယ်ရာ၏သံအဖွဲ့ လာရောက်စဉ်က စားတော်ဝန် ဦးခဲအား မင်းတုန်းမင်းနှင့် မှားယွင်းကာ အရိုအသေပြုခဲ့ကြဖူးပါသည်။

ဦးခဲကို နေပြည်တော်သို့ခေါ်ဆောင်လာသူမှာ ရေစကြိုခုံတော်ဦးမှိုင်း ဖြစ်ပါသည်။ ဦးခဲသည် ယခင်က ခုံတော်ဦးမှိုင်း၏ နေအိမ်၌ အချက်အပြုတ်တာဝန်ယူရသူ ဖြစ်သည်။ ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကို ခရစ်နှစ် ၁၈၆၉ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



**ခဲ၊ ဦး၊ လက်ဝဲဝင်းမှူး**

ဦးခဲသည် သာယာဝတီမင်းလက်ထက်တွင် ရဲဘက်မြင်းတပ်ဗိုလ် ရာထူးဖြင့် စတင်အမှုထမ်းရွက်ခဲ့၏။ ပုဂံမင်းလက်ထက်၌ ရာထူးကျသွားပါသည်။ ၁၈၅၂ ခုနှစ် မင်းတုန်း၊ ကနောင်မင်းသားများ နောင်တော် ပုဂံမင်းကို နန်းချရန်ရွှေဘိုသို့ ထွက်ခွာစဉ် ရဲဘက်မြင်းတပ်ဗိုလ်ဟောင်း ဦးခဲ လိုက်ပါ စစ်မှုထမ်းခဲ့သည်။ ဦးခဲသည် ပုဂံမင်း၏ ရွှေဘိုမြို့ဝန် ဦးဗိုင်းအားတိုက်ထုတ် အောင်နိုင်ခဲ့ပြီးနောက် မင်းကြီးမဟာဇေယျသူရဘွဲ့ဖြင့် ရဲဘက်မြင်းဝန်၊ ရတနာသိမ်မြို့ဝန်(ရွှေဘိုမြို့ဝန်)ရာထူးများ ရရှိခဲ့သည်။ မကြာမီ လှတော်ကြီး မြင်းတပ်ဗိုလ် ဗိုလ်ပြင်အား ရွှေဘိုမြို့ဝန်ရာထူး ခန့်အပ်ကာ ဦးခဲကို နေပြည်တော်သို့ခေါ်ယူလျက် အတ္တပတ်မြင်းဝန်အဖြစ် ခန့်အပ်ခဲ့သည်။ လယ်ကိုင်းမြို့ကိုလည်း မြို့စားအရာပေးအပ်ခဲ့၏။ ၁၈၆၆ ခုနှစ် ပတိမ်းအရေးအပြီးတွင် ဦးခဲကို မင်းကြီးမဟာဇေယျသူရဘွဲ့ဖြင့် မင်းကင်းမြို့စား လက်ဝဲဝင်းမှူးအရာ ခန့်အပ်ခဲ့သည်။ ထို့နောက် မင်းတုန်းမင်းလက်ထက်၌ပင် ဦးခဲ ကွယ်လွန်ပါသည်။

လက်ဝဲဝင်းမှူး ဦးခဲတွင် မင်းကင်းခင်မြစ်နှင့် လက်ဝဲကြောင်းဗိုလ်မောင်မောင်ဆင်ဆိုသူ သားသမီးနှစ်ဦး ထွန်းကားပါသည်။

**ခင်၊ ဦး၊ မြဲတိုက်သံတော်ဆင့်**

ဦးခင်သည် သီပေါမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းနေရာမှ ဒိုင်းခင်ခင်အရေးကြောင့် ဖမ်းဆီးအကျဉ်းချခံခဲ့ရ၏။

**ခင်မောင်ကြီး၊ ဦး၊ အမြောက်ဝန်**

အမြောက်ဝန် ဦးခင်မောင်ကြီးကို တောင်ဒဝယ်သေနတ်ဗိုလ် ဦးတိုးနှင့် ပတိမ်းသခင်(တိုင်တားမင်းကြီးဦးဖိုး၏သမီး)တို့က ဖွားမြင်ပါသည်။ မွေးချင်းငါးဦးအနက် အကြီးဆုံးဖြစ်ပါသည်။ မွေးချင်းညီအစ်ကို မောင်နှမများမှာ အမြောက်ဝန် ဦးခင်မောင်ကြီး၊ ကောင်ဟန်ဝန် ဦးခင်မောင်လတ်၊ လက်သုံးတော်ခင်မောင်လေး၊ မိုင်းလုံခင်ခင်ကြီးနှင့် ခင်မောင်ထွေးတို့ ဖြစ်ကြသည်။ အမြောက်ဝန် ဦးခင်မောင်ကြီး၏ဘွဲ့မည်မှာ မင်းထင်မင်းလှမင်းခေါင်ဖြစ်ပြီး ငဖဲမြို့စားအရာ ပေးအပ်ခံခဲ့ရ၏။ အမြောက်ဝန်ကတော်မှာ မှန်သာကြီးရွာစား အပျိုတော် ဖြစ်သည်။



သီပေါမင်းပါတော်မူစဉ်က အမြောက်ဝန်နှင့် ဝန်ကတော်တို့သည် မိသားစုကိုထားရစ်ကာ ရတနာဂီရိသို့ သွားရောက်နေထိုင်ခဲ့ကြသည်။ သားဖြစ်သူ လတ်သခင် အိမ်ထောင်ကျပြီးမှ ပြန်လာခဲ့ကြသည်။

**ခင်မောင်လတ်၊ ဦး၊ ကောင်ဟန်ဝန်**

ဦးခင်မောင်လတ်သည် တိုင်တားမင်းကြီး ဦးဖိုး၏ သမီးကြီး ပတိမ်းသခင်နှင့် တောင်ထားဝယ်သေနတ်ဗိုလ် ဦးတိုးတို့၏သားဖြစ်သည်။ ဦးခင်မောင်လတ်သည် ရွှေလုံမြို့ဝန် ဦးချက်၏သမီး ခင်ခင်ကြီးနှင့် လက်ဆက်ခဲ့၏။ ပါတော်မူပြီးစတွင် ဦးခင်မောင်လတ်သည် နယ်ချဲ့တို့အား မြင်စိုင်းမင်းသားနှင့်ပူးပေါင်းကာ တော်လှန်ခဲ့သည်။

ကောင်ဟန်ဝန် ဦးခင်မောင်လတ်၏ ဘွဲ့မည်မှာ မင်းလှမင်းခေါင်သီဟသူဖြစ်ပြီး ၂၃၊ မေ၊ ၁၈၉၁ တွင် ကွယ်လွန်ပါသည်။

**ခေါင်၊ ဦး၊ ဝန်ထောက်**

ဦးခေါင်သည် စာရေးကြီးအဖြစ် အမှုထမ်းနေရာမှ စစ်ကိုင်းမင်းလက်ထက်တွင် ရွှေတောင်နော်ရထာဘွဲ့ခံ ဝန်ထောက်ဖြစ်လာပါသည်။

**ခေါင်၊ ဦး၊ သူရဲဝန်**

ဦးခေါင်သည် သီပေါမင်းလက်ထက်တွင် သူရဲဝန်ရာထူးဖြင့် အမှုထမ်းရွက်ရသူ ဖြစ်၏။ သူ့တွင် မွေးချင်းညီအစ်ကိုတစ်ဦးရှိရာ အမည်မှာ မောင်ဆောင် ဖြစ်ပါသည်။ မောင်ဆောင်သည် နန်းတွင်း၌ လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့၏။

**ခိုင်၊ ဦး၊ ရွှေကျောင်းမင်းကြီး**

ဦးခိုင်ကို ခုံမင်းဦးရွှေဂိုနှင့် ဒေါ်မင်းယဉ်တို့မှ ၁၇၈၁ ခုနှစ်ခန့်တွင် ဖွားမြင်ခဲ့သည်။ ဦးခိုင်၏မိခင် ဒေါ်မင်းယဉ်သည် သံလျင်မင်းကြီး ဦးကျော်ခေါင်နှင့် မြေထဲမင်းကြီး ဦးကျော်ရွှေးတို့၏ အစ်မရင်းဖြစ်ပါသည်။ ဦးခိုင်သည် ဦးရီးတော်သံလျင်မင်းကြီး ပုသိမ်မြို့ဝန်အဖြစ် အမှုထမ်းစဉ်က မြို့စာရေးအဖြစ် လိုက်ပါခဲ့ရ၏။ ထို့နောက် စစ်ကိုင်းမင်းသားအိမ်တော်တွင် စည်သူဇေယျရွှေတောင်ဘွဲ့ဖြင့် အိမ်ရှေ့သံတော်ဆင့်အရာ ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၁၉ ခုနှစ် စစ်ကိုင်းမင်းနန်းတက်သောအခါ မဟာမင်းလှရာဇာဘွဲ့ဖြင့် အတွင်းဝန်ရာထူး ခန့်အပ်ခြင်းခံခဲ့ရ၏။ ဦးနိုင်သည် အာသံ၊ မဏိပူရစစ်မျက်နှာ၌ မင်းကြီးမဟာဗန္ဓုလ၏ စစ်ကဲအဖြစ် အမှုထမ်းခဲ့ဖူးပါသည်။ ထို့ပြင် ၁၈၂၆ ခုနှစ်၊ ရန္တပိုစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ၆၊ ဧပြီ၊ ၁၈၂၆ ခုနှစ်တွင် ဦးနိုင်ကို ရွှေကျင်မြို့စားဝန်ကြီးရာထူးပေးအပ်ကာ ရန်ကုန်မြို့ဝန်အဖြစ်ပါ ပူးတွဲတာဝန်ထမ်းဆောင်စေခဲ့သည်။ ၂၉၊ ဩဂုတ်၊ ၁၈၃၅ ခုနှစ်တွင် ဝန်ကြီးဦးနိုင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့၏။ ဦးနိုင်၏ ဝန်ကတော်အမည်မှာ ဒေါ်မင်းချစ်ဖြစ်ကြောင်း သိရှိရ၏။ ရွှေကျင်ဝန်ကြီး၌ မောင်လတ်နှင့် မောင်ဘိုးမင်းဆိုသူ သားနှစ်ဦးရှိကြောင်း သိရှိရပါသည်။

## နိုင်၊ ဦး၊ သံတော်ဆင့်

ဦးနိုင်သည် မင်းတုန်းမင်းလက်ထက်တွင် နေမျိုးရာဇစည်သူဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ ဦးနိုင်သည် သာယာဝတီမင်း လက်ထက်တွင် မဟာမင်းလှရာဇာဘွဲ့ခံ သုံးဆယ်ကင်းစားဝန်ထောက်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ပုဂံမင်းလက်ထက်တွင်လည်း မဟာမင်းလှ ရာဇာဘွဲ့ဖြင့်ပင် ဝန်ထောက်ရာထူး ဆက်လက်ခန့်ထားခံခဲ့ရသည်။ ထို့နောက် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် ဆက်လက်ခန့်အပ်ခံခဲ့ရခြင်း ဖြစ်ပါသည်။

## ချော၊ ဦး၊ စာရေးတော်ကြီး

ဦးချောသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးနန္ဒသူရဘွဲ့ဖြင့် စာရေးတော်ကြီးအရာ ရှိခဲ့၏။

## ချောသူ၊ ဦး၊ လက်ဝဲဝင်းမှူး

ဦးချောသူသည် ဗဒုံမင်းလက်ထက်တွင် လက်ဝဲဝင်းမှူး ရာထူးခန့်အပ်ခြင်းခံခဲ့ရ၏။ ဦးချောသူနှင့်ပတ်သက်၍ အသေးစိတ်အကြောင်းအရာများကိုမူ မသိရသေးပေ။



## ချက်၊ ဦး၊ ရွှေလုံမြို့ဝန်

ဦးချက်ကို ၁၈၄၅ ခုနှစ်တွင် ရွှေဘိုနယ်၊ ကျည်းတောင်ကန်ရွာ၌ မြင်းတပ်ဗိုလ် ဦးအိပ်တို့ ဇနီးမောင်နှံမှ ဖွားမြင်ခဲ့သည်။ သူသည် ငယ်ရွယ်စဉ်ကပင် အိမ်ရှေ့စံ ကနောင်မင်းသားကြီးထံ၌ အမှုထမ်းခဲ့ရ၏။ မြင်းစီးကျွမ်းကျင်သူဖြစ်သဖြင့် မြင်းတပ်တော်၌ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ရသည်။ မင်းတုန်းမင်းလက်ထက်တွင် ရွှေလုံဗိုလ်အဖြစ် ခန့်အပ်ခံရပြီးနောက် သီပေါမင်းနန်းတက်စ ၂၉၊ နိုဝင်ဘာ၊ ၁၈၈၀ တွင် ရွှေမြို့တော်ဝန်ရာထူး ထပ်မံချီးမြှင့်ခံခဲ့ရပြန်သည်။ ထိုစဉ်ကာလမှစ၍ ကောလင်းမြို့စားမင်းကြီးမဟာမင်းခေါင်နော်ရထာအဖြစ် ထင်ရှားလာခဲ့သည်။

ရွှေလုံမြို့ဝန် ဦးချက်သည် အင်္ဂလိပ်-မြန်မာတတိယစစ်အတွင်း တောင်ငူစစ်ကြောင်းမှ တာဝန်ယူ ချီတက်တိုက်ခိုက်ခဲ့ရ၏။ သီပေါမင်းပါတော်မူသွားပြီးနောက် စစ်တွေမြို့သို့ အပို့ခံခဲ့ရသည်။ ထိုမှတစ်ဆင့် မာန်အောင်၊ ရမ်းဗြဲ၊ ကျောက်ဖြူမြို့များ၌ ဆယ်နှစ်တိုင် နေထိုင်ခဲ့ရသည်။ ဦးချက်သည် အသက်(၇၀)နှစ်အရွယ် ၁၆၊ မတ်၊ ၁၉၁၃ တွင် ကွယ်လွန်ခဲ့၏။ ဝန်ကတော်များအနက် ခင်လုံမယ်မှာ ထင်ရှားပါသည်။ သားသမီး (၉)ဦးထွန်းကားရာ ရွှေလုံခင်ခင်ကြီးမှာ အကြီးဆုံးဖြစ်၏။

## ချင်းတီး၊ ဦး၊ ကြံခင်းမြို့စားဝန်ကြီး

ဦးချင်းတီးသည် ၁၇၊ နိုဝင်ဘာ၊ ၁၇၅၄ ခုနှစ် အလောင်းမင်းတရားမြင်းရည်တက် (၆၈)ဦး ဖွဲ့စည်းစဉ် မင်းလှကျော်ထင်ဘွဲ့ဖြင့် ပါဝင်ခဲ့သည်။ ဗဒုံမင်း နန်းတက်စ ၂၃၊ ဖေဖော်ဝါရီ၊ ၁၇၈၂ ခုနှစ်တွင် အသည်ဝန်ကြီးဦးသာကို စီရင်ပြီးနောက် မင်းလှကျော်ထင်အား ဝန်ကြီးအရာ ခန့်အပ်ခဲ့သည်။ မကြာမီ မင်းလှကျော်ထင်ဘွဲ့မှ မဟာသီရိပကြံဘွဲ့သို့ ပြောင်းလဲပေးအပ်ခဲ့သည်။ ၁၁၊ ဇူလိုင်၊ ၁၇၈၃ ခုနှစ်တွင် ကြံခင်းမြို့စားအရာ ရရှိခဲ့၏။ ထို့နောက် မဟာဥတ္တမဓေယျသူရဘွဲ့ ရရှိကာ ၁၊ စက်တင်ဘာ၊ ၁၇၈၅ ခုနှစ်တွင် ရာဇဝတ်သင့်ခဲ့၏။ သို့သော် ဘုရင်အမျက်ပြေသွားသဖြင့် အပြစ်မှ လွတ်မြောက်ခဲ့၏။ ဦးချင်းတီး ရာဇဝတ်သင့်ရခြင်းမှာ ဇရွံမြို့နှင့် ဟသ်ာတမြို့သူကြီးများ မြေလုမှုတွင် အမိန့်တော်လွဲမှားစွာ ထုတ်ပြန်ခဲ့၍ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ချမ်းငြိမ်းရာ၊ ဦး၊ ကွပ်ရှာအတွင်းဝန်

ဦးချမ်းငြိမ်းရာသည် အတွင်းဝန် ဦးမြတ်သာနေ၏ သားဖြစ်ပါသည်။ စစ်ကိုင်းမင်းလက်ထက်တွင် မင်းကြီးကျော်ထင်နော်ရထာဘွဲ့ဖြင့် ကွပ်ရှာမြို့စား အတွင်းဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။

## ချိတ်၊ ဦး၊ ဝန်စာရေး

ဦးချိတ်သည် မင်းတုန်းမင်းလက်ထက်တွင် ဝန်စာရေးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၆၅ ခု လက်ဝဲကြောင်းဗိုလ် ကွယ်လွန်စဉ်က နာရေးကူညီမှုစာရင်းတွင် ပါဝင်ခဲ့၏။

## ချိန်၊ ဦး၊ လှေသင်းအတွင်းဝန်

ဦးချိန်ကို အလုံစီရင်စု၊ မုံရွာတွင် ၁၇၉၆ ခုနှစ်၌ ဖွားမြင်ပါသည်။မုံရွေးဇေတဝန်ဆရာတော်၏ တပည့်ရင်းဖြစ်ပြီး ရဟန်းဝတ်စဉ်က ရှင်သီရိမာလာဘွဲ့ ရရှိခဲ့၏။ ရဟန်းဘဝဖြင့်ပင် မုံရွေးဇေတဝန်ဆရာတော်ထံ မေးခွန်းအများအပြားမေးမြန်းခဲ့ရာ နောင်တွင် သမန္တစက္ခုဒီပနီ ဟူသော ထင်ရှားသော ကျမ်းကြီးတစ်စောင် ဖြစ်လာခဲ့သည်။ စစ်ကိုင်း မင်းလက်ထက်တွင် ဦးချိန် မဟာဇေယျသင်္ခယာဘွဲ့ဖြင့် သံတော်ဆင့်ရာထူး ခန့်အပ်ခံရ၏။ ထို့နောက် သာယာဝတီမင်းလက်ထက်တွင်လည်း သံတော်ဆင့်ရာထူးဖြင့်ပင် အမှုထမ်းရလေသည်။

၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်စ၌ မင်းကြီးမဟာဇေယျသင်္ခယာဘွဲ့ဖြင့်ပင် အတွင်းဝန်၊ လှေသင်းဝန်ရာထူးများ ရရှိခဲ့သည်။ ၁၈၅၅ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ လှေသင်းအတွင်းဝန် ဦးချိန် ကွယ်လွန်ခဲ့၏။ ဦးချိန်၏နှမမှာ ဒေါ်အိုကြီးဆိုသူဖြစ်ကြောင်း သိရှိရ၏။ လှေသင်းအတွင်းဝန် ဦးချိန်တွင် လှေသင်းခင်ခင်ဆိုသူ သမီးတစ်ဦး ရှိပါသည်။

## ချို၊ ဦး၊ ပင်လယ်မြို့စား ရွှေမြို့တော်ဝန်

ရွှေမြို့တော်ဝန် ပင်လယ်မြို့စား ဦးချိုသည် မြေဒူးမြို့ဝန် ဦးလိမ်း၏သားဖြစ်ပါသည်။ ဦးချိုသည် သီပေါမင်းလက်ထက် ၂၉၊ နိုဝင်ဘာ၊ ၁၈၈၀ ပြည့်နှစ်တွင် မြို့တော်ဝန်ရာထူး တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရ၏။ အင်္ဂလိပ်မြို့ဝန် ပင်လယ်မြို့စားမင်းကြီး မဟာမင်းထင်ရာဇာအဖြစ် ထင်ရှားပါသည်။



၂၄၊ မတ်၊ ၁၈၈၆ ခုနှစ်တွင် ရွှေမြို့တော်ဝန်ဦးချို ကွယ်လွန်ခဲ့သည်။ ဦးချိုတွင် ခင်မောင်ကြီး၊ ခင်ခင်ကြီး၊ ခင်မောင်သန့်ဆိုသူ သားသမီးများ ရှိကြရာ သမီးကြီးဖြစ်သူ တပယ်မြို့စား ခင်ခင်ကြီးမှာ ၂၀၊ ဩဂုတ်၊ ၁၈၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ သားအငယ်ဆုံးဖြစ်သူ ခင်မောင်သန့်သည် မခင်အုန်းဆိုသူနှင့် လက်ဆက်ခဲ့ပါသည်။

## ခြိမ့်၊ ဦး၊ မြောင်လှဝန်ထောက်

ဦးခြိမ့်ကို ရွှေဘိုနယ် ခွန်တောင်းကြီးရွာတွင် ၁၅၊ ဇန်နဝါရီ၊ ၁၈၂၆ ၌ ဖွားမြင်ပါသည်။ ဦးခြိမ့်သည် မင်းတုန်းမင်း မင်းသားဘဝကပင် စံအိမ်တော်၌ အမှုထမ်းခဲ့၏။ ၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်သောအခါ နေမျိုးဇေယျသူဘွဲ့ဖြင့် လက်ဖက်ရည်တော်၊ မင်းလှဇေယျသူဘွဲ့ဖြင့် အမှာတော်ရေး၊ လွှတ်တော်စာရေးကြီး ရာထူးများ ရရှိခဲ့သည်။ ၁၈၇၁ ခုနှစ်နှင့် ၁၈၇၃ ခုနှစ်များတွင် အင်္ဂလန်၊ ပြင်သစ်နိုင်ငံသွား သံအဖွဲ့တို့၌ သံငယ်၊ သံလတ် စသည့် အဆင့်များဖြင့် လိုက်ပါခဲ့ရ၏။ ပြင်သစ်ပြည်မှအပြန်တွင် ဦးခြိမ့်ကို မင်းကြီးမင်းလှဇေယျသူဘွဲ့ဖြင့် မြောင်လှမြို့စား ဝန်ထောက်အရာ ပေးအပ်ခဲ့သည်။

ဝန်ထောက်ဦးခြိမ့်သည် ၁၈၇၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့လည်းကောင်း၊ ၁၈၇၆ ခုနှစ်တွင် ဥရောပနိုင်ငံများသို့လည်းကောင်း သွားရောက်ခဲ့သည်။ ၁၈၈၃ ခုနှစ်ခန့်တွင် မြောင်လှ မြို့စားဝန်ထောက် ဦးခြိမ့် ကွယ်လွန်ပါသည်။ ဦးခြိမ့်တွင် မွေးချင်းသုံးဦးရှိရာ လက်ာရာမ ဆရာတော်၊ ပင်းအတွင်းဝန် ဦးစံငြိမ်းကတော်နှင့် ဦးခြိမ့်တို့ ဖြစ်ကြသည်။

## ခြို၊ ဦး၊ နာခံတော် ဝေါကြီးမှူး

သီပေါမင်း လက်ထက်တွင် မဟာမင်းကျော်စည်သူဘွဲ့ဖြင့် နာခံတော် ဝေါကြီးမှူး ရာထူးခန့်အပ်ခံရသူ ဦးခြို့ကို သာယာဝတီမင်းလက်ထက် ၁၈၃၆ ခုနှစ်ခန့်တွင် ဖွားမြင်ပါသည်။ သူသည် မင်းတုန်းမင်းလက်ထက်တွင် ကွမ်းခန်းစာရေး၊ ကြေးတိုက်စာရေး စသည့် ရာထူးများဖြင့် အမှုထမ်းခဲ့၏။ ၁၈၇၆ ခုနှစ် မိဖုရားခေါင်စကြာဒေဝီ နတ်ရွာစံလွန်ပြီးနောက်ပိုင်း၌ မဟာမင်းထင်ရာဇာဘွဲ့ဖြင့် ဝေါကြီးမှူးရာထူး ခန့်အပ်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းနန်းတက်စတွင် ဦးခြုံကို မဟာမင်းကျော်စည်သူဘွဲ့ဖြင့် နာခံတော်ရာထူး ခန့်အပ်လိုက်၏။ ဦးခြုံသည် စာဆိုတစ်ဦးလည်းဖြစ်သည့် အားလျော်စွာ မင်း၊ မိဖုရားတို့ ရွှေကြက်ယက်ဘုရားသို့ သွားရောက်စဉ် 'ဂနိုင်စဆီက၊ ထိုင်ကြမယ်လိုလို' အစချီလွမ်းချင်းကို တစ်မုဟုတ်ချင်း ရေးစပ်မှုကြောင့် ဆုငွေ (၁၀၀၀)ကျပ် ရခဲ့ဖူးပါသည်။ အလားတူ ၁၈၇၇ ခုနှစ်ခန့်က ရေးဖွဲ့ခဲ့သည့် 'အေး- ပြုပြုသမျှ၊ ကုသလကြောင့်' အစချီ နတ်စကားလင်္ကာမှာလည်း ထင်ရှားပါသည်။

သီပေါမင်း နန်းတက်လာပြီးနောက် လင်ပန်းတိုက်စားမိဖုရား၊ သားတော်ကျပင်းမင်းသားတို့နှင့်အတူ ရန်ကုန်၌ နေထိုင်ခဲ့သည်။ ဇနီးမှာ ရန်ကုန်တွင် ဆုံးပါးသွားဟန်ရှိပြီး နောက်ပိုင်း၌ ဦးခြုံ ဟသ်ာတဘက် သွားနေသည်။ အပြန်တွင် ဇနီးမမေကို ခေါ်ယူလာခဲ့၏။ ရန်ကုန်တွင် ဦးခြုံ နှစ်အတန်ကြာနေထိုင်ခဲ့ပြီးနောက် မန္တလေးသို့ ပြောင်းရွှေ့သွားပါသည်။ တရုတ်တန်းရှိ ကုသိုလ်ဖြစ် မြန်မာဆေးရုံ၌ လစာ (၂၅)ကျပ်ဖြင့် စာရေး ဝင်လုပ်သည်။ ထို့နောက် မြန်မာ့တာရာ သတင်းစာတိုက်သို့ ပြောင်းသွားသည်။ လင်းပင်မင်းသားကြီး၏ သားတော် လင်းပင်ထိပ်တင်လတ်နှင့် ရွှေပြည်ခင်ခင်ကြီးတို့ မင်္ဂလာဆောင်သို့ ဝေါကြီးမှူး ဦးခြုံ ရောက်လာခဲ့သေး၏။ ဝက်မစွပ်ဦးလတ်၏ ဒိုင်ယာရီအရ ၂၆၊ ဇူလိုင်၊ ၁၈၉၀ အထိ ဝေါကြီးမှူး ဦးခြုံ မန္တလေး၌ ရှိနေဆဲဖြစ်ပါသည်။ သားသမီးကျောထောက် နောက်ခံမရှိ၍ အသက်ကြီးမှ ဆင်းရဲပင်ပန်းစွာ ကွယ်လွန်ခဲ့ရသည်။

(ဂ)

**ဂဇကျော်သူ**

ဂဇကျော်သူသည် အလောင်းမင်းတရားလက်ထက် ဆင်တော်အမှုထမ်း တစ်ဦးဖြစ်သည်။ သူသည် ၁၁၊ ဇူလိုင်၊ ၁၇၅၇ တွင် ရွှေတောင်တေဇ ကျော်သူဘွဲ့ ပြောင်းလဲပေးအပ်ခံခဲ့ရ၏။



**ဂဇပစ္စည်း**

ဂဇပစ္စည်း၏အမည်ရင်းမှာ ဦးမြွတ်စဖြစ်သည်။ သူသည် အလောင်းမင်း တရား၏ ဆင်တော်အမှုထမ်းတစ်ဦး ဖြစ်သည်။

**ဂဇလုလင်**

ဂဇလုလင်သည် မင်းတုန်းမင်းလက်ထက် ဆင်တော်အမှုထမ်းတစ်ဦးဖြစ်၏။ အမည်ရင်းမှာ ဦးဘား ဖြစ်သည်။ သူသည် ၁၈၇၄ ခုနှစ် မင်းတုန်းမင်း ဘိသိက်မင်္ဂလာအခမ်းအနား ကျင်းပချိန်တွင် ချစ်မဝအမည်ရှိ ဆင်တော်၏ ဦးစီးအဖြစ် လိုက်ပါအမှုထမ်းခဲ့ရပါသည်။

**ဂရိကွတ်မာနွတ်**

ဂရိကွတ်မာနွတ် (Sarkies Manook)သည် စကားပြန်သဘော်သူကြီး သာရကျစ်၏သား ဖြစ်ပါသည်။ သူသည် မင်းတုန်းမင်းနန်းတက်စ မြန်မာ အရာရှိများ ပြင်သစ်နိုင်ငံ မြို့ရှိပြီတိသျှအာဏာပိုင်တို့နှင့် သွားရောက်ဆွေးနွေးရာတွင် လိုက်ပါခဲ့ရ၏။

**ဂါမဏိ**

ဂါမဏိသည် အလောင်းမင်းတရား၏ အမှုထမ်းတစ်ဦးဖြစ်ပြီး ၂၊ ဧပြီ၊ ၁၇၅၇ တွင် စစ်တောင်းဘက်မှ ဆင်ဖြူတော်တစ်ကောင်ရရှိစဉ် ကြိုးကြပ် သယ်ဆောင်ရေးတာဝန်ကို ယူခဲ့ရ၏။

**ဂုဏပျံထင်**

ဂုဏပျံထင်၏အမည်ရင်းမှာ ဦးအောင်ဖြစ်သည်။ သူသည် အလောင်းမင်း တရားလက်ထက် အမှုထမ်းတစ်ဦးဖြစ်ပြီး ရန်ကုန်၌ အလောင်းမင်းတရား ရှိနေစဉ် ဂုဏပျံထင်ဘွဲ့ ပေးအပ်ချီးမြှင့်ခံခဲ့ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(င)

**ငြိမ်၊ ဦး၊ သံတော်ဆင့်**

ဦးငြိမ်သည် စစ်ကိုင်းမင်း လက်ထက်တွင် နေမျိုးကျော်ထင်ရာဇာဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ခဲ့၏။

**ငြိမ်၊ ဦး၊ အနောက်ဝန်**

ဦးငြိမ်သည် သီပေါမင်းနန်းတက်စ(၁၈၈၁-၈၃)တွင် နေမျိုးသီရိကျော်သူဘွဲ့ခံ အနောက်ဝန် ဖြစ်ခဲ့၏။ ဝန်ကတော်မှာ မိမင်းသွယ်ဖြစ်ပြီး သားမောင်ကြင်ဥကို ဖွားမြင်ခဲ့သည်။

**ငွေတောင်နရာ**

ငွေတောင်နရာ၏အမည်ရင်းမှာ ဦးချင်းဖြစ်ပြီး အလောင်းမင်းတရားလက်ထက် မင်းမှုထမ်းတစ်ဦး ဖြစ်ပါသည်။ အသေးစိတ်အကြောင်းအရာများကိုမူ မသိရပေ။

(စ)

**စ၊ ဦး၊ မြဝတီမင်းကြီး**

ဦးစကို ၂၈၊ အောက်တိုဘာ၊ ၁၇၆၆ ခုနှစ်တွင် စစ်ကိုင်းမြို့၊ မိချောင်းတက်ရွာ၌ မြင်းစီးကြီး ဦးပေါက်ကျော်၊ ဒေါ်ငြိမ်းသာတို့က ဖွားမြင်သည်။ ငယ်စဉ်က အင်းဝမဲထီးကျောင်းဆရာတော် ဦးပရမထံ ပညာသင်ယူဆည်းပူးခဲ့သည်။ ဗဒုံမင်းလက်ထက်တွင် အိမ်ရှေ့မင်းသား ဦးပေါ်၏ ဘဏ္ဍာစာရေးအဖြစ် စတင်အမှုထမ်းခဲ့၏။ ထို့နောက် အိမ်ရှေ့စံ စစ်ကိုင်းမင်းသားထံ နေမျိုးဇေယျသူဘွဲ့ဖြင့် အိမ်ရှေ့သံတော်ဆင့်၊ အိမ်ရှေ့အတွင်းဝန် စသည့်ရာထူးများရရှိခဲ့ပါသည်။

၁၈၁၉ ခုနှစ် စစ်ကိုင်းမင်းနန်းတက်စတွင် မဟာသီရိဇေယျသူရဘွဲ့ဖြင့် မြဝတီမြို့စားအတွင်းဝန်ဖြစ်လာ၏။ ၁၈၂၃ ခုနှစ် ရှင်မဖြူကျွန်းပြဿနာကြောင့် အင်္ဂလိပ်နှင့် စစ်ဖြစ်ပွားစဉ် အတွင်းဝန်ဦးစသည် လက်ဝဲ



စစ်ကဲအဖြစ် လိုက်ပါစစ်မှုထမ်းခဲ့ရ၏။ ၂၀၊ နိုဝင်ဘာ၊ ၁၈၂၈ ခုနှစ်တွင် မင်းကြီးမဟာသီဟသူရဘွဲ့ဖြင့် ဝန်ကြီးအရာ ရရှိပါသည်။ ၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်လာသောအခါ ဦးစ ထောင်သွင်းအကျဉ်းချခံခဲ့ရ၏။ သို့သော် သမီးတော်စုဖုရားကြီး၏ မေတ္တာရပ်ခံချက်အရ အကျဉ်းမှလွတ်မြောက်ခဲ့ရသည်။ ပုဂံမင်းလက်ထက်တွင် မြင်းမူမြို့စားအဖြစ်ရရှိခဲ့ပြီး မင်းတုန်းမင်း နန်းတက်စ ၅၊ ဩဂုတ်၊ ၁၈၅၃ ခုနှစ်တွင် ကွယ်လွန်ပါသည်။

ဦးစသည် ငယ်ရွယ်စဉ်ကပင် စစ်ကိုင်းမြို့နေ ပန်းထိမ်ဝန်ဟောင်း ဦးညွန့်၊ ဒေါ်ငြိမ်းစံတို့၏သမီး မအေးနှင့် စုံဖက်ခဲ့သည်။ အသက် (၁၉)နှစ်အရွယ်တွင် ဇနီးမအေး ကွယ်လွန်ပါသည်။ ဒုတိယဇနီး ခင်စောသည် ဟံသာဝတီဘုရင် ဗညားဒလ၏တူ ပွဲစားကြီး ဦးဖြိုးနှင့် ဒေါ်သာလီတို့သမီးဖြစ်သည် ဆို၏။ ဦးစတွင် သားနှစ်ဦး၊ သမီးတစ်ဦး ရှိပါသည်။ သားဦးမောင်ကလေးသည် ၁၈၆၃ ခုနှစ်ခန့်က မလွန်ဈေးရပ်တွင် မြဝတီပုံနှိပ်တိုက် တည်ထောင်ခဲ့သူဖြစ်ပြီး ကင်းဝန်ဦးကြွယ်ဝ၏သမီး ဒေါ်ခင်ငြိမ်းနှင့် စုံဖက်ခဲ့၏။ ဦးစတွင် ဒေါ်လုံမဆိုသူ နှမတစ်ဦးလည်းရှိကြောင်းသိရှိရသည်။

**စ၊ ဦး၊ ဝန်ထောက်**

ဦးစသည် သံတော်ဆင့်၊ ပုဏ္ဏားဝန်ရာထူးများမှ စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှဇေယျသူဘွဲ့ဖြင့် ဝန်ထောက်အရာ ရရှိခဲ့၏။

**စာနီ၊ ဦး၊ ကသည်းမင်းကြီး**

ဦးစာနီသည် ဟံလင်းကြီးရွာမှ ဦးနေထွန်း၊ ဒေါ်မိန်းကလေးတို့၏ သားဖြစ်ပြီး နောင်တော်ကြီးမင်းလက်ထက်(၁၇၆၀-၆၃)၌ ဖွားမြင်ပါသည်။ သူသည် သာမဏေဝတ်စဉ် ရှင်ဇာနေယျဘွဲ့ ရရှိခဲ့၏။ ရှင်လူထွက်ပြီးနောက် အိမ်ရှေ့မင်းထံခစားရာ ၁၈ဝ၅ ခုနှစ်တွင် ကသည်းအရေးရှိရာထူး ရရှိခဲ့သည်။ ထို့နောက် ၁၈၁၇ ခုနှစ် ကသည်းအရေး၌ လိုက်ပါဆောင်ရွက်ခဲ့ရသည်။ ဦးစာနီသည် မဟာဇေယျသူဘွဲ့ခံ ကသည်းမင်းကြီးအဖြစ် ထင်ရှားခဲ့ပြီး ၁၈၂၂ ခုနှစ်တွင် ကွယ်လွန်ပါသည်။ သူသည် (၃၇)မင်းနတ်ချင်းများကို ရေးဖွဲ့ခဲ့သူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**စီ၊ ဦး၊ လယ်ဝန်**

ဦးစီသည် စစ်ကိုင်းမင်းလက်ထက် ရွှေတိုက်အတွင်းဝန် ဦးသာ၏သား ဖြစ်သည်။ စစ်ကိုင်းမင်း၊ သာယာဝတီမင်းနှင့် ပုဂံမင်းတို့လက်ထက်တွင် ဗြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့ပြီး မင်းတုန်းမင်းလက်ထက်၌ စဉ့်ကူး မြို့စား၊ ဆောမြို့စား လယ်ဝန်သံတော်ဆင့် ဖြစ်လာ၏။ ဦးစီသည် တေးထပ်၊ လေးချိုး၊ ဗုံကြီးသံ၊ ဟန်ချင်းများကို ရေးစပ်သီကုံးခဲ့သည့် စာဆိုတော်တစ်ဦး လည်း ဖြစ်သည်။

ဦးစီ၏တူအရင်းလည်းဖြစ်သူ ဆရာအိုသည် ၁၉၂၇ ခုနှစ်၊ ဖန်နဝါရီလထုတ် သူရိယမဂ္ဂဇင်းတွင် စလေဦးပုညအကြောင်း ရေးသားခဲ့ သည်။ လယ်ဝန်ဦးစီသည် ၁၈၆၆ ခု မြင်ကွန်း၊ မြင်းခုံတိုင်အရေး၌ ကျဆုံးခဲ့သည်။ ဦးစီ၏ မင်းပေးဘွဲ့မည်မှာ မဟာမင်းထင်သင်္ခယာစည်သူ (လယ်ဝန်သံတော်ဆင့် ဆောမြို့စားစဉ့်ကူးမြို့ဝန် ကိုးခရိုင်အုပ်)ဖြစ်သည်။ ဦးစီ၏တူ ဆရာအိုသည် မြေတိုင်းစာရေး နော်ရထာသီရိ ဖြစ်ဟန်တူပြီး စလေဦးပုညအတ္ထုပ္ပတ္တိကို စုဆောင်းခဲ့သူဖြစ်၏။

ဦးစီတွင် ဦးရွှေနီဆိုသူ အစ်ကိုတစ်ဦး ရှိပါသည်။ ၎င်းဦးရွှေနီ ဇနီးမှာ ၂၉၊ ဇူလိုင်၊ ၁၈၉၁ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း ဝက်မစွတ် ဒိုင်ယာရီအရ သိရှိရ၏။

**စီ၊ ဦး၊ အကောက်ဝန်**

ဦးစီသည် သီပေါမင်း လက်ထက်တွင် အကောက်ဝန်ရာထူးဖြင့် အမှုထမ်း ခဲ့၏။ သူသည် ၅၊ ဖေဖော်ဝါရီ၊ ၁၈၈၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

**စီးတပြစ်ကြီး၊ အနောက်ဝန်**

ဗဒုံမင်းလက်ထက် အနောက်ဝန်မြစ်ခြေစား စီးတပြစ်ကြီးသည် ၂၇၊ ဒီဇင်ဘာ၊ ၁၇၈၆ ခုနှစ်တွင် သိမ်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းခဲ့ကြောင်း သိရှိရ၏။

**စော၊ ဦး၊ ကျှိဝန်**

ဦးစောသည် သီပေါမင်းလက်ထက်တွင် ကျှိဝန်ရာထူးဖြင့် အမှုထမ်းခဲ့ရသူ ဖြစ်၏။ သူသည် မိုင်းနိုင်းအတွင်းဝန် ဦးယံနှင့် ဝန်ကတော် ဒေါ်ခင်လေးလတ် တို့၏ သားအငယ်ဆုံးဖြစ်ပြီး ၂၂၊ ဇူလိုင်၊ ၁၈၉၁ တွင် လေနာရောဂါဖြင့်



ကွယ်လွန်ခဲ့သည်။ ကျှိဝန်ဦးစော၏ မင်းပေးဘွဲ့မည်မှာ မဟာမင်းထင် စည်သူ ဖြစ်၏။

**စော၊ ဦး၊ သံတော်ဆင့်**

သံတော်ဆင့်ဦးစောသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့ပြီး ဒိုင်းခင်ခင်အမှု၌ ဖမ်းဆီးခြင်းခံခဲ့ရ၏။

**စံငြိမ်း၊ ဦး၊ ပင်းအတွင်းဝန်**

ဦးစံငြိမ်းတွင် မွေးချင်းသုံးဦးရှိရာ ဦးစံငြိမ်း၊ ဦးစံဒွန်းနှင့် ဒေါ်ရွှေအပ်တို့ ဖြစ်ကြသည်။ ဦးစံငြိမ်းသည် ၁၈၇၉ ခုနှစ် သီပေါမင်းနန်းတက်စတွင် ပင်းမြို့စားအတွင်းဝန်ရာထူး ရရှိခဲ့၏။ ၁၈၈၀ ပြည့်နှစ်၌ ဦးစံငြိမ်းကို ညောင်အုပ်မင်းသားပုန်ကန်မှုအား နှိမ်နင်းရန် အောက်မြစ်စဉ်မြို့ရွာများသို့ စေလွှတ်ခဲ့သည်။ ထို့ပြင် ၁၉၊ ဒီဇင်ဘာ၊ ၁၈၈၃ ခုနှစ် သီပေါမင်းနှင့် စုဖုရားလတ်တို့ စစ်ကိုင်းမင်းဝံတောင်သို့ သင်္ဘောဖြင့် ထွက်ခွာစဉ်အခါ ကလည်း မြို့စောင့်တာဝန်ယူခဲ့ရသည်။ ဦးစံငြိမ်းသည် သီပေါမင်း ပါတော်မူ ပြီးနောက် ၁၈၉၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

အတွင်းဝန် ဦးစံငြိမ်း၌ ဝန်ကတော်ငါးဦးရှိရာ ဒေါ်ဖောင်း၊ ရှင်မျိုး၊ ရှင်သီလ၊ ရှင်ဓံနှင့် အမည်မသိတစ်ဦးတို့ ဖြစ်ကြ၏။ ပင်းခင်ခင်သည် ဝန်ကတော် ဒေါ်ဖောင်းမှ ဖွားမြင်သူဖြစ်သည် ဆို၏။ ဦးစံငြိမ်းတွင် မောင် မောင်ကံဆိုသူ သားတစ်ဦးလည်း ရှိပါသည်။

**စံထွန်း၊ ဦး၊ ကျှိဝန်**

ဦးစံထွန်းသည် ဗဒုံမင်းနန်းတက်စတွင် နေမျိုးမဟာသင်္ခယာဘွဲ့ဖြင့် ကျှိဝန် ဖြစ်လာခဲ့သည်။ ၁၇၈၄ ခုနှစ်တွင် မဟာတရဖျားဘွဲ့ကို ရရှိခဲ့သည်။ အလယ်နန်းမိဖုရား၏ ဖခင်လည်း ဖြစ်ပါသည်။

**စံပု၊ ဦး၊ သံတော်ဆင့်**

ဦးစံပုသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၈၈၀ ပြည့်နှစ်တွင် ကျင်းပသော စာရေးစာမေးပွဲ၌ ကြီးကြပ် တာဝန်ယူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**စံပျော်၊ ဦး၊ လက်ဝဲဝင်းမှူး**

ဦးစံပျော်သည် အလောင်းမင်းတရားလက်ထက် ယိုးဒယားတိုက်ပွဲပါ စစ်ဘက်ဆိုင်ရာ အမတ်ကြီး ဦးစိန်ဖူး၏သားဖြစ်ပြီး မိုးကောင်းမြို့စားဝန်ကြီး ဦးစံသာ၏ညီလည်း ဖြစ်သည်။ သူသည် ၁၈၂၂ ခုနှစ်တွင် မဟာမင်းကြီးကျော်စွာဘွဲ့ဖြင့် ဓညဝတီမြို့ဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။ ၁၊ ဧပြီ၊ ၁၈၂၅ တွင် ဓညဝတီမြို့ အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားပြီးနောက် ဦးစံပျော်ကို လက်ဝဲဝင်းမှူးရာထူး ပြောင်းရွှေ့ခန့်အပ်ခဲ့သည်။ ဦးစံပျော်သည် တိုင်တားမင်းကြီး ဦးဖိုး၏ ဖခင်လည်း ဖြစ်ပါသည်။

**စံရှင်၊ ဦး၊ သံတော်ဆင့်**

ဦးစံရှင်သည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းကျော်သီရိဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ရ၏။ သူသည် ၂၉၊ မေ၊ ၁၈၂၇ ခုနှစ်တွင် မုံရွေးဆရာတော်၏ မေတ္တာစာကို ဘုရင်မင်းမြတ်အား ဖတ်ပြလျှောက်ထားခဲ့ရသူဖြစ်၏။

သံတော်ဆင့်ဦးစံရှင်ကို ၁၆၊ ဖေဖော်ဝါရီ၊ ၁၈၀၁ ခုနှစ်တွင် ရွှေဘိုမြို့မြောက်ဘက် ငရဲမြို့၌ ဖွားမြင်ပါသည်။ စစ်ကိုင်းမင်းလက်ထက်တွင် အရာရှိငယ်အဖြစ် စတင်အမှုထမ်းခဲ့ပြီး ၁၈၇၁ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ ဟင်္သာတမြို့ ပတ္တမြားချောင်ကျောင်းတိုက်ဆရာတော် ဦးကလျာဏသည် သံတော်ဆင့် ဦးစံရှင်နှင့် ဓနီးဒေါ်ခက်တို့မှ ဖွားမြင်သည့်သားဖြစ်ပါသည်။ ဦးစံရှင်သည် စာဆိုတော်လူဦးမင်းအဖြစ် ထင်ရှားခဲ့သူဖြစ်၏။

**စံလှ၊ ဦး၊ အတွင်းဝန်အသည်ဝန်**

ဦးစံလှသည် မူလက သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့ပြီး ဗဒုံမင်းက နေမျိုးသီရိကျော်စွာဘွဲ့ဖြင့် ဝန်ထောက်ရာထူးခန့်အပ်ခဲ့သည်။ ထို့နောက် အတွင်းဝန်၊ အသည်ဝန်ရာထူးများ ဆက်လက်ရရှိခဲ့၏။ အတွင်းဝန်ရာထူး ရရှိစဉ် နေမျိုးသီရိရာဇာဘွဲ့ကို ပေးအပ်ချီးမြှင့်ခံခဲ့ရ၏။

**စံလှ၊ ဦး၊ အနောက်ဝန်းမှူး**

ဦးစံလှသည် စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းထင်ဘွဲ့ခံ အနောက်ဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရ၏။



**စံသာ၊ ဦး၊ မိုးကောင်းဝန်ကြီး**

ဦးစံသာသည် စစ်ကိုင်းနယ် စာရေးရွာဇာတိဖြစ်ပါသည်။ စစ်ကိုင်းမင်းနန်းတက်စခန့်တွင် မိုးကောင်းမြို့ဝန်ရာထူး ရရှိခဲ့၏။ ၁၈၂၆ ခုနှစ်၌ ဝန်ကြီးအရာတိုးမြှင့်ခန့်ထားခံရပြီး မကြာမီ ကွယ်လွန်သွားပါသည်။ ဝန်ကြီးဦးစံသာ၏သမီးသည် စစ်ကိုင်းမင်း၏ ကနောင်မြို့စား အလယ်နန်းမတော် မိဖုရား ဖြစ်၏။ ဦးစံသာ၏ညီ ဦးစံပျော်မှာ မဟာမင်းကြီးကျော်စွာဘွဲ့ခံ ဓညဝတီမြို့ဝန် ဖြစ်ပါသည်။

**စံအင်၊ ဦး၊ အနောက်ဝင်းမှူး**

ဦးစံအင်သည် ဗဒုံမင်းနန်းတက်စတွင် နေမျိုးမင်းငယ်ကျော်ထင်ဘွဲ့ဖြင့် အမှုထမ်းရွက်ရ၏။ ၂၄၊ မေ၊ ၁၇၈၃ ခုနှစ် အဆောင်အရွက်များပေးအပ်ရာတွင် သိဒ္ဓိသရေဘွဲ့ ရရှိခဲ့သည်။ မကြာမီ အနောက်ဘက်တိုက်ဝန်ရာထူး ပြောင်းရွှေ့ခန့်အပ်ခံခဲ့ရ၏။ ထို့နောက် ၇၊ ဒီဇင်ဘာ၊ ၁၇၈၈ ခုနှစ်တွင် နေမျိုးနော်ရထာဘွဲ့ဖြင့် ဓညဝတီမြို့ဝန်အဖြစ် ခန့်အပ်ခံရ၏။ မြဝတီမင်းကြီး ဦးစ၏ မှတ်တမ်းတွင် အနောက်ဘက်တိုက်ဝန်ဟောင်း သိဒ္ဓိသရေဟူ၍ ဖော်ပြပါရှိပါသည်။ ၁၇၉၀ ခုနှစ်တွင် ဓညဝတီမြို့ဝန်အဖြစ်မှ ဖယ်ရှားခံခဲ့ရပြန်၏။

**စို၊ ဦး၊ ကွပ်ရှာဝန်ကြီး**

ဦးစိုသည် အိမ်ရှေ့ရုံးစာရေး ဦးဘော်၏သားဖြစ်ပြီး ၂၀၊ စက်တင်ဘာ၊ ၁၇၈၉ တွင် ဖွားမြင်ခဲ့သည်။ ဦးစိုသည် ရွှေတောင်ကျော်စွာဘွဲ့ဖြင့် လက်ဖက်ရည်တော်အဖြစ် စတင်အမှုထမ်းခဲ့ပြီး အကြီးတော်၊ ရွှေတိုက်စိုး၊ နတ်ထိပ်ကင်းစားအရာများ ရရှိခဲ့၏။ ထို့နောက် သာယာဝတီမင်း၏ အမှုထမ်းဟောင်းတစ်ဦးဖြစ်သည့်အားလျော်စွာ ရွှေလုံဗိုလ်ရာထူး ရရှိခဲ့သည်။ ၁၈၃၇ ခုနှစ်တွင် ဦးစိုကို မင်းကြီးမင်းလှကျော်ခေါင်ဘွဲ့ မိုးနဲဗိုလ်မှူးအဖြစ် ခန့်အပ်ခဲ့၏။ ထို့နောက် မဟာမင်းခေါင်ကျော်စွာဘွဲ့ခံ ညောင်အုပ်မြို့စား အတွင်းဝန်၊ သတိုးမင်းကြီးမဟာမင်းခေါင်ကျော်စွာဘွဲ့ဖြင့် ဝန်ကြီးရာထူးများ အဆင့်ဆင့် ရရှိခဲ့သည်။

၁၈၄၆ ခုနှစ် ပုဂံမင်းလက်ထက်တွင်လည်း ကွပ်ရှာမြို့စား ဝန်ကြီးအဖြစ် ဆက်လက်ခန့်ထားခံခဲ့ရ၏။ ၂၂၊ ဇန်နဝါရီ၊ ၁၈၄၈ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကွပ်ရှာဝန်ကြီး ဦးစို ကွယ်လွန်ပါသည်။ ဝန်ကြီးဦးစို၏ ဝန်ကတော်မှာ သခင်ကြီးခင်ထူးဖြစ်ပြီး ရွှေလုံခင်ဖွားကို ဖွားမြင်ခဲ့သည်။ ခင်ဖွားသည် အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် စုံဖက်ကာ ရန်အောင်မြင်မင်းသမီး မယ်ဆွေချစ်ကို ဖွားမြင်ပါသည်။ ဝန်ကြီးဦးစို၏ အခြားဝန်ကတော်တစ်ဦးမှာ စာဆိုတော်ခင်ဆုံ(မင်းကြီးကတော်ခင်ဆုံ) ဖြစ်ပါသည်။

**<u>စို၊ ဦး၊ ကွမ်းရေတော်</u>**

ဦးစိုသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးဇေယျရွှေတောင်ကျော်ဘွဲ့ဖြင့် ကွမ်းရေတော်ရာထူး ရရှိခဲ့၏။ သူ့တွင် မိမင်းကြည်ဆိုသူ သမီးတစ်ဦးရှိပါသည်။

**<u>စို၊ ဦး၊ သီလုံးဝန်ကြီး</u>**

ဦးစိုသည် ရွှေဘိုမြို့အနောက်ဘက် သီလုံးရွာဇာတိဖြစ်ပါသည်။ စစ်ကိုင်းမင်းလက်ထက်တွင် လက်ဖွဲ့ကြီးအဖြစ် အမှုထမ်းနေရာမှ နေမျိုးရွှေတောင်ကျော်သူဘွဲ့ဖြင့် ဒီပဲယင်းစစ်ကဲရာထူး ခန့်အပ်ခံခဲ့ရ၏။ ၁၈၃၆ ခု၊ မတ်လတွင် သာယာဝတီမင်းသား နောင်တော်စစ်ကိုင်းမင်းအား ပုန်ကန်ရန်ထွက်ခွာစဉ် ဦးစို လိုက်ပါခဲ့၏။ ထိုစဉ်က စစ်ကိုင်းမင်း၏ ဒီပဲယင်းမြို့ဝန်ဦးကွန် (နန်းမတော်မယ်နု၏ ဦးရီးတော်) ထွက်ပြေးသွားသဖြင့် ဦးစိုအား မင်းလှကျော်သူဘွဲ့ဖြင့် ဒီပဲယင်းမြို့ဝန်ရာထူး ခန့်အပ်ခဲ့သည်။

သာယာဝတီမင်း နန်းတက်လျှင် ဦးစိုကို မဟာမင်းလှကျော်သူဘွဲ့ဖြင့် ဝန်ထောက်၊ ရွှေမြို့တော်ဝန်ရာထူးများ ခန့်အပ်ခဲ့သည်။ ပုဂံမင်းလက်ထက် ရာထူးကျခဲ့ပြီး ၁၈၅၃ ခု မင်းတုန်းမင်းနန်းတက်လာသောအခါ မင်းကြီးမဟာရာဇသင်္ကြန်ဘွဲ့ဖြင့် ဝန်ကြီးရာထူး ခန့်ထားခဲ့၏။ ၂၈၊ ဧပြီ၊ ၁၈၅၄ ခုနှစ်တွင် မိုင်းလုံမြို့ကို မြို့စားအရာ ပေးအပ်ခံခဲ့ရသည်။ ၁၈၅၄ ခု၊ မေလအတွင်း သတိုးဘွဲ့ထပ်မံရရှိသဖြင့် မိုင်းလုံမြို့စား သတိုးမင်းကြီးမဟာရာဇသင်္ကြန် အမည်တွင်ပါသည်။ ၁၈၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ သီလုံးဝန်ကြီး ဦးစို ကွယ်လွန်ခဲ့သည်။ ဦးစိုတွင် ဦးဝိုက်ဆိုသူ ညီတစ်ဦး ရှိကြောင်း သိရှိရ၏။ ဦးစို၏ညီ ဦးဝိုက်မှ သီလုံးမြင်းခေါင်း မောင်ခေါင်ကို ဖွားမြင်ခဲ့သည်။ ဦးစို၏ ဝန်ကတော်များမှာ ဒေါ်ရွက်နှင့် ဒေါ်မယ်စီတို့ဖြစ်ကြောင်း သိရှိရ၏။



**<u>စိုးရ၊ ဦး၊ အမှာတော်ရေး</u>**

ဦးစိုးရသည် သီပေါမင်းလက်ထက်တွင် အမှာတော်ရေးရာထူးဖြင့် အမှုထမ်းခဲ့သူဖြစ်၏။ သူ့ကို ရတနာ့ဂီရိသို့ သွားရောက်မည့်သူများ စာရင်းတွင် တွေ့ရှိရပါသည်။

**<u>စောင်ရှုတ်၊ ဦး၊ အကောက်ဝန်</u>**

ဦးစောင်ရှုတ်သည် မင်းတုန်းမင်းလက်ထက်တွင် မင်းတဲဒေးဝန်းအကောက်ဝန်ရာထူး ရရှိခဲ့၏။

**<u>စိန်ငယ်၊ ဦး၊ ဥယျာဉ်တော်မှူး</u>**

ဦးစိန်ငယ်သည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် မဟာသီရိအာရမဥယျာဉ်တော်မှူးအဖြစ် အမှုထမ်းခဲ့၏။ ဦးစိန်ငယ်ကို ယင်းဥယျာဉ်တော်မှူး ဦးရွှေနီနှင့် ဒေါ်နန်းမွေးတို့မှ ၁၊ အောက်တိုဘာ၊ ၁၈၄၁ တွင် တွင်းငယ်ရွာ၌ ဖွားမြင်ခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် ဖခင်ကွယ်လွန်သွားပြီးနောက် ဥယျာဉ်တော်မှူးရာထူး ဆက်ခံခဲ့၏။ သူသည် သီပေါမင်း ပါတော်မူသွားပြီးနောက် ရွှေဓားမိုလ်အဖြစ် တော်လှန်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့၏။ ၁၅၊ ဇန်နဝါရီ၊ ၁၉၁၇ တွင် ဦးစိန်ငယ် ကွယ်လွန်ခဲ့သည်။ ဦးစိန်ငယ်နှင့် ဇနီးဒေါ်ရွှေတို့မှ ကိုတုတ်၊ ကိုစံဘ၊ ကိုကျော်သိန်းနှင့် မစောရင်တို့ကို ဖွားမြင်ခဲ့သည်။ သူသည် သီပေါမင်းပါတော်မူသွားပြီးနောက် တော်လှန်ရေးတိုက်ပွဲများ၌ ရွှေဓားမိုလ်အဖြစ် အမည်ထင်ရှားခဲ့သည်။ ၁၅၊ ဇန်နဝါရီ၊ ၁၉၁၇ တွင် ဥယျာဉ်တော်မှူးဟောင်း ဦးစိန်ငယ် ကွယ်လွန်ပါသည်။

**<u>စိန္တကျော်သူ၊ နာခံတော်ပြော့ကြီးမှူး</u>**

စိန္တကျော်သူသည် မင်းတုန်းမင်းလက်ထက်တွင် နာခံတော်၊ ပြော့ကြီးမှူးရာထူးတို့ဖြင့် အမှုထမ်းရသူ ဖြစ်၏။ သူသည် စာဆိုတော်တစ်ဦးလည်းဖြစ်ပြီး ၁၈၆၇ ခု၊ ဇွန်လတွင် ပြန်လည်ပြုပြင်ခဲ့သည့် နန္ဒာကန်တော်ဆယ်ယူရေးနှင့်ပတ်သက်၍ မဟာအမိကာရ ကန်တော်မော်ကွန်း ရေးစပ်ခဲ့သည်။ ထို့ပြင် ပဥ္စမသင်္ဂါယနာတင်မော်ကွန်း၊ မြင်းကြန်လင်္ကာ စသည်တို့ကိုလည်း ရေးဖွဲ့ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



(ဆ)

**ဆရာဝန်ထောက်**

သီပေါမင်းသည် မိမိသာမဏေပြုစဉ်က ဆရာအဖြစ်စာပေပို့ချပေးခဲ့သူ နန်းဦးကျောင်းရဟန်းလူထွက်အား ၂၅၊ ဧပြီ၊ ၁၈၈၄ တွင် ဝန်ထောက်အရာ ပေးအပ်ခဲ့ရာ နောင်တွင် ဆရာဝန်ထောက်ဟု အမည်တွင်ပါသည်။

**ဆု၊ ဦး၊ မြို့တော်ဝန်**

ဦးဆုသည် စစ်ကိုင်းမင်းလက်ထက် အစောပိုင်းကာလတွင် စစ်ကိုင်းမြို့ဝန် အဖြစ် အမှုထမ်းရွက်ခဲ့၏။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလ (၁၈၂၄-၂၆)အတွင်း စည်သူသီဟနော်ရထာဘွဲ့ခံ စစ်ကိုင်းမြို့ဝန်အဖြစ် တာဝန် ထမ်းဆောင်နေဆဲဖြစ်သည်။ ထို့နောက် စစ်ကိုင်းမင်းက မင်းလှမင်းထင်ဘွဲ့ ဖြင့် မြို့တော်ဝန်ရာထူး ခန့်အပ်ခဲ့သည်။ ဦးဆုတွင် မိပိုဥဆိုသူ သမီးတစ်ဦး ရှိပါသည်။

**ဆု၊ ဦး၊ သံတော်ဆင့်**

စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးရာဇာစည်သူဘွဲ့ဖြင့် သံတော်ဆင့်အရာ ရရှိခဲ့သည်။ ဦးဆုတွင် မိရွှေမြိတ်ဆိုသူ သမီးတစ်ယောက်ရှိကြောင်း သိရှိ ရ၏။

**ဆုတောင်း၊ ဦး၊ လက်ျာဝင်းမှူး**

ဦးဆုတောင်းသည် အလောင်းမင်းတရား၏ မြင်းရည်တက်(၆၈)ဦး အဝင် ဖြစ်သည်။ သူသည် ဦးစွာ တုလွတ်ကျော်ဘွဲ့ကို ရရှိခဲ့ပြီးနောက် မင်းငယ် ဗလ၊ သက်ရှည်ကျော်ထင်၊ သီရိသီဟသူ၊ နေမျိုးသီဟကျော်ထင်ဘွဲ့များကို ရရှိခဲ့လေသည်။

**ဆုပန်၊ ဦး၊ သံတော်ဆင့်**

သံတော်ဆင့်ဦးဆုပန်၏ မင်းပေးဘွဲ့မည်မှာ မင်းထင်မင်းလှရာဇာ ဖြစ်သည်။ သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ဦးဆုပန်ကို စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၊ ကုက္ကိုလ်စုရွာ၌ ဖွားမြင်ပါ



သည်။ မိဘများမှာ ကတိုးရွာတိုက်သူကြီးမင်း ဦးကြီးနှင့် ဒေါ်ခရာပိုတို့ ဖြစ်ကြ၏။ ဖခင်မှာ ကတိုးရွာအရှေ့ကန်လယ်စေတီ ဒါယကာဖြစ်သည်။ ဦးဆုပန်သည် မင်းတုန်းမင်းလက်ထက်၌ စတင်အမှုထမ်းရွက်ခဲ့ရပြီး သီပေါ မင်းလက်ထက်၌ စာရေးတော်၊ နေမျိုးမင်းထင်ရာဇာဘွဲ့ခံ မြဲတိုက်သံတော် ဆင့်၊ မင်းလှမင်းထင်ရာဇာဘွဲ့ခံ သံတော်ဆင့်ရာထူးများကို ရရှိခဲ့သည်။ ပညာရှိတစ်ဦးဖြစ်ပြီး ဗေ၊ ပုရပိုက်များစွာကိုလည်း စုဆောင်းထားရှိပါသည်။

သံတော်ဆင့်ဦးဆုပန်သည် ဒေါ်ခြုံဆိုသူနှင့် အိမ်ထောင်ကျကာ တစ်ဦးတည်းသောသမီး မတင်ဦးကို ဖွားမြင်ခဲ့သည်။ မတင်ဦးသည် အမိန့် တော်ရ ဦးသစ်နှင့် စုံဖက်ကာ သမီး မခရုကို ဖွားမြင်ပါသည်။ ဦးဆုပန်၏ ကုသိုလ်တော်များမှာ မန္တလေးစကုတိုက်အတွင်း၌ ကျောင်းတစ်ကျောင်း၊ စစ်ကိုင်းတောင်၏ ပဘာချောင်တွင် တိုက်တစ်လုံး၊ ဥရုဝေလချောင်တွင် ကျောင်းနှင့်ရေကန်၊ ဘုတလင်မြို့နယ် ကတိုးရွာတွင် မဟာလောကမဥ္ဇူ စေတီတော်တို့ ဖြစ်ကြသည်။

**ဆက်၊ ဦး၊ လက်ဖက်ရည်တော်**

ဦးဆက်သည် သီပေါမင်းလက်ထက်တွင် မင်းထင်စည်သူဘွဲ့ခံ လက်ဖက် ရည်တော်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ယခင်က ထန်းတပင်မြို့အုပ် အဖြစ် အမှုထမ်းခဲ့ဖူးပြီး မိုးနဲစစ်ကြောင်းနှင့်အတူ လိုက်ပါခဲ့ရသည်။ မိုးနဲ၌ ရှိနေစဉ်အတွင်း ရွှေလက်ျာအမှုထမ်းတစ်ဦးဖြစ်သူ ဦးရွှေဘိန်းအား လုပ်ကြံ မှုဖြင့် ၁၈၈၄ ခုနှစ်တွင် ရာဇဝတ်သင့်ခဲ့၏။

**ဆင်၊ ဦး၊ စာရေးကြီး**

ဦးဆင်သည် သီပေါမင်းလက်ထက်တွင် စာရေးကြီးရာထူးဖြင့် အမှုထမ်း ခဲ့သည်။ ဘွဲ့မည်မှာ မင်းခေါင်ကျော်ထင်ဖြစ်သည်။ ၂၁၊ မတ်၊ ၁၉၂၀ တွင် လွှတ်တော်စာရေးကြီးဦးဆင် ကွယ်လွန်ခဲ့သည်။

**ဆင်၊ ဦး၊ ရွှေတိုက်စိုး**

ဦးဆင်သည် သီပေါမင်း လက်ထက်တွင် ရွှေတိုက်စိုးရာထူးဖြင့် အမှုထမ်း ခဲ့၏။ ၇၊ နိုဝင်ဘာ၊ ၁၈၉၂ တွင် ဦးဆင် ကွယ်လွန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဆောင်၊ ဦး၊ လက်ဖက်ရည်တော်**

ဦးဆောင်သည် သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့ရ၏။ သူသည် သူရဲဝန်ဦးခေါင်၏ ညီရင်းဖြစ်ပြီး ၁၉၁၂ ခုနှစ်၌ ရတနာဂီရိသို့ လိုက်ပါခဲ့ဟန်တူပါသည်။

**ဆွေမည်း၊ ဦး၊ ဝန်ကြီး**

ဦးဆွေမည်းသည် မင်းညိုသူနှင့် မယ်ဘော်တို့၏သားဖြစ်ပြီး အလောင်းမင်းတရားနှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူ ဖြစ်သည်။ ၁၇၅၂ ခုနှစ်တွင် မင်းရဲသခ်ယာဘွဲ့ ရရှိခဲ့၏။ ၁၇၅၄ ခုနှစ်တွင် ဝန်ကြီးရာထူးခန့်အပ်ခံခဲ့ရသည်။ ဝန်ကြီးဦးဆွေမည်း၏ ဝန်ကတော်မှာ အရှီးခင်စိုးသမီးရှင် နှိုင်းလုံ ဖြစ်သည်။ သားသမီးလေးဦးထွန်းကားရာ ရှင်သီ၊ ရှင်ဝေ၊ ရှင်လှသာနှင့် မောင်ပန်းတို့ ဖြစ်ကြ၏။ ရှင်သီသည် မင်းရဲကျော်စွာဘွဲ့ခံ ဦးအိုနှင့်လည်းကောင်း၊ ရှင်လှသာသည် ကလေးမြို့ဝန် ဦးစိန်ကာနှင့်လည်းကောင်း လက်ဆက်ခဲ့ပါသည်။

ဦးဆွေမည်းသည် ၁၀၊ ဇူလိုင်၊ ၁၇၅၇ ခုနှစ်တွင် ရန်ကုန်နန်းတော်၌ မင်းရဲသခ်ယာဘွဲ့မှ မင်းရဲသီရိနော်ရထာဘွဲ့သို့ ပြောင်းလဲပေးအပ်ခံခဲ့ရသည်။ သူ၏ မွေးချင်းညီအစ်ကိုမောင်နှမများမှာ ဆွေမည်း၊ မောင်နဲ၊ ခင်တိကြွယ်၊ ခင်တိလွန်း၊ ခင်တိသာတို့ ဖြစ်ကြသည်။ မောင်နဲသည် ပြည်ရွှေဆံတော်တိုက်ပွဲတွင် ကျဆုံးခဲ့ရ၏။ ခင်တိကြွယ်မှာ ဦးချင်းနှင့်လည်းကောင်း၊ ခင်တိလွန်းမှာ ဦးကွန်းကြွယ်နှင့်လည်းကောင်း၊ ခင်တိသာမှာ ရန်ကုန်မြို့ဝန် ဦးပုံနှင့်လည်းကောင်း လက်ဆက်ခဲ့၏။



(ဇ)

**ဇေတုကျော်**

ဇေတုကျော်၏အမည်ရင်းမှာ ဦးသာ ဖြစ်သည်။ သူသည် အလောင်းမင်းတရား ဟံသာဝတီနန်းတော်၌ စံနေစဉ်အတွင်း ဇေတုကျော်ဘွဲ့ ရရှိခဲ့ခြင်းဖြစ်သည်။

**ဇေယဂါမဏိ**

ဇေယဂါမဏိသည် စဉ့်ကူးမင်းလက်ထက်တွင် မြို့တော်ဝန်အဖြစ် အမှုထမ်းရွက်ခဲ့သည်။

**ဇေယစက်ရောင်**

ဇေယစက်ရောင်၏ အမည်ရင်းမှာ ဦးအောင်ဖြစ်သည်။ သူသည် မင်းတုန်းမင်းလက်ထက် ဆင်တော်အမှုထမ်းတစ်ဦးဖြစ်ပြီး ၁၈၇၄ ခုနှစ် ဘိသိက်မင်္ဂလာအခမ်းအနား၌ ဇေယစက်ရောင်ဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်သည်။

**ဇေယရန္တသူ၊မြို့တော်ဝန်**

ဇေယရန္တသူကို ၁၉၊ အောက်တိုဘာ၊ ၁၇၅၇ ထုတ် အလောင်းမင်းတရား၏အမိန့်တော်၌ မြို့တော်ဝန်အဖြစ် တွေ့ရှိရ၏။ ယင်းအမိန့်တော်တွင် မင်းတရားကြီးကဒင်တဲရွာမှ ဆွေမျိုးသားချင်းများ၏ မောက်မာရိုင်းပျမှုများအပေါ် အရေးယူမှုပြုလုပ်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရ၏။

**ဖဲ၊ ဦး၊ မြေစွန်းဝန်ထောက်**

ဦးဖဲသည် စဉ့်ကူးမင်းလက်ထက်တွင် နေမျိုးဇေယျကျော်သူဘွဲ့ဖြင့် မြေစွန်းဝန်ထောက်အရာ ရရှိခဲ့သည်။ မြေစွန်းဝန်ထောက်ဦးဖဲကို အသည်ဝန်မင်းကြီး၏အစ်ကို ဟူ၍လည်း ဆိုကြပါသည်။

**ဖဲ၊ ဦး၊ အခွန်ဝန်**

ဦးဖဲသည် သီပေါမင်း လက်ထက်တွင် မဟာမင်းကျော်မင်းထင်ဘွဲ့ဖြင့် အခွန်ဝန်အဖြစ် အမှုထမ်းခဲ့သည်။ အသေးစိတ်အချက်အလက်များကိုမူ မသိရသေးပေ။ ဦးဖဲသည် ကိုလိုနီခေတ်ဦးကာလ ၁၅၊ ဩဂုတ်၊ ၁၈၈၈ တွင် ကွယ်လွန်ခဲ့ကြောင်း ဝက်မစွတ်ဒိုင်ယာရီအရ သိရှိရ၏။

www.burmeseclassic.com

www.burmeseclassic.com



## (ည)

**ညို၊ ဦး၊ အတွင်းဝန်**

ဦးညိုသည် အတွင်းဝန်ရွှေတောင်နန္ဒမိတ်ဘွဲ့ခံဦးသူ၏ သားဖြစ်သည်။ စဥ့်ကူးမင်း၏ အိမ်တော်ပါ အမှုထမ်းဟောင်းတစ်ဦးဖြစ်ပြီး စဥ့်ကူးမင်း နန်းတက်လာသောအခါ အတွင်းဝန်ရာထူး ရရှိခဲ့သည်။ ဦးညိုသည် ၁၇၈၂ ခုနှစ် ဘိုးတော်ဘုရား နန်းတက်စတွင် စဥ့်ကူးမင်း၏အမှုထမ်းအများစုနှင့် အတူ စီရင်ကွပ်မျက်ခံခဲ့ရ၏။ စာပေပညာရှင်တစ်ဦးဖြစ်သည့်အလျောက် ရွှေမင်းဘုန်းဆင်တော်မော်ကွန်းကဲ့သို့သော စာပေလင်္ကာများကို ရေးဖွဲ့ခဲ့ သည်။

**ညို၊ ဦး၊ အသည်ဝန်တောက်**

ဦးညိုသည် သာယာဝတီမင်းလက်ထက်တွင် နေမျိုးစည်သူဘွဲ့ဖြင့် အသည်ဝန်၊ ဝန်ထောက်ရာထူးများ ရရှိခဲ့၏။ သူသည် ပုဂံမင်းလက်ထက်တွင်လည်း မင်းကြီးမဟာစည်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူး ဆက်လက်ခန့်အပ်ခံခဲ့ရ၏။

**ညိုမင်း၊ ဦး၊ ဝန်ကြီး**

ဦးညိုမင်းသည် ၁၇၅၂ ခုနှစ်၊ မေလတွင် ဖွဲ့စည်းခဲ့သည့် အလောင်းမင်း တရား၏ မြင်းရည်တက် (၆၈)ဦး အဝင်ဖြစ်သည်။ သူသည် အလောင်းမင်း တရားနှင့် ဒီပဲယင်းမင်းတို့လက်ထက်တွင် မင်းကျော်ရွှေတောင်ဘွဲ့ဖြင့် ဝန်ကြီးအရာ ရရှိခဲ့သည်။

**ညိုရောင်၊ ဦး၊ လမိုင်းဝန်**

ဦးညိုရောင်သည် ဗဒုံမင်းလက်ထက်တွင် လမိုင်းဝန်ရာထူး ရရှိခဲ့၏။ သူ သည် မြင်းစုဝန်ကြီး ဦးမြတ်ထင်၏ သားဖြစ်ပါသည်။ လမိုင်းဝန်ဦးညိုရောင် သည် ဒေါ်နန်းပွင့်၏သမီး မဘူးခေါင်နှင့် လက်ဆက်ခဲ့ကြောင်း သိရှိရ၏။

**ညိုသူ၊ ဦး၊ အရှေ့ဝင်းမှူး**

ဦးညိုသူသည် အလောင်းမင်းတရားကြီး၏ မြင်းရည်တက်(၆၈)ဦး အဝင်



ဖြစ်သည်။ လက်ျာဘီလူးဘွဲ့ကို ဦးစွာရရှိခဲ့ပြီး အလောင်းမင်းတရားကြီး လက်ထက်၌ပင် မင်းထင်နော်ရထာဘွဲ့ဖြင့် အရှေ့ဝင်းမှူးဖြစ်လာခဲ့သည်။ ၁၇၅၃ ခုနှစ်၊ ဖွန်လအတွင်း အလောင်းမင်းတရား ပင်း၊ မဲထီးဒေသကို စည်းရုံးသိမ်းသွင်းရန် ထွက်ခွာစဉ် အရှေ့ဝင်းမှူး ဦးညိုသူလည်း လိုက်ပါ စစ်မှုထမ်းခဲ့ရ၏။ ထို့ပြင် ၁၇၅၆ ခုနှစ်၊ ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သည့် သန်လျင်တိုက်ပွဲ၌လည်း ဦးညိုသူ လိုက်ပါအမှုထမ်းခဲ့ရပါသည်။

## (တ)

**တရုတ်၊ ဦး၊ တရားသူကြီး**

ဦးတရုတ်သည် စစ်ကိုင်းမင်းလက်ထက်တွင် တရားသူကြီးအဖြစ် အမှုထမ်း ခဲ့၏။ သူ၏မင်းပေးဘွဲ့မည်မှာ နေမျိုးသူရသကြိန် ဖြစ်သည်။

**တာ၊ ဦး၊ ဝန်ကြီး**

ဦးတာသည် ဗဒုံမင်းလက်ထက်တွင် ဝန်ကြီးရာထူးဖြင့် အမှုထမ်းခဲ့ရ၏။ ဦးတာကို တောင်တွင်းကြီးမြို့၌ ဖွားမြင်ပါသည်။ ဗဒုံမင်း၏ သမီးတော် အိမ်ရှေ့မိဖုရားကို တောင်တွင်းကြီးမြို့စားအရာ ပေးအပ်ခဲ့ရာမှ ဦးတာ အိမ်ရှေ့မင်းထံ ဝင်ရောက်ခစားခွင့်ရရှိခဲ့သည်။ ထို့နောက် နေမျိုးကျော်ထင် သီဟသူရဘွဲ့ခံ မြောက်နန်းမတော်ဝန်၊ အိမ်ရှေ့ဝန် ရာထူးများ ရရှိခဲ့သည်။ ဦးတာသည် စာဆိုတော်တစ်ဦးဖြစ်သည့်အားလျော်စွာ အိမ်ရှေ့ဝန်အဖြစ် အမှုထမ်းနေစဉ် ရှေးခေတ်ရာဇဝတ်ရေးနှင့်ပတ်သက်၍ လိုက်နာသုံးစွဲခဲ့ သည့် ဝေါဟာရ(၁၅)မျိုးအနက်ဖွင့်ထားသည့် 'ရာဇဝတ်ရေး၊ ခိုးသေးမီးပွား၊ စွဲစွာထားနှင့်' အစရှိ ပန္နရက်လင်္ကာကို ရေးဖွဲ့ခဲ့၏။ ထို့နောက် အတွင်းဝန် ရာထူး တိုးမြှင့်ခန့်ထားခံခဲ့ရသည်။

ဦးတာသည် မကြာမီ ဝန်ကြီးရာထူး ခန့်အပ်ခံခဲ့ရသည်။ သို့သော် မသင့်တင့်သောအကြံ ကြံစည်သည်ဆိုကာ ၃၀၊ ဩဂုတ်၊ ၁၈၁၂ တွင် ရာထူးမှ ထုတ်ပယ်ခံရပြီး မင်းကွန်းတွင် စီရင်ကွပ်မျက်ခံခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ ဦး၊ မြောက်တစ်ရာ့ငါးဆယ်မိုလ်

ဦးတူသည် ပုဂံမင်း လက်ထက်တွင် မြောက်တစ်ရာ့ငါးဆယ်မိုလ်အဖြစ် အမှုထမ်းရ၏၊၊ သူသည် ၁၈၅၃ ခုနှစ် နှစ်ဆန်းပိုင်း၌ ဖြစ်ပွားခဲ့သော မင်းတုန်း၊ ကနောင်မင်းသားများအရေးတွင် ပုဂံမင်းဘက်မှခုခံကာကွယ်ခဲ့ပြီး ဟန်လင်းကြီးမြို့အနီး၌ မိမိကိုယ်ကို သေနတ်ဖြင့်ပစ်သတ်ကာ အဆုံးစီရင်ခဲ့သည်။

## တူ၊ ဦး၊ သံတော်ဆင့်

ဦးတူသည် မင်းတုန်းမင်း လက်ထက်တွင် မင်းလှရာဇကျော်ထင်ဘွဲ့ဖြင့် သံတော်ဆင့်အရာ ရရှိခဲ့၏။ သူသည် ၁၈၆၀ ခုနှစ်တွင် မောင်လတ် (နောင်ဝက်မစွတ်ဝန်ထောက်)အား စာတော်ဖတ်အဖြစ် ဘုရင့်အမိန့်တော်အရ ခန့်အပ်စဉ် စာရင်းချမှတ်ပေးရ၏။ ဦးတူသည် စာတော်ဖတ်ခေါင်းအဖြစ်ပါ အမှုထမ်းရပါသည်။

## တူ၊ ဦး၊ သံတော်ဆင့်

မင်းတုန်းမင်းလက်ထက်၌ပင် ဦးတူအမည်ဖြင့် အခြားသံတော်ဆင့်တစ်ဦး ပေါ်ထွန်းခဲ့ပါသည်။ ဘွဲ့မည်မှာမူ မဟာမင်းကလေးဖြစ်သည်။ ဦးတူကို ၈၊ စက်တင်ဘာ၊ ၁၈၁၈ တွင် ဖွားမြင်ခဲ့ပြီး ၅၊ ဩဂုတ်၊ ၁၈၈၉ တွင် ကွယ်လွန်ပါသည်။

## တေ၊ ဦး၊ အကြီးတော်

ဦးတေသည် ကုန်းဘောင်ခေတ်လယ်ပိုင်းတွင် အကြီးတော်ရာထူးဖြင့် အမှုထမ်းခဲ့ရသူဖြစ်၏။ ဘွဲ့မည်မှာ နေမျိုးသီဟသူ ဖြစ်သည်။ ဦးတေကို ဦးဖိုးဘူးနှင့် ဇနီးတို့မှ ဖွားမြင်ပါသည်။ မွေးချင်းများမှာ ဦးတေ၊ ဦးမြတ်ကောင်း၊ ဦးနှောင်း၊ ဦးရွှေဘော်၊ မနန်းအေး၊ မနန်းစတို့ ဖြစ်ကြသည်။

## တေး၊ ဦး၊ သံတော်ဆင့်

ဦးတေးသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့၏။ ဦးတေးကို မြင်းမူနယ် ပဲကူရွာတွင် မြင်းခေါင်းမင်းဦးကောက်ကြီးနှင့် ဒေါ်ကျင်တို့မှ ဖွားမြင်ခဲ့၏။ နေမျိုးဗလဘွဲ့ခံ မင်းမှုထမ်းအဖြစ် ကင်းဝန်မင်းကြီးအိမ်တော် အိပ်ဖန်စောင့်၊ သံတော်ဆင့်ရာထူးများ ရရှိခဲ့သည်။ သူသည် စာဆိုတော်တစ်ဦးလည်း ဖြစ်ပါသည်။ ပါတော်မူပြီးနောက် ဇာတိ



ရပ်ရွာသို့ပြန်လာကာ ရတု၊ ကဗျာများ ရေးသားခဲ့သည်။ သမီးမအေးစိန်မှာ အသက်(၈၂)နှစ်ကျော်အထိ သက်ရှိထင်ရှားရှိခဲ့၏။

## တော်နီ၊ ဦး၊ ဝန်ထောက်

ဦးတော်နီသည် ပုဂံမင်းလက်ထက်တွင် ဝန်ထောက်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် မင်းတုန်းမင်းနန်းတက်စ ၁၈၅၃ ခုနှစ်တွင် ထောင်သွင်းအကျဉ်းချထားခံခဲ့ရ၏။ ဦးတော်နီသည် ပုဂံမင်းလက်ထက်တွင် ဝန်ထောက်၊ စို့လေးဆယ်ဒိုင်းဝန်ရာထူးများဖြင့် အမှုထမ်းခဲ့ရသည်။ (သူ၏အမည်ကို ဦးထော်နီဟုလည်း တွေ့ရှိရပါသည်။)

## တော၊ ဦး၊ လက်ဝဲဝင်းမှူး

လက်ဝဲဝင်းမှူး ဦးတောသည် ဗဒုံမင်းလက်ထက်တွင် ရွှေပြည်ဝန်ရာထူးကိုပါ ထမ်းရွက်ရ၏။ ဦးတောတွင် ဒေါ်တရုတ်ဆိုသူ သမီးတစ်ဦးရှိရာ လွှတ်တော်စာရေးကြီး ဦးပိုးနှင့် စုံဖက်ကာ ယင်းတောဝန်ကြီးဦးတုတ်ကြီးကို ဖွားမြင်ခဲ့သည်။ ယင်းတောဝန်ကြီးမှာ ယောမင်းကြီးဦးဖိုးလှိုင်၏ ဖခင်ဖြစ်ပါသည်။

## တိုး၊ ဦး၊ တောင်ထားဝယ်မိုလ်

တောင်ထားဝယ်သေနတ်မိုလ် ဦးတိုးသည် ဗန်းမော်အတွင်းဝန်ဦးဘိုးနှင့် သနပ်စရစ်မိဖုရားတို့၏ ညီမောင်ရင်း ဖြစ်သည်။ တိုင်တားမင်းကြီးဦးဖိုး၏ သမီးကြီးပတိမ်းသခင်နှင့် လက်ဆက်ခဲ့၏။ အမရပူရ ရတနာ့ဂူဘုရားပွဲတွင် မီးကျီမှန်၍ ကွယ်လွန်ခဲ့သည်။ တောင်ထားဝယ်မိုလ် ဦးတိုး၏သားမှာ ကောင်ဟန်ဝန်ခင်မောင်လတ် ဖြစ်ပါသည်။

## တိုး၊ ဦး၊ ရွှေတိုက်စိုး

ဦးတိုးသည် စိုင်နံ့ရွာဇာတိ ဖြစ်သည်။ ရဟန်းဝတ်နေရာမှ လူထွက်၍ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဘိုးတော်ဘုရားတို့လက်ထက် အမှုထမ်းရွက်ခဲ့သည်။ 'စိမ့်ကြီး၊ မြိုင်ကြီး၊ ရိပ်ကြီးတောတောင်' ချီ ရာမရကန်ကို ဆက်သွင်းရာမှ သံတော်ဆင့်အရာ၊ ရွှေတိုက်စိုးအရာများ ရရှိခဲ့သည်။ ၁၇၈၉ ခုနှစ်တွင် ဖြဲတိုက်သံတော်ဆင့်ဖြစ်သူ သားတစ်ဦးကို ဖွားမြင်ခဲ့သည်။ မဟာမင်း

www.burmeseclassic.com



ထင်စည်သူဟု အမည်ထင်ရှားပါသည်။ ရွှေတိုက်စိုးဦးတိုးတွင် ဦးရိုးဆိုသူ ညီတစ်ဦး ရှိပါသည်။ ရွှေတိုက်စိုးဦးတိုးသည် ၁၇၉၆ ခုနှစ်၊ မိတ္ထီလာမှ အပြန်တွင် ကွယ်လွန်ခဲ့၏။

**တိုးလုံး၊ ဦး၊ စာရေးကြီး**

ဦးတိုးလုံးသည် သီပေါမင်းနန်းတက်စ ၂၉၊ ဒီဇင်ဘာ၊ ၁၈၇၈ ခုနှစ်တွင် စာရေးကြီးရာထူး ခန့်အပ်ခံခဲ့ရသည်။

**တက်၊ ဦး၊ ဝန်ထောက်**

ဦးတက်သည် စစ်ကိုင်းမင်းလက်ထက်တွင် စာရေးကြီးရာထူးမှ နေမျိုးကျော်သူဘွဲ့ခံ ဝန်ထောက်ဖြစ်လာပါသည်။

**တက်တူ၊ ဦး၊ မြင်းစုကြီးဝန်**

မြင်းစုကြီးဝန်ဦးတက်တူသည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦး ဖြစ်သည်။ ဦးတက်တူကို သာယာဝတီမင်းလက်ထက် စာရေးတော်ကြီး ဦးစီနှင့် ဖနီးဒေါ်ရင်တို့မှ ဖွားမြင်သည်။ မွေးချင်း (၄)ဦးရှိရာ ဦးအုပ် (ရန်ကုန်မြို့ဝန်)၊ ဦးတက်တူ၊ ဦးလန်း(မတ္တရာမြို့ဝန်)နှင့် ဒေါ်ရောက် (မင်းတုန်းမင်း၏ ဥမ္မာဒေဝီမိဖုရား)တို့ ဖြစ်ကြသည်။ ဦးတက်တူသည် မင်းတုန်းမင်း မင်းသားဘဝကပင် အိမ်တော်၌ အကြီးစာရေးအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် မင်းတုန်းမင်းသားများ ရွှေဘိုသို့ ထွက်ခွာစဉ်ကပင် မဟာမင်းလှမင်းထင်ဘွဲ့ဖြင့် မြင်းစုကြီးဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ နန်းတက်လာသောအခါ မင်းကြီးမင်းလှမင်းထင်ဘွဲ့ခံ ပခန်းငယ်မြို့စားမြင်းစုကြီးဝန် ဖြစ်လာခဲ့သည်။ မြင်းကွန်းမြင်းခုံတိုင်အရေး၌ ရာထူးကျသွားဟန်ရှိပြီး သီပေါမင်းနန်းတက်စ မင်းဆွေးများ ကွပ်မျက်ရာ၌ ပါဝင်သွားခဲ့သည်။

**တိုက်၊ ဦး၊ လက်ယာဝင်းမှူး**

ဦးတိုက်သည် ပုဂံမင်းလက်ထက်တွင် လက်ယာဝင်းမှူးအဖြစ် အမှုထမ်းရ၏။ သူသည် ၁၈၅၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြစ်ပွားခဲ့သည့် မင်းတုန်း၊ ကနောင်မင်းသားများက နောင်တော်ပုဂံမင်းကို နန်းချသော အရေးတော်ပုံတွင် ပုဂံမင်းဘက်မှ ပါဝင်အမှုထမ်းခဲ့သည်။ သူ့ကို စဉ့်ကူးနယ် ခူလယ်အင်းအတွင်း၌ ဖမ်းဆီးရမိခဲ့သည်။



**တုတ်၊ ဦး၊ ဆင်မင်းဝန်**

ဦးတုတ်သည် သီပေါမင်းလက်ထက်တွင် ဆင်မင်းဝန်အဖြစ် အမှုထမ်းရ၏။ ၁၅၊ ဒီဇင်ဘာ၊ ၁၈၈၉ တွင် ဦးတုတ် ကွယ်လွန်ခဲ့သည်။

**တုတ်၊ ဦး၊ တောင်ထားဝယ်မိုလ်**

ဦးတုတ်သည် ပုဂံမင်းလက်ထက်၌ တောင်ထားဝယ်မိုလ်အဖြစ် အမှုထမ်းခဲ့၏။ ၁၈၅၃ ခုနှစ်ဆန်းပိုင်းတွင် မင်းတုန်း၊ ကနောင်မင်းသားများ အရေးတော်အတွင်း ဖမ်းဆီးခံခဲ့ရသည်။ ဦးတုတ်သည် အလောင်းမင်းတရား၏မရီးတော် ခင်ကောင်းစံမှ ဆင်းသက်လာသူဖြစ်သည်။ ခင်ကောင်းစံ၏သား မောင်လွင်မှ တောင်ငူမြို့ဝန် မောင်ကြွက်ကြီးကို ဖွားမြင်ပါသည်။ မောင်ကြွက်ကြီးနှင့် ဖနီးငယ်တစ်ဦးမှ သားဦးစံတုတ်ကို ဖွားမြင်၏။ ၎င်းဦးစံတုတ်မှာ တောင်ထားဝယ်မိုလ် ဦးတုတ်၏ဖခင် ဖြစ်သည်။ ဦးတုတ်တွင် မထိုက်၊ ဦးတုတ်နှင့် မသိုက်ဟူ၍ မွေးချင်း (၃)ဦး ရှိပါသည်။

**တုတ်၊ ဦး၊ မြို့တိုက်သံတော်ဆင့်**

မြို့တိုက်သံတော်ဆင့် ဦးတုတ်သည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦး ဖြစ်၏။ သူသည် ၁၈၇၃ ခုနှစ် တရုတ်နိုင်ငံသွားသံအဖွဲ့တွင် သံငယ်အဖြစ် လိုက်ပါခဲ့ရသည်။ ဦးတုတ်ကို ကျောက်ရုပ်ဦးတုတ်ဟူ၍လည်း ခေါ်ဆိုကြ၏။ သီပေါမင်းလက်ထက်တွင် ဒိုင်းခင်ခင်အရေးကြောင့် အကျဉ်းချခံခဲ့ရသည်။

**တုတ်၊ ဦး၊ လက်ဖက်ရည်တော်**

ဦးတုတ်သည် မင်းတုန်းမင်းလက်ထက်တွင် မင်းထင်ရာဇာဘွဲ့ခံ လက်ဖက်ရည်တော်သင်း သေနတ်မိုလ်အဖြစ်အမှုထမ်းခဲ့၏။ ဦးတုတ်တွင် ဦးဒွေးဆိုသူ အစ်ကိုတစ်ဦးရှိပြီး ကန္နီမြို့ဝန်အဖြစ် အမှုထမ်းခဲ့သည်။ နောင်တွင် မင်းထင်ရာဇာဘွဲ့ခံ ဦးတုတ်အား ကန္နီမြို့ဝန်အဖြစ် ပြောင်းရွှေ့ခန့်အပ်ခဲ့၏။ ဦးတုတ်သည် ဖနီးဒေါ်ပုံနှင့် စုံဖက်ကာ သားသမီး(၉)ဦး ဖွားမြင်ခဲ့သည်။ ဦးတုတ်သည် အင်္ဂလိပ်အစိုးရလက်ထက်တွင် ဆက်လက်အမှုထမ်းခဲ့ရာ T.D.M ဘွဲ့ ရရှိခဲ့သည်။ ဦးတုတ်၏သားအငယ်ဆုံးမှာ ဂါဒီယန်သတင်းစာတိုက် မန်နေဂျာဟောင်း ကနီဦးလူညွန့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တုတ်၊ ဦး၊ အမြောက်အတွင်းဝန်

မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှသန်ယာဘွဲ့ဖြင့် ဝန်ထောက်၊ ဥဒေါင်းလှေတော်အုပ်၊ ထို့နောက် မင်းကြီးမဟာမင်းခေါင်ကျော်စွာဘွဲ့ဖြင့် ဝန်ထောက်ရာထူးနှင့်တွဲဖက်ကာ အညာမြစ်စဉ်ဝန်၊ ဗန်းမော်မြို့ဝန်ရာထူးများ ခန့်အပ်ခံခဲ့ရသည်။ ၁၈၇၃ ခုနှစ်၊ ဒီဇင်ဘာလတွင် မင်းကြီးမဟာမင်းခေါင်ဇေယျသူဘွဲ့ဖြင့် မိုးတားမြို့စားအတွင်းဝန်၊ အမြောက်ဝန်ရာထူးများ ရရှိခဲ့သည်။ အတွင်းဝန်ဦးတုတ်ကို ဟင်နရီယူးလ်၏ မှတ်တမ်းတွင် ငယ်ရွယ်သူဖြစ်ပြီး ကျောက်ပေါက်မာအနည်းငယ်ရှိကြောင်း ဖော်ပြထား၏။ အတွင်းဝန်ကတော်အမည်မှာ ဒေါ်ခင်လုံ ဖြစ်သည်။ ဒေါ်ခင်လုံသည် ဦးရွှေသားနှင့် ဒေါ်မင်းပွန်းတို့၏ သမီးဖြစ်ပြီး အလောင်းမင်းတရား၏ ဘကြီးတော်မင်းညိုတင်မှ တိုက်ရိုက်ဆင်းသက်လာသော အဆက်အနွယ်ဖြစ်သည်။

## တုတ်ကြီး၊ ဦး၊ မြင်းစုကြီးဝန်

ဦးတုတ်ကြီးသည် အလောင်းမင်းတရား၏ အမှုထမ်းဟောင်းတစ်ဦးဖြစ်ပြီး မြေဒူးမင်းလက်ထက် ယိုးဒယားစစ်ကြောင်းချီတပ်များတွင် ဖင်းမယ်စစ်ကြောင်းကို ဦးဆောင်ခဲ့ရ၏။ မြေဒူးမင်းလက်ထက်တွင် နေမျိုးသီဟပတေ့ဘွဲ့ဖြင့် ကိုးသင်းမြင်းဝန်၊ မြင်းစုကြီးဝန်ရာထူးများ ရရှိခဲ့သည်။ ထို့နောက် ၁၇၇၆ ခုနှစ် စဉ့်ကူးမင်း နန်းတက်စတွင် ဝန်ကြီးရာထူးတိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ မြင်းစုဝန်ကြီး မဟာဇေယျသူရဟူ၍ အမည်ထင်ရှားပါသည်။

မြင်းစုဝန်ကြီး ဦးတုတ်ကြီး၏ သမီး သီရိနန္ဒာ(ရှင်ဘွား)သည် ကျီအတွင်းဝန်ဦးထွန်းနှင့် စုံဖက်ကာ စဉ့်ကူးမင်း၏မိဖုရားခေါင် ရှင်မင်းကို ဖွားမြင်ပါသည်။ မြင်းစုဝန်ကြီး၏ အခြားသမီးတစ်ဦးမှာ မမျိုးဦးဖြစ်ပြီး မဟာဒေဝီဘွဲ့ခံ မိဖုရားတစ်ပါး ဖြစ်၏။

## တုတ်ကြီး၊ ဦး၊ ယင်းတော်ဝန်ကြီး

ဦးတုတ်ကြီးသည် သာယာဝတီမင်းနန်းတက်စတွင် နောက်တော်ပါမြင်းဝန်ရာထူးဖြင့် ထမ်းရွက်ရ၏။ ထို့နောက် မဟာမင်းလှကျော်ထင်ဘွဲ့ဖြင့် ရေနံချောင်းမြို့စား ဝန်ထောက်ဖြစ်လာပါသည်။ ၂၄၊ မေ၊ ၁၈၃၇ ခုနှစ်တွင် ရန်ကုန်မြို့ဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ၁၈၃၉ ခုနှစ်အထိ ရန်ကုန်မြို့ဝန်ရာထူး



ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၄၊ ဩဂုတ်၊ ၁၈၄၀ ခုနှစ်တွင် ရေနံချောင်းမြို့စားဝန်ကြီး ဖြစ်လာသည်။ ဦးတုတ်ကြီးသည် ပြည်မင်းသားအရေးတော်ပုံတွင် ပါဝင်ပတ်သက်မှုဖြင့် ၂၄၊ ဩဂုတ်၊ ၁၈၄၅ ခုနှစ်၌ အပြစ်ပေးစီရင်ခြင်း ခံခဲ့ရသည်။

ဦးတုတ်ကြီးကို ယင်းတောရွာ၌ လွှတ်တော်စာရေးကြီး ဦးဖိုးနှင့် ဒေါ်တရုတ်တို့က ဖွားမြင်ခဲ့သည်။ မြင်းစီးမျိုးရိုးမှ ပေါက်ဖွားလာသူဖြစ်သဖြင့် ငယ်စဉ်ကပင် မြင်းစီးကျွမ်းကျင်ခဲ့၏။ သို့ကြောင့်ပင် နောက်တော်ပါ မြင်းဝန်ရာထူး ရရှိခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ ဝန်ကြီး ဦးတုတ်ကြီး၌ ဝန်ကတော်သုံးဦး ရှိပါသည်။ ဝန်ကတော်ဒေါ်နှိုမှ မောင်ဘိုးကြီးနှင့် မဖွားကြီးတို့ကိုလည်းကောင်း၊ ဝန်ကတော်ဒေါ်ငြိမ်းမှ မောင်ဘိုးလှိုင် (နောင်ယောမင်းကြီးဦးဘိုးလှိုင်)ကိုလည်းကောင်း ဖွားမြင်ခဲ့သည်။ ဝန်ကတော် ဒေါ်ကြင်ဥတွင် သားသမီးမထွန်းကားခဲ့ပေ။

## ထွန်း၊ ဦး၊ ဝန်ကြီး

ဦးထွန်းကို ၁၇၁၇ ခုနှစ်ခန့်တွင် ရွှေဘိုမြို့အနီး မုဆိုးခြုံရွာ၌ ဖွားမြင်ပါသည်။ ၁၇၊ နိုဝင်ဘာ၊ ၁၇၅၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြင်းရည်တက် (၆၈)ဦးတွင် သီရိရွှေတောင်ဘွဲ့ ရရှိခဲ့သည်။ ဦးထွန်းသည် အလောင်းမင်းတရားယုံကြည်အားထားရာ စစ်ဗိုလ်ချုပ်ကြီးဖြစ်သည့်အားလျော်စွာ ၃၊ ဇန်နဝါရီ၊ ၁၇၅၄ ခုနှစ် အင်းဝကို သိမ်းပိုက်ပြီးချိန်တွင် မင်းလှမင်းခေါင်ဘွဲ့ဖြင့် ဝန်ကြီးအရာ ရရှိခဲ့လေသည်။

၁၇၅၆ ခုနှစ် သံလျင်တိုက်ပွဲတွင် ဝန်ကြီးမင်းလှမင်းခေါင် ရှပ်ရှပ်ချွံချွံတိုက်ခိုက်ခဲ့သဖြင့် မင်းခေါင်နော်ရထာဘွဲ့ ပေးအပ်ခံခဲ့ရသည်။ ၁၇၅၉ ခုနှစ် ယိုးဒယားသို့ စစ်ချီစဉ်ကလည်း မင်းခေါင်နော်ရထာဘွဲ့ခံ ဦးထွန်းကပင် ဦးဆောင်ဦးရွက်ပြုခဲ့ရ၏။ ဒီပဲယင်းမင်း နန်းတက်စ ၁၇၆၀ ပြည့်နှစ်တွင် ယိုးဒယားစစ်အပြန် တပ်ဆုတ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဦးထွန်းပုန်ကန်ခြားနားခဲ့သည်။ ဦးထွန်း၏တပ်များသည် ၂၇၊ ဇွန်၊ ၁၇၆၀ ပြည့်နှစ်တွင် အင်းဝမြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထိုစဉ် ဒီပဲယင်းမင်း၏ တပ်များကလည်း အင်းဝကို ဝန်းရံထားကြ၏။ တစ်စစ ရိက္ခာပြတ်လာပြီးနောက် ၇၊ ဒီဇင်ဘာ၊ ၁၇၆၀ တွင် ဦးထွန်း၏တပ်များ အင်းဝမြို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထွက်နိုင်ခဲ့ကြသည်။ ပန်းလောင်မြစ်တစ်ဖက်ကမ်း ကန်သစ်ရွာမှ တစ်ဆင့် ကျောက်ဆည်နယ် ဝက်လဲတောင်အနီးသို့ ရောက်ရှိစဉ် ဦးတွန် သေနတ်ထိမှန် ကွယ်လွန်ခဲ့ပါသည်။

ဦးတွန်တွင် သားသမီးသုံးဦးရှိရာ ဗဒုံမင်း၏ မိဖုရားသီရိသာမာ မင်္ဂလာမယောဘွဲ့ခံ ရှင်မလှ၊ လက်ဝဲဝင်းမှူး မဏိစန္ဒနှင့် အိမ်ရှေ့မင်းသား ဦးပေါ်၏ဇနီး ရှင်ရွှေလုံးတို့ ဖြစ်ကြသည်။

## (ထ)

**<u>ထူး၊ ဦး၊ ရေကြည်ဝန်</u>**

ဦးထူးသည် သီပေါမင်း လက်ထက်တွင် ရေကြည်ဝန်ရာထူး ရရှိခဲ့၏။ သူ၏အမည်ကို ဝက်မစွက်ဝန်ထောက် ဦးလတ်၏(၄-၄-၁၈၉၂) ရက်စွဲပါ မှတ်တမ်း၌ တွေ့ရှိရသည်။

**<u>ထော်နီ၊ ဦး၊ ဝန်ထောက်</u>**

ဦးထော်နီသည် ပုဂံမင်းလက်ထက်အမှုထမ်းဖြစ်ပြီး မင်းတုန်းမင်းနန်းတက်လာချိန်၌ အကျဉ်းချထားခံခဲ့ရ၏။ ၁၉၊ ဇွန်၊ ၁၈၅၄ တွင်မှ လွတ်မြောက်လာခဲ့ပါသည်။ မင်းတုန်းမင်းက သူ့အား ရာထူးဆက်လက်ခန့်ထားခြင်း မရှိပေ။

**<u>ထိုက်၊ ဦး၊ မြင်းစုကြီးဝန်ထောက်</u>**

ဦးထိုက်သည် ပုဂံမင်းနန်းတက်စတွင် မင်းကြီးမဟာမင်းထင်ကျော်သူဘွဲ့ခံ ဝန်ထောက်၊ မြင်းစုကြီးဝန်ရာထူးများ ရရှိခဲ့သည်။ ထို့နောက် မင်းကြီးမဟာမင်းခေါင်ရာဇသူဘွဲ့ဖြင့် ရန်ကုန်မြို့ဝန်ရာထူး ခန့်အပ်ခံရ၏။ ဦးထိုက်တွင် ရှင်ဆန်းနှင့် ရှင်ပဲဆိုသူ ဝန်ကတော်နှစ်ဦးရှိပြီး ရန်ကုန်မြို့၌ရှိစဉ် ၁၈၄၉ ခုနှစ်၌ ကျိုက္ကစံစေတီတော်သို့ ဆင်းတုတော်များ လှူဒါန်းခဲ့၏။



**<u>ထွား၊ ဦး၊ ဝန်ထောက်</u>**

ဦးထွားသည် စာရေးကြီးအဖြစ် အမှုထမ်းနေရာမှ စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းထင်စည်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူး ရရှိခဲ့သည်။ ဦးထွားသည် သာယာဝတီမင်းလက်ထက်တွင်ပါ ဝန်ထောက်ရာထူးဖြင့် ဆက်လက်အမှုထမ်းရွက်ခဲ့ရသည်။

**<u>ထွားဖြူ၊ ဦး၊ သက်ပန်းအတွင်းဝန်</u>**

ဦးထွားဖြူကို ပုခန်းကြီးနယ် ချောင်းကောက်သပြေ (၅)ရွာ၌ ၁၇၃၆ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဦးထွားဖြူသည် ရှင်သဒ္ဓမ္မနိန္ဒဘွဲ့ဖြင့် ရဟန်းဝတ်နေရာမှ ၁၇၇၅ ခုနှစ်တွင် လူထွက်ခဲ့၏။ ထို့နောက် ဗဒုံမင်းထံ ဗလရာဇာဘွဲ့ဖြင့် (၄၀)တော် သွေးသောက်အရာ၊ သက်ပန်းရွာစား အတွင်းဝန်အရာများဖြင့် အမှုထမ်းရွက်ခဲ့သည်။ သက်ပန်းအတွင်းဝန်သည် ၂၆၊ ဇူလိုင်၊ ၁၇၈၈ ခုနှစ်တွင် ဝတ္တုကုံမြေနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားခဲ့ကြောင်းလည်း တွေ့ရှိရ၏။ ၁၇၉၃ ခုနှစ်တွင် သက်ပန်းအတွင်းဝန် ကွယ်လွန်ခဲ့သည်။

**<u>ထွေ၊ ဦး၊ အကြီးတော်</u>**

ဦးထွေသည် ဗဒုံမင်းလက်ထက် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ ခုနှစ်တွင် မင်းသားမောင်ခန့်ကျော်၏ အကြီးတော်အဖြစ် အမှုထမ်းခဲ့ပါသည်။

**<u>ထွေး၊ ဦး၊ မြို့တော်ဝန်</u>**

ဦးထွေးသည် ဗဒုံမင်းလက်ထက်တွင် တရုတ်ဧကရာဇ်က ဆက်သသည့် တရုတ်မင်းသမီးသုံးပါး၏ ဝန်အဖြစ် အမှုထမ်းရွက်ရ၏။ ထို့နောက် မင်းလှရွှေတောင်ကျော်ဘွဲ့နှင့် မြို့တော်ဝန်ရာထူး ရရှိခဲ့ပါသည်။

**<u>ထွန်း၊ ဦး၊ နာခံတော်</u>**

ဦးထွန်းသည် သီပေါမင်းလက်ထက်တွင် နာခံတော်အဖြစ် အမှုထမ်းခဲ့၏။ ဦးထွန်းသည် မှန်နန်းတော်ဦး၌ စောင်းဆေဝကျွန်မောင်မောင်ကြီး (လက်ဖက်ရည်တော်)နှင့်အတူ အဆိုဖြင့် တွဲဖက်ဖျော်ဖြေရသူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထွန်း၊ ဦး၊ သူရဲဝန်

သူရဲဝန် ဦးထွန်းကို စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့လက်ထက်၌ ထင်ရှားသူ ဗလရာဇာဘွဲ့ခံ ဗိုလ်မင်းဦးရွှေဆိုင်နှင့် ဗိုလ်ကတော်တို့မှ ဖွားမြင်ခဲ့သည်။ သူရဲဝန်ဦးထွန်း၏သား ဦးကြာဥမှာ နောင်မကွေးမြို့စားဝန်ကြီးအဖြစ် ထင်ရှားခဲ့သည်။

## ထွန်း၊ ဦး၊ အောက်မားဝန်

ဦးထွန်းသည် စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းလှမင်းထင်ဘွဲ့ဖြင့် အောက်မားဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် တရုတ်သံအဖွဲ့ကြိုဆိုရာတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။

## ထွန်းညို၊ ဦး၊ ကျီဝန်

ဦးထွန်းညိုသည် ဗဒုံမင်းနန်းတက်စတွင် မဟာသင်္ခယာဘွဲ့ဖြင့် ကျီဝန်ရာထူးရရှိခဲ့၏။ ဦးထွန်းညိုကို ၁၇၂၆ ခုနှစ်၊ တနင်္ဂနွေမင်းလက်ထက်တွင် ဗဒုံတိုက်နယ်အဝင်၊ မောင်းထောင်ရွာမီးလောင်ကုန်းရပ်၌ ဖွားမြင်ခဲ့သည်။ ငယ်စဉ်ရှင်သာမဏေဝတ်ရာ ရှင်လင်္ကာသာရဘွဲ့ရသည်။ အလောင်းမင်းတရားနန်းတက်စတွင် လူထွက်၍ အမှုထမ်းခဲ့ရာ ဗဒုံမင်းသား၏အကြီးတော်ရာထူး ရရှိခဲ့သည်။ ၁၇၈၂ ခုနှစ် ဗဒုံမင်းနန်းတက်စတွင် ကျီဝန်ရာထူးရရှိပါသည်။ သို့သော် ကျီဝန်အဖြစ် ရက်သတ္တနှစ်ပတ်ခန့်သာ အမှုထမ်းရပြီး တွင်းသင်းတိုက်ဝန် ဖြစ်လာပါသည်။ အသက် (၈၀)ကျော်အရွယ် ၁၈၀၆ ခုနှစ်နောက်ပိုင်းတွင် ဦးထွန်းညို ကွယ်လွန်ခဲ့သည်။ ဦးထွန်းညိုတွင် ဒေါ်ပုဆိုသူ မွေးချင်းအစ်မတစ်ဦးရှိပြီး စိန္တကျော်သူဦးသြ၏မိခင် ဖြစ်သည်။ ဦးထွန်းညို၏ဝန်ကတော်မှာမူ ဒေါ်ဘုံမြတ် ဖြစ်ပါသည်။ သားတစ်ဦး ထွန်းကားသော်လည်း အမည်မသိရပေ။

## ထွန်းဖြိုး၊ ဦး၊ အမြောက်ဝန်

ဦးထွန်းဖြိုးသည် အလောင်းမင်းတရားလက်ထက်တွင် အမြောက်ဝန်အဖြစ် အမှုထမ်းရသူ ဖြစ်သည်။ မင်းပေးဘွဲ့မည်မှာ သူရိန္ဒဝေရကျော် ဖြစ်သည်။ အလောင်းမင်းတရားသည် ပြည်မြို့ဆံတော်ရှင်တပ်ကို အောင်နိုင်၍ ပြည်



နန်းတော်၌ စံနေစဉ် ၇၊ ဖေဖော်ဝါရီ၊ ၁၇၅၅ တွင် မြို့အနောက်မြောက်ထောင့်မှ ရန်ပုံခွင်းအမြောက်နှင့် ပစ်ခတ်ကြောင်းကြားရ၍ အမြောက်မှူးဟောင်းဖြစ်သူ ပြည်မြို့သားဦးထွန်းဖြိုးကို ခေါ်ယူမေးမြန်းခဲ့သည်။ ဦးထွန်းဖြိုးက ဆင်ကြားရှင်လက်ထက်တွင် သူ့ကို ပြည်မှ ဟံသာဝတီသို့ခေါ်ဆောင်သွားကာ သံလျင်ရေဝန်လက်အောက်၌ အမှုထမ်းရကြောင်း၊ ထိုစဉ် ရေဝန်က ငွေ (၇)ပိဿာဖြင့် အရမ်းသဘော်မှ ရံပုံခွင်းအမြောက်ကို ဝယ်ယူခဲ့ကြောင်း၊ ရေဝန်ကို ပြည်မြို့ဝန်ခန့်စဉ် ပြည်မြို့သို့ သယ်ယူခဲ့ကြောင်းများ ရှင်းလင်းပြောကြားရာ အားရတော်မူ၍ အမြောက်ဝန်ရာထူး ခန့်အပ်ခဲ့သည်။

## ထွန်းမြ၊ ဦး၊ ကောင်ဟန်ဝန်

ဦးထွန်းမြသည် ကုန်းဘောင်ခေတ်ဦးကာလတွင် ကောင်ဟန်ဝန်ရာထူး ရရှိခဲ့သည်။ သူသည် အလောင်းမင်းတရား၏ သူရဲကောင်း (၆၈)ဦး အဝင်ဖြစ်ပြီး ရန်နိုင်သိင်္ခ၊ လက်ဝဲကြံသိုင်း၊ ဗန္ဓုသေနကျော်ထင်၊ မင်းကြီးပဇ္ဈောတ၊ ရာဇဥဒ္ဒေသရော၊ ရာဇဥတ္တမကျော်ထင်၊ ရာဇဥတ္တမသင်္ကြန်ဘွဲ့များ ရရှိခဲ့သည် ဆိုသည်။

## ထွန်းဝ၊ ဦး၊ ဝန်စာရေး

ဦးထွန်းဝသည် သီပေါမင်းလက်ထက်၌ ဝန်စာရေးအဖြစ် အမှုထမ်းခဲ့ရ၏။ ဦးထွန်းဝကို ၈၊ ဖေဖော်ဝါရီ၊ ၁၈၆၂ တွင် ပွဲစားကြီးဦးဖိုးနှင့် ဒေါ်မမခက်တို့မှ အင်းဝမြို့နန်းတော်ရှေ့ရပ်၌ ဖွားမြင်ခဲ့သည်။ မွေးချင်းများအနက် စတုတ္ထမြောက် ဖြစ်၏။ မိခင်ဖြစ်သူ ဒေါ်မမခက်၏အစ်ကိုမှာ တရားသူကြီးဦးဘိုး(ပုဂံဝန်ထောက်) ဖြစ်ပါသည်။ ဦးထွန်းဝသည် (၇)နှစ်သားအရွယ်တွင် အရှေ့ပြင်ဝိသုကာရာမတိုက်ဆရာတော်၊ ပခန်းဆရာတော်ကျောင်းတို့၌ ပညာသင်ကြားခဲ့သည်။ (၈)နှစ်မှ (၁၅)နှစ်အထိ သာမဏေဝတ်ပြီး (၁၆)နှစ်အရွယ်တွင် လူဝတ်လဲကာ အစ်ကိုဝမ်းကွဲဦးဘိုးလှိုင်(ပုဂံဝန်ထောက်ဦးဘိုး၏သား)ထံတွင် စာရေးအဖြစ် အမှုထမ်းရ၏။ သီပေါမင်းနန်းတက်စတွင် မိုင်းနိုင်းမြို့စားဦးယံ၏ ဝန်စာရေးဖြစ်လာပါသည်။ သူသည် အချုပ်တန်းဆရာဖေနှင့် အလွန်ရင်းနှီးသူလည်း ဖြစ်၏။ သီပေါမင်းပါတော်မူသွားပြီးနောက် ၁၈၉၇ ခုနှစ်တွင် ရှမ်းပြည်နယ်သို့ သွားရောက်နေထိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၆ ခုနှစ် ရွှေလီ တို့ဗမာအစည်းအရုံးတွင် နာယကဖြစ်ခဲ့ပြီး (၈၂)နှစ်အရွယ် ၁၃၊ စက်တင်ဘာ၊ ၁၉၄၂ တွင် ကွယ်လွန်ခဲ့သည်။ ဝန်စာရေး ဦးထွန်းဝ၏သမီးမှာ (၂၇-၁၂-၁၈၉၇)တွင် ဖွားမြင်သည့် ဒေါ်သက်ထွန်း ဖြစ်ပြီး စာရေးဆရာကံဆက်(ကသာ)၏မိခင် ဖြစ်ပါသည်။

## ထွန်းဝ၊ ဦး၊ ဥယျာဉ်တော်မှူး

ဦးထွန်းဝသည် သီပေါမင်း လက်ထက်တွင် သီရိဂန္ဓမာဥယျာဉ်တော်မှူး ဖြစ်ပါသည်။ ဦးထွန်းဝသည် ပင်းယမင်းသမီး၏ အနွယ်တော် ဒေါ်မြတ်နှင့် စုံဖက်ကာ သမီးဒေါ်အေးရင်ကို ဖွားမြင်ခဲ့သည်။ ဒေါ်အေးရင်နှင့် ခင်ပွန်း ဦးစံလင်းတို့မှ သမီးဒေါ်လှတင်ကို ဖွားမြင်ပြန်ရာ ဒေါ်လှတင်နှင့် ခင်ပွန်း ဦးခင်မောင်ထွေးတို့မှာ ကဗျာဆရာဝင်းမင်းထွေး၏ မိဘများဖြစ်ကြသည်။

## ထွန်းဦး၊ ဦး၊ သံတော်ဆင့်နန်းကံကျေးဝန်

ဦးထွန်းဦးသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်၊ နန်းကံကျေးဝန် ရာထူးများဖြင့် အမှုထမ်းခဲ့၏။ သူသည် ဗြိတိသျှတို့ မန္တလေးကို သိမ်းပိုက်စကာလ (၁၁၊ ဇွန်၊ ၁၈၈၆)၌ မာမက်သာထက်ဆိုသူ ကြေး၊ သံများ ပေးသွင်းကြောင်း အမှုတွင် သက်သေထွက်ဆိုခဲ့ရသည်။

## ထွန်းအောင်၊ ဦး၊ ပန်းဘဲဝန်

ဦးထွန်းအောင်သည် မင်းတုန်းမင်းလက်ထက်တွင် ပန်းဘဲဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ဦးထွန်းအောင်ကို ၃၊ ဧပြီ၊ ၁၈၂၉ တွင် ဖွားမြင်ပါသည်။ သူသည် ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်၌ အမှုထမ်းခဲ့ရပြီး မင်းပေးဘွဲ့မည်မှာ မဟာမင်းခေါင်ပညာသိဒ္ဓိရာဇာ ဖြစ်သည်။ ၁၂၊ ဇွန်၊ ၁၉၀၃ တွင် ပန်းဘဲဝန်ဦးထွန်းအောင် ကွယ်လွန်ပါသည်။

## ထွန်းအောင်၊ ဦး၊ မြင်းစုကြီးဝန်

ဦးထွန်းအောင်သည် စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းလှစည်သူဘွဲ့ဖြင့် မြင်းစုကြီးဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ ဦးထွန်းအောင်တွင် မပုဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရသည်။



## ထွန်းအောင်၊ ဦး၊ လယ်ဝန်သံတော်ဆင့်

လယ်ဝန်၊ သံတော်ဆင့် ဦးထွန်းအောင်သည် ယောမြို့စားဝန်ကြီးဦးပုကြီး၏သား ဖြစ်ပါသည်။ သူသည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် အမှုထမ်းခဲ့သူဖြစ်၏။

## ဒီ၊ ဦး၊ အသုံးစာရေး

ဦးဒီသည် စစ်ကိုင်းမင်းလက်ထက်တွင် အသုံးစာရေးရာထူးဖြင့် အမှုထမ်းခဲ့၏။ ၁၈၂၉ ခု၊ ဒီဇင်ဘာလတွင် အင်းဝသို့ရောက်ရှိခဲ့သည့် ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘာနေး၏မှတ်တမ်းအရ အသုံးစာရေး မောင်ဒီသည် ဗြိတိသျှကိုယ်စားလှယ်အတွက် ရိက္ခာစီစဉ်ပေးရသူသာဖြစ်ပြီး ဩဇာအာဏာ မရှိဟု ဆိုပါသည်။

## ဒီပစကြာ

ဒီပစကြာ၏အမည်ရင်းမှာ ဦးအောင်တင်ဖြစ်ပြီး အလောင်းမင်းတရား၏ မင်းမှုထမ်းတစ်ဦး ဖြစ်သည်။ သူသည် အလောင်းမင်းတရား ရန်ကုန်မြို့မှ နေပြည်တော်သို့အပြန်တွင် လမ်းခရီး၌ ဘွဲ့မည်ပေး အပ်ခံခဲ့ရခြင်း ဖြစ်သည်။

## ဒေဝသူရကျော်ထင်၊ မြို့တော်ဝန်

ဒေဝသူရကျော်ထင်သည် ဗဒုံမင်းလက်ထက်တွင် မြို့တော်ဝန်ရာထူး ရရှိခဲ့၏။ သူသည် ယခင်က အဝေးမြို့ဝန်တစ်ဦးအဖြစ် အမှုထမ်းရွက်ခဲ့ပါသည်။

## ဒွေး၊ ဦး၊ လက်ဖက်ရည်တော်

ဦးဒွေးသည် မင်းတုန်းမင်းလက်ထက်တွင် မင်းကျော်သူရိန်ဘွဲ့ခံ လက်ဖက်ရည်တော်အဖြစ် အမှုထမ်းရ၏။ ဇာတိမှာ ကန္နီမြို့မှဖြစ်ပြီး သင်းသေနတ်ဗိုလ်၊ ကန္နီမြို့ဝန်ရာထူးများပါ ရရှိခဲ့၏။ ဦးဒွေး၌ ဦးတုတ်ဆိုသူ ညီတစ်ဦးရှိပြီး လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (န)

**နု၊ ဦး၊ ပြဲတိုက်သံတော်ဆင့်**

ဦးနုသည် ဗဒုံမင်းလက်ထက်တွင် ပြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့ဖူးသူဖြစ်သည်။ ဦးနုကို ၂၄၊ ဇွန်၊ ၁၇၅၅ တွင် စစ်ကိုင်းနယ်၊ ရှာဝေးရွာ၌ ရွာသူကြီး ဦးဘိုးအောင်နှင့် ဒေါ်မိုးတို့မှ ဖွားမြင်ခဲ့သည်။ သူသည် ဗလနန္ဒဘွဲ့ခံ ရှာဝေးရွာသူကြီး၊ ကျော်ထင်ဇေယျသူဘွဲ့ခံ အချီတော်ဝန်၊ ပြဲတိုက်သံတော်ဆင့် ရာထူးများ ရရှိခဲ့သည်။ တွင်းသင်းတိုက်ဝန် ဦးထွန်းညို ကွယ်လွန်သွားသောအခါ တွင်းသင်းတိုက်ဝန်အရာ ရရှိသည်။ ထိုစဉ် မဟာသီရိစည်သူဘွဲ့၊ စာဆိုတော်နဝဒေးဘွဲ့များ ရရှိခဲ့သည်။ ၁၈၊ ဇန်နဝါရီ၊ ၁၈၄၁ တွင် ဦးနု ကွယ်လွန်ခဲ့၏။ ဦးနုနှင့်ဇနီး ဒေါ်မယ်သာတို့မှ မောင်မောင်ကြိုင်း၊ မောင်မောင်ပိုင်းနှင့် မောင်မောင်သိုင်းတို့ကို ဖွားမြင်ပါသည်။

**နု၊ ဦး၊ သူရဲဝန်**

ဦးနုသည် ဗဒုံမင်းလက်ထက်တွင် သူရဲဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။ အကြောင်းအရာအသေးစိတ်ကို မသိရှိရပေ။

**နု၊ ဦး၊ အရှေ့ဝင်းမှူး**

ဦးနုသည် ၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်စတွင် မင်းကြီးမဟာမင်းခေါင်ဘွဲ့ဖြင့် အရှေ့ဝင်းမှူးအရာ ရရှိခဲ့သည်။ သူသည် မင်းတုန်းမင်း မင်းသားဘဝက အကြီးစာရေးရာထူးဖြင့် အမှုထမ်းခဲ့ရသူ ဖြစ်ပါသည်။

**နေ၊ ဦး၊ ငွေခွန်ဝန်**

ဦးနေသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးမဟာမင်းခေါင်ဘွဲ့ဖြင့် ငွေခွန်ဝန်ရာထူး ရရှိခဲ့၏။ ဦးနေသည် တရုတ်သံအဖွဲ့ကို ကြို့ဆိုရာ၌လည်း လိုက်ပါဆောင်ရွက်ခဲ့ရသည်။

**နေထွန်း၊ ဦး၊ ကုလားဝန်**

ကုလားဝန်ဦးနေထွန်းသည် သီပေါမင်းလက်ထက် အမှုထမ်းတစ်ဦးဖြစ်၏။ ဦးနေထွန်း၏အမည်ကို ဝက်မစွတ်ဝန်ထောက်၏ (၂၉-၃-၁၈၈၆)မှတ်တမ်းတွင် တွေ့ရှိရပါသည်။ ဦးနေထွန်း၏ မင်းပေးဘွဲ့မည်မှာ မင်းလှမင်းထင်ရာဇာ ဖြစ်သည်။



**နေထွန်း၊ ဦး၊ စာရေးကြီး**

ဦးနေထွန်းသည် သီပေါမင်းလက်ထက်တွင် စာရေးကြီးအဖြစ် အမှုထမ်းရွက်ခဲ့၏။ ၄၊ နိုဝင်ဘာ၊ ၁၈၉၁ တွင် ဦးနေထွန်း ကွယ်လွန်ခဲ့သည်။

**နေမျိုးရွှေတောင်စည်သူ၊ အောက်မားဝန်**

နေမျိုးရွှေတောင်စည်သူသည် ဗဒုံမင်းလက်ထက်တွင် အောက်မားဝန်အဖြစ် အမှုထမ်းရ၏။ သူသည် ဝင်းမှူးတစ်ဦး၏သား ဖြစ်ပါသည်။ ဇနီးအမည်မှာ ဒေါ်လုပ်ဖြစ်ကြောင်း သိရှိရ၏။

**နေမျိုးသခ်ယာ၊ လက်ဝဲဝင်းမှူး**

နေမျိုးသခ်ယာသည် သီရိရွှေတောင်ဘွဲ့ဖြင့် မက္ခရာမိုလ်အဖြစ် အမှုထမ်းရွက်လျက်ရှိရာမှ ဗဒုံမင်းလက်ထက်တွင် လက်ဝဲဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရခြင်း ဖြစ်သည်။

**နေမျိုးသူရ၊ အနောက်ဝန်**

နေမျိုးသူရသည် ဗဒုံမင်းလက်ထက် အနောက်ဝန်ရာထူး ရရှိခဲ့ဟန်တူ၏။ သူသည် လင်းကတောဆယ်ရွာစားဖြစ်ပြီး လက်နက်တိုက်ဝန်ရာထူးကိုလည်း ရရှိခဲ့၏။ အနောက်ဝန်နေမျိုးသူရ၏သား ဦးကြွယ်ဝမှာ စစ်ကိုင်းမင်းလက်ထက်တွင် ကင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့ရ၏။

**နေမျိုးသူရ၊ အရှေ့ဝင်းမှူး**

နေမျိုးသူရသည် ဗဒုံမင်းလက်ထက်တွင် အရှေ့ဝင်းမှူးရာထူး ခန့်အပ်ခြင်းခံခဲ့ရ၏။ သူသည် စလေမြို့ကို မြို့စားအရာရရှိခဲ့သူလည်း ဖြစ်သည်။

**နဲ၊ ဦး၊ ဆရာဝန်ကြီး**

ဦးနဲသည် မောင်းထောင်ရွာဇာတိဖြစ်၏။ သာသနာပြုဆရာတော် ရှင်ဉာဏ၏ တူအရင်းလည်း ဖြစ်သည်။ စစ်ကိုင်းမင်းသား၏ စာသင်ဆရာဖြစ်ပြီး ဗဒုံမင်းလက်ထက်တွင် နေမျိုးသီဟသူရဘွဲ့နှင့် အိမ်ရှေ့အတွင်းဝန်၊ အိမ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဝန်၊ မြင်းဝန်ရာထူးများ ရရှိခဲ့သည်။ ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက်လာသောအခါ အိမ်ရှေ့ဝန် နေမျိုးသူရကို ဝန်ကြီးရာထူး ခန့်အပ်ခဲ့၏။ ထို့နောက် မဟာသက်တော်ရှည်၊ မင်းကြီးမဟာသက်တော်ရှည်၊ သတိုးသုဓမ္မမဟာ သက်တော်ရှည်ဘွဲ့များ ရရှိခဲ့သည်။ ကောသာလီစစ်ကြောင်းဖြင့် ဗိုလ်မှူးဝန်ကြီးအဖြစ် စစ်ချီတက်စဉ် ၈၊ ဇူလိုင်၊ ၁၈၂၄ ခုနှစ်တွင် ထော်ပံစခန်း၌ အဖျားရောဂါဖြင့် ကွယ်လွန်ပါသည်။

**<u>နောက်၊ ဦး၊ အနောက်ဝင်းမှူး</u>**

ဦးနောက်သည် သာယာဝတီမင်းလက်ထက်တွင် မင်းကြီးမင်းခေါင်ဘွဲ့ခံ အနောက်ဝင်းမှူး ဖြစ်ပါသည်။

**<u>နောင်၊ ဦး၊ စာရေးတော်ကြီး</u>**

ဦးနောင်သည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးအဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၈၈၃ ခုနှစ်၊ ဩဂုတ်လအတွင်း လွှတ်တော်က ပုဂံဝန်ထောက်ထံ စာပေးပို့ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ရ၏။

**<u>နိုင်၊ ဦး၊ အခွန်ဝန်</u>**

ဦးနိုင်သည် ကုန်းဘောင်ခေတ်လယ်ပိုင်းတွင် အခွန်ဝန်ရာထူးဖြင့် အမှုထမ်းရ၏။ ဦးနိုင်ကို ပုသိမ်မြို့ဝန် ဦးညွန့်နှင့် ဒေါ်အိမ်မွေးတို့မှ ဖွားမြင်ပါသည်။

**<u>နိုင်၊ ဦး၊ အမှာတော်ရေး</u>**

ဦးနိုင်သည် သီပေါမင်းလက်ထက်တွင် အမှာတော်ရေးအဖြစ် အမှုထမ်းခဲ့၏။ ၂၀၊ နိုဝင်ဘာ၊ ၁၈၉၀ တွင် ဦးနိုင် ကွယ်လွန်ခဲ့သည်။

**<u>နုတ်ပေး၊ ဦး၊ သံတော်ဆင့်</u>**

ဦးနုတ်ပေးသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးကျော်ထင်စည်သူဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။

**<u>နန္ဒသင်္ခယာ၊ ပတိမ်းမြို့စားဝန်ကြီး</u>**

နန္ဒသင်္ခယာသည် အလောင်းမင်းတရား လက်ထက်ကပင် အမတ်ကြီးအဖြစ် ထင်ရှားခဲ့၏။ သူသည် ၂၁၊ ဧပြီ၊ ၁၇၅၈ ခုနှစ်တွင်ကျင်းပသော စည်းခံ



စေတီတော် ဌာပနာတိုက်ပိတ်ပွဲတွင် ဝန်ကြီးဦးရွှေထင်၊ ဦးပွင့်တို့နှင့်အတူ တက်ရောက်ခဲ့သည်။ ဒီပဲယင်းမင်းနန်းတက်စတွင် နန္ဒသင်္ခယာ ဝန်ကြီးရာထူး ရရှိခဲ့သည်။

**<u>နော၊ ဦး၊ အမှာတော်ရေး</u>**

ဦးနောသည် မင်းတုန်းမင်း နန်းတက်စတွင် အမှာတော်ရေးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၈၅၄ ခုနှစ်၊ မေလအတွင်း ထုတ်ပြန်ခဲ့သည့် အမိန့်တော်များကို ဆိုင်ရာသို့ ဆက်သွင်းခဲ့ရသည်။

**<u>နံ့၊ ဦး၊ အသုံးစာရေး</u>**

ဦးနံ့သည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးအဖြစ် အမှုထမ်းရွက်ခဲ့ရ၏။ ၁၉၁၂ ခုနှစ်တွင် အကျဉ်းခံသီပေါဘုရင်ရှိရာ ရတနာဂီရိသို့ လိုက်ပါကြရန် စာရင်းကောက်ယူရာ၌ ဦးနံ့ကို 'မင်္ဂလာအခမ်းအနားတော်တွင်း (၁၇)ဌာန အဆောက်အလုပ်တော်များ စေခိုင်းရန်ဘုရား' ဟု တွေ့ရှိရသည်။

**<u>နှင်ကြီး၊ ဦး၊ လက်ယာဝင်းမှူး</u>**

ဦးနှင်ကြီးသည် စစ်ကိုင်းမင်းလက်ထက်တွင် ကျော်သူနော်ရထာဘွဲ့ဖြင့် အမှုထမ်းလျက်ရှိရာမှ နေမျိုးနော်ရထာကျော်ခေါင်ဘွဲ့ခံ လက်ယာဝင်းမှူး အဖြစ် ခန့်အပ်ခံခဲ့ရ၏။

**<u>နှင်း၊ ဦး၊ ရှမ်းအချုပ်ခေါင်း</u>**

ဦးနှင်းသည် သီပေါမင်းလက်ထက် ရှမ်းအချုပ်ခေါင်းဖြစ်ပြီး ၁၈၈၃ ခုနှစ်တွင် မင်း၊ မိဖုရားတို့လှူဒါန်းမည့် ထီးဖြူတော်အား ချုပ်လုပ်ရေးတာဝန်ယူခဲ့ရသည်။

**<u>နောင်း၊ ဦး၊ ပုခန်းဝန်ကြီး</u>**

ဦးနောင်းသည် အလုံသာစည်ရွာဇာတိ ဖြစ်သည်။ ၁၇၅၂ ခုနှစ်၊ မတ်လ အလောင်းမင်းတရားလက်ထက် ဖွဲ့စည်းခဲ့သည့် မြင်းရည်တက် (၆၈)ဦးတွင် လက်ယာကျော်ထင်ဘွဲ့ဖြင့် ပါဝင်ခဲ့သည်။ ဒီပဲယင်းမင်းလက်ထက် မင်းလှနော်ရထာဘွဲ့ဖြင့် လက်ဝဲဝင်းမှူးအဖြစ် အမှုထမ်းရွက်ခဲ့ပြီး ၁၇၆၃ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



မြေဒူးမင်းနှန်းတက်စကာလ၌ မင်းကြီးမင်းခေါင်ဘွဲ့ ရရှိခဲ့သည်။ ထို့နောက် မဟာစည်သူဘွဲ့ဖြင့် မြို့လပ်ဝန်ဖြစ်လာကာ မကြာမီ ဝန်ကြီးရာထူးတိုးမြှင့် ခန့်ထားခံခဲ့ရသည်။

ဦးနှောင်းသည် စဉ့်ကူးမင်း လက်ထက်တွင် မဟာသီဟသူဘွဲ့ ပြောင်းလဲရရှိကာ ဝန်ကြီးအရာဖြင့်ပင် အမှုထမ်းရပါသည်။ ဗဒုံမင်း နန်းတက်စ ၁၇၈၂ ခုနှစ်တွင် သတိုးမဟာသီဟသူဘွဲ့ ရရှိခဲ့၏။ ၁၁၊ ဇူလိုင်၊ ၁၇၈၂ ခုနှစ်တွင် ဦးနှောင်းအား ပုခန်းကြီးမြို့ကို မြို့စားအရာ ပေးအပ်ခဲ့သည်။ မကြာမီတွင် သတိုးသီရိမဟာဥဇနာဘွဲ့ ချီးမြှင့်ခံခဲ့ရလေသည်။ ၁၊ စက်တင်ဘာ၊ ၁၇၈၅ ခုနှစ်၌ ဦးနှောင်းကို ရာဇဝတ်သင့်စေ အမိန့်ချမှတ်ခဲ့သေး၏။ သို့သော် ဗဒုံမင်းအမျက်ပြေကာ ရက်ပိုင်းအတွင်း၌ပင် အမိန့်တော်ကို ရုပ်သိမ်းခဲ့ပါသည်။

ဦးနှောင်းသည် အဂ္ဂမဟာသေနာပတိဘွဲ့ခံ သေနတ်ဝန်ဦးကောင်း၏ ညီရင်းလည်း ဖြစ်ပါသည်။ ဦးနှောင်းတွင် မောင်လူဆိုသူ သားတစ်ဦး ရှိကြောင်း သိရှိရပြီး ပြည်မြို့ဝန်ဦးပသီနှင့် ခေါ်လွမ်းတို့၏သမီး ရှင်မျိုးနှင့် စုံဖက်ခဲ့သည်။

## နှစ်၊ ဦး၊ စာရေးတော်ကြီး

ဦးနှစ်သည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးရာထူးဖြင့် အမှုထမ်းခဲ့၏။ ဦးနှစ်၏သမီးသည် မြေတိုင်းဝန်ထောက်သား မောင်ဘနှင့် လက်ဆက်ခဲ့ကြောင်းသိရှိရ၏။ ဦးနှစ်၏ဘွဲ့မည်မှာ မင်းကျော်မင်းလှစည်သူ ဖြစ်သည်။ စာရေးတော်ကြီး ဦးနှစ်သည် ၆၊ ဧပြီ၊ ၁၉၀၇ တွင် ကွယ်လွန်ခဲ့သည်။

## နှစ်၊ ဦး၊ လမိုင်းဝန်

ဦးနှစ်သည် သီပေါမင်းလက်ထက်တွင် လမိုင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ ဦးနှစ်၏အမည်ကို ဝက်မစွတ်ဝန်ထောက်၏ (၃-၆-၁၈၈၇)ရက်စွဲပါ မှတ်တမ်းတွင် တွေ့ရှိရပါသည်။



(ပ)

## ပညာ၊ ဦး၊ မဟာဒါန်ဝန်

ဦးပညာသည် ဗဒုံမင်းလက်ထက်တွင် မဟာဒါန်ဝန်အဖြစ် အမှုထမ်းခဲ့ပါသည်။ သူသည် အင်းဝမြို့ဇာတိ ဖြစ်သည်။

## ပသီ၊ ဦး၊ နန်းမတော်ဝန်

ဦးပသီ၏ မင်းပေးဘွဲ့မည်မှာ မင်းကြီးမဟာမင်းခေါင်ရာဇာ ဖြစ်သည်။ ပုဂံမင်းလက်ထက် ၁၈၅၀ ပြည့်နှစ်တွင် ဒလမြို့ဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲ စတင်ချိန်၌ ရန်ကုန်ရောက်ရှိလာသည့် ကိုမိုတို လင်းဘတ်သည် ရန်ကုန်မြို့ဝန်သစ် ဦးမှုံ ရောက်ရှိမလာမီအတွင်း ဦးပသီထံ သွားရောက် လည်ပတ်ခဲ့သေး၏။ သဘောထားပြည့်ဝသည့် လူကြီး လူကောင်းတစ်ဦးဖြစ်ပြီး သူ့ကို ကောင်းစွာပြုမူဆက်ဆံခဲ့သည် ဆိုပါသည်။ ဒလမြို့ အင်္ဂလိပ်လက်အောက် ကျရောက်သွားပြီးနောက် မင်းတုန်းမင်း နန်းတက်စ ၁၈၅၃ ခုနှစ်တွင် နန်းမတော်ဝန်ဖြစ်လာခဲ့သည်။ ဖယ်ရာတို့ အင်္ဂလိပ်သံ အဖွဲ့ရောက်ရှိခဲ့စဉ်က ၂၄၊ စက်တင်ဘာ၊ ၁၈၅၅ တွင် သံအဖွဲ့ သည် ဦးပသီထံ သွားရောက်တွေ့ဆုံခဲ့ကြ၏။ ဟင်နရီယူးလ်က လေးစား ဖွယ်ကောင်း၍ စိတ်ရင်းဖြူစင်သော အဘိုးအိုတစ်ဦးဟု ဆိုပါသည်။ ဦးပသီ တွင် သမီးနှစ်ဦးရှိပြီး သမီးကြီးမှာ ချောမောလှပသူတစ်ဦး ဖြစ်သည်။ သမီးငယ်ကမူ ဖခင် ကလကတ္တားသွားစဉ်က ရိုက်ကူးထားသော ဓာတ်ပုံ ကို ထုတ်ပြသည်ဆို၏။ ပြန်ခါနီးတွင် ဧနီးအား ကိုယ်တိုင်လက်ဆွဲနှုတ်ဆက် စေခဲ့သေးသည် ဆိုပါသည်။ ဦးပသီတွင် မောင်ဖိုးမောင်ဆိုသူ သားတစ်ဦး လည်းရှိသေးရာ မင်းတုန်းမင်းလက်ထက် နိုင်ငံခြားပညာတော်သင်များ စေလွှတ်စဉ်က ရွေးချယ်ခံခဲ့ရဖူးကြောင်း သိရှိရ၏။

၁၈၅၄ ခုနှစ်က နန်းမတော်ဝန် ပျဉ်းမနားမြို့စားမင်းကြီး မဟာမင်းခေါင်ရာဇာ ဦးဆောင်သောသံအဖွဲ့ အိန္ဒိယသို့ ပဲခူးနယ်ကိုပြန်တောင်းရန် သွားရောက်ခဲ့ရသည်။ ၁၄၊ ဖေဖော်ဝါရီ ၁၈၅၅ တွင် ဦးပသီတို့အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ၁၈၅၉ ခု၊ ဩဂုတ်လတွင် ပျဉ်းမနားမြို့ရှိ အင်းအိုင်များ၌ ကျေးငှက်တိရစ္ဆာန်များနှင့် ရေသတ္တဝါများ

www.burmeseclassic.com

www.burmeseclassic.com



အား အဘယဒါနဘေားမဲ့ပေးရန် မင်းတုန်းမင်းထံ ဦးပသီက လျှောက်ထားခဲ့သည်။ မျှားမကြာမီ ဦးပသီ ကွယ်လွန်သွားဟန်ရှိပါသည်။ သူ၏ရာထူးကို ၁၈၆၀ ပြည့်နှစ်တွင် ပိဋကတ်တော်အုပ် ဦးယံက ဆက်ခံခဲ့သည်။

## ပါ၊ ဦး၊ လက်ယာဝင်းမှူး

ဦးပါသည် ဗဒုံမင်းလက်ထက်တွင် နေမျိုးနော်ရထာဘွဲ့ဖြင့် လက်ယာဝင်းမှူးအရာ ခန့်အပ်ခံခဲ့ရ၏။

## ပါတူ၊ ဦး၊ အမြောက်ဝန်

ဦးပါတူသည် ပုဂံမင်းလက်ထက်တွင် အမြောက်ဝန်ရာထူးဖြင့် အမှုထမ်းခဲ့ရ၏။ သူသည် ၁၈၅၃ ခုနှစ် နှစ်ဆန်းကာလတွင် ဖြစ်ပွားခဲ့သည့် မင်းတုန်း၊ ကနောင်မင်းသားများအရေး၌ ပုဂံမင်းဘက်မှ အမှုထမ်းခဲ့ရသူဖြစ်သည်။ ဦးပါတူသည် သီပေါမင်းလက်ထက်တွင် ငွေခွန်ဝန်ရာထူး ထပ်မံခန့်အပ်ခံခဲ့ရဟန်ရှိပြီး ဝက်မစွတ်ဒိုင်ယာရီအရ (၂၇-၁၂-၁၈၉၃)ခုနှစ်အထိ သက်ရှိထင်ရှားရှိနေဆဲဖြစ်ကြောင်း သိရှိရ၏။

## ပါရောက်၊ ဦး၊ ကျီအတွင်းဝန်

ဦးပါရောက်သည် ငရဲမြို့စားအတွင်းဝန် ဦးညြ၏သား ဖြစ်ပါသည်။ ၁၈၂၆ ခုနှစ် ရန္တပိုစာချုပ်ကို လက်မှတ်ရေးထိုးရာတွင်ပါဝင်ခဲ့ပြီး ၁၊ မေ၊ ၁၈၃၀ ပြည့်နှစ် မေဂျာဘားနေးနှင့် ဆွေးနွေးပွဲကိုလည်း တက်ရောက်ခဲ့သည်။ ၈၊ ဧပြီ၊ ၁၈၃၇ ခုနှစ်တွင် သာယာဝတီမင်းသား၏ တောင်းဆိုမှုကြောင့် မင်းကြီးမဟာသီဟသူဘွဲ့ခံ အတွင်းဝန်ဦးပါရောက်ကို မင်းသားထံ လွှဲပြောင်းပေးအပ်ခဲ့ရသည်။ သာယာဝတီမင်း နန်းတက်စတွင် ထောင်သွင်းအကျဉ်းချထားခံခဲ့ရကာ စီရင်ခံခဲ့ရကြောင်းသိရှိရ၏။

ကျီအတွင်းဝန် ဦးပါရောက်နှင့်ပတ်သက်၍ ၁၈၂၉ ခု၊ ဒီဇင်ဘာလတွင် အင်းဝသို့ရောက်ရှိခဲ့သည့် ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘားနေးက…

> "သူသည် ဆောမြို့စားအတွင်းဝန်နှင့်အတူ မစ္စတာကရောဖို့ဒ်နှင့် စကားပြောဆိုရန် တာဝန်ပေးခြင်းခံရသည်။ ကျီအတွင်းဝန်သည် စကားများများ ပြောသည်။ နန်းတွင်းသမားတော်များ၏ ခေါင်းဆောင်ဖြစ်ပြီး ဘုရင်၏ကျန်းမာရေးကို ဂရုစိုက်နေရသဖြင့် အင်္ဂလိပ်ကိုယ်စားလှယ်နှင့် မြန်မာဝန်ကြီးများ အစည်းအဝေးကို မှန်မှန်တက်ရောက်နိုင်သည် မရှိပေ။ တစ်ဖက်သားအပေါ် သံသယဝင်တတ်ပြီး မသင့်သူကို ဒုက္ခပေးတတ်သဖြင့် အကျွမ်းဝင်အောင်ပြုသင့်သည်။"



ဟူ၍ မှတ်သားထားပါသည်။

## ပု၊ ဦး၊ ဖြဲတိုက်သံတော်ဆင့်

ဦးပုသည် သီပေါမင်း လက်ထက်တွင် ဖြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ခဲ့ရ၏။ ၁၉၊ စက်တင်ဘာ၊ ၁၈၉၄ တွင် ဖြဲတိုက်သံတော်ဆင့် ဦးပု ကွယ်လွန်ခဲ့သည်။

## ပု၊ ဦး၊ သံတော်ဆင့်

စစ်ကိုင်းမင်း လက်ထက်တွင် မင်းလှသီဟသူဘွဲ့ဖြင့် သံတော်ဆင့်ရာထူး ရရှိခဲ့သည်။ ဦးပုတွင် မိကလေးဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရ၏။

## ပုကြီး၊ ဦး၊ ယောမြို့စားဝန်ကြီး

ဦးပုကြီးသည် မင်းတုန်းမင်းလက်ထက်တွင် မင်းလှသီခ်သူဘွဲ့ဖြင့် သံတော်ဆင့်၊ ရွှေပြည်လယ်တော်အုပ်ရာထူး၊ လယ်ဝန်ထောက် ရာထူးများဖြင့် အမှုထမ်းရွက်ခဲ့၏။ ၂၄၊ နိုဝင်ဘာ၊ ၁၈၇၁ ခုနှစ် မြန်မာဂေဇက်သတင်းစာတွင် ဖော်ပြချက်အရ လယ်ဝန်ထောက်ဦးပုကြီးသည် ယောမြို့စားအတွင်းဝန်ရာထူး ခန့်အပ်ခံရကြောင်း သိရှိရပါသည်။ သီပေါမင်း နန်းတက်စ ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလတွင် စေပုံကျ (၁၄)ဌာန ဖွဲ့စည်းရာ၌ ယောအတွင်းဝန် ဦးပုကြီးက ပုရိသမေဓဌာနကို တာဝန်ယူခဲ့ရသည်။ ၁၈၈၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်တစ်လျှား ပုန်ကန်ထကြွခဲ့ရာ၌ ဦးပုကြီး ချီတက်တိုက်ခိုက်ခဲ့ရသည်။ ထိုစဉ်တွင် သတိုးမင်းကြီးမဟာမင်းထင်မင်းခေါင်ကျော်ဘွဲ့ခံ ယောမြို့စားဝန်ကြီးအရာ ရရှိနေပြီ ဖြစ်ပါသည်။ ၁၅၊ ဇွန်၊ ၁၈၈၁ ခုနှစ်တွင် ဝန်ကြီးဦးပုကြီး ကွယ်လွန်ပါသည်။ ယောမြို့စား ဝန်ကြီးကတော် မှာမူ ၁၊ ဇန်နဝါရီ၊ ၁၈၉၁ တွင် ကွယ်လွန်ခဲ့၏။ လယ်ဝန် သံတော်ဆင့် ဦးထွန်းအောင်သည် ဝန်ကြီးဦးပုကြီး၏သားဖြစ်သည် ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုလေး၊ ဦး၊ မိုးတားဝန်ထောက်**

ဦးပုလေးသည် သီပေါမင်းလက်ထက်တွင် မင်းကြီးမင်းလှမဟာကျော်ထင်ဘွဲ့ခံ မိုးတားမြို့စားဝန်ထောက်အဖြစ် အမှုထမ်းရွက်ခဲ့၏။ ဦးပုလေးကို ၃၀၊ ဇန်နဝါရီ၊ ၁၈၂၉ တွင် နတ်မောက်မြို့၌ ဖွားမြင်ခဲ့သည်။ မွေးချင်းညီအစ်ကိုလေးဦးရှိရာ ရွှေတိုက်စိုးဦးသိမ်း၊ ရွှေတိုက်ကြပ်ဦးဆင့်၊ ရေနံချောင်း ၅၊ မြို့ဝန် ဦးတရုတ်နှင့် ဦးပုလေးတို့ ဖြစ်ကြသည်။ သူသည် ကဆောင်မြောင်တိုက်စာရေးအဖြစ် စတင်အမှုထမ်းခဲ့ပြီး ဖြဲတိုက်စာရေး၊ ဖြဲတိုက်သံဆင့်၊ သံတော်ဆင့် စသည့် ရာထူးများ ရရှိခဲ့၏။ ၁၈၆၃ ခုနှစ်တွင် အေးဝန်းအကောက်ဝန်၊ ၁၈၆၅ ခုနှစ်တွင် မြင်းသစ်မြင်းဝန်ရာထူးများကိုပါ ပူးတွဲထမ်းဆောင်ရသည်။ ၁၈၆၉ ခုနှစ်တွင် မိုးတားမြို့စားကျိုဝန်ဖြစ်လာပြီး မကြာမီ မြင်းစုကြီးဝန်အရာ ရရှိပြန်၏။ ထို့နောက် သီပေါမင်းလက်ထက် ၁၈၈၃ ခုနှစ်တွင် ဝန်ထောက်ရာထူး ခန့်အပ်ခံခဲ့ရ၏။ ၁၀၊ ဇူလိုင်၊ ၁၉၁၅ခုနှစ်တွင် ဦးပုလေး ကွယ်လွန်ခဲ့သည်။ မိုးတားဝန်ထောက် ဦးပုလေးနှင့် ဇနီးခင်ခင်တို့မှ မောင်မောင်ကြီးနှင့် ခင်ခင်ကြီးတို့ကို ဖွားမြင်ပါသည်။ မိုးတားဝန်ထောက်သား မောင်မောင်ကြီး (၂၀နှစ်)သည် ၂၆၊ ဒီဇင်ဘာ၊ ၁၈၉၀ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။

**ပေ၊ ဦး၊ ငွေခွန်ဝန်**

ဦးပေသည် မင်းတုန်းမင်းနန်းတက်စတွင် မဟာမင်းလှကျော်ဘွဲ့ခံ ငွေခွန်ဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ သူသည် ယခင်က အကြီးစာရေးအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။

**ပေ၊ ဦး၊ နာရီအတွင်းဝန်**

ဦးပေသည် မင်းတုန်းမင်းလက်ထက်တွင် မင်းလှသီရိစည်သူဘွဲ့နှင့် ဆင်တဲရွာစား နာရီတော်မှူး၊ ထို့နောက် အတွင်းဝန်ရာထူးများ ရရှိခဲ့သည်။ ဗေဒင်ပညာကျွမ်းကျင်ပြီး နာရီအတွင်းဝန်ဟု အမည်ထင်ရှားခဲ့သည်။



**ပေ၊ ဦး၊ ဖြဲတိုက်သံတော်ဆင့်**

ဦးပေသည် စစ်ကိုင်းမင်းလက်ထက်တွင် ကျော်ထင်ဇေယျနော်ရထာဘွဲ့ဖြင့် ဖြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ ဦးပေတွင် မိရွှေနီဆိုသူ သမီးတစ်ဦး ရှိပါသည်။

**ပေ၊ ဦး၊ မြို့တော်ဝန်**

ဦးပေသည် စစ်ကိုင်းမင်းလက်ထက်တွင် မဟာသမ်ယာဘွဲ့ဖြင့် မြို့တော်ဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။ ဦးပေတွင် မင်းလှမြတ်ဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရ၏။

**ပေ၊ ဦး၊ လယ်ကိုင်းဝန်ကြီး**

ဦးပေသည် စစ်ကိုင်းမင်း၏ အမှုထမ်းဟောင်းတစ်ဦး ဖြစ်၏။ သူသည် ဥဒိန်ဘွဲ့ကို ဦးစွာရရှိခဲ့ပြီးနောက် ရွှေတောင်ဇေယျသူဘွဲ့ဖြင့် ဝန်ကျင်ဝန်၊ အတွင်းဝန်ရာထူးများ ရရှိခဲ့သည်။ ပတိမ်းမြို့၊ လယ်ကိုင်းမြို့များကိုလည်း မြို့စားအရာ ရရှိခဲ့၏။ ဝန်ကြီးဦးပေသည် ၁၈၂၆ ခုနှစ်၌ ရန္တပိုစာချုပ်လက်မှတ်ရေးထိုးခဲ့ရသည်။ ထို့ပြင် ၁၊ မေ၊ ၁၈၃၀ ခုနှစ်တွင်လည်း အင်္ဂလိပ်သံအရာရှိ ဟင်နရီဘာနေးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဟင်နရီဘာနေးက လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်နှင့် ပတ်သက်၍...

> 'သူသည် အင်္ဂလိပ်အရာရှိများဖြစ်ကြသော ဆာကင်းဘဲလ်၊ မစ္စတာရော့ဘတ်ဆန်၊ ကာနယ်ကိုဒ်ဒီ၊ မေဂျာဂျက်ဆင်တို့အကြောင်းကို ပြောဆိုလေ့ရှိသည်။ ၎င်းသည် စကားများများ မပြောဘဲ အေးအေးဆေးဆေးနေတတ်သည်။ ကျန်းမာရေး မကောင်းပေ။ ဝန်ကတော်မှာ ရှမ်းအမျိုးသမီး ဖြစ်သည်။ ၎င်းသည် အခြားဝန်ကတော်များထက် လှပသည်။'

ဟူ၍ မှတ်ချက်ပြုခဲ့သည်။ ပတိမ်းဝန်ကြီး မည်သည့်အချိန်တွင် ကွယ်လွန်ခဲ့သည်ကို မသိရပေ။

**ပေ၊ ဦး၊ ဝန်ထောက်**

ဦးပေသည် ပုဂံမင်း လက်ထက်တွင် မဟာမင်းလှမင်းထင်ရာဇာဘွဲ့ခံ ဝန်ထောက်အဖြစ် အမှုထမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**ပေစော၊ ဦး၊ မြို့တော်ဝန်**

ဦးပေစောကို ၂၅၊ ဧပြီ၊ ၁၈၂၈ တွင် ရွှေပြည်ရန်အောင်မြင်းဝန်၊ မြို့တော်ဝန် ဦးရွှေမောင်နှင့် ဒေါ်နိုင်တို့မှ ဖွားမြင်ခဲ့သည်။ ပုဂံမင်းလက်ထက်တွင် ရွှေတောင်ငယ်ထင်ဘွဲ့ဖြင့် လက်ဖက်ရည်တော်အဖြစ် စတင်အမှုထမ်းခဲ့၏။ ထို့နောက် မင်းတုန်းမင်း နန်းတက်လာသောအခါ မင်းလှကျော်ထင်ဘွဲ့ဖြင့် စားတော်ကွမ်းရေကိုင်၊ မဟာနန္ဒဝန်ဥယျာဉ်တော်အုပ်၊ ပြည်လုံးနိုင်လှော်ကား လှေတော်အုပ် စသဖြင့် ရာထူးအဆင့်ဆင့် ခန့်အပ်ခံခဲ့ရသည်။ မကြာမီ အသုံးစာရေး၊ စာရေးကြီး၊ ရွှေရင့်မာဒေါနဥယျာဉ်တော်အုပ်၊ မြေထဲမြို့ဝန် ရာထူးများ ရရှိပြန်သည်။ ထို့နောက် မင်းကြီးသီရိဇေယျဂါမဏိဘွဲ့ဖြင့် ရွှေမြို့ဝန်ရာထူး ရရှိခဲ့၏။ ယင်းတော်မြို့ကိုလည်း မြို့စားအရာ ရရှိခဲ့သည်။

**ပေး၊ ဦး၊ သံတော်ဆင့်**

ဦးပေးသည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် စစ်တောင်းမြို့စား သံတော်ဆင့်ဖြစ်ပြီး မဟာသကျရံသီ ကျောက်ဆင်းတုတော်ကြီးသမိုင်းကို ရေးသားပြုစုခဲ့သည်။

**ပေး၊ ဦး၊ အချုပ်ဝန်**

ဦးပေးသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးသီရိစည်သူဘွဲ့ဖြင့် အချုပ်ဝန် ရာထူး ရရှိခဲ့၏။ သူ့တွင် မိရွှေဥဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရပါသည်။

**ပေါ်စော၊ ဦး၊ စားတော်ဝန်**

ဦးပေါ်စောသည် သီပေါမင်းလက်ထက်တွင် စားတော်ဝန်အဖြစ် အမှုထမ်းခဲ့၏။

**ပေါ်ထွန်း၊ ဦး၊ စာရေးတော်ကြီး**

သီပေါမင်းလက်ထက်တွင် မဟာမင်းလှသခ်ယာဘွဲ့ဖြင့် စာရေးတော်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဦးပေါ်ထွန်းသည် ၁၈၈၂ ခုနှစ်တွင် ဆင်းမလားသို့ ဦးရွှေအိုး ခေါင်းဆောင်သော သံအဖွဲ့နှင့်အတူ လိုက်ပါခဲ့ရသည်။ ဦးပေါ်ထွန်းကို တဘက်ဆွဲရွာစား ဟူ၍လည်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဦးပေါ်ထွန်း၏သားမှာ ဦးလူကလေးဖြစ်သည်၊ ဦးပေါ်ထွန်း



သည် (၁၈၇၉-၁၈၈၁)နှစ်များအတွင်း ကာလကတ္တားသို့ သွားရောက်တာဝန် ထမ်းဆောင်ခဲ့ရသည်။ ဦးပေါ်ထွန်း၏ဇနီးမှာ ဒေါ်နှစ်ဖြစ်ပြီး ပွဲတက်ကတော် စာရင်းဝင်လည်း ဖြစ်ပါသည်။

**ပေါ်လာ၊ ဦး၊ နန်းမတော်ဝန်**

ဦးပေါ်လာသည် မင်းတုန်းမင်းလက်ထက်တွင် ထင်ရှားခဲ့သည့် နန်းမတော်ဝန် ဖြစ်၏။ သူ့တွင် မောင်ဖိုလ်ကြီးဆိုသော သားတစ်ဦးရှိပြီး သွေးသောက် မင်္ဂလာအမြောက် အမှုထမ်း ဖြစ်ပါသည်။ ၎င်းပြင် ဦးပေါ်လာ၌ မဒုမ္ (ဒေါ်တုတ်)ဆိုသူ သမီးတစ်ဦးလည်းရှိသေးပြီး ၎င်းသမီးမှ သားဦးဆိပ်ကို ဖွားမြင်ပါသည်။

**ပေါ်ဦး၊ ဦး၊ အတွင်းဝန်**

ဦးပေါ်ဦးသည် ဗဒုံမင်းလက်ထက်တွင် မင်းကြီးမဟာမင်းလှနော်ရထာဘွဲ့ခံ အတွင်းဝန်ဖြစ်ပြီး ဗဒုံမင်းနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။ စစ်ကိုင်းမင်း လက်ထက်တွင်လည်း အတွင်းဝန်ရာထူးဖြင့်ပင် ဆက်လက်အမှုထမ်းခဲ့ရ၏။

ဦးပေါ်ဦးကို ရေဦးနယ်၊ တန့်ဆည်ရွာ၌ ဦးစံနိုင် ဒေါ်ပိုးစီတို့မှ ၁၇၃၉ ခု၊ ဧပြီလတွင် ဖွားမြင်ခဲ့သည်။ မွေးချင်းအစ်ကိုတစ်ဦးမှာ ဦးတုတ်ကြီး ဖြစ်သည်။ ငယ်စဉ်က ရွှေဘိုမြို့တွင် ရဟန်းဝတ်ဖြင့် စာပေဆည်းပူးခဲ့၏။ ထို့နောက် ဗဒုံမင်း နန်းတက်လာသောအခါ နာခံတော်ရာထူးရရှိခဲ့သည်။ ၎င်းနောက် အတွင်းဝန်၊ မြေတိုင်အမတ် စသဖြင့် ရာထူးများတိုးတက်ရရှိခဲ့ သည်။ သူသည် လျှောက်ထုံးစာအုပ်များတွင် ဖော်ပြထားသကဲ့သို့ ရယ်ရွှင် ဖွယ်ပြောတတ်သူ ပျော်တော်ဆက်တစ်ဦး မဟုတ်ပေ။

**ပေါ်တုတ်၊ ဦး၊ စာရေးကြီး**

ဦးပေါ်တုတ်သည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးနန္ဒမိတ်ဘွဲ့ခံ စာရေး ကြီးအဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် အင်္ဂလိပ်-မြန်မာပထမစစ်အတွင်း ဝင်ရောက်စစ်မှုထမ်းခဲ့ရ၏။

**ပို၊ ဦး၊ စားတော်ကွမ်းရေကိုင်**

ဦးပိုသည် မင်းတုန်းမင်းလက်ထက်တွင် စားတော်ကွမ်းရေကိုင်အဖြစ် အမှု ထမ်းခဲ့၏။ သူသည် ၁၈၇၅ ခုနှစ် သီပေါမင်း စာတော်ပြန်ထွက်ရာ၌

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဆောင်ရွက်ခဲ့ရသည်။ ဦးပိုသည် ယခင်က စလေမြို့အုပ်အဖြစ် အမှုထမ်းခဲ့ဖူးပါသည်။ ဇနီးအမည်မှာ ဒေါ်ရွှေမိဖြစ်သည်။

**ပို၊ ဦး၊ လက်ဖက်ရည်တော်**

ဦးပိုသည် သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့၏။ သူ့ကို ၁၉၁၂ ခုနှစ် ရတနာဂီရိသွားရောက်မည့် စာရင်း၌ တွေ့ရှိရသည်။

**ပို၊ ဦး၊ လက်ဝဲဝင်းမှူး**

ဦးပိုသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှနန္ဒကျော်ထင်ဘွဲ့ခံ လက်ဝဲဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရ၏။ သူ့ကို ဆရာ မင်းကြီး(ဝန်ထောက်ဦးရွှေမင်း) ယောက်ဖ ဟူ၍လည်း ဆိုကြသည်။

**ပို၊ ဦး၊ ယွန်းစုဝန်**

ဦးပိုသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှမင်းငယ်ကျော်ဘွဲ့ခံ ယွန်းစုဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့သည်။ ယွန်းစုဝန် ဦးပိုတွင် မိမင်းတိုက်ဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရသည်။

**ပို၊ ဦး၊ အတွင်းဝန်**

ဦးပိုသည် ပုဂံမင်းလက်ထက်တွင် အတွင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်စတွင် ထောင်သွင်းအကျဉ်းချထားခံခဲ့ရသည်။

**ပိုစီ၊ ဦး၊ သံတော်ဆင့်**

ဦးပိုစီသည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၈၆၅ ခု လက်ဝဲကြောင်းဗိုလ် ကွယ်လွန်စဉ်က နာရေးကူညီစာရင်း၌ ပါဝင်ခဲ့သည်။

**ပိုး၊ ဦး၊ စာရေးကြီး**

လွှတ်တော်စာရေးကြီး ဦးပိုးကို ဦးမြတ်နှင့် ဒေါ်ရွှေခဲတို့မှ ဖွားမြင်ပါသည်။ ဇာတိမှာ မြင်းခြံနယ်၊ ငမြာကြီးရွာ ဖြစ်သည်။ ဦးပိုးသည် ဗဒုံမင်းလက်ထက်တွင် လွှတ်တော်စာရေးကြီးအရာ ရရှိခဲ့သည်။ ဇနီးမှာ လက်ဝဲဝင်းမှူး ဦးတော၏သမီး ဒေါ်တရုတ်ဖြစ်ပြီး သားမောင်တုတ်ကြီး (နောင် ယင်းတောဝန်ကြီး)ကို ဖွားမြင်ပါသည်။



**ပိုးတူ၊ ဦး၊ မြဲတိုက်သံတော်ဆင့်**

ဦးပိုးတူသည် မင်းတုန်းမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့ရ၏။ သူသည် ၁၈၇၆ ခုနှစ် သီပေါမင်းသား စာပြန်ထွက်စဉ်က မုန့်ယိုအချိုအစိမ့် ဝေငှရေး တာဝန်ယူခဲ့ရ၏။

**ပိုးဖြူ၊ ဦး၊ သဘင်ဝန်**

ဦးပိုးဖြူမှာ ဗဒုံမင်းလက်ထက်၌ အမှုထမ်းရသည့် မင်းလှဥစ္စနာဘွဲ့ခံ သဘင်ဝန်ဖြစ်သည်။ ဗဒုံမင်းသည် ၃၀၊ ဇန်နဝါရီ၊ ၁၈၁၇ တွင် မြေနန်းတော်အနောက်ဆောင်၌ သဘင်စည်းကမ်းနှင့် ပတ်သက်သည့် ပုရပိုက်မှုနှစ်မှုအကြောင်း မေးမြန်းခဲ့သည်ဆိုပါသည်။ ထိုစဉ်က သဘင်ဝန် ဦးပိုးဖြူ၏လက်အောက်၌ ဒုတိယသဘင်ဝန်ပညာကျော်ဘွဲ့ခံ ပန်းခုနစ်ရွာစား ဦးတုတ်ဆိုသူ အမှုထမ်းလျက်ရှိသည် ဆို၏။

**ပိုးအူ၊ ဦး၊ သံတော်ဆင့်**

ဦးပိုးအူသည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်၊ တင်းတိမ်ရုံမှူးအဖြစ် အမှုထမ်းခဲ့၏။ သူသည် သံယုတ်ဆရာတော်၏ ဦးရီးတော်စပ်သူလည်း ဖြစ်သည်။

**ပေါက်၊ ဦး၊ ဝန်ထောက်**

ဦးပေါက်သည် ပုဂံမင်းလက်ထက်တွင် ဝန်ထောက်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့သည်။ ဦးပေါက်သည် ၁၈၅၂ ခုနှစ်၊ ဧပြီလအတွင်း တောင်သမန်အင်း၌ ငါးဖမ်းကြသူများအား မတားမြစ်သည့်အပြင် အားပေးမှုပြုသောကြောင့် နာခံတော် ဦးကလယ်နှင့်အတူ ရာထူးကျခဲ့သည်။

**ပေါက်ကျိုင်း၊ မောင်၊ မြဲတိုက်သံတော်ဆင့်**

မြဲတိုက်သံတော်ဆင့် နေမျိုးသိဒ္ဓိကျော်စွာဘွဲ့ခံ မောင်ပေါက်ကျိုင်းသည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦးဖြစ်၏။ သူသည် ကနောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းသား စေလွှတ်ခဲ့သည့် အစောဆုံး နိုင်ငံခြားပညာတော်သင် (၅)ဦးအနက် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ၁၉၊ ဧပြီ၊ ၁၈၅၉ ခုနှစ်တွင် ကနောင်မင်းသားကြီးအား အင်္ဂလိပ်ရာဇဝင်စာအုပ်ကို မြန်မာဘာသာပြန်ဆိုဆက်သခဲ့၏။ ၁၈၇၄-၇၆ ခုနှစ်များအတွင်း အိန္ဒိယနိုင်ငံ၊ ကလကတ္တား၌ မြန်မာသံရုံး ထားရှိဖွင့်လှစ်သောအခါ ဘင်္ဂလားစာရေးတော်ကြီး ဦးကြီးနှင့်အတူ တာဝန်ထမ်းဆောင်ရ၏။ ၁၈၇၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဝန်ထောက်ဦးခြိမ့်တို့အဖွဲ့ ကလကတ္တားရောက်ရှိစဉ်က ဗုဒ္ဓဂါယာသို့ လိုက်ပါပို့ဆောင်ခဲ့ရသည်။ အလားတူ ၁၈၇၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင်လည်း ကလကတ္တားရောက် ကင်းဝန်မင်းကြီးဦးကောင်း၏ သံအဖွဲ့ကို ဗုဒ္ဓဂါယာသို့ လိုက်ပါပို့ဆောင်ပေးခဲ့ရသေး၏။

<u>ဗိုင်သတ်၊ ဦး၊ မြို့တော်ဝန်</u>

ဦးဗိုင်သတ်(ဘိုင်ဆတ်)သည် ပုဂံမင်းလက်ထက်တွင် မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရ၏။ အမည်ရင်းမှာ ဆေယက်ခန်ဖြစ်သည်ဆိုသော်လည်း ဘိုင်ဆာဟစ်(Bhai Sahib)ဟူ၍သာ လူသိများပါသည်။ ဦးဗိုင်သတ်ခေါ် ဘိုင်ဆာဟစ်သည် ပုဂံမင်းလက်ထက်၌ပင် ရာဇဝတ်သင့်ကာပြစ်ဒဏ်ပေးခြင်းခံခဲ့ရသည်။ ဦးဗိုင်သတ်၏သမီးသည် မဟာဘောဂသေဋ္ဌနှင့် မဟာသုဝဏ္ဏသေဋ္ဌဘွဲ့ ရရှိခဲ့သူ ဦးမောင်မောင်ကြီး(ဘင်္ဂလားသူဌေးဦးအီဆပ်)နှင့် စုံဖက်ခဲ့၏။ ယင်းဦးအီဆပ်မှာ ဆင်ချည်တိုင်သူဌေး ဦးရစ်၏သားဖြစ်ပြီး ရေနံချောင်းတွင် ရေနံတွင်းအများအပြား ပိုင်ဆိုင်သူဖြစ်ကြောင်း သိရှိရ၏။ ဘိုင်ဆတ်၏သမီးနှင့်ခင်ပွန်းဖြစ်သူ ဘင်္ဂလားသူဌေးဦးမောင်မောင်ကြီး(ဦးအီဆပ်)တို့၏မြေးမှာ ဗလီတကာဦးဘိုးညွှန့်ဖြစ်ပြီး မြစ်မှာ အမိန့်တော်ရ ဦးအောင်ဘ ဖြစ်ပါသည်။ ဦးဗိုင်သတ်ခေါ်ဘိုင်ဆတ်၏ သမီးနှင့် သမက်တို့သည် မန္တလေးမြို့ (၂၄)လမ်း သူဌေးတန်း၌ နေထိုင်ကြ၏။

<u>ပန်းအောင်၊ ဦး၊ နာခံတော်</u>

ဦးပန်းအောင်သည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးမင်းလှဘွဲ့ခံ နာခံတော်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် တရုတ်သံအဖွဲ့ လာရောက်စဉ်က ကြိုဆိုရေး တာဝန်ယူခဲ့ရသေးသည်။



<u>ပိန်၊ ဦး၊ ရေနံချောင်းမြို့စားဝန်ကြီး</u>

ဦးပိန်သည် မင်းတုန်းမင်း မင်းသားဘဝကပင် အိမ်တော်၌ အမှုထမ်းခဲ့၏။ မင်းတုန်းမင်းနန်းတက်သောအခါ မင်းခေါင်သီဟသူဘွဲ့ဖြင့် မြောက်ထားဝယ်မိုလ်ရာထူး ရရှိခဲ့သည်။ ၁၈၆၆ ခုနှစ် မြင်ကွန်းအရေးတော်၌ ရုပ်ရုပ်ချွံချွံ တာဝန်ထမ်းဆောင်ခဲ့သဖြင့် မဟာမင်းခေါင်သီဟသူဘွဲ့ကို ရရှိပြန်သည်။ သီပေါမင်းနန်းတက်စ ၂၃၊ နိုဝင်ဘာ၊ ၁၈၇၈ ခုနှစ်တွင် ဦးပိန်ကို မင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူဘွဲ့ဖြင့် မြင်းစုကြီးဝန်ရာထူး ပေးအပ်ခဲ့သည်။ ထို့နောက် ၂၃၊ ဖေဖော်ဝါရီ၊ ၁၈၇၉ ခုနှစ်တွင် မင်းကြီးမင်းလှမဟာစည်သူဘွဲ့ဖြင့် ရေနံချောင်းမြို့စားအတွင်းဝန် ဖြစ်လာလေသည်။ ဦးပိန်သည် ထိုစဉ်ကဿေနတ်ဝန်ရာထူးကိုပါ ပူးတွဲတာဝန်ထမ်းရွက်ခဲ့ရ၏။

၁၅၊ ဇွန်၊ ၁၈၈၀ ခုနှစ်တွင် ကွယ်လွန်သူယော်မြို့စားဝန်ကြီး ဦးပုကြီး၏ နေရာကို ဆက်ခံလျက် ဝန်ကြီးအရာရရှိခဲ့သည်။ ထိုစဉ် ရေနံချောင်းမြို့စားဝန်ကြီး သတိုးမင်းကြီးမင်းလှမဟာနန္ဒစည်သူဟူ၍ အမည်ထင်ရှားခဲ့သည်။ သို့သော် ဦးပိန်သည် ဝန်ကြီးအရာရရှိပြီး မကြာမီ ကွယ်လွန်သွားပါသည်။ ဦးပိန် ကွယ်လွန်သောအခါ ကျန်ရစ်သူဝန်ကတော်က ဆောက်လက်စ ဘုန်းတော်ကြီးကျောင်းကို ဆက်လက်အပြီးသတ်ခဲ့ပြီး ၈၊ နိုဝင်ဘာ၊ ၁၈၈၁ ခုနှစ်၌ ရေစက်ချလှူဒါန်းခဲ့သည်။ ဝန်ကြီးဦးပိန်နှင့် ဝန်ကတော်တို့မှ ရနောင်မောင်မောင်တုတ်၊ ပင်းသာမောင်မောင်ပြောင်းနှင့် ယင်းမာချောင်းခင်လေးတို့ကို ဖွားမြင်ခဲ့သည်။

<u>ပုဏ္ဏက၊ ဦး၊ ရွှေပြည်ရန်အောင်မြင်းဝန်</u>

ဦးပုဏ္ဏကသည် သီပေါမင်းလက်ထက်တွင် ရွှေပြည်ရန်အောင်မြင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူ၏အမည်ကို (၂၁-၁၁-၁၈၈၆)ရက်စွဲပါ ဝက်မစွတ်ဝန်ထောက် ဦးလတ်၏ နေ့စဉ်မှတ်တမ်း၌ တွေ့ရှိရသည်။ ဦးပုဏ္ဏက၏ မင်းပေးဘွဲ့မည်မှာ မင်းကြီးမဟာမင်းထင်သိဒ္ဓိဖြစ်သည်။ ရွှေပြည်ရန်အောင်မြင်းဝန် ဦးပုဏ္ဏကသည် ၈၊ နိုဝင်ဘာ၊ ၁၈၈၃ တွင် ရွှေပြည်ရန်အောင်အနောက်လက် ကြေးကန်ရွာသူကြီး ဦးညံပေါ်၏ ဆင်းရဲသားများအပေါ် ငွေကြေးအလွဲသုံးစားလုပ်မှုကို စစ်ဆေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုံ၊ ဦး၊ အတွင်းဝန်**

ဦးပုံသည် သာယာဝတီမင်းလက်ထက်တွင် မဟာမင်းလှနော်ရထာဘွဲ့နှင့် အတွင်းဝန်ရာထူး ရရှိခဲ့ပါသည်။ ပျား၊ ဦး၊ လမိုင်းဝန် ဦးပျားသည် သီပေါမင်းလက်ထက်တွင် လမိုင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့ရ၏။ သူ၏ အမည်ကို ဝက်မစွတ်ဝန်ထောက်၏ (၇-၁-၁၈၈၇)တွင် တွေ့ရှိရသည်။

**ပြား၊ ဦး၊ သံတော်ဆင့်**

ဦးပြားသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့၏။ ၉၊ မတ်၊ ၁၈၉၂ တွင် ဦးပြား ကွယ်လွန်ခဲ့သည်။

**ပွား၊ ဦး၊ ရေနံချောင်းဝန်ကြီး**

ဦးပွားသည် စလေဝန်ကြီး ဦးလူညို၏သားဖြစ်သည် ဆိုပါသည်။ သူ့ကို ၆၊ အောက်တိုဘာ၊ ၁၈၁၆ ၌ ဖွားမြင်ခဲ့သည်ဆို၏။ ဦးပွားသည် သာယာဝတီ မင်းလက်ထက် မကွေးနယ်ဆိပ်ဖြူမြို့သူကြီးဖြစ်ဟန်ရှိပြီး မကြာမီ ပုဂံမင်းသား၏အတွင်းဝန်အဖြစ် ခန့်အပ်ခံရပါသည်။ ၁၈၄၆ ခုနှစ် ပုဂံမင်း နန်းတက်လာပြီးနောက် မင်းကြီးမဟာသက်တော်ရှည်ဘွဲ့ဖြင့် ကျုံဝန်၊ ရွှေပြည်ရန်အောင်မြင်းဝန်၊ ရေနံချောင်းမြို့စားအတွင်းဝန် စသည့် ရာထူးများ ရရှိခဲ့သည်။ ၁၈၅၁ ခုနှစ်၊ ဩဂုတ်လတွင် ဦးပွား သတိုးမင်းကြီးမဟာသက်တော်ရှည်ဘွဲ့ဖြင့် ရေနံချောင်းမြို့စားဝန်ကြီးအရာ ရရှိပါသည်။ သို့သော် ၁၇၊ ဖေဖော်ဝါရီ၊ ၁၈၅၃ခုနှစ် မင်းတုန်းမင်းနန်းတက်စဉ် ဝန်ကြီးဦးပွားကို ဖမ်းဆီးအကျဉ်းချထားလိုက်၏။ ဦးပွားသည် တစ်နှစ်ခန့်ချုပ်နှောင်ခံရကာ အပြစ်မှချမ်းသာရာ ရခဲ့ပါသည်။

ဝန်ကြီးဦးပွားကတော်မှာ ကောင်းတုံမြို့စားဝန်ကြီး ဦးရွှေသား၏ သမီး ရှင်ဆုံနှင့် ခင်ပွန်း မိုးညှင်းမင်းသားတို့မှဖွားမြင်သူ မစောမယ်ဖြစ်သည်။ မစောမယ်သည် ပခန်းဝန်ကြီးဦးရန်ဝေးကတော် မယ်ဘွား(ထိပ်တင်)နှင့် ညီအစ်မအရင်းတော်စပ်သူ ဖြစ်ပါသည်။ ကျုံဝန်ကြီးဦးပွားနှင့် မစောမယ်တို့မှ သမီး မဦးဖွန်းကို ဖွားမြင်ပါသည်။



**ပွင့်၊ ဦး၊ ဆင်မင်းဝန်**

ဦးပွင့်သည် စစ်ကိုင်းမင်း လက်ထက်တွင် မဟာမင်းလှသခ်ယာဘွဲ့ဖြင့် ဆင်မင်းဝန်ရာထူး ရရှိခဲ့သည်။

**ပွင့်၊ ဦး၊ ဝန်ကြီး**

၁၇၊ နိုဝင်ဘာ၊ ၁၇၅၄ ခုနှစ် အလောင်းမင်းတရားလက်ထက် ဖွဲ့စည်းသည့် မြင်းရည်တက် (၆၈)ဦးတွင် နေမျိုးရွှေတောင်ဘွဲ့ဖြင့် ပါဝင်ပါသည်။ ၁၇၅၄ ခုနှစ်တွင် မင်းလှရွှေတောင်ကို ဝန်ကြီးရာထူး ခန့်အပ်ခဲ့ပြီး ၁၊ ဇူလိုင်၊ ၁၇၅၇ ခုနှစ်၌ နေမျိုးသီရိဇေယျနော်ရထာဘွဲ့ ရရှိခဲ့သည်။ ဒိပဲယင်းမင်း နန်းတက်စ ၁၇၆၀ ပြည့်နှစ်၊ ဖွန်လတွင် မသင့်မတင့်ကြံစည်မှုဖြင့် ရွာသစ်ကြီး အရပ်၌ စီရင်ခြင်းခံခဲ့ရသည်။ ဝန်ကြီးဦးပွင့်၏သမီး ရှင်မြတ်သည် ကလေး မြို့ဝန် ဦးစိန်ကာနှင့် စုံဖက်ကာ သမီးရှင်ကြွက်ကို ဖွားမြင်ပါသည်။

**ပွင့်ကြီး၊ ဦး၊ အရှေ့ဝင်းမှူး**

ဦးပွင့်ကြီးသည် ဗဒုံမင်းလက်ထက်တွင် နော်ရထာကျော်ခေါင်ဘွဲ့ဖြင့် အရှေ့ဝင်းမှူးရာထူး ခန့်အပ်ခြင်းခံခဲ့ရ၏။ သူသည် စစ်ကိုင်းမင်းလက်ထက်တွင်လည်း နေမျိုးနော်ရထာကျော်ခေါင်ဘွဲ့ဖြင့် အရှေ့ဝင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည်။

**ပွင့်ဖူး၊ ဦး၊ လက်ယာဝင်းမှူး**

ဦးပွင့်ဖူးသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းကြီးကျော်ထင်နော်ရထာဘွဲ့ဖြင့် လက်ယာဝင်းမှူးရာထူး ရရှိခဲ့၏။

**ဖေ၊ ဦး၊ ကွမ်းရေတော်**

ဦးဖေသည် သီပေါမင်းလက်ထက်တွင် ကွမ်းရေတော်ရာထူးဖြင့် အမှုထမ်းခဲ့၏။ ဇနီး၏အမည်မှာ ဒေါ်ဖြူ ဖြစ်သည်။ ဦးဖေ၏သမီးကြီးမှာ မသက်စု ဖြစ်ပြီး သမီးငယ်မှာ ချုပ်သင်းချောင် ဆရာကြီး ဒေါ်ဝိစာရီ ဖြစ်သည်။

**ဖေ၊ ဦး၊ သံတော်ဆင့်**

ဦးဖေသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူး ရရှိခဲ့သည်။ သူသည် ဒေါ်ညှာနှင့်စုံဖက်ကာ သမီးမသိမ်း(ခ)ဒေါ်ပါရမီကို ဖွားမြင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်ပါရမီသည် အသက်(၉၁)နှစ်အရွယ် (၂၀-၃-၁၉၇၃)၌ ကွယ်လွန်ခဲ့သည်။ သံတော်ဆင့်ဦးဖေသည် ၁၈၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ ကြေးနန်းပညာသင်ယူရန် စာရေးတော်ကြီးဦးဘိုးသုံနှင့်အတူ သွားရောက်ခဲ့သည်။ ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင်မှ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

## ဖေငယ်၊ ဦး၊ ရွှေတိုက်စိုး

ဦးဖေငယ်ကို တောင်သမန်လယ်စားမောင်ဖေငယ်အဖြစ် သိရှိကြ၏။ သူသည် သီပေါမင်းလက်ထက်တွင် ရွှေတိုက်စိုးအဖြစ်ဖြင့်ပါ အမှုထမ်းရွက်ခဲ့ရသည်။ ဦးဖေငယ်ကို ၁၈၃၈ ခုနှစ်တွင် ဖွားမြင်ပါသည်။ သူသည် ဗဒုံမင်းသား၏သားတော် ရွှေကူမင်းသားဦးခိုင်နှင့် မန်ကျည်းတုံရွာစားရှင်စုတို့၏သမီးမှ ဖွားမြင်ခဲ့သူဖြစ်၏။ ဇနီးမှာ သူ့ထက် အသက် (၁၇)နှစ်ကြီးသူ ဟင်္ဂမော်မြို့စားမိဖုရား(သာယာဝတီမင်း၏မိဖုရားဟောင်း)ဖြစ်၏။ ဦးဖေငယ်သည် စာပေပညာရှင်တစ်ဦးဖြစ်ပြီး သီပေါမင်းလက်ထက်တွင် မင်းကျော်ရာဇနန္ဒဘွဲ့ခံ ရွှေတိုက်စိုး၊ တောင်သမန်လယ်စား၊ ရေနံ့သာစားစီးတော်မြင်းဝန်၊ လက်သုံးတော်ကြီးကိုင် စသည့် ရာထူးများရရှိခဲ့သည်။

ဦးဖေငယ်နှင့် ဟင်္ဂမော်မြို့စားမင်းသမီးတို့မှ သားမောင်မောင်ယောကို ဖွားမြင်ပါသည်။ အလားတူ အခြားဇနီးနှစ်ဦးမှလည်း ဒေါ်တင်ဦးနှင့် ဦးမောင်မောင်ဖြိုးတို့ကို ဖွားမြင်ခဲ့သေးသည်။ ဦးဖေငယ်သည် ၁၈၈၂ ခုနှစ်၊ မတ်လတွင် ဖြစ်ပွားခဲ့သည့် ဒိုင်းခင်ခင်အမှုနှင့်ပတ်သက်၍ ဗန်းမော်တွင် စီရင်ခံခဲ့ရသည်။ တောင်သမန်လယ်စား မောင်ဖေငယ်၏နေအိမ်မှာ ဇောတိကုန်းရပ်တွင်တည်ရှိပြီး ဥယျာဉ်ပန်းမာန်နှင့် ရွှေငါးကလေးများ မွေးမြူထားကြောင်း သိရှိရ၏။

## ဖဲ၊ ဦး၊ အိမ်ရှေ့အတွင်းဝန်

ဦးဖဲသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှသင်္ကြန်ဘွဲ့ခံ အိမ်ရှေ့အတွင်းဝန်ရာထူးကို ရရှိခဲ့၏။ ဦးဖဲ၏ဇနီး ခင်ချိန်မှာ အိမ်ရှေ့စံကနောင်မင်းသားကြီး၏ ကြင်ရာတော်ဖြစ်ပါသည်။



## ဖိုး၊ ဦး၊ တိုင်တားမင်းကြီး

ဦးဖိုးကို ဧညဝတီမြို့ဝန်ဦးစံပျော်နှင့် ဝန်ကတော်တို့မှ ၁၂၊ အောက်တိုဘာ၊ ၁၈၂၃ တွင် ဖွားမြင်ပါသည်။ ဦးဖိုးသည် မင်းတုန်းမင်းလက်ထက်တွင် ကွမ်းရေတော်၊ လက်ဖက်ရည်တော်အဖြစ် ဦးစွာအမှုထမ်းခဲ့၏။ ထို့နောက် စကု၊ စလင်း၊ ကျပင်း၊ လယ်ကိုင်းလေးမြို့စစ်ကဲ၊ သူရဲဝန်ရာထူးများ ရရှိခဲ့သည်။ သီပေါမင်းနန်းတက်စ ၂၃၊ ဇန်နဝါရီ၊ ၁၈၇၉ ခုနှစ်တွင် ဦးဖိုးကို မင်းကြီးမဟာမင်းခေါင်ကျော်ထင်ဘွဲ့ဖြင့် တိုင်တားမြို့စားအတွင်းဝန်အရာ ခန့်အပ်ခဲ့သည်။ ၁၈၈၃ ခုနှစ်၊ ဧပြီလတွင် သတိုးမင်းကြီးမဟာစည်သူအဘယဘွဲ့ခံ ဝန်ကြီးဖြစ်လာပါသည်။

ပါတော်မူစတွင် အိန္ဒိယနိုင်ငံ၊ ခတ်တက် (Cuttack) မြို့သို့ ပို့ဆောင်ခြင်းခံခဲ့ရ၏။ နောင်နှစ်အနည်းငယ်ကြာမှ ပြန်လာရောက်ခွင့်ရရှိခဲ့၏။ ၃၁၊ မေ၊ ၁၈၉၆ ခုနှစ်တွင် တိုင်တားမင်းကြီးဦးဖိုး ရန်ကုန်မြို့ အလုံရပ်နေအိမ်၌ ကွယ်လွန်ပါသည်။ ဝန်ကတော်အမည်မှာ ဒေါ်မယ်ဖြစ်ပြီး သားသမီးသုံးဦး ဖွားမြင်ခဲ့၏။ တောင်ထားဝယ်သေနတ်ဗိုလ်ဦးတိုး၏ဇနီး ပတိမ်းသခင်၊ ကျောက်မြောင်းအတွင်းဝန်ကတော် ခင်တုတ်နှင့် ကျောက်ဆောက်မင်းသား မောင်ချို(ခ)ဦးမောင်မောင်လေးတို့ ဖြစ်ကြသည်။

## ဖိုး၊ ဦး၊ နာခံတော်

ဦးဖိုးသည် မင်းတုန်းမင်းလက်ထက်တွင် နာခံတော်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် သံယုတ်ဆရာတော်၏ ဦးလေးတော်စပ်သူဖြစ်သည်။

## ဖိုး၊ ဦး၊ သစ်တောဝန်

ဦးဖိုးသည် ဗဒုံမင်းလက်ထက်တွင် အသုံးစာရေးဘဝမှ သစ်တောဝန်ရာထူးအထိ အဆင့်ဆင့်တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရ၏။ သူသည် မြင်းရေး ၃၇၊ အဲမောင်း ၃၇ရေးတို့ကို ကျွမ်းကျင်ပြီး ၁၈၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် မြင်းခင်းသဘင်သို့ တက်ရောက်ဆင်နွှဲခဲ့သည် ဆိုပါသည်။ ထိုစဉ်က ဦးဖိုးမှာ အသက် (၈၀)ကျော်အရွယ်ရှိပြီဖြစ်ပြီး စစ်ကိုင်းမင်း၏ နှစ်ခြိုက်အားပေးမှုကို ခံခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



**ဖိုးတုတ်၊ ဦး၊ ကျီဝန်**

ဦးဖိုးတုတ်သည် မင်းတုန်းမင်းလက်ထက်တွင် ကျီဝန်ရာထူးဖြင့် အမှုထမ်းရ၏။ သူသည် ပုခန်းကြီးနယ်၊ နဂါးတွင်းရွာဇာတိဖြစ်သည်။ ငယ်စဉ်က ပုခန်းကြီးမြို့၊ ခဲလှုတိုက်ဆရာတော် ဦးဂုဏထံ ပညာသင်ယူခဲ့သည်။ ထို့နောက် မိဘများမှာ ဆင်းရဲလှသည့်အလျောက် လှေပေါင်းထိုင်အဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။ မကြာမီ လှေသူကြီးကွယ်လွန်သဖြင့် လှေသူကြီးဖြစ်လာပါသည်။ ကျီဝန်ဦးဖိုးတုတ်၏ ဝန်ကတော်အမည်မှာ ဒေါ်ဖဲဖြစ်သည်။ ဒေါ်ဖဲသည် ကွယ်လွန်သူလှေသူကြီး၏မိန်းဖြစ်ပြီး ဦးဖိုးတုတ်နှင့် ထပ်မံလက်ဆက်ခဲ့ခြင်းဖြစ်၏။ ဦးဖိုးတုတ်သည် ပုဂံမင်းလက်ထက်တွင် ငန်းမြာရွာအုပ်အဖြစ် အမှုထမ်းခဲ့ရ၏။ မင်းတုန်း၊ ကနောင်မင်းသားများအရေးတွင် လှေများဖြင့် အခမဲ့ကူညီခဲ့သဖြင့် မင်းတုန်းမင်း နန်းတက်လာသောအခါ မဟာသီရိစည်သူဘွဲ့ဖြင့် ကျီဝန်ရာထူးရရှိခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် ကျီဝန်ဦးဖိုးတုတ်က ငယ်ဆရာဦးဂုဏကိုပုခန်းကြီး၌ ကျောင်းဆောက်လှူဒါန်းခဲ့ရာ တိုင် (၂၅၄)တိုင်ရှိသည် ဆိုပါသည်။ ကျီဝန် ကွယ်လွန်သွားပြီးနောက် ဒေါ်ဖဲက မောင်ဘဦးဆိုသူ သားတစ်ဦးကို မွေးစားထားရာ ဆိုးသွမ်းလွန်းလှသဖြင့် ဒေါ်ဖဲ ဆင်းရဲပင်ပန်းစွာ ကွယ်လွန်ခဲ့ရ၏။

**ဖင်နန်ဒီအဗယ်ရာ၊ စက်ဝန်**

ဖင်နန်ဒီအဗယ်ရာသည် မင်းတုန်းမင်းလက်ထက်တွင် စက်ဝန်ရာထူး ရရှိခဲ့၏။ သူသည် ပြင်သစ်လူမျိုးဖြစ်ပြီး မဟာသိဒ္ဓိဘွဲ့ကို ရရှိခဲ့ပါသည်။ အဗယ်ရာသည် စက်ရုံ (၅၀)ကျော်အနက် အထူးသဖြင့် ဒင်္ဂါးစက်ရုံကို ကြီးကြပ်ရ၏။ ထို့ပြင် ပထမဆုံးပြင်သစ်နိုင်ငံသွား သံအဖွဲ့၌လည်း လိုက်ပါခဲ့ရသည်။ စက်ဝန်မင်းသည် မင်းတုန်းမင်းမိဖုရားခေါင်စကြာဒေဝီ၏ တူမတော်စပ်သူ ခေါ်ခင်ရွှေမြင့်နှင့် လက်ဆက်ခဲ့သည်။ သီပေါမင်းနန်းတက်စတွင် ညောင်ရမ်း၊ ညောင်အုပ်မင်းသားများအား နေပြည်တော်မှ ဗြိတိသျှပိုင်နက် အောက်မြန်မာနိုင်ငံသို့ ပို့ဆောင်မှု၌ ပါဝင်ပတ်သက်မှုဖြင့် ရာဇဝတ်သင့်ခဲ့၏။ သို့သော် ထွက်ပြေးလွတ်မြောက်သွားပြီး သရက်၊ အာလံ၌ ဖမ်းဆီးခံခဲ့ရသည်။ မကြာမီ



ပြန်လည်လွတ်မြောက်သွားကာ သားသမီး (၆)ဦးနှင့်အတူ ပြည်မြို့၌နေထိုင်ရင်း အသက် (၉၉)နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။ သားအငယ်ဆုံးဖြစ်သူ ဟင်နရီဂျော့ ဖာနန်ဒီအဗယ်ရာမှာ မြန်မာအမတ် ဦးမောင်မောင်ကြီးအဖြစ် ထင်ရှားခဲ့သူဖြစ်သည်။ သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး မစိုးရိမ်တိုက်၌ ရဟန်းဝတ်ခဲ့သေး၏။ ကျန်ညီအစ်ကိုများ ပြင်သစ်ပြန်သွားစဉ် ရဟန်းထွက်၍ ဒေါ်ပုနှင့် အိမ်ထောင်ကျ၏။ သားဦးသန်းဖေ၊ ဦးလှရွှေတို့ကို ဖွားမြင်ခဲ့သည်။

**ဖောင်၊ ဦး၊ အနောက်ဝင်းမှူး**

ဦးဖောင်သည် သီပေါမင်းလက်ထက်တွင် အနောက်ဝင်းမှူးရာထူးဖြင့် အမှုထမ်းခဲ့သည်။

**ဖျော်၊ ဦး၊ စာရေးတော်ကြီး**

ဦးဖျော်သည် စစ်ကိုင်းမင်း လက်ထက်တွင် မင်းလှနန္ဒကျော်ထင်ဘွဲ့ဖြင့် စာရေးတော်ကြီးအဖြစ် အမှုထမ်းခဲ့သည်။ သူသည် ၃၊ မေ၊ ၁၈၂၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မှန်နန်းရာဇဝင်ပြုစုရေးအဖွဲ့၌လည်း ပါဝင်ခဲ့ပါသည်။ ဦးဖျော်သည် ယခင်က မုတ္တမ၊ ထားဝယ်မြို့များ၌ စစ်ကဲရာထူး၊ ရမ္မာဝတီ၌ အကောက်ဝန်ရာထူးများဖြင့် အမှုထမ်းခဲ့ဖူးပါသည်။ ၁၈၃၀ ခုနှစ်တွင် မိုးတားမြို့စား စိန္တကျော်သူဦးရွှဲ ခေါင်းဆောင်သော သံအဖွဲ့၌ လိုက်ပါကာ ဘင်္ဂလားသို့ သွားရောက်ခဲ့သည်။

**ဖျော်၊ ဦး၊ အရှေ့ဝင်းမှူး**

ဦးဖျော်သည် ဗဒုံမင်းလက်ထက်တွင် အရှေ့ဝင်းမှူးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူ၏မင်းပေးဘွဲ့မည်မှာ နေမျိုးသီဟနော်ရထာ ဖြစ်၏။ ဦးဖျော်သည် ကံ့ုးခရိုင်နယ်၊ ကျောက်ဆည်စီရင်စု၊ ရှမ်းကန်ရွာ၌ လယ်မြေအမြောက်အမြား ပိုင်ဆိုင်ခဲ့ကြောင်း သိရှိရ၏။ ဦးဖျော်၏သားမှာ ကွမ်းရေတော်ဦးကျော်စံ ဖြစ်သည်။ ထို့ပြင် အခြားမိန်းနှစ်ဦးမှဖွားမြင်သူ သမီး အမိကြီးနှင့် မအိတို့ ရှိသေး၏။ မအိ၏မိခင်မှာ ဒေါ်ချာဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဗ)

**ဗလရန်အောင်၊ နိုင်စာရေး**

ဗလရန်အောင်သည် ၁၈၄၁ ခုနှစ် သာယာဝတီမင်း ရန်ကုန်သို့စုန်ဆင်းစဉ် တပ်ရေးအဖြစ် လိုက်ပါအမှုထမ်းရွက်ခဲ့ရ၏။

**ဗာလီ၊ ဦး၊ အသုံးစာရေး**

ဦးဗာလီသည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးအဖြစ် အမှုထမ်းခဲ့ပြီး ဒိုင်းခင်ခင်အမှုတွင် အကျဉ်းချထားခံခဲ့ရ၏။

**ဗျတ္တ၊ ဦး၊ ဝန်ထောက်**

ဦးဗျတ္တသည် ဗဒုံမင်းလက်ထက်တွင် နေမျိုးကျော်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူး ခန့်အပ်ခံခဲ့ရပါသည်။ အသေးစိတ် အကြောင်းအရာများကိုမူ မသိရပေ။

**မြင်၊ ဦး၊ အရှေ့ဝင်းမှူး**

အရှေ့ဝင်းမှူးဗိုလ်မြင်ကို ၁၈၀၉ ခု၊ ဇူလိုင်လတွင် မြင်းသည်တော်ဦးကြာတန်းနှင့် ဒေါ်ဝင်းညိုတို့က ဖွားမြင်ပါသည်။ ဇာတိမှာ ရွှေဘိုခရိုင်၊ ဝက်လက်နယ်မှ လှတောကြီးရွာ ဖြစ်သည်။ ဗိုလ်မြင်သည် ဘုရင့်မြင်းတပ်၌ အမှုထမ်းခဲ့ရပြီး မကြာမီ မြင်းခေါင်းရာထူး ရရှိခဲ့သည်။ ၁၈၅၂ ခုနှစ် မင်းတုန်း၊ ကနောင်မင်းသားများ နောင်တော်ပုဂံမင်းကိုနန်းချရန် ရွှေဘိုသို့ထွက်ခွာစဉ် ဗိုလ်မြင်မင်းတုန်းမင်းသားထံ ဝင်ရောက်သစ္စာခံခဲ့သည်။ အရေးတော်ပြီးချိန်၌ ပုခန်းငယ်မြို့စား ရဲဘက်မြင်းဝန်ရာထူး ရရှိပါသည်။ မကြာမီ မင်းကြီးမဟာမင်းလှမင်းခေါင်ဘွဲ့ဖြင့် ရွှေဘိုမြို့ဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေး၊ ပတိမ်းမင်းသားအရေးများ ပြီးစီးချိန်တွင် ဗိုလ်မြင်ကို အရှေ့ဝင်းမှူးရာထူး ပေးအပ်ခဲ့သည်။

သီပေါမင်း လက်ထက်တွင် ဗိုလ်မြင် အညာမြစ်စဉ်ဝန်ရာထူး ရရှိပြန်၏။ ထို့နောက် ၁၈၈၄ ခု၊ မတ်လတွင် နဝမခရိုင်ဝန်ရာထူး ခန့်ထားခံရပါသည်။ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲအတွင်း သပြေတန်းခံတပ်မှ တိုက်ပွဲဝင်ခဲ့သည်။ ၁၈၉၄ ခု၊ အသက် (၈၆)နှစ်အရွယ်တွင် ဗိုလ်မြင်ရွှေဘိုမြို့၌ ကွယ်လွန်ခဲ့သည်။



(ဘ)

**ဘ၊ ဦး၊ စားတော်ကွမ်းရေကိုင်**

ဦးဘသည် သီပေါမင်း လက်ထက်တွင် စားတော်ကွမ်းရေကိုင်အဖြစ် အမှုထမ်းခဲ့၏။ သူ့ကို စကု၊ လယ်ကိုင်းနှစ်မြို့ဝန်၏သားဟု သိရှိရပြီး ၁၉၁၂ ခုနှစ် ရတနာဂီရိသို့သွားမည့်စာရင်း၌ ဖော်ပြပါရှိပါသည်။ သူ့တွင် မောင်လူဆိုသူ သားတစ်ဦးလည်း ရှိပါသည်။

**ဘ၊ ဦး၊ အဝေးရောက်မင်း**

ဦးဘသည် သီပေါမင်းလက်ထက်တွင် အဝေးရောက်စာရေး ရာထူးဖြင့် အမှုထမ်းခဲ့၏။ အဝေးရောက်စာရေးအား ရှေးခေတ်အခါက အဝေးရောက်မင်း ဟူ၍လည်း ခေါ်ဆိုကြသည်။ ဦးဘကို အဝေးရောက်မင်း ဦးလှိုင်းနှင့် ဒေါ်မိမိတို့မှ ၁၈၅၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ အသက် (၁၉)နှစ်အရွယ်တွင် ပထမကျော်အောင်မြင်ကာ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အလင်္ကာကျမ်းများကို တတ်မြောက်ခဲ့သည်။ များမကြာမီ အဝေးရောက်စာရေး ရာထူးရရှိခဲ့၏။ သီပေါမင်းပါတော်မူပြီးနောက် မိတ္ထီလာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ကင်းဝန်မင်းကြီး ဦးကောင်းက လူလွှတ်ခေါ်သော်လည်း ဦးဘက မန္တလေးသို့ မသွားဘဲ မိတ္ထီလာ၌ပင် လျှောက်လွှာစာရေးလုပ်ရင်း အသက်မွေးဝမ်းကျောင်းပြု နေထိုင်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် အဝေးရောက်မင်းဦးဘ ဆီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ အဝေးရောက်မင်း ဦးဘ၏ သမီးတစ်ဦးမှ ဒေါ်ခင်အေးမြင့်ဆိုသူ သမီးကိုဖွားမြင်ကြောင်း သိရှိရ၏။

**ဘကြီး၊ ဦး၊ စားတော်ကွမ်းရေကိုင်**

ဦးဘကြီးသည် ရတနာပုံခေတ် စားတော်ကွမ်းရေကိုင်တစ်ဦး ဖြစ်၏။ မည်သည့်မင်းလက်ထက်တွင် အမှုထမ်းခဲ့ရသည်ကိုမူ မသိရပေ။ ဦးဘကြီးတွင် ဦးသက်ပံဆိုသူ သားတစ်ဦး ရှိပါသည်။ ဦးသက်ပံမှ ဖွားမြင်သူမှာ မောင်အောင်မြင်ဖြစ်၏။ ဦးဘကြီး၏သားဦး သက်ပံနှင့် မြေးမောင်အောင်မြင်တို့အမည်ကို ၁၉ ၂ ခုနှစ် ရတနာဂီရိသို့ သွားရောက်မည့်သူများစာရင်းတွင် တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဘကြီး၊ ဦး၊ သံတော်ဆင့်**

ဦးဘကြီးသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းရ၏။ သူသည် ငယ်တိုးရွှေလောင်းလေ့အုပ်မင်းရာထူးကိုပါ ပူးတွဲခန့်အပ်ခံခဲ့ရသည်။ ပျို့၊ ကဗျာလင်္ကာကျွမ်းကျင်ပြီး ပုဂံဝန်ထောက်မင်းဦးတင်၏ ဆရာ ဖြစ်သည်။

**ဘကြမ်း၊ ဦး၊ အတ္တပတ်မြင်းဝန်**

အတ္တပတ်မြင်းဝန်ဦးဘကြမ်း၏ မင်းပေးဘွဲ့မည်မှာ မင်းလှမင်းထင်သူရိန် ဖြစ်သည်။ ဦးဘကြမ်းသည် မြို့တော်ဝန်ဦးရွှေအိုး၏သား ဖြစ်ပါသည်။ ၁၆၊ မတ်၊ ၁၈၈၂ ခုနှစ်တွင် ဒိုင်းခင်ခင်အရေးနှင့်ပတ်သက်၍ ရာထူးကျသွား၏။

**ဘတင်၊ ဦး၊ စီးတော်မြင်းဝန်**

ဦးဘတင်သည် သီပေါမင်းလက်ထက်တွင် ရေနံ့သာမြို့စား စီးတော်မြင်းဝန် အဖြစ် ခန့်အပ်ခံခဲ့ရ၏။

**ဘယနန္ဒသူ၊ မဟာဒါန်ဝန်**

ဗဒုံမင်းလက်ထက် မဟာဒါန်ဝန်ဘယနန္ဒသူကို မကိုဋ်သင်းကျစ်တော် အကြောင်း ဗဒုံမင်း၏မိန့်မှာချက်အရ ဆရာတော်ကြီးများထံ သွားရောက် လျှောက်ထားပြီးနောက် မင်းတရားထံသို့ ၁၂၊ နိုဝင်ဘာ၊ ၁၇၈၃ တွင် ပြန်လည်လျှောက်ထားခဲ့သည့် မှတ်တမ်း၌ တွေ့ရှိရပါသည်။

**ဘယသေန၊ ကင်းဝန်၊ တံဆိပ်ဝန်**

ဘယသေနသည် အလောင်းမင်းတရားလက်ထက်တွင် ကင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ ၂၀၊ နိုဝင်ဘာ၊ ၁၇၅၇ တွင် ထုတ်ပြန်သည့် အမိန့်တော်၌ ကင်းဝန်ဘယသေနအား စမွာယ်နဂိုရ်၊တမောနယ်တို့မှ အခွန်တော်များကို မင်းလှကျော်ထင်ထံ ပေးအပ်ထားမှုနှင့်ပတ်သက်၍ စစ်ဆေးရန် ဖော်ပြထားသည်။ ဘယသေနသည် တံဆိပ်ဝန်ရာထူးဖြင့်ပါ အမှုထမ်းရ၏။ ၁၇၅၈ ခုနှစ် ရွှေတိဂုံစေတီတော်အလှူတွင် ကင်းဝန်၊ တံဆိပ်ဝန်ဘယသေနက ငွေ (၂၅၀)ကျပ် လှူဒါန်းခဲ့သည်။



**ဘသက်၊ ဦး၊ မြဲတိုက်သံတော်ဆင့်**

ဦးဘသက်သည် သီပေါမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်၊ ဝေါစာရေး ရာထူးများဖြင့် အမှုထမ်းခဲ့သည်။ ၁၅၊ ဇွန်၊ ၁၈၉၃တွင် ဦးဘသက် ကွယ်လွန်ပါသည်။

**ဘကြီး၊ ဦး၊ နောက်တော်ပါမြင်းဝန်**

ဦးဘကြီးသည် သီပေါမင်းလက်ထက်တွင် နောက်တော်ပါမြင်းဝန်အဖြစ် အမှုထမ်းခဲ့ပြီး မင်းထင်ရာဇာသခ်ယာဘွဲ့ကို ရရှိခဲ့၏။ ၁၃၊ ဇွန်၊ ၁၈၉၅ တွင် နောက်တော်ပါမြင်းဝန် ဦးဘကြီး ကွယ်လွန်ပါသည်။ သူသည် စည်ရှည်မြို့စားဖြစ်ပြီး ၁၈၈၁ ခုနှစ်တွင် မြို့တော် ၁၂ ဌာန လုံခြုံရေးတာဝန် ယူခဲ့ရသည်။

**ဘားကြီး၊ ဦး၊ အနောက်ဝင်းမှူး**

ဦးဘားကြီးသည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦး ဖြစ်၏။ ရွှေဘို လှတောရွာဇာတိဖြစ်ပြီး မင်းတုန်းမင်း မင်းသားဘဝကပင် အိမ်တော်၌ လာရောက်အမှုထမ်းခဲ့သည်။ မင်းသားများ နောင်တော်ပုဂံမင်းကိုနှန်းချရန် ထွက်ခွာစဉ်ကလည်း လိုက်ပါခဲ့၏။ ၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်လာသောအခါ မင်းကြီးမဟာမင်းခေါင်ဗန္ဓုကျော်ဘွဲ့ဖြင့် အနောက်ဝင်းမှူးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ မင်းတုန်းမင်း မန္တလေးသို့မပြောင်းရွှေ့မီ၌ပင် ဦးဘားကြီး ကွယ်လွန်ခဲ့၏။

**ဘီ၊ ဦး၊ မြို့သစ်အတွင်းဝန်**

ဦးဘီကို ၂၉၊ မေ၊ ၁၈၄၂တွင် ဖွားမြင်ပါသည်။ မင်းတုန်းမင်းလက်ထက် တွင် မင်းထင်သီဟသူဘွဲ့ဖြင့် မြို့သစ်မြို့စားသံတော်ဆင့်အဖြစ် စတင်အမှုထမ်း ခဲ့သည်။ ထို့နောက် မင်းတုန်းမင်းလက်ထက်၌ပင် မင်းကြီးမဟာမင်းလှ မင်းခေါင်ဘွဲ့ဖြင့် မိုးနဲ့ဗိုလ်မှူးအရာ၊ ဝန်ထောက်အရာများ ရရှိခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် ဦးဘီကို မင်းကြီးမင်းလှမဟာရာဇသင်္ကြန်ဘွဲ့ဖြင့် အတွင်းဝန် ရာထူး တိုးမြှင့်ခန့်အပ်ခဲ့သည်။ အတွင်းဝန်ဦးဘီသည် ၁၈၈၃ ခုနှစ်၊ မတ်လ တွင် ပြင်သစ်နိုင်ငံသို့ သံအဖွဲ့ကိုဦးဆောင်လျက် သွားရောက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



၉၊ အောက်တိုဘာ၊ ၁၈၉၅ ခုနှစ်တွင် မြို့သစ်အတွင်းဝန်ဦးဘီ ကွယ်လွန်ပါသည်။

ဦးဘီနှင့် ဝန်ကတော် ဒေါ်ငြိမ်းတို့မှ သားသမီးသုံးဦး ဖွားမြင်ခဲ့ကြောင်း သိရှိရ၏။ သားကြီး မြို့သစ်မောင်မောင်ကြီးသည် ခင်ခင်ဦးနှင့် စုံဖက်ကာ သားမောင်မောင်ဝင်းကို ဖွားမြင်ပါသည်။ သမီးခင်ခင်လတ်မှာ ပေါက်မြိုင်အတွင်းဝန် ဦးလှဘူး၏သား ရွှေတိုက်မောင်မောင်ခန့်နှင့် စုံဖက်ကာ ရွှေတိုက်ခင်ခင်ကို ဖွားမြင်ခဲ့သည်။ ရွှေတိုက်ခင်ခင်မှာ မောင်မောင်ဝင်းနှင့် ပြန်လည်လက်ဆက်ပြီး သမီးခင်မေအေး(သင့်ဘဝဦးရဲလွင်၏ဇနီး)ကို ဖွားမြင်ခဲ့၏။

## ဘီ၊ ဦး၊ အနောက်ဝန်

အနောက်ဝန်ဦးဘီ၏ အမည်ကို သီပေါမင်းလက်ထက်(၁၈၈၁-၈၃) အနောက်နေရာတော်ပုံ စာရင်းမှတ်တမ်း၌ တွေ့ရှိရသည်။

## ဘော၊ ဦး၊ မြို့တော်ဝန်

ဦးဘောသည် ဗဒုံမင်းလက်ထက်တွင် သမီးတော်မကွေးမင်းသမီး၏ဝန်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်းသိရှိရ၏။ ထို့နောက် မဟာသခ်ယာဘွဲ့ဖြင့် မြို့တော်ဝန်ရာထူး ရရှိခဲ့သည်။

## ဘော၊ ဦး၊ အမှာတော်ရေး

ဦးဘောသည် သာယာဝတီမင်း လက်ထက်တွင် အမှာတော်ရေးအဖြစ် အမှုထမ်းခဲ့၏။ ထို့နောက် ပုဂံမင်းလက်ထက်တွင် ရာထူးကျသွားဟန်ရှိပြီး မင်းတုန်းမင်းလက်ထက်၌ အမှာတော်ရေးအဖြစ် ပြန်လည်အမှုထမ်းခဲ့သည်။ ၁၀၊ နိုဝင်ဘာ၊ ၁၈၆၅ ခုနှစ်တွင် မင်းမိဖုရားတို့ သာသနာပိုင်ဆရာတော်၏ ရှာပနသို့သွားရောက်စဉ် အမှာတော်ရေးရာထူး ပြန်လည်ခန့်အပ်ခံခဲ့ရသည်။

## ဘဲ၊ ဦး၊ ပုသိမ်ဝန်ထောက်

ဦးဘဲသည် သာယာဝတီမင်းလက်ထက်တွင် နေမျိုးဇေယျနော်ရထာဘွဲ့ခံ ဝန်ထောက်အဖြစ် ခန့်အပ်ခံရပြီး ပုသိမ်ဝန်ထောက်ဟူ၍ အမည်ထင်ရှားပါသည်။



## ဘဲ၊ ဦး၊ မြို့တော်ဝန်

ဦးဘဲသည် ဗဒုံမင်းနန်းတက်စ၌ လမိုင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့ရ၏။ ထို့နောက် နေမျိုးနော်ရထာဘွဲ့ခံ မြို့တော်ဝန် ဖြစ်လာပါသည်။

## ဘဲ၊ ဦး၊ ဝန်းကျင်ဝန်

ဦးဘဲသည် ပုဂံမင်းလက်ထက်တွင် ဝန်းကျင်ဝန်၊ စားတော်ကွမ်းရေကိုင်ရာထူးများဖြင့် အမှုထမ်းခဲ့ရ၏။ မင်းတုန်းမင်း နန်းတက်စတွင် သူ့ကို နေမျိုးသိခ်ကျော်ထင်ဘွဲ့ဖြင့် တရုတ်ဝန်ရာထူး ခန့်အပ်ခဲ့သည်။

## ဘဲ၊ ဦး၊ အသုံးစာရေး

ဦးဘဲသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းခေါင်ရာဇာဘွဲ့ခံ အသုံးစာရေးအဖြစ် အမှုထမ်းခဲ့သည်။ တောင်အင်းတိုက်စား ဦးဘဲဟူ၍လည်း အမည်ထင်ရှားခဲ့သည်။ အသုံးစာရေး ဦးဘဲ၏သမီးမှာ မစောဖြစ်သည်။

## ဘဲ၊ ဦး၊ အိမ်ရှေ့အတွင်းဝန်

ဦးဘဲသည် သာယာဝတီမင်းလက်ထက် အိမ်ရှေ့အတွင်းဝန် ဖြစ်ဟန်ရှိပါသည်။ မင်းတုန်းမင်းလက်ထက် ၁၈၆၆ ခုနှစ်တွင် ပတိမ်းမင်းသားအရေး၌ ပါဝင်ပတ်သက်ခဲ့သဖြင့် ဖမ်းဆီးခံခဲ့ရ၏။

## ဘော်၊ ဦး၊ မြင်းဝန်

ဦးဘော်သည် ကုန်းဘောင်ခေတ်ဦးကာလတွင် မင်းငယ်ကျော်ထင်ဘွဲ့ခံ တောင်ဘက်မြင်းဝန်အဖြစ် အမှုထမ်းရ၏။ ဦးဘော်သည် မင်းစိတ္တရာဇာဘွဲ့ခံ ဦးပြင်းအောင်နှင့် မယ်တဲတို့၏သားဖြစ်သည်။ မွေးချင်း (၄)ဦးမှာ မယ်ပု (ပေါင်းတည်မြို့စား)၊ ဦးကွန်(ဒီပဲယင်းမြို့ဝန်)၊ ဦးဘော်နှင့် ဦးလွန်(အသည်ဝန်) တို့ ဖြစ်ကြ၏။ ဦးဘော်တွင် ဦးဖိုးဆိုသူ ဒီပဲယင်းစစ်ကဲအဖြစ် အမှုထမ်းသည့် သားတစ်ဦး ရှိပါသည်။ ဦးဖိုးနှင့် ဒေါ်မြတို့၏သား ဦးဒေဝသည် ဗြိတိသျှ အစိုးရလက်ထက် ဖလံခုံရှာသူကြီး ဖြစ်သည်။

## ဘော်၊ ဦး၊ ဝန်ထောက်

ဦးဘော်သည် ဗဒုံမင်းလက်ထက်တွင် နေမျိုးစည်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူး ခန့်အပ်ခံခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



### ဘို၊ ဦး၊ နာခံတော်

ဦးဘိုသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးနန္ဒမိတ်ရွှေတောင်ဘွဲ့ဖြင့် နာခံတော်အဖြစ် အမှုထမ်းခဲ့သည်။

### ဘို၊ ဦး၊ နာခံတော်

ဦးဘိုသည် မင်းတုန်းမင်းလက်ထက်တွင် နာခံတော်အဖြစ် အမှုထမ်းခဲ့သူ ဖြစ်သည်။ သူသည် ၁၈၇၅ ခုနှစ် သီပေါမင်းသား စာပြန်ထွက်ရာ၌ လိုက်ပါဆောင်ရွက်ခဲ့ရသူ ဖြစ်၏။

### ဘို၊ ဦး၊ မြို့တော်ဝန်

ဦးဘိုသည် ဗဒုံမင်းလက်ထက်တွင် သီပေါမင်းသား၏အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ထို့နောက် နေမျိုးကျော်သူဘွဲ့ခံ မြို့တော်ဝန်ဖြစ်လာပါသည်။

### ဘို၊ ဦး၊ ဝန်စာရေး

ဦးဘိုသည် သီပေါမင်းလက်ထက်တွင် ဝန်စာရေးရာထူးဖြင့် အမှုထမ်းခဲ့ရ၏။ ၂၉၊ ဒီဇင်ဘာ၊ ၁၈၈၈ တွင် ဝန်စာရေးဦးဘို အဖျားရောဂါဖြင့် ကျောက်ပန်းတောင်းနယ်၊ မြေစွန်းရွာ၌ ကွယ်လွန်ခဲ့သည်။

### ဘို၊ ဦး၊ သံတော်ဆင့်

သံတော်ဆင့်ဦးဘိုသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှသီရိ သင်္ခယာဘွဲ့ဖြင့် အမှုထမ်းခဲ့ရသည်။ သူသည် တောင်သာ၊ ညောင်အုပ်နှစ်မြို့ဝန်လည်း ဖြစ်သည်။ သံတော်ဆင့်ဦးဘိုသည် စစ်ကိုင်းမင်းလက်ထက် ကောလိယမြို့စား ဝန်ထောက်ဦးညို(နောင် ရန်ကုန်မြို့ဝန်)၏သား ဖြစ်ပါသည်။ မင်းတုန်းမင်း အမရပူရ၌နန်းစံစဉ် သံတော်ဆင့်ဦးဘိုက မင်းထင်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

### ဘိုး၊ ဦး၊ ပုဂံဝန်ထောက်

ဦးဘိုးသည် မင်းတုန်းမင်းလက်ထက်တွင် နေမျိုးရာဇသင်္ကြန်ဘွဲ့ဖြင့် လွှတ်တော်စာရေးကြီး၊ ပုဂံမြို့ဝန်ရာထူးများ ရရှိခဲ့သည်။ ထို့နောက် မဟာရာဇသင်္ကြန်ဘွဲ့ဖြင့် တရားသူကြီးအဖြစ် ခန့်အပ်ခံရကာ ပုဂံတရားသူကြီးဟု အမည်တွင်



ပါသည်။ မင်းကြီးမဟာရာဇသင်္ကြန်ဘွဲ့ဖြင့် ဝန်ထောက်ရာထူး ရရှိစဉ် ပုဂံဝန်ထောက်ဟု ခေါ်ဆိုကြသည်။ သီပေါမင်းလက်ထက် ကိုးခရိုင်အုပ်ဟူ၍လည်း ထင်ရှားပါသည်။ ထို့နောက် မိုင်းနောင်သို့ ချီတက်ရစဉ် ၁၈၈၄ ခု၊ အောက်တိုဘာလတွင် မိုင်းနောင်မြို့၌ အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

### ဘိုး၊ ဦး၊ ဗန်းမော်အတွင်းဝန်

မင်းတုန်းမင်းလက်ထက်တွင် ဗန်းမော်မြို့ဝန်အဖြစ် အမှုထမ်းနေရာမှ မင်းကြီးမဟာမင်းလှစည်သူဘွဲ့ဖြင့် အတွင်းဝန်ရာထူး ခန့်အပ်ခြင်း ခံခဲ့ရသည်။ မိုးလှိုင်၊ လှိုင်းတက်မြို့များကို စားရ၏။ မင်းတုန်းမင်း၏ ခုနစ်ရွာစားမိဖုရား၏ မောင်ရင်းဖြစ်ပြီး ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတော်အပြီး၌ ရာထူးမှထုတ်ပယ်ခြင်း ခံခဲ့ရသည်။ သီပေါမင်းနန်းတက်စ ၁၃၊ ဖေဖော်ဝါရီ၊ ၁၈၇၉ ခုနှစ်တွင် စီရင်ကွပ်မျက်ခြင်း ခံခဲ့ရ၏။

### ဘိုး၊ ဦး၊ ယွန်းစုဝန်

ဦးဘိုးသည် စစ်ကိုင်းမင်း လက်ထက်တွင် မင်းလှမင်းငယ်ကျော်ဘွဲ့ဖြင့် ယွန်းစုဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် တရုတ်သံအဖွဲ့ ကြိုဆိုရာ၌ ပါဝင်ဆောင်ရွက်ခဲ့ရသည်။

### ဘိုး၊ ဦး၊ သံတော်ဆင့်

ဦးဘိုးသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းရသူ ဖြစ်သည်။ သူသည် ဒေဝဒူတ၊ နေမျိုးမင်းထင်ရာဇာဘွဲ့များ ပေးအပ်ခံခဲ့ရ၏။ သံတော်ဆင့်ဦးဘိုးသည် ၁၀၊ စက်တင်ဘာ၊ ၁၈၈၆ တွင် ကွယ်လွန်ပါသည်။

### ဘိုး၊ ဦး၊ အကြီးစာရေး

ဦးဘိုးသည် သာယာဝတီမင်း လက်ထက်တွင် မဟာမင်းလှစည်သူဘွဲ့ခံ အကြီးစာရေးအဖြစ် အမှုထမ်းရွက်ခဲ့၏။ နောင် ပုဂံမင်းလက်ထက်တွင် ဝန်ထောက်ရာထူး ရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### ဘိုး၊ ဦး၊ အနောက်ဝန်

အနောက်ဝန်ဦးဘိုးနှင့်ပတ်သက်၍ အချက်အလက်များ တိကျသေချာစွာ မသိရသေးပေ။

### ဘိုးကျော်၊ ဦး၊ အသုံးစာရေး

ဦးဘိုးကျော်သည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးအဖြစ် အမှုထမ်းခဲ့၏။ ၂၂၊ ဇူလိုင်၊ ၁၈၉၅ တွင် အသုံးစာရေး ဦးဘိုးကျော် ကွယ်လွန်ခဲ့သည်။

### ဘိုးကြီး၊ ဦး၊ ပုဂံအတွင်းဝန်

ပုဂံအတွင်းဝန်ဦးဘိုးကြီးသည် ခန်းပတ်ဝန်ကြီးဦးရွှေမောင်၏သား ဖြစ်သည်။ မွေးချင်းနှစ်ဦးအနက် အစ်ကိုမှာ ဆင်ဝန်ဦးဘိုးထင် ဖြစ်သည်။ ဦးဘိုးကြီးသည် အတွင်းဝန်ရာထူးအပြင် စို့လေးဆယ်ဒိုင်းဝန်ရာထူးဖြင့်ပါ အမှုထမ်းခဲ့ရ၏။ အတွင်းဝန်ရာထူးရရှိစဉ် ကန္နီမြို့စားဖြစ်ခဲ့ပြီး နောင်ပုဂံမြို့စားအဖြစ် ပြောင်းလဲပေးအပ်ခံခဲ့ရသည်။ သီပေါမင်းလက်ထက်တွင် ထင်ရှားခဲ့သည့် ဒိုင်းခင်ခင်မှာ ဒိုင်းအတွင်းဝန်ဦးဘိုးကြီး၏ မွေးစားသမီးဖြစ်သည်။

### ဘိုးကြီး၊ ဦး၊ မြဲတိုက်သံတော်ဆင့်

ဦးဘိုးကြီးသည် မင်းတုန်းမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်ရာထူး အမှုထမ်းခဲ့သည်။ သူသည် ၁၈၇၆ ခု သီပေါမင်းသား စာပြန်ထွက်စဉ် သံဃာတော်တို့အား နေ့စဉ်ဆွမ်းကပ်လှူရေး တာဝန်ယူခဲ့ရသည်။

### ဘိုးကြီး၊ ဦး၊ အုတ်ဝန်

အုတ်ဝန်ဦးဘိုးကြီးသည် ပုဂံမင်းလက်ထက် အမှုထမ်းတစ်ဦးဖြစ်သော အုတ်ဝန်ဦးအူ၏ မြေးဖြစ်သည်။ ဦးဘိုးကြီးသည် သံတော်ဆင့်ရာထူးဖြင့်ပါ အမှုထမ်းရွက်ခဲ့ရ၏။ ဦးဘိုးကြီးသည် ၁၈၈၇ ခုနှစ်က ပုဂံမင်း၏ အိမ်တော်ရာဘုရားဝင်းအတွင်း စနေထောင့်၌ ဗုဒ္ဓဂါယာမှပင့်ဆောင်လာသည့် ရုပ်ပွားတော်အတွက် သွပ်မိုးဇရပ် ဆောက်လုပ်ပူဇော်ခဲ့သည်။

### ဘိုးကြွယ်၊ ဦး၊ သံတော်ဆင့်

ဦးဘိုးကြွယ်သည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့ရ၏။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၌မူ နေမျိုးမင်းထင်ရာဇာဘွဲ့ခံ



မြဲတိုက်သံတော်ဆင့် ဦးဘိုးကြွယ်ဟု တွေ့ရှိရပေရာ မြဲတိုက်သံတော်ဆင့်အဖြစ် ဦးစွာအမှုထမ်းရပြီးနောက် ရာထူးတိုးမြှင့်ခန့်အပ်ခံရဟန်ရှိပါသည်။ ဦးဘိုးကြွယ်၏မြေး ဒေါ်သန့်နှင့် ခင်ပွန်း ဦးတင့်တို့သည် ရုပ်ရှင်သရုပ်ဆောင် ဦးကျော်ဝင်း၏မိဘများ ဖြစ်ကြသည်။

### ဘိုးချစ်၊ ဦး၊ လမိုင်းဝန်

ဦးဘိုးချစ်သည် သီပေါမင်းလက်ထက်တွင် လမိုင်းဝန်အဖြစ် အမှုထမ်းခဲ့၏။ ဦးမောင်မောင်တင်(နယ်ပိုင်ဝန်ထောက်)သည် ၁၀၊ ဇန်နဝါရီ၊ ၁၈၉၂ က ကင်းဝန်မင်းကြီးထံ သွားရောက်စဉ်က လမိုင်းဝန်ဦးဘိုးချစ်ကို မင်းကြီးအိမ်၌ တွေ့ခဲ့ရသည် ဆို၏။

### ဘိုးစံ၊ ဦး၊ အခွန်ဝန်

ဦးဘိုးစံသည် သီပေါမင်းလက်ထက်တွင် အခွန်ဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် အခွန်ဝန်ဦးမင်းမောင်နှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်၏။

### ဘိုးဆိုင်၊ ဦး၊ စာရေးတော်ကြီး

ဦးဘိုးဆိုင်သည် သီပေါမင်းလက်ထက်တွင် နေမျိုးမင်းထင်ရာဇကျော်ခေါင်ဘွဲ့ခံ စာရေးတော်ကြီး ဖြစ်သည်။ သူသည် ဆင်ဖြူမရှင်မိဖုရားကြီး၏ ကျီတော်စိုးဖြစ်ကြောင်း ပေစာထုပ်ကြိုးပါစာအရ သိရှိရ၏။

### ဘိုးထင်၊ ဦး၊ ဆင်ဝန်

ဆင်ဝန်ဦးဘိုးထင်ကို မှတ်တမ်းအချို့တွင် ခန်းပတ်မင်းကြီးဦးရွှေမောင်၏ သားဟူ၍ တွေ့ရှိရ၏။ သို့သော် မူကွဲမှတ်တမ်းအနေဖြင့် ခန်းပတ်မင်းကြီး၏ သား ဒိုင်းအတွင်းဝန်ဦးဘိုးကြီးကတော်၏ မောင်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဓနုက်ပလာဆင်ဝန် ဦးဘိုးထင်၏ဇနီးငယ်တစ်ဦးမှ ဖွားမြင်သူ မဆွဲရသည် ဦးရိုးတော် ဒိုင်းအတွင်းဝန်ဇနီးမောင်နှံ၏ မွေးစားသမီးဖြစ်ခဲ့ရာမှ ဒိုင်းခင်ခင်ဟု အမည်တွင်ပါသည်။ ဒိုင်းခင်ခင်သည် သီပေါမင်းလက်ထက်တွင် စီရင်ကွပ်မျက်ခြင်း ခံခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



**ဘိုးနော၊ ဦး၊ ဆင်ဝန်**

ဦးဘိုးနောသည် သီပေါမင်းလက်ထက်တွင် ဆင်ဝန်ရာထူးရရှိခဲ့သည်။ ဦးဘိုးနောသည် ၁၀၊ ဒီဇင်ဘာ၊ ၁၈၉၆ တွင် ကွယ်လွန်ခဲ့၏။

**ဘိုးမင်း၊ ဦး၊ မြို့သာဝန်ထောက်**

ဦးဘိုးမင်းသည် အသက်ဆယ်နှစ်အရွယ်ကပင် ပထမပြန်စာမေးပွဲအောင်မြင်ခဲ့သည်။ ပုဂံမင်းထံ ကျိုဝန်စာရေးအဖြစ် စတင်အမှုထမ်းရွက်ခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် တရားနာခံ၊ ထို့နောက် မြို့သာမြို့စား လွှတ်တော်စာရေးကြီး၊ အောက်မြစ်စဉ်စစ်ကဲ၊ မလွန်မြို့စား ကုလားဝန်၏ တွဲဘက်ရုံးတရားသူကြီး၊ ပဉ္စနဂိုရ်မြို့စား မင်းကြီးမဟာမင်းထင်စည်သူဘွဲ့ခံ ဝန်ထောက်ရာထူးများ အဆင့်ဆင့်ရရှိခဲ့သည်။

သီပေါမင်း နန်းတက်သောအခါ မင်းကြီးမဟာမင်းခေါင်ရာဇာဘွဲ့ဖြင့် ပဉ္စနဂိုရ်မြို့စားဝန်ထောက်အရာ ရရှိခဲ့သည်။ ဝန်ထောက်ဦးဘိုးမင်းသည် အင်္ဂလိပ်အစိုးရလက်ထက် ၅၊ ဩဂုတ်၊ ၁၈၉၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

**ဘိုးမင်း၊ ဦး၊ သံတော်ဆင့်**

ဦးဘိုးမင်းသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းရ၏။ သူသည် ၁၈၈၀ ပြည့်နှစ်တွင် ကျင်းပသည့် စာရေးရာထူးခန့်စာမေးပွဲတွင် ကြီးကြပ်ရေးတာဝန်ယူခဲ့ရသည်။

**ဘိုးမောင်၊ ဦး၊ ကင်းဝန်**

ဦးဘိုးမောင်သည် မင်းတုန်းမင်းနန်းတက်စတွင် မင်းလှမင်းကျော်သခ်ယာဘွဲ့ခံ ကင်းဝန်ရာထူးခန့်အပ်ခံခဲ့ရသည်။ သူသည် ယခင် ပုဂံမင်းလက်ထက်က ရွှေခဲကြီးလှေတော်အုပ်ရာထူး ခန့်အပ်ခံခဲ့ရပါသည်။

**ဘိုးမောင်၊ ဦး၊ အချုပ်ဝန်**

ဦးဘိုးမောင်သည် သီပေါမင်းလက်ထက်တွင် အချုပ်ဝန်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၂၈၊ ဩဂုတ်၊ ၁၈၉၆ တွင် ကွယ်လွန်ခဲ့သည်။



**ဘိုးမြစ်၊ ဦး၊ မြို့တိုက်သံတော်ဆင့်**

ဦးဘိုးမြစ်သည် သီပေါမင်းလက်ထက်တွင် မြို့တိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့သည်။ ၈၊ ဇန်နဝါရီ၊ ၁၈၈၈ တွင် ဦးဘိုးမြစ် ကွယ်လွန်ခဲ့သည်။

**ဘိုးရှိန်၊ ဦး၊ သံတော်ဆင့်**

ဦးဘိုးရှိန်သည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် (၁၈၇၉-၈၃)ခုနှစ်များအတွင်း ဘုရင့်အမိန့်တော်နှင့် ဆက်သွင်းရသည့်လက်ဝတ်ရတနာများနှင့် ဆောက်လုပ်ထားသောကျောင်းဆောင်များ ကုန်ကျစာရိတ် (၂၄၅၉)ကျပ်ကို ရယူလိုကြောင်းကို ပါတော်မူပြီးစကာလ၌ ဗြိတိသျှအစိုးရထံ တောင်းခံခဲ့သူဖြစ်သည်။

**ဘိုးလတ်၊ ဦး၊ မလွန်ဝန်ထောက်**

ဘွဲ့မည်မှာ မင်းကြီးမင်းလှမဟာမင်းခေါင်ကျော် ဖြစ်သည်။ မလွန်ဝန်ထောက်သည် ၆၊ မေ၊ ၁၈၈၆ တွင် ကွယ်လွန်ခဲ့သည်။

**ဘိုးလှ၊ ဦး၊ စာတော်ဖတ်**

ဦးဘိုးလှသည် သီပေါမင်းလက်ထက်တွင် စာတော်ဖတ်ရာထူးဖြင့် အမှုထမ်းခဲ့၏။ ဦးဘိုးလှသည် မေဏ္ဍကမဟာသာလဘွဲ့ခံ သူကြွယ်မင်းဦးစံပျော်၏သားဖြစ်သည်။ သူ့တွင် မွေးချင်းဦးခင်(ငွေတိုက်အရာရှိ)ဆိုသူ ညီတစ်ဦးရှိ၏။ ဦးဘိုးလှသည် ကုလားဝန်မင်း ဦးနေထွန်း၏သမီးနှင့် စုံဖက်ကာ ရွှေနေ ဦးဘကြည်ကို ဖွားမြင်ပါသည်။ ဦးဘိုးလှသည် သျှောင်ထုံး၊ တောင်ရှည်ပုဆိုးတို့ဖြင့် မြန်မာဆန်ဆန်နေထိုင်လေ့ရှိပါသည်။ သီပေါမင်းပါတော်မူသွားပြီးနောက် ရွှေနေစာမေးပွဲ အောင်မြင်ပြီး ရွှေနေဦးဘိုးလှအဖြစ် ထင်ရှားခဲ့သည်။

**ဘိုးလှိုင်၊ ဦး၊ တရားသူကြီး**

ဦးဘိုးလှိုင်သည် သီပေါမင်းလက်ထက်တွင် တရားသူကြီးရာထူး ခန့်အပ်ခံခဲ့ရ၏။ သူသည် ပုဂံဝန်ထောက်ဦးဘိုး၏သား ဖြစ်ပါသည်။ ဦးဘိုးလှိုင်အမည်တူနှစ်ဦးရှိ၍ သူ့ကို ဦးဘိုးလှိုင်ညိုဟု ခေါ်ဆိုကြသည်။ ဦးဘိုးလှိုင်ဖြူမှာမူ စာရေးကြီးဖြစ်၏။ တရားသူကြီး ဦးဘိုးလှိုင်သည် ၈၊ ဧပြီ၊ ၁၈၉၁ တွင် ကွယ်လွန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဘိုးလှိုင်၊ ဦး၊ ယောမင်းကြီး**

ဦးဘိုးလှိုင်ကို ယင်းတောဝန်ကြီး ဦးတုတ်ကြီးနှင့် ဒေါ်ငြိမ်းတို့မှ ၂၊ ဧပြီ၊ ၁၈၃၀ တွင် တလုတ်မြို့နယ်၊ ရှာပုလဲရွာ၌ ဖွားမြင်ပါသည်။ ၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်စတွင် မင်းလုစည်သူဘွဲ့ဖြင့် ယောမြို့စားအတွင်းဝန် ဖြစ်လာခဲ့သည်။ မင်းတုန်းမင်းလက်ထက် ၁၈၆၅ ခုနှစ်တွင် ရာထူးကျခဲ့ပြီး ၁၈၆၆ ခုနှစ်၌ ယောမြို့စားအရာ၊ ၁၈၆၉ ခုနှစ်၌ အတွင်းဝန်ရာထူးများ ပြန်လည်ရရှိခဲ့သည်။ ထိုစဉ် ကျီဝန်ရာထူးဖြင့်ပါ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၈၇၁ ခုနှစ်တွင် ရာထူးကျပြန်ပြီး ၁၈၇၄ ခုနှစ်၌ ရွှေပြည်ဝန်အရာ ခန့်အပ်ခံခဲ့ရသည်။

၁၈၇၈ ခုနှစ် သီပေါမင်းနန်းတက်စတွင် ဦးဘိုးလှိုင်အား ဝက်မစွတ်မြို့စားအတွင်းဝန်ရာထူး ပေးအပ်ခဲ့သည်။ မကြာမီ သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူဘွဲ့ဖြင့် ဝက်မစွတ်မြို့စား၊ မကွေးမြို့စားဝန်ကြီး ဖြစ်လာခဲ့သည်။ ၂၇၊ ဩဂုတ်၊ ၁၈၈၃ ခုနှစ်တွင် ယောမင်းကြီးဦးဘိုးလှိုင် ကွယ်လွန်ခဲ့သည်။ ဦးဘိုးလှိုင်၏ဝန်ကတော်မှာ မကွေးမင်းကြီး ဦးကြာဥ၏သမီး ခင်ဖြူဖြစ်ပြီး သားသမီးများမှာ မောင်မောင်ဘ၊ ခင်ခင်ကြီးနှင့် ခင်လေးငယ်တို့ ဖြစ်ကြသည်။

**ဘိုးလှိုင်ဖြူ၊ ဦး၊ စာရေးကြီး**

ဦးဘိုးလှိုင်ဖြူသည် သီပေါမင်းလက်ထက်တွင် စာရေးကြီးရာထူးဖြင့် အမှုထမ်းခဲ့သူဖြစ်၏။ သူသည် ၃၀၊ စက်တင်ဘာ၊ ၁၈၈၇ တွင် ကွယ်လွန်ခဲ့ပါသည်။

**ဘိုးဝိုင်း၊ ဦး၊ သံတော်ဆင့်၊ ကြေးနန်းဝန်**

ဦးဘိုးဝိုင်းသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်၊ ကြေးနန်းဝန် ရာထူးများဖြင့် အမှုထမ်းခဲ့၏။ ဘွဲ့မည်မှာ မင်းထင်မင်းခေါင်ကျော် ဖြစ်ပါသည်။ ဦးဘိုးဝိုင်း၏သားမှာ နယ်ပိုင်ဝန်ထောက် ဦးအုံ့ထူး ဖြစ်၏။

**ဘိုးသုံ၊ ဦး၊ စာရေးတော်ကြီး**

ဦးဘိုးသုံသည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးအဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၈၈၅ ခုနှစ်တွင် ကြေးနန်းပညာသင်ယူရန် ပြင်သစ်နိုင်ငံသို့



ရောက်ရှိခဲ့ပြီး ၁၈၈၆ ခု၊ ဖေဖော်ဝါရီလတွင် မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

**ဘိုးသွယ်၊ ဦး၊ သံတော်ဆင့်**

သံတော်ဆင့်ဦးဘိုးသွယ်သည် ဝက်မစွတ်ဝန်ထောက်ဦးလတ်၏ နှမရင်း ဒေါ်ခင်မိမိနှင့် လက်ဆက်ခဲ့သူဖြစ်သည်။ ဦးဘိုးသွယ်၏မြေး ခင်ခင်ဦးမှာ သံတော်ဆင့် ဦးအုံ့ကိုး၏သားကြီး မောင်မောင်တင့်နှင့် စုံဖက်ခဲ့သည်။

**ဘိုးအုံ့၊ ဦး၊ သံတော်ဆင့်**

သံတော်ဆင့်ဦးဘိုးအုံ့သည် သီပေါမင်းလက်ထက် အမှုထမ်းတစ်ဦး ဖြစ်၏။ ဦးဘိုးအုံ့၏ဇနီးမှာ ဒေါ်ခင်ဖြစ်ပြီး သားမောင်မောင်တင့်ကို ဖွားမြင်ပါသည်။

**ဘိုးအို၊ ဦး၊ ညောင်ဝန်းဝန်ထောက်**

ဦးဘိုးအိုကို ၅၊ ဒီဇင်ဘာ၊ ၁၈၂၆ တွင် ကန္နီနယ်၊ ညောင်ဝန်းရွာ၌ အဖ ရွာသူကြီး ဦးမှန်၊ အမိ ဒေါ်မင်းပုတို့မှ ဖွားမြင်ပါသည်။ ငယ်စဉ်က ညောင်ဝန်းရွာနေ ကန္နီမြို့အစိုးရင်လက်အောက်၌ နေမျိုးရာဇသင်္ခယာဘွဲ့ဖြင့် စာရေးငယ်အဖြစ် အမှုထမ်းရ၏။ အသက် (၁၈)နှစ်တွင် အမရပူရ၌ရှေ့နေ လိုက်စဉ် ဂြိုဟ်မကျီသေနတ်စာရေးရာထူး ရရှိခဲ့သည်။ ထို့နောက် အထက် အရာရှိ ရွှေလက်ယာဗိုလ်၊ ဗိုလ်ထွေးကြီး ကွယ်လွန်လျှင် ကန္နီမြို့သို့ပြန်လာကာ ခံမြို့အစိုးရင်အဖြစ် အမှုထမ်းရွက်ခဲ့သည်။ တစ်ဖန် မောင်းထောင် ဆရာတော်က မင်းတုန်းမင်းထံ မိန့်ကြားပေးမှုဖြင့် ၁၈၅၇ ခုနှစ်တွင် လွှတ်တော်စာရေးရာထူး ခန့်အပ်ခံရသည်။ ဘွဲ့မှာ မင်းလှသင်္ခယာ ဖြစ်၏။ ၁၈၆၉ ခုနှစ်တွင် တကောင်း၊ မြတောင်နှစ်မြို့ဝန်ရာထူး ရရှိ၏။

သီပေါမင်းလက်ထက် ၁၈၈၁ ခုနှစ်တွင် ဝန်ထောက်ရာထူး ရရှိခဲ့ပြန်သည်။ သို့ဖြင့် ညောင်ဝန်းဝန်ထောက်ဟူ၍ အမည်ထင်ရှားလာခဲ့သည်။ ဦးဘိုးအိုသည် မြန်မာကိုယ်စားလှယ်တော်အဖြစ် ဆင်းမလားမြို့သို့လည်း သွားရောက်နေထိုင်ခဲ့ရဖူးပါသည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် ဒုတိယတရားမ တရားသူကြီးရာထူးရရှိခဲ့ပြီး ၁၁၊ ဧပြီ၊ ၁၈၉၁၌ ကွယ်လွန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဘိုးအို၊ ဦး၊ သံတော်ဆင့်**

ဦးဘိုးအိုသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ရ၏။ ဦးဘိုးအိုကို ၁၈၃၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ သူသည် အသက် (၈၂)နှစ်အရွယ်၌ ရန်ကုန်မြို့၊ ကျုံးကြီးလမ်း တိုက်အမှတ်(၂)၌ ၂၁၊ ဖေဖော်ဝါရီ၊ ၁၉၂၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

**ဘိုးအို၊ ဦး၊ အသုံးစာရေး**

ဦးဘိုးအိုသည် မင်းတုန်းမင်းလက်ထက်တွင် အသုံးစာရေးအဖြစ် အမှုထမ်းခဲ့၏။ ကင်းဝန်မင်းကြီး ဦးကောင်း ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက်ရှိစဉ် ၈၊ အောက်တိုဘာ၊ ၁၈၇၄ တွင် မန္တလေးမြစ်ဆိပ်မှ လာရောက်ကြိုဆိုသူများထဲတွင် ဦးဘိုးအိုလည်း ပါဝင်ပါသည်။

**ဘိုင်၊ ဦး၊ ပဋ္ဌလမြို့စားဝန်ကြီး**

ဦးဘိုင်သည် ဗဒုံမင်းလက်ထက်တွင် နေမျိုးကျော်စွာဘွဲ့ဖြင့် အချီတော်အဖြစ် အမှုထမ်းရွက်ရပြီး စစ်ကိုင်းမင်း နန်းတက်လာသောအခါ သတိုးမင်းကြီး မဟာဥဇနာဘွဲ့ဖြင့် ပဋ္ဌလမြို့စားဝန်ကြီးအရာ ရရှိခဲ့၏။ သို့သော်များမကြာမီ ကျန်းမာရေးအခြေအနေ ဆိုးရွားကွယ်လွန်သွားဟန် ရှိပါသည်။

**ဘုန်း၊ ဦး၊ ဇရွှဲအတွင်းဝန်**

ဦးဘုန်းသည် ပုဂံမင်းလက်ထက်တွင် မင်းကြီးမဟာမင်းလှနော်ရထာဘွဲ့ခံ ဇရွှဲမြို့စားအတွင်းဝန်ရာထူး ရရှိခဲ့၏။ ဦးဘုန်း၏သမီးကြီးခင်ဖူးမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ ကြင်ရာတော်ဖြစ်ပါသည်။ သမီးငယ်ခင်ပုမှာလည်း ကနောင်မင်းသားကြီး၏ ကြင်ရာတော်ပင်ဖြစ်၏။ ဦးဘုန်းသည် နောင်တွင် မင်းကြီးမဟာသက်တော်ရှည်ဘွဲ့ကိုလည်း ရရှိခဲ့သည်။ သူသည် ပုဂံမင်းလက်ထက်က လောကမှန်ကင်းဆရာတော်ရှင်ကဝိကို ကျောင်းဆောက်လုပ်လှူဒါန်းပေးခဲ့ဖူးပါသည်။

**ဘုန်းအောင်၊ ဦး၊ အတွင်းဝန်**

ဦးဘုန်းအောင်သည် မြေဒူးမင်းလက်ထက်တွင် အတွင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ မြေဒူးမင်း နတ်ရွာစံလုနီးအချိန် ရှေ့နန်းတော်မှ နန်းတော်ကြီးသို့ ခေါ်ဆောင်သွားရာတွင် အတွင်းဝန်ဦးဘုန်းအောင် အနီးကပ်လိုက်ပါမြုစုခဲ့ရ၏။



**ဘုမ္မဓေယျ၊ ကျုံးဝန်**

ကျုံးဝန်ဘုမ္မဓေယျသည် အလောင်းမင်းတရားလက်ထက်တွင် ထင်ရှားခဲ့သည့် နန်းတွင်းပညာရှိကြီးတစ်ဦး ဖြစ်ပါသည်။ သူသည် အလောင်းမင်းတရားလက်ထက်တွင် မဟာသီရိ ဥတ္တမဓေယျသင်္ကြန်ဘွဲ့ကိုလည်း ပေးအပ်ခံခဲ့ရ၏။ မနုကျယ်ဓမ္မသတ်ကို ရေးသားပြုစုခဲ့သူ ပညာရှိတစ်ဦးလည်းဖြစ်ပါသည်။ မူလပါဠိဘာသာဖြင့် ရေးသားထားသော ကျမ်း (၁၀)စောင်ကို အများနားလည်စေရန် စကားပြေသက်သက်ဖြင့် ပြန်လည်ပြုစုရေးသားခဲ့ခြင်းဖြစ်ပါသည်။

(မ)

**မင၊ ဦး၊ မြင်းစုကြီးဝန်**

ဦးမငသည် မင်းတုန်းမင်း လက်ထက်တွင် မဟာမင်းလှမင်းခေါင်ဘွဲ့နှင့် ဘုန်းတော်ဖြစ်သေနတ်ဗိုလ်အဖြစ် အမှုထမ်းရွက်နေရာမှ မင်းကြီးမဟာမင်းလှမင်းခေါင်ဘွဲ့ခံ မြေဒူးမြို့စား မြင်းစုကြီးဝန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် မိုးနဲစစ်ကဲရာထူး ခန့်အပ်ခံရကာ ဘွဲ့ကိုလည်း မင်းကြီးမင်းခေါင်ကျော်ဟု ပြောင်းလဲပေးအပ်ခံခဲ့ရ၏။ သူသည် ကင်းဝန်ရာထူးဖြင့်ပါ အမှုထမ်းရွက်ခဲ့ရ၏။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း သတိုးမင်းကြီးမဟာမင်းကျော်မင်းခေါင်ဘွဲ့ဖြင့် တောင်တွင်းကြီးစစ်ကြောင်းမှ ချီတက်တိုက်ခိုက်ခဲ့ရသည်။

မြင်းစုကြီးဝန်ဦးမငတွင် သမီးနှစ်ဦးရှိရာ ခင်လေးကြီးနှင့် ခင်လေးငယ်တို့ ဖြစ်ကြသည်။ ဦးမင၏ သမီးနှစ်ဦးသည် မန္တလေးမြို့၊ ဘုရားကြီးအောက်ကျင်းရပ်၌ နေထိုင်ခဲ့ကြသည်။

**မဏိစန္ဒ၊ လက်ျာဝင်းမှူး**

မဏိစန္ဒသည် အလောင်းမင်းတရားကြီး လက်ထက်တွင် ထင်ရှားသူစစ်ဗိုလ်ချုပ်ကြီး မင်းခေါင်နော်ရထာ(ဗိုလ်တွန်)၏ သားလတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးချင်းသုံးဦးရှိရာ ရှင်မင်းလှ(ဗဒုံမင်း၏ကိုယ်လုပ်တော်)၊ မဏိစန္ဒနှင့် ရှင်ဂုံ (ခ) ရှင်ရွှေလုံး(အိမ်ရှေ့မင်းသား ဦးပေါ်၏ဇနီး)တို့ ဖြစ်ကြသည်။ မဏိစန္ဒသည် ဗဒုံမင်းနှင့် မင်းသားဘဝကပင် သိကျွမ်းရင်းနှီးခဲ့သူဖြစ်ပြီး ၁၇၈၁ ခုနှစ်တွင် လက်ျာဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရသည်။ မဏိစန္ဒ၏ သမီး ဒေါ်ရွှေဦးမှာ သာယာဝတီမင်း၏အလယ်နန်းမိဖုရားဖြစ်ပြီး ပုဂံမင်း လက်ထက် ၁၈၄၆ ခုနှစ်တွင် ကွယ်လွန်ပါသည်။

## မနွတ်၊ ကုလားဝန်

မနွတ် (J.S.Manook )သည် ရတနာပုံခေတ်တွင် ကုလားဝန်အဖြစ် အမှုထမ်းခဲ့၏။ သူသည် အာမေနီယံလူမျိုးတစ်ဦးဖြစ်၏။ သီပေါမင်းပါတော်မူ လုနီး သုံးနှစ်ခန့်က ဘုရင်အမျက်တော်ရှ၍ ရွှေဘိုသို့ပို့ထားခဲ့ရာ ဗြိတိသျှတို့ မန္တလေးကိုသိမ်းပိုက်ပြီးမှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ မနွတ်သည် အသက်အရွယ်ကြီးရင့်ပြီး ဆင်းရဲနွမ်းပါးသူဖြစ်သဖြင့် ဗြိတိသျှအစိုးရက လစဉ်(၇၅)ကျပ် ထောက်ပံ့ပေးခဲ့သည်။

မနွတ်သည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် ကုလားဝန် ဖြစ်ခဲ့၏။ ၁၈၈၂ ခုနှစ်အထိ ကုလားဝန်ရာထူးဖြင့် ထမ်းဆောင်ခဲ့ပြီး ၁၀၊ ဇူလိုင်၊ ၁၈၉၉ တွင် မနွတ် ကွယ်လွန်ပါသည်။ မနွတ်တွင် ဆာလာဆိုသူ သမီးတစ်ဦးရှိ၏။ ဆာလာသည် သီပေါမင်းလက်ထက်က စုဖုရားလတ်၏ အပျိုတော်ဖြစ်ခဲ့ပြီး စုဖုရားလတ် ရန်ကုန်၌ နေထိုင်စဉ်အတွင်း လာရောက် တွေ့ဆုံခဲ့သေး၏။

## မဟာမင်းထင်စည်သူ၊ ပြတိုက်သံတော်ဆင့်

ပြတိုက်သံတော်ဆင့် မဟာမင်းထင်စည်သူသည် ရွှေတိုက်စိုးဦးတိုး(ရာမရကန်) ၏ သားဖြစ်ပြီး ၁၇၊ ဖေဖော်ဝါရီ၊ ၁၇၈၉ ခုနှစ်၌ ဖွားမြင်ပါသည်။ သူသည် စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့ လက်ထက်တွင် အမှုထမ်းရွက်ခဲ့၏။ ဖခင်ကဲ့သို့ပင် စာပေဝါသနာပါသူဖြစ်ပြီး ဘုန်းတော်ဘွဲ့၊ ကျောက်စာ၊ ခေါင်းလောင်းစာများ ရေးသားခဲ့သည်။ ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်ကုမ္ပဏီ နှင့် ငွေကြေးကိစ္စပြောဆိုရာတွင် လိုက်ပါဆောင်ရွက်ခဲ့သည်။



မဟာမင်းထင်စည်သူ အသက်(၇)နှစ်အရွယ်၌ပင် မိဘများ ကွယ်လွန်သွားသဖြင့် အဘိုး၊ အဘွားများလက်၌ ကြီးပြင်းခဲ့ရသည်။ ၁၈၀၂ ခုနှစ်တွင် ရှင်သာမဏေဝတ်ဖြင့် စာပေလေ့လာခဲ့၏။ ၁၈၀၇ ခုနှစ်တွင် ပထမကျော်စာမေးပွဲ အောင်မြင်ပါသည်။ ထိုနှစ်၌ပင် လူထွက်ပြီး အိမ်ရှေ့မင်း ဦးပေါ်ထံ အမှုထမ်းခဲ့သည်။ ထို့နောက် စစ်ကိုင်းမင်းသား အိမ်ရှေ့မင်း ဖြစ်စဉ်၌လည်း ဆက်လက်အမှုထမ်းရ၏။ စစ်ကိုင်းမင်းနန်းတက်လာပြီး နောက် ၁၈၂၃ ခုနှစ် ကောသာလီသို့ စစ်ချီရာတွင် သတိုးသုမ္မသက်တော် ရှည်လက်အောက်၌ ကျော်ထင်ရာဇာဘွဲ့ခံ တပ်ရေးအဖြစ် လိုက်ပါရသည်။ ၁၈၂၆ ခုနှစ်တွင် ပြတိုက်သံတော်ဆင့်ရာထူးဖြင့် သံတော်ဆင့်မဟာ မင်းလှရာဇာ ဦးဆောင်သောသံအဖွဲ့နှင့်အတူ အိန္ဒိယသို့ လိုက်ပါရသည်။ အပြန်တွင် ရန်ကုန်မြို့ဝန်ဦးခိုင်လက်အောက်၌ အမှုထမ်းရ၏။ မဟာမင်းထင် စည်သူ မည်သည့်အချိန်၌ ကွယ်လွန်ခဲ့သည်ကိုမူ မသိရပေ။

## မဟာမင်းလှကျော်၊ ဒိုင်းဝန်

စို့လေးဆယ်ဒိုင်းဝန် မဟာမင်းလှကျော်သည် မြို့တော်ဝန်ယင်းတောမြို့စား ဦးပေစေ့နှင့် ဝန်ကတော် သုဝဏ္ဏကေသီတို့မှ ဖွားမြင်သည့် သားကြီး ဖြစ်သည်။ မွေးချင်း(၅)ဦးရှိရာ မဟာမင်းလှကျော်၊ ခင်လေးကြီး၊ သီတာ ခင်လေး၊ မှန်နန်းအပျိုတော် သီရိစန္ဒာနှင့် အပျိုတော် ဘုံသာခင်လေးတို့ ဖြစ်ကြသည်။ မဟာမင်းလှကျော်သည် မြင်ကွန်း၊ တောင်ခွင်၊ ပဏ္ဏာနဂိုရ်၊ မြေထဲလေးမြို့ဝန် အောက်မြစ်စဉ်စစ်ကဲ၊ အမရပူရမြို့ဝန်၊ စို့လေးဆယ်ဒိုင်းဝန် ရာထူးများအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

## မဟာမင်းလှကျော်စွာ၊ သံတော်ဆင့်

မဟာမင်းလှကျော်စွာသည် ပုဂံမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူ့တွင် ခင်ဖွားကြီးဆိုသူ သမီးတစ်ဦးရှိရာ အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် စုံဖက်ကာ သမီးထိပ်ခေါင်တင်ကောင်းနှင့် ထိပ်ခေါင်တင်ခင်တို့ကို ဖွားမြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မဟာမင်းလှသီဟသူ၊ ဒိုင်းဝန်

စို့လေးဆယ်ဒိုင်းဝန် မဟာမင်းလှသီဟသူသည် ဝန်ထောက်ရာထူးဖြင့်ပါ အမှုထမ်းရွက်ခဲ့ရ၏။ ၁၈၅၅ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ နန်းတော်ပန္နက်ပုံတို့ကို ပန်းချီကျော်တို့အား ကြီးကြပ်စေလျက် ရေးဆွဲမှတ်တမ်းတင်ခဲ့သူဖြစ်သည်။ ၁၊ ဇန်နဝါရီ၊ ၁၈၅၅ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ ပျူကန်ရွာအနီး အနော်ရထာမင်းဆည်ခဲ့သည့် ကန်တော်ကြီးပြုပြင်ရန် ငွေ (၄၉၈၀)ကျပ်ထုတ်ပေး၍ ပြင်စေသည့်အဖွဲ့တွင် ဝန်ထောက်တော်ဒိုင်းဝန် မဟာမင်းလှသီဟသူပါဝင်ကြောင်း ပျူကန်ရွာ ကန်တော်ဦးစေတီကျောက်စာ၌ ပါရှိ၏။

## မဟာမင်းလှသင်္ခယာ၊ စီးတော်မြင်းဝန်

မဟာမင်းလှသင်္ခယာသည် သာယာဝတီမင်းလက်ထက်တွင် တလုတ်မြို့စား စီးတော်မြင်းဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် အမရပူရအရှေ့ပြင်၌ စီးတော်မြင်းဝန်ကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

## မဟာသီရိဇေယျသူ၊ မြို့တော်ဝန်

မဟာသီရိဇေယျသူသည် ဗဒုံမင်းလက်ထက်တွင် မြို့တော်ဝန်ရာထူးခန့်အပ်ခံခဲ့ရ၏။

## မဟာသက်တော်ရှည်၊ အတွင်းဝန်

ဗဒုံမင်းလက်ထက် အတွင်းဝန်မဟာသက်တော်ရှည်သည် ၂၅၊ ဇူလိုင်၊ ၁၇၈၅ တွင် မင်းခမ်းတော်ဆိုင်ရာ အမေးပုစ္ဆာတစ်ခု လျှောက်ထားခဲ့သည်။ မဟာသက်တော်ရှည်သည် နောင်တွင် မြောက်ဘက်တိုက်ဝန်ရာထူးဖြင့် အမှုထမ်းရွက်ရ၏။ ၂၉၊ မတ်၊ ၁၇၈၈ တွင် မဟာသက်တော်ရှည်အား အတွင်းဝန်ရာထူးမှ မြောက်ဘက်တိုက်ဝန်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ခြင်းဖြစ်၏။ သူ၏သမီးရှင် အုချာသည် ဗဒုံမင်း၏မြောက်ဆောင်တော်မိဖုရားဖြစ်သည်။



## မဟာသင်္ခယာ၊ ကျီဝန်

ဗဒုံမင်းလက်ထက် ကျီဝန်မဟာသင်္ခယာသည် ၃၊ ဩဂုတ်၊ ၁၇၈၅ တွင် ကျောက်စာရေးထိုးခြင်းနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားခဲ့ကြောင်း သိရှိရ၏။

## ဗျတ္တ၊ ဦး၊ ဝန်ထောက်

ဦးဗျတ္တသည် ဗဒုံမင်းလက်ထက်တွင် နေမျိုးကျော်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူး ခန့်အပ်ခြင်းခံခဲ့ရသည်။

## မြင်၊ ဗိုလ်၊ အရှေ့ဝင်းမှူး

အရှေ့ဝင်းမှူးဗိုလ်မြင်ကို ၁၈၀၉ ခုနှစ်၊ ဇူလိုင်လတွင် မြင်းသည်တော်ဦးကြာဘန်းနှင့် ဒေါ်ဝင်းညိုတို့မှ ဖွားမြင်ပါသည်။ ဇာတိမှာ ရွှေဘိုခရိုင်၊ ဝက်လက်နယ်၊ လှတောကြီးရွာ ဖြစ်၏။ ဗိုလ်မြင်သည် ဘုရင့်မြင်းတပ်၌ စတင်အမှုထမ်းခဲ့ရပြီး မကြာမီ မြင်းခေါင်းရာထူး ရရှိခဲ့သည်။ ၁၈၅၂ ခုနှစ် မင်းတုန်း၊ ကနောင်မင်းသားများ နောင်တော် ပုဂံမင်းကို နန်းချရန် ရွှေဘိုသို့ထွက်ခွာစဉ် ဗိုလ်မြင်က မင်းတုန်းမင်းသားထံ ဝင်ရောက်ခစားခဲ့သည်။ အရေးတော်ပြီးချိန်၌ ပုခန်းငယ်မြို့စား ရဲဘက်မြင်းဝန်ရာထူး ရရှိခဲ့၏။ မကြာမီ မင်းကြီးမဟာမင်းလှမင်းခေါင်ဘွဲ့ဖြင့် ရွှေဘိုမြို့ဝန်ရာထူးရရှိပြန်၏။ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေး၊ ပတိမ်းမင်းသားအရေးများပြီးစီးချိန်တွင် ဗိုလ်မြင်ကို အရှေ့ဝင်းမှူးရာထူး ပေးအပ်ခဲ့သည်။

သီပေါမင်းလက်ထက်တွင် ဗိုလ်မြင် အညာမြစ်စဉ်ဝန်ရာထူး ရရှိပြန်၏။ ထို့နောက် ၁၈၈၄ ခု၊ မတ်လတွင် နဝမခရိုင်ဝန်ရာထူး ခန့်ထားခံရသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်အတွင်း သပြေတန်းခံတပ်မှ တိုက်ပွဲဝင်ခဲ့၏။ ၁၈၉၄ ခု၊ အသက် (၈၆)နှစ်အရွယ်တွင် ရွှေဘိုမြို့၌ ကွယ်လွန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(မ)

**<u>မင၊ ဦး၊ မြင်းစုကြီးဝန်</u>**

ဦးမငသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှမင်းခေါင်ဘွဲ့နှင့် ဘုန်းတော်ဖြစ် သေနတ်ဗိုလ်အဖြစ် အမှုထမ်းရွက်နေရာမှ မင်းကြီးမဟာမင်းလှမင်းခေါင်ဘွဲ့ခံ မြေဒူးမြို့စား မြင်းစုကြီးဝန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် မိုးနဲစစ်ကဲရာထူး ခန့်အပ်ခံရကာ ဘွဲ့ကိုလည်း မင်းကြီးမင်းခေါင်ကျော်ဟု ပြောင်းလဲပေးအပ်ခံခဲ့ရ၏။ သူသည် ကင်းဝန်ရာထူးဖြင့်ပါ အမှုထမ်းရွက်ခဲ့ရ၏။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း သတိုးမင်းကြီးမဟာမင်းကျော်မင်းခေါင်ဘွဲ့ဖြင့် တောင်တွင်းကြီးစစ်ကြောင်းမှ ချီတက်တိုက်ခိုက်ခဲ့ရသည်။

မြင်းစုကြီးဝန် ဦးမငတွင် သမီးနှစ်ဦးရှိရာ ခင်လေးကြီးနှင့် ခင်လေးငယ်တို့ ဖြစ်ကြသည်။ ဦးမင၏ သမီးနှစ်ဦးသည် မန္တလေးမြို့ ဘုရားကြီးအောက်ကျောင်းရပ်၌ နေထိုင်ခဲ့ကြသည်။

**<u>မဏိစန္ဒ၊ လက်ျာဝင်းမှူး</u>**

မဏိစန္ဒသည် အလောင်းမင်းတရားကြီးလက်ထက်တွင် ထင်ရှားသူ စစ်ဗိုလ်ချုပ်ကြီးမင်းခေါင်နော်ရထာ(ဗိုလ်တွန်)၏ သားလတ်ဖြစ်သည်။ မွေးချင်းသုံးဦးရှိရာ ရှင်မင်းလှ(ဗဒုံမင်း၏ကိုယ်လုပ်တော်)၊ မဏိစန္ဒနှင့် ရှင်ဂုံ(ခ) ရှင်ရွှေလုံး(အိမ်ရှေ့မင်းသားဦးပေါ်ဦး၏ဇနီး)တို့ ဖြစ်ကြသည်။ မဏိစန္ဒသည် ဗဒုံမင်းနှင့် မင်းသားဘဝကပင် သိကျွမ်းရင်းနှီးခဲ့သူဖြစ်ပြီး ၁၇၈၁ ခုနှစ်တွင် လက်ျာဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရသည်။ မဏိစန္ဒ၏သမီး ခေါ်ရွှေဦးမှာ သာယာဝတီမင်း၏ အလယ်နန်းမိဖုရားဖြစ်ပြီး ပုဂံမင်းလက်ထက် ၁၈၄၆ ခုနှစ်တွင် ကွယ်လွန်ပါသည်။

**<u>မနွတ်၊ ကုလားဝန်</u>**

မနွတ် (J.S.Manook )သည် ရတနာပုံခေတ်တွင် ကုလားဝန်အဖြစ် အမှုထမ်းခဲ့၏။ သူသည် အာမေနီယံလူမျိုးတစ်ဦးဖြစ်၏။ သီပေါမင်းပါတော်မူ လုနီး သုံးနှ[illegible] ဘုရင်အမျက်တော်ရှ၍ ရွှေဘိုသို့ပို့ထားခဲ့ရာ ဗြိတိသျှတို့

www.burmeseclassic.com



မန္တလေးကို သိမ်းပိုက်ပြီးမှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ မန္တတ်သည် အသက်အရွယ်ကြီးရင့်ပြီး ဆင်းရဲနွမ်းပါးသူဖြစ်သဖြင့် ဗြိတိသျှအစိုးရက လစဉ်(၇၅)ကျပ် ထောက်ပံ့ပေးခဲ့သည်။

မန္တတ်သည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် ကုလားဝန် ဖြစ်ခဲ့၏။ ၁၈၈၂ ခုနှစ်အထိ ကုလားဝန်ရာထူးဖြင့်ထမ်းဆောင်ခဲ့ပြီး ၁၀၊ ဇူလိုင်၊ ၁၈၉၉ တွင် မန္တတ် ကွယ်လွန်ပါသည်။ မန္တတ်တွင် ဆာလာဆိုသူ သမီးတစ်ဦး ရှိ၏။ ဆာလာသည် သီပေါမင်းလက်ထက်က စုဖုရားလတ်၏ အပျိုတော်ဖြစ်ခဲ့ပြီး စုဖုရားလတ် ရန်ကုန်၌ နေထိုင်စဉ်အတွင်း လာရောက် တွေ့ဆုံခဲ့သေး၏။

## မဟာမင်းထင်စည်သူ၊ မြဲတိုက်သံတော်ဆင့်

မြဲတိုက်သံတော်ဆင့် မဟာမင်းထင်စည်သူသည် ရွှေတိုက်စိုး ဦးတိုး (ရာမရကန်)၏ သားဖြစ်ပြီး ၁၇၊ ဇန်နဝါရီ၊ ၁၇၈၉ ခုနှစ်၌ ဖွားမြင်ပါသည်။ သူသည် စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့လက်ထက်တွင် အမှုထမ်းရွက် ခဲ့၏။ ဖခင်ကဲ့သို့ပင် စာပေဝါသနာပါသူဖြစ်ပြီး ဘုန်းတော်ဘွဲ့၊ ကျောက်စာ၊ ခေါင်းလောင်းစာများ ရေးသားခဲ့သည်။ ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်ကုမ္ပဏီ နှင့် ငွေကြေးကိစ္စပြောဆိုရာတွင် လိုက်ပါဆောင်ရွက်ခဲ့သည်။

မဟာမင်းထင်စည်သူ အသက် (၇)နှစ်အရွယ်၌ပင် မိဘများ ကွယ်လွန်သွားသဖြင့် အဘိုး၊ အဘွားများလက်၌ ကြီးပြင်းခဲ့ရသည်။ ၁၈၀၂ ခုနှစ်တွင် ရှင်သာမဏေဝတ်ဖြင့် စာပေလေ့လာခဲ့၏။ ၁၈၀၇ ခုနှစ်တွင် ပထမကျော်စာမေးပွဲ အောင်မြင်ပါသည်။ ထိုနှစ်၌ပင် လူထွက်ပြီး အိမ်ရှေ့ မင်း ဦးပေါ်ထံ အမှုထမ်းခဲ့သည်။ ထို့နောက် စစ်ကိုင်းမင်းသား အိမ်ရှေ့မင်း ဖြစ်စဉ်၌လည်း ဆက်လက်အမှုထမ်းရ၏။ စစ်ကိုင်းမင်း နန်းတက်လာပြီး နောက် ၁၈၂၃ ခုနှစ် ကောသာလီသို့ စစ်ချီရာတွင် သတိုးသုမ္ဗသက်တော် ရှည်လက်အောက်၌ ကျော်ထင်ရာဇာဘွဲ့ခံ တပ်ရေးအဖြစ် လိုက်ပါရသည်။ ၁၈၂၆ ခုနှစ်တွင် မြဲတိုက်သံတော်ဆင့်ရာထူးဖြင့် သံတော်ဆင့်မဟာမင်းလှ ရာဇာ ဦးဆောင်သောသံအဖွဲ့နှင့်အတူ အိန္ဒိယသို့လိုက်ပါရသည်။ အပြန်တွင် ရန်ကုန်မြို့ဝန် ဦးခိုင်လက်အောက်၌ အမှုထမ်းရ၏။ မဟာမင်းထင်စည်သူ မည်သည့်အချိန်၌ ကွယ်လွန်ခဲ့သည်ကိုမူ မသိရပေ။



## မဟာမင်းလှကျော်၊ ဒိုင်းဝန်

စို့လေးဆယ်ဒိုင်းဝန် မဟာမင်းလှကျော်သည် မြို့တော်ဝန်ယင်းတောမြို့စား ဦးပေစေနှင့် ဝန်ကတော် သုဝဏ္ဏကေသီတို့မှ ဖွားမြင်သည့် သားကြီး ဖြစ်သည်။ မွေးချင်း (၅)ဦးရှိရာ မဟာမင်းလှကျော်၊ ခင်လေးကြီး၊ သီတာ ခင်လေး၊ မှန်နန်းအပျိုတော်သီရိစန္ဒာနှင့် အပျိုတော်ဘုံသာခင်လေးတို့ ဖြစ်ကြ သည်။ မဟာမင်းလှကျော်သည် မြင်ကွန်း၊ တောင်ခွင်၊ ပဏ္ဏာနဂိုရ်၊ မြေထဲ လေးမြို့ဝန် အောက်မြစ်စဉ်စစ်ကဲ၊ အမရပူရမြို့ဝန်၊ စို့လေးဆယ်ဒိုင်းဝန် ရာထူးများအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

## မဟာမင်းလှကျော်စွာ၊ သံတော်ဆင့်

မဟာမင်းလှကျော်စွာသည် ပုဂံမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူ့တွင် ခင်ဖွားကြီးဆိုသူ သမီးတစ်ဦးရှိရာ အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် စုံဖက်ကာ သမီးထိပ်ခေါင်တင်ကောင်းနှင့် ထိပ်ခေါင်တင်ခင်တို့ကို ဖွားမြင်ပါသည်။

## မဟာမင်းလှသီဟသူ၊ ဒိုင်းဝန်

စို့လေးဆယ်ဒိုင်းဝန် မဟာမင်းလှသီဟသူသည် ဝန်ထောက်ရာထူးဖြင့်ပါ အမှုထမ်းရွက်ခဲ့ရ၏။ ၁၈၅၅ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ နန်းတော် ပန္နက်ပုံတို့ကို ပန်းချီကျော်တို့အား ကြီးကြပ်စေလျက် ရေးဆွဲမှတ်တမ်းတင် ခဲ့သူဖြစ်သည်။ ၁၊ ဇန်နဝါရီ၊ ၁၈၅၅ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ ပျူကန်ရွာအနီး အနော်ရထာမင်းဆည်ခဲ့သည့် ကန်တော်ကြီးပြုပြင်ရန် ငွေ (၄၉၈၀)ကျပ်ထုတ်ပေး၍ ပြင်စေသည့်အဖွဲ့တွင် ဝန်ထောက်တော်ဒိုင်းဝန်မဟာ မင်းလှသီဟသူ ပါဝင်ကြောင်း ပျူကန်ရွာ ကန်တော်ဦးစေတီကျောက်စာ၌ ပါရှိ၏။

## မာဗီ၊ ဦး၊ သစ်တောဝန်

ဦးမာဗီ (Marfels )သည် ဂျာမန်လူမျိုးဖြစ်ပြီး မင်းတုန်းမင်းလက်ထက် သစ်တောဝန်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူသည် ဗြိတိသျှအစိုးရပိုင် အောက်မြန်မာနိုင်ငံ၌ ဦးစွာ အလုပ်လုပ်ကိုင်ခဲ့သည်။ ထို့နောက် မန္တလေး သို့ သွားရောက်ကာ မြန်မာဘုရင်လက်အောက်၌ အမှုထမ်းခဲ့သည်။ ဂျာမန် သမားတော်တစ်ဦးဖြစ်သည့်အားလျော်စွာ သူ့ကို ဆရာဝန်အဖြစ် အသိ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုကြ၏။ သူသည် ၁၈၇၆ ခု၊ နှောင်းပိုင်းကာလ၌ ကွယ်လွန်ခဲ့ကြောင်း (၂၀-၁-၁၈၇၇)ထုတ် လောကီသုတပညာ သတင်းစာအရ သိရှိရ၏။

## မာလိန်၊ ဦး၊ ကင်းဝန်

ကင်းဝန်ဦးမာလိန်သည် အမတ်ကြီးအလိမ္မာ၏ သားဖြစ်၏။ ထို့ကြောင့် အမည်ပြောင်းပြန်ပြု၍ ဦးမာလိန်ဟုခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ ပုဂံမင်းလက်ထက်တွင် ရဲဘက်မြင်းဝန်ရာထူးရရှိခဲ့ပြီး မကြာမီ မင်းလှဗေယျာသူဘွဲ့ဖြင့် ကင်းဝန်ရာထူး ခန့်အပ်ခံရပါသည်။ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတွင် ကျဆုံးခဲ့ရသည်။

ဦးမာလိန်၏သားငယ် လက်ဖက်ရည်တော်၊ ကွမ်းရေတော် မောင်မောင်ဘသည် ညောင်ဝန်းဝန်ထောက် ဦးဘိုးအို၏သမီးငယ် ညောင်ဝန်းခင်လေးနှင့်စုံဖက်ကာ ခင်ခင်ကြီးနှင့် ခင်ခင်ညွန့်တို့ကို ဖွားမြင်ပါသည်။ ကင်းဝန်ဦးမာလိန်၏သားသမီးများမှာ နောက်တော်ပါမြင်းဝန် ဦးဖားကြီး၊ မှန်နန်းအပျိုတော် ခင်ခင်သက်၊ လက်သုံးတော်မြင်းစာရေးကြီး မောင်မောင်ပု၊ မောင်မောင်လင်း၊ လက်ဖက်ရည်တော် ကွမ်းရေတော် မောင်မောင်ဘတို့ ဖြစ်ကြသည်။ မိတ္ထီလာရှိ ဗိုလ်မှူးကြီးတင်သိန်းမှာ မောင်မောင်ဘ၏မြေး ဖြစ်သည်။

## မော့၊ ဦး၊ သံတော်ဆင့်

ဦးမော့သည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းထင်ရာဇာဘွဲ့ခံ သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့၏။

## မိုး၊ ဦး၊ စားတော်ဝန်

ဦးမိုးသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှမင်းခေါင်ဘွဲ့ခံ စားတော်ဝန်ရာထူး ရရှိခဲ့သည်။ ဦးမိုးသည် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအတွင်း ပါဝင်စစ်မှုထမ်းရွက်ခဲ့၏။

## မိုး၊ ဦး၊ အကောက်ဝန်

ဦးမိုးသည် စစ်ကိုင်းမင်း လက်ထက်တွင် အကောက်ဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့ရသည်။



## မင်းအောင်၊ ဦး၊ အနောက်ဝန်

ဦးမင်းအောင်သည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးမဟာသီဟသူဘွဲ့ဖြင့် အနောက်ဝန်အရာ ရရှိခဲ့၏။ သူ့တွင် မိမိဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရ၏။

## မင်းကြီးမင်းခေါင်သတိုးသမိန်၊ လှေသင်းဝန်

မင်းကြီးမင်းခေါင်သတိုးသမိန်သည် သာယာဝတီမင်း လက်ထက်တွင် လှေသင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ရသူဖြစ်၏။ အမရပူရမြို့ သီရိမင်္ဂလာကျောင်းတိုက်အတွင်း၌ လှေသင်းဝန်မင်းက အလွန်ကြီးမားသော ဆွမ်းအုပ်ကြီးကို လှူဒါန်းခဲ့သည်။ ယင်းဆွမ်းအုပ်ကြီးမှာ အဆင့် (၄)ဆင့်ပါရှိပြီး လုံးပတ် (၆)ပေ၊အလယ်ထိပ်ဝ (၁၉)လက်မ၊ အမြင့် (၁၉)လက်မအရွယ်ရှိ၏။ ဆွမ်းအုပ်တွင် "သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက် (၁၊ မေ၊ ၁၈၄၆)နေ့ မဟာဗေယျအမရပူရမြို့ သီရိမင်္ဂလာကျောင်းတိုက်ဒါယကာ လှေသင်းဝန်ချုပ်မင်း မင်းကြီးမင်းခေါင် သတိုးသမိန်" ဟူ၍ ကမ္ပည်းစာတမ်း ရေးထိုးထားသည်။

## မင်းကြီးနန္ဒကျော်ထင်၊ အတွင်းဝန်

ဗဒုံမင်းလက်ထက် အတွင်းဝန်မင်းကြီး နန္ဒကျော်ထင်သည် ၂၉၊ ဇူလိုင်၊ ၁၇၈၄ တွင် အမေးပုစ္ဆာလျှောက်ထားခဲ့၏။ သူသည် တလုတ်မြို့စားဖြစ်ပြီး ၅၊ စက်တင်ဘာ၊ ၁၇၈၄ တွင် ရာဇာဘိသိက်ကြောင်း လျှောက်ထားခဲ့ပြန်သည်။ ထို့နောက် ၁၈၊ ဧပြီ၊ ၁၇၉၃ ခုတွင် ရက်ငင်သင့်မသင့်ပြဿနာကို မေးမြန်းခြင်းခံခဲ့ရရာ ပညာရှင်တစ်ဦးဖြစ်မည်ဟု မှတ်ယူရပါသည်။

## မင်းလှရာဇာ၊ ရွှေတိုက်ဝန်

မင်းလှရာဇာသည် အလောင်းမင်းတရားလက်ထက်တွင် ရွှေတိုက်ဝန်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၊ နိုဝင်ဘာ၊ ၁၇၅၉ တွင် ထားဝယ်သို့ ကြည်းကြောင်းချီတက်ရာတွင် တပ်မှူးအဖြစ် လိုက်ပါခဲ့ရသည်။ ၄၊ ဇန်နဝါရီ၊ ၁၇၆၀ တွင် အလောင်းမင်းတရားက ရွှေတိုက်ဝန်အပါအဝင် ရှေ့ချီတပ်မှူးများထံ ထားဝယ်စားပုန်ကန်မှုကို နှိမ်နင်းပြီးဖြစ်၍ ဝမ်းမြောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ထုတ်ပြန်ခဲ့သည်။ ရွှေတိုက်ဝန်သည် ယိုးဒယားသို့ တိုက်ခိုက်ရာ၌ လိုက်ပါစစ်မှုထမ်းခဲ့ရ၏။

## မင်းမောင်၊ ဦး၊ ရွှေတိုက်စိုး

ဦးမင်းမောင်ကို တောင်တွင်းကြီးမြို့မြောက်သူကြီးမျိုးရိုးမှ သွေးသောက်ကြီးဦးမှူး၊ ဒေါ်ပိုတို့မှ ဖွားမြင်ပါသည်။ မွေးချင်းများမှာ ဦးမင်းရောင်၊ ဦးမင်းမောင်၊ ဒေါ်မင်းကေ၊ ဒေါ်မင်းမွေတို့ ဖြစ်ကြသည်။ မင်းတုန်းမင်းလက်ထက်တွင် ရွှေတိုက်စိုးဖြစ်လာပြီးနောက် အရှေ့ပြင်၊ တောင်ပြင်အခွန်ဝန်၊ တောင်တွင်းဝန်၊ ထို့နောက် သီပေါမင်းလက်ထက် ၃၀ မတ်၊ ၁၈၈၃ ၌ ပင်းနှတ်မောက်ကျောက်ပန်းတောင်း သုံးမြို့ဝန်၊ တောင်ငူရမည်းသင်းနှစ်မြို့ဝန် ရာထူးများ ထမ်းဆောင်ခဲ့သည်။ ဦးမင်းမောင်၏ မင်းပေးဘွဲ့မည်မှာ မဟာမင်းကျော်မင်းထင် ဖြစ်ပါသည်။

## မင်းထင်ရာဇကျော်ခေါင်၊ သံတော်ဆင့်တံတိုင်းရှည်ရွာအုပ်

မင်းထင်ရာဇကျော်ခေါင်သည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူသည် တံတိုင်းရှည်ရွာအုပ်အဖြစ်လည်း တာဝန်ထမ်းရွက်ရ၏။ ၁၈၇၆ ခုနှစ်တွင် သီပေါမင်းသားစာပြန်ထွက်စဉ် သံတော်ဆင့်မင်း လိုက်ပါစောင့်ကြပ်ခဲ့ရသည်။

## မင်းရာ၊ ဦး၊ အသုံးစာရေး

ဦးမင်းရာသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှသခ်ယာဘွဲ့ဖြင့် အသုံးစာရေးအဖြစ် အမှုထမ်းရ၏။ တိုက်ကျန် (၁၀)ရွာစားအဖြစ်လည်း အမည်ထင်ရှား၏။ ဦးမင်းရာကို မြေဒူးမြို့စားသင်းသေနတ်ဗိုလ် ဦးခူနှင့် ဗိုလ်ကတော်တို့မှ ဖွားမြင်ပါသည်။ ဦးမင်းရာတွင် မဝါနှင့် မောင်မောင်ဆိုသူ သားသမီးနှစ်ဦး ထွန်းကား၏။

## မောင်၊ ဦး၊ စာရေးကြီး

ဦးမောင်သည် မင်းတုန်းမင်းလက်ထက်တွင် စာရေးကြီးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၆၅ ခုနှစ် လက်ဝဲကြောင်းဗိုလ် ကွယ်လွန်စဉ်က နာရေးကူညီစာရင်း၌ ပါဝင်ခဲ့သည်။



## မောင်၊ ဦး၊ တံဆိပ်ဝန်

ဦးမောင်သည် ဗဒုံမင်းလက်ထက်တွင် သီရိရာဇသူဘွဲ့ခံ တံဆိပ်ဝန်အဖြစ် အမှုထမ်းခဲ့၏။ ဦးမောင်သည် ဇော်တလကျာ်ဘွဲ့ခံ လွှတ်တော်ဝန်ထောက် ဦးကျော်လှ၏နှမ ဒေါ်အောင်ဖြူမှဖွားမြင်သူဖြစ်သည်။ သူသည် ၁၈၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

## မောင်၊ ဦး၊ အသုံးစာရေး

ဦးမောင်သည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှသခ်ယာဘွဲ့ခံ အသုံးစာရေးအဖြစ် အမှုထမ်းခဲ့၏။ သူသည် ဝန်းတွင်း (၅)မြို့ဝန်အဖြစ်ပါ တာဝန်ထမ်းဆောင်ရပါသည်။ ဦးမောင်ကို စာရေးတော်ကြီး ဦးကသဲနှင့် မှန်နန်းအပျိုတော် ဒေါ်အိတို့မှ ဖွားမြင်ပါသည်။ ဦးမောင်သည် မစောနှင့် စုံဖက်ကာ မောင်တင်(နောင်ပုဂံဝန်ထောက်မင်းဦးတင်)နှင့် စာဆိုတော် ခင်သန့်တို့ကို ဖွားမြင်ပါသည်။

## မောင်ကလေး၊ ဦး၊ လောင်းရှည်ဝန်ကြီး

ဦးမောင်ကလေးကို သံလျင်မင်းကြီး ဦးကျော်ခေါင်နှင့် ဝန်ကတော်တို့မှ ၂၁၊ မတ်၊ ၁၈၀၄ တွင် ဖွားမြင်သည်။ သူသည် စစ်ကိုင်းမင်းလက်ထက်တွင် ရွှေတောင်မင်းငယ်ဘွဲ့ဖြင့် လက်ဖက်ရည်တော်အဖြစ် စတင်အမှုထမ်းခဲ့၏။ ထို့နောက် မင်းလှကျော်ထင်ဘွဲ့ဖြင့် မင်းစံကြီးလှေတော်အုပ်၊ ရွှေပန်းတန်လှေတော်အုပ်၊ လက်သုံးတော်ကိုင်ရာထူးများ ရရှိခဲ့သည်။ ၁၈၄၆ ခုနှစ် ပုဂံမင်း နန်းတက်သောအခါ ချွန်းတောင်မြို့စား ရွှေလွန်လှေအုပ်အရာ၊ ထို့နောက် မင်းကြီးမဟာမင်းလှကျော်ထင်ဘွဲ့ဖြင့် ရွှေမြို့တော်ဝန်အရာများ ခန့်အပ်ခံရပါသည်။ မင်းတုန်းမင်းလက်ထက်တွင် အတွင်းဝန်၊ ငွေခွန်ဝန်၊ လှေသင်းဝန်ရာထူးများဖြင့် လောင်းရှည်မြို့စားအရာ ရရှိခဲ့သည်။ အတွင်းဝန် ဦးမောင်ကလေးသည် ၁၈၆၁ ခုနှစ်၊ မေလတွင် ဝန်ကြီးရာထူး တိုးမြှင့်ခန့်ထားခံခဲ့ရ၏။ လောင်းရှည်မြို့စားဝန်ကြီး၏ မင်းပေးဘွဲ့မည်မှာ သတိုးမင်းကြီးမဟာစည်သူ ဖြစ်ပါသည်။

လောင်းရှည်ဝန်ကြီးသည် ပုံပန်းသဏ္ဍာန်အားဖြင့် လည်စောင်းလျက် ရှိသည်ဆို၏။ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



အရေးတွင် ဓားဒဏ်ရာရရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ဇန်းမော်ဆရာတော် ၏ စာချိုးပါ 'လောင်းရှည်မှာ ဓား' ဆိုသည်မှာ ဝန်ကြီးဓားဒဏ်ရာကြောင့် လည်စောင်းနေသည်ကို ဆိုလိုရင်းဖြစ်ပါသည်။ လောင်းရှည်ဝန်ကြီး ဦးမောင် ကလေးသည် သီပေါမင်းလက်ထက်တွင်လည်း ဝန်ကြီးရာထူးဖြင့် ဆက်လက် အမှုထမ်းရွက်ခဲ့ရပြီး ၁၀၊ ဖေဖော်ဝါရီ၊ ၁၈၈၃ တွင် ကွယ်လွန်ပါသည်။ ဝန်ကြီး၏ရျာပနကို ဆင်ဖြူမရှင်မိဖုရားကြီးကိုယ်တိုင် တက်ရောက်ခဲ့၏။

လောင်းရှည်ဝန်ကြီးတွင် ညီအစ်ကိုမောင်နှမ(၁၃)ဦးရှိပြီး ထင်ရှား သူတို့မှာ မိတ္ထီလာမြို့စား မြောက်နန်းမိဖုရား၊ အတွင်းဝန်ကျီဝန်ကတော်၊ အတွင်းဝန်ဇန်းမော်ဝန်ကတော်၊ ပြင်စည်မြို့စား မှန်နန်းအပျိုတော်၊ လက်ဖက် ရည်တော် မင်းလှမင်းထင်ရာဇာတို့ ဖြစ်ကြသည်။ လောင်းရှည်ဝန်ကြီး၏ ဝန်ကတော်မှာ ဗဒုံမင်းလက်ထက် လက်ဝဲဝင်းမှူး ဦးတော၏သမီးဖြစ်ပြီး ယင်းတောဝန်ကြီး၏မိခင်နှင့် ညီအစ်မတော်စပ်သူဖြစ်သည်။ ဝန်ကြီး၏သား သမီးများထဲတွင် ထင်ရှားသူတို့မှာ မြင်းစုကြီးဝန်ကတော်၊ မကွေးမင်းကြီး၏ ချွေးမ၊ မင်းတုန်းမင်း၏ ထီးလှိုင်တိုက်စား မိဖုရား၊ စီးတော်မြင်းဝန်တို့ ဖြစ်ကြသည်။

ဝန်ကြီး၏ ကုသိုလ်တော်များအနက် ရေစကြိုမြို့နယ်၊ ရေရှားရွာ၊ ရွှေပွင့်လင်းဘုရားဝင်းအတွင်းရှိ ခေါင်းလောင်းကြီးမှာ ထင်ရှားပါသည်။ ကြေးချိန် (၂၃၉၃၀)ကျပ်ရှိပြီး ငွေဒင်္ဂါး (၉၃၀)ကျပ်ဖြင့် ခေါင်းလောင်းကြီး ကို သွန်းလုပ်ခဲ့သည်။ ခေါင်းလောင်းမှာ ဝန်ကြီး ကွယ်လွန်ပြီး ၁၈၈၃ ခု၊ ဇူလိုင်လ ရောက်မှသာ ရေစကျ်ချလှူဒါန်းနိုင်ခဲ့သည်။ ယင်းခေါင်းလောင်း၌ ရေးထိုးထားသော ခေါင်းလောင်းစာ ကမ္ပည်းမှတ်တမ်းတွင် ဝန်ကြီး၏ အတ္ထုပ္ပတ္တိကို တွေ့ရှိရသည်။

## မောင်ကလေး၊ ဦး၊ ဝန်စာရေး

ဦးမောင်ကလေးသည် သာယာဝတီမင်းလက်ထက် ယင်းတောဝန်ကြီး ဦးတုတ်ကြီး၏ ဝန်စာရေး ဖြစ်ပါသည်။ သူသည် စစ်ကိုင်းခရိုင်၊ ငါန်းဇွန်ရွာ ဇာတိဖြစ်ပြီး ယင်းတောဝန်ကြီး၏တူလည်း တော်စပ်၏။ ဦးမောင်ကလေး သည် မင်းတုန်းမင်းလက်ထက်တွင် ရေနံချောင်းမြို့အုပ်အရာ ရရှိခဲ့သည်။ သူ့တွင် ဦးပိုးတူဆိုသည့်သားတစ်ဦးရှိပြီး ဦးပိုးတူမှ ဖွားမြင်သူ ဦးဖေပုမှာ



## မောင်ကလေး၊ ဦး၊ အဝေးရောက်မင်း

ဦးမောင်ကလေးသည် မင်းတုန်းမင်းလက်ထက်တွင် အဝေးရောက်စာရေး ရာထူး ရရှိခဲ့သည်။ ဦးမောင်ကလေးကို စာရေးတော်ကြီး ဦးကသဲနှင့် ဇနီးဒေါ်အိတို့မှ ဖွားမြင်ပါသည်။ မွေးချင်း (၅)ဦးရှိရာ ဦးမောင်(အသုံး စာရေး)၊ မရွှေမ(လက်ျာကြောင်း ဗိုလ်ကတော်)၊ မတုတ်(မှန်နန်းအပျိုတော်)၊ ဦးမောင်ကလေးနှင့် ဦးစု(ပုဂံမြို့ဝန်)တို့ ဖြစ်ကြသည်။

## မောင်ကို၊ ဦး၊ မကွေးဝန်ထောက်

မကွေးဝန်ထောက်ဦးမောင်ကိုသည် မြို့သစ်ဝန်ထောက်ဦးရွှဲနှင့် ဒေါ်ကုတ်စီ တို့၏ သားဖြစ်၏။ မင်းပေးဘွဲ့မည်မှာ မင်းကြီးမဟာမင်းလှမင်းခေါင် ဖြစ်သည်။ ဦးမောင်ကိုသည် မွေးချင်း (၆)ဦးအနက် အကြီးဆုံးဖြစ်၏။ ညီအစ်ကိုမောင်နှမများမှာ ဦးမောင်ကို၊ မမှူး၊ မကူး၊ မခြူး၊ မောင်ရွှေမောင်၊ မညွှာတို့ ဖြစ်ကြသည်။ မမှူးသည် သီရိပဘာမဟောဘွဲ့ခံ မင်းတုန်းမင်း၏ နန်းဦးမိဖုရား ဖြစ်၏။ မကူးမှာ ချွန်းတောင်မြို့စား မှန်နန်းအပျိုတော်၊ မခြူးမှာ ရတနာလှော်ကားတော်မှူးကတော်၊ ဦးရွှေမောင်မှာ အတ္တပတ် မြင်းဝန်၊ မညွှာမှာ သံတော်ဆင့်ကတော်တို့ ဖြစ်ကြသည်။ ဦးမောင်ကို၏ ဝန်ထောက်ကတော်မှာ ဒေါ်ရွှေမယ်ဖြစ်ပြီး သမီးမှန်နန်းအပျိုတော်ခင်ခင်ကို ဖွားမြင်ပါသည်။ ခင်ခင်မှာ နောင်ပုဂံဝန်ထောက် ဦးတင်၏ဇနီး ဖြစ်လာ ပါသည်။ ၁၈၈၂ မတ်လတွင် ဝန်ထောက်ဦးမောင်ကို ရာထူးကျသွား၏။

## မောင်ကြီး၊ ဦး၊ ရွှေတိုက်စိုး

ဦးမောင်ကြီးသည် သီပေါမင်းလက်ထက်တွင် ရွှေတိုက်စိုးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ဦးမောင်ကြီး၏သမီး ဒေါ်မေသည် အသက် (၇၅)နှစ် အရွယ် ၁၉၅၆ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။

## မောင်ကြီး၊ ဦး၊ ဝန်ထောက်

ဦးမောင်ကြီးသည် မင်းတုန်းမင်းလက်ထက်တွင် လွှတ်တော်စာရေးကြီး၊ ဝန်ထောက်ရာထူးများဖြင့် အမှုထမ်းခဲ့ရ၏။ သူသည် ညောင်ဝန်းဝန်ထောက် ဦးဘိုးအို၏သားဖြစ်ပြီး နောင်တွင် မြေဒူးမြို့ဝန် ဖြစ်လာပါသည်။ စာဆိုတော် တစ်ဦးလည်းဖြစ်သည့်အားလျော်စွာ သီဟဇာတ်ပြဇာတ်ကို ရေးဖွဲ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**မောင်ကြီး၊ ဦး၊ သံတော်ဆင့်**

ဦးမောင်ကြီးသည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူး ရရှိခဲ့သည်။ ဘွဲ့မည်မှာ နေမျိုးဇေယျာသင်္ခယာ ဖြစ်သည်။ သူသည် သာယာဝတီမင်းလက်ထက်တွင် ပြည်မင်းသားကြီး၏အမှုထမ်းဖြစ်ခဲ့ဖူး၏။ ဦးမောင်ကြီးသည် 'လွှတ်တုသာ ကြူးတော့တယ်' ချီလေးချိုး၊ ရွှေတိဂုံထီးတော်ဘွဲ့စသည့် ကဗျာများကို ရေးဖွဲ့ခဲ့သည့် စာဆိုတော်တစ်ဦး ဖြစ်သည်။

**မောင်ငယ်၊ ဦး၊ ငွေခွန်ဝန်**

ဦးမောင်ငယ်သည် သီပေါမင်း လက်ထက်တွင် ငွေခွန်ဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် ဒိုင်းခင်ခင်အမှုတွင် ဖမ်းဆီးအကျဉ်းချခံခဲ့ရသည်။ ငွေခွန်ဝန်ဦးမောင်ငယ်၏ မင်းပေးဘွဲ့မည်မှာ မဟာမင်းထင်မင်းလှသင်္ခယာ ဖြစ်ပါသည်။

**မောင်မောင်၊ ဦး၊ စာတော်ဖတ်**

စာတော်ဖတ်ဦးမောင်မောင်သည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦးဖြစ်၏။ ဦးမောင်မောင်ကို တိုက်ကျနို(၁၀)ရွာစား အသုံးစာရေး ဦးမင်းရာနှင့် ဇနီးတို့မှ ဖွားမြင်ပါသည်။ သူ့တွင် မဝါဆိုသူ အစ်မတစ်ဦး ရှိ၏။ ဦးမောင်မောင်သည် စောင်းဆရာ၊ စာဆိုတော်အဖြစ်လည်း ထင်ရှားပါသည်။

**မောင်မောင်ကြီး၊ ဦး၊ ကွမ်းရေတော်**

ဦးမောင်မောင်ကြီးသည် မင်းတုန်းမင်လက်ထက်တွင် ဒေဝက္ကန္တာဘွဲ့ခံကွမ်းရေတော်၊ စောင်းသမားရာထူးများဖြင့် အမှုထမ်းရွက်ခဲ့သည်။ သူ့ကိုလွှတ်တော်စာရေးကြီး ဦးမောင်မောင်ဖိုးနှင့် ဇနီးတို့မှ ၁၈၅၄ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းများမှာ ခင်ခင်(ရွှေတော်ပြေးမှူးကတော်)၊ မောင်မောင်ဖုန်း(ဗန်းမော်အကောက်ဝန်)၊ မောင်မောင်ကြီး၊ ခင်လေးငယ်၊ မောင်မောင်ရှန်း၊ မောင်မောင်အုံးတို့ ဖြစ်ကြသည်။ မောင်မောင်ကြီးသည် (၁၃)နှစ်သားအရွယ်ကပင် ဒေဝက္ကန္တာဘွဲ့ခံကွမ်းရေတော် ဖြစ်လာခဲ့သည်။ အသက်(၂၂)နှစ်အရွယ်တွင် ရဟန်းဝတ်သွားခဲ့သည်။ ထို့နောက် သီပေါမင်း နန်းတက်စတွင် လူထွက်ကာ လက်ဖက်ရည်တော်အဖြစ် ခန့်အပ်ခံရပြန်သည်။ ပါတော်မူ



စဉ် မကွေးသို့ တိမ်းရှောင်ခဲ့၏။ ဇနီးဒေါ်ခနှင့် ၁၉၃၂ ခုနှစ်တွင် သားမောင်လေးခင်ကို ဖွားမြင်ပါသည်။ ဦးမောင်မောင်ကြီးသည် ၁၉၃၂ ခုနှစ်တွင် ရဟန်းဘဝဖြင့် ကွယ်လွန်ခဲ့၏။

**မောင်မောင်ကြီး၊ လယ်ကိုင်း၊ စားတော်ကွမ်းရေကိုင်**

လယ်ကိုင်းမောင်မောင်ကြီးသည် မင်းတုန်းမင်းလက်ထက်တွင် စားတော်ကွမ်းရေကိုင်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူ့တွင် ခင်ခင်ဆိုသူ သမီးတစ်ဦးရှိပါသည်။ လယ်ကိုင်းမောင်မောင်ကြီး၏ မင်းပေးဘွဲ့မည်မှာ မင်းလှစည်သူကျော် ဖြစ်သည်။ နာရေးကြော်ငြာတစ်စောင်အရ လယ်ကိုင်းမောင်မောင်ကြီးတွင် တိုက်သူကြီး ဦးမောင်မောင်၊ ဒေါ်ခင်လှကြွယ်နှင့် ဒေါ်ခင်ခင်သိန်းဟူသော သားသမီးများထွန်းကားခဲ့ကြောင်း တွေ့ရှိရ၏။ အသက် (၆၈)နှစ်အရွယ်ရှိ ဒေါ်ခင်ခင်သိန်းသည် သွေးတိုးရောဂါဖြင့်ကွယ်လွန်ရာ (၈-၁-၅၈)တွင် သင်္ဂြိုဟ်ပြီးစီးကြောင်း သိရှိရ၏။

လယ်ကိုင်းမောင်မောင်ကြီးသည် သီပေါမင်းပါတော်မူသွားပြီးနောက် မြင်ကွန်းမင်းသားကြီး၏ အတွင်းဝန်အဖြစ် အမှုထမ်းခဲ့သည်။ နောက်ပိုင်း ယိုးဒယားနိုင်ငံသို့ ပြောင်းရွှေ့သွားကာ သာသနာ့ဘောင်သို့ဝင်ရောက်သွားခဲ့သည်။

**မောင်မောင်ကြွယ်၊ ဦး၊ စာတော်ဖတ်**

ဦးမောင်မောင်ကြွယ်သည် မင်းတုန်းမင်းလက်ထက်တွင် စာတော်ဖတ်အဖြစ်အမှုထမ်းခဲ့ရ၏။ သူသည် ဦးမောင်မောင်အိုးနှင့် ဒေါ်ခင်ခင်ထားတို့၏သားဖြစ်ပြီး မင်းတုန်းမင်း၏ မိဖုရားတစ်ပါးဖြစ်သူ မိကျောင်းတက်မိဖုရား၏မောင်အရင်းတော်စပ်သူလည်း ဖြစ်ပါသည်။ ဇနီးဖြစ်သူမှာ ရေနံချောင်းမြို့စားဝန်ကြီး ဦးမောင်ကလေး၏သမီး (ရနောင်မောင်မောင်တုတ်၏နှမအငယ်ဆုံးဖြစ်သူ) စာတော်ဖတ် ရင်းမာချောင်းခင်လေး ဖြစ်သည်။ စာတော်ဖတ် ဦးမောင်မောင်ကြွယ်တို့ ဇနီးမောင်နှံမှ ဒေါ်ခင်မမ၊ ဒေါ်ခင်ဆိုး၊ ဒေါ်ခင်တိုး၊ ဒေါ်ခင်မိမိနှင့် ဦးစံတို့ကို ဖွားမြင်ခဲ့ရာ ဒေါ်ခင်ဆိုးမှာ စာရေးဆရာ တက္ကသိုလ်ထင်ကြီး၏ မိခင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**မောင်မောင်ငယ်၊ ဦး၊ ကွမ်းရေတော်**

ဦးမောင်မောင်ငယ်သည် သီပေါမင်းလက်ထက်တွင် ကွမ်းရေတော်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ပေဘင်သာ၊ ညောင်အုပ် (၂)မြို့ဝန် သံတော်ဆင့်ဦးအို၏ သားဖြစ်ပြီး ရန်ကုန်မြို့ဝန် ဦးညို၏မြေးလည်း တော်စပ်၏။

**မောင်မောင်တင်၊ ဦး၊ ပြတိုက်သံတော်ဆင့်**

ဦးမောင်မောင်တင်သည် သီပေါမင်းလက်ထက်တွင် ပြတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့သည်။ သူသည် စောလုထိပ်ခေါင်တင်မင်းသမီး၏ ဘဏ္ဍာတော်စိုးခင်ဖွားနှင့် စုံဖက်ကာ ၁၈၉၁ ခုနှစ်တွင် ဒေါ်စောမြအေးကြည်ကို ဖွားမြင်ခဲ့သည်။

**မောင်မောင်တုတ်၊ ရနောင်၊ မြောက်ထားဝယ်မိုလ်**

ရနောင်မြို့စားမြောက်ထားဝယ်မိုလ် မောင်မောင်တုတ်ကို ရေနံချောင်းမြို့စားဝန်ကြီး ဦးပိန်နှင့် ဝန်ကတော်တို့က ၃၊ ဇူလိုင်၊ ၁၈၄၆ တွင် ဖွားမြင်ခဲ့သည်။ သီပေါမင်းထက် အသက်(၁၀)နှစ်ခန့် ကြီးသည်ဟုလည်း ဆိုပါသည်။ သီပေါမင်းသား၏ မင်္ဂလာအိမ်တော်ပါ လူပျိုတော်သားဖြစ်ပြီး သီပေါမင်းနန်းတက်စတွင် မြောက်ထားဝယ်မိုလ်ရာထူး ရရှိခဲ့သည်။ ထို့နောက် ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ကိုလည်း ရရှိခဲ့သည်။ ရနောင်မောင်မောင်တုတ်၏ ထင်ရှားသော ဇနီးများမှာ အမရပူရမှ ရက်ကန်းသည် ခင်ခွေကြီး၊ ထန်းသမားဦးပိန်၏သမီး ခင်ထားမြ၊ ခင်ညွှာ၊ ခင်သက်၊ ခင်ဘုန်းရှင်၊ ခင်မိုးသူ၊ ခင်ဖြူ၊ မိမိသစ်၊ ခင်နှင်းဥ၊ ဆင်ခိုးမလေးနှင့် ခင်ဦးတို့ ဖြစ်ကြသည်။ ၂၀၊ မတ်၊ ၁၈၈၂ တွင် ရနောင်မောင်မောင်တုတ် စီရင်လုပ်ကြံခြင်းခံခဲ့ရသည်။

**မောင်မောင်တုတ်၊ ဦးသံတော်ဆင့်**

ဦးမောင်မောင်တုတ်သည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် အိမ်ရှေ့စံကနောင်မင်းသားကြီး၏ သမီး ထိပ်ခေါင်တင်စုဖုရားလှ၏ ခင်ပွန်းဖြစ်ပြီး ဘွဲ့မည်မှာ မင်းထင်မင်းလှသီရိစည်သူ ဖြစ်သည်။ သံတော်ဆင့်မောင်မောင်တုတ်နှင့်ဇနီး ညောင်ဇင်မြို့စားမင်းသမီး ထိပ်ခေါင်တင်ဖုရားလှတို့မှ ထိပ်တင်ကြီးကို ဖွားမြင်ခဲ့သည်။



**မောင်မောင်ပု၊ ကွမ်းရေတော်**

မောင်မောင်ပုသည် သီပေါမင်းလက်ထက်တွင် ကွမ်းရေတော်ရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူသည် မင်းလှမင်းကျော်ဘွဲ့ခံ ဦးရောက်နှင့်ဇနီးတို့မှ ဖွားမြင်ခဲ့သူဖြစ်သည်။ မွေးချင်းနှမတစ်ဦးမှာ မိသက်ရှည်ဖြစ်သည်။ ထို့ပြင် မောင်မောင်စုဆိုသူ အစ်ကိုတစ်ဦးလည်း ရှိပါသည်။ မောင်မောင်ပုသည် ဇနီး (၄)ဦးထက်မနည်းရှိပြီး ယင်းတို့အနက်တစ်ဦးမှာ မစောဖြစ်ကြောင်း သိရှိရသည်။

**မောင်မောင်ပြောင်း၊ ဦး၊ သူရဲဝန်**

သီပေါမင်းလက်ထက် သူရဲဝန်မောင်မောင်ပြောင်းကို ရေနံချောင်းဝန်ကြီး ဦးပိန်နှင့် ဝန်ကတော်တို့မှ ဖွားမြင်ပါသည်။ မွေးချင်းများမှာ ရနောင်မောင်မောင်တုတ်၊ ပင်းသာမြို့စားမောင်မောင်ပြောင်းနှင့် ယင်းမာချောင်းခင်လေးတို့ ဖြစ်ကြ၏။ သူ၏ဇနီးမှာ သူရဲဝန်ဦးရွှေလုံး၏သမီးငယ် ခင်ဖူးဖြစ်ပြီး သားသမီး (၅)ဦး ထွန်းကားခဲ့၏။ သမီးအကြီးဆုံးမှာ တောင်သာမြို့စား အပျိုတော်ခင်ခင်ကြီးဖြစ်ပြီး ကျန်သမီးနှစ်ဦးမှာ ခင်ခင်လတ်နှင့် ခင်ခင်ငယ်တို့ ဖြစ်ကြသည်။ သားကြီးဖြစ်သူ ပင်းသာခင်မောင်ကြီးမှာ ဒေါ်ခင်လှနှင့် စုံဖက်ကာ သားနှစ်ဦးကို ဖွားမြင်ခဲ့သည်။

သူရဲဝန်မောင်မောင်ပြောင်းသည် ဒိုင်းခင်ခင်အမှုတွင် ဖမ်းဆီးခံခဲ့ရ၏။ အင်္ဂလိပ်အစိုးရလက်ထက် နှစ်အတန်ကြာမှ ကွယ်လွန်ခဲ့သည်။ သူရဲဝန်မောင်မောင်ပြောင်း၏ မင်းပေးဘွဲ့မည်မှာ မဟာမင်းထင်ပညာသီရိသင်္ခယာ ဖြစ်သည်။

**မောင်မောင်ဖိုး၊ ဦး၊ စာရေးတော်ကြီး**

ဦးမောင်မောင်ဖိုးသည် မင်းတုန်းမင်းလက်ထက်တွင် စာရေးတော်ကြီးရာထူးကို ရရှိခဲ့၏။ သူသည် မင်းတုန်းမင်း မန္တလေးသို့ ပြောင်းရွှေ့နန်းစံစဉ် လိုက်ပါအမှုထမ်းခဲ့သည်။ ၁၈၇၆ ခုနှစ်ခန့်တွင် ဦးမောင်မောင်ဖိုး ကွယ်လွန်ပါသည်။ စာရေးတော်ကြီး ဦးမောင်မောင်ဖိုး၏ သားသမီးများမှာ ခင်ခင်(စာတော်ဖတ်)၊ မောင်မောင်ဖုန်း(ဗန်းမော်အကောက်ဝန်)၊ မောင်မောင်ကြီး(ဒေဝဏ္ဏနွှာ)၊ ခင်လေးငယ်၊ မောင်မောင်ရှိန်း၊ မောင်မောင်အုံးတို့ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မောင်မောင်ဘ၊ ဦး၊ ရွှေပြည်ဝန်**

ဦးမောင်မောင်ဘသည် မင်းတုန်းမင်းလက်ထက်တွင် ရွှေပြည်ဝန်ရာထူး ရရှိခဲ့၏။ ဘွဲ့မည်မှာ မင်းလှကျော်ထင် ဖြစ်ပါသည်။ မောင်မောင်ဘကို ယောမင်းကြီး ဦးဘိုးလှိုင်နှင့် ဝန်ကတော် ဒေါ်ခင်ဖြူတို့မှ ဖွားမြင်ပါသည်။ သူသည် အသက် (၂၄)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့၏။

**မောင်မောင်ယော၊ ဦး၊ စာရေးတော်ကြီး**

ဦးမောင်မောင်ယောသည် သီပေါမင်းလက်ထက်တွင် ဒင်္ဂါးတိုက်စာရေးတော်ကြီးအဖြစ် အမှုထမ်းရ၏။ သူသည် မင်းတုန်းမင်းလက်ထက် မင်းလှမင်းထင်သခ်ယာဘွဲ့ခံ စာဆိုတော်တာဘက်ဆွဲရွာစား ဦးမြရစ်၏ စတုတ္ထသားဖြစ်ပါသည်။ ဦးမောင်မောင်ယောနှင့် ဇနီးဒေါ်ဖော့တို့မှ ဦးဘဦးကို ဖွားမြင်ခဲ့သည်။

**မောင်မောင်လေး၊ တောင်ထားဝယ်မိုလ်**

တောင်ထားဝယ်မိုလ် မောင်မောင်လေးသည် ကျောက်ဆောက်မြို့စားဖြစ်ပြီး တိုင်တားမင်းကြီး ဦးဖိုးနှင့် ဝန်ကတော် ဒေါ်မယ်တို့၏ သားအငယ်ဆုံးဖြစ်သည်။ မွေးချင်းများမှာ ပတိမ်းသခင်(တောင်ထားဝယ်မိုလ်ဦးတိုး၏ဇနီး)၊ ခင်တုတ်(ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးကတော်)နှင့် မောင်မောင်လေးတို့ ဖြစ်ကြပါသည်။ တောင်ထားဝယ်မိုလ် မောင်မောင်လေးသည် မြို့တော်ဝန် ဦးပေစေနှင့် ဝန်ကတော်သုံးမြို့စား သခင်မကြီးတို့သမီး ဒေါ်သီတာခင်လေးနှင့် စုံဖက်ကာ ဦးခင်မောင်ကလေးကို ဖွားမြင်ပါသည်။ သူ၏သား ဦးခင်မောင်ကလေးမှာ လေ့သူကြီးမျိုးရိုးမှဆင်းသက်လာသူ ဒေါ်စံမြင့်နှင့် စုံဖက်ကာ သားကိုသာနိုး(စာရေးဆရာဦးသာနိုး)ကို ၆၊ မေ၊ ၁၉၃၂ တွင် ဖွားမြင်ခဲ့သည်။

**မောင်မောင်သင်၊ ဦး၊ သံတော်ဆင့်**

သံတော်ဆင့် ဦးမောင်မောင်သင်သည် ဒေးဝန်းအကောက်ဝန် ဦးမောင်၏ သားဖြစ်သည်။ သူသည် လောင်းရှည်မိဖုရား၏မောင် ခေါင်းတုံးမြို့စား ဦးဖိုးကြီးနှင့် နံ့တည်မင်းသမီးတို့မှ ဖွားမြင်သော အင်ထောက်သာမင်းသမီးနှင့် စုံဖက်ကာထိပ်တင်မကြီး၊ ထိပ်တင်ဦးကြီးနှင့် ထိပ်တင်ကြီးတို့ကို ဖွားမြင်ပါသည်။ သံတော်ဆင့် ဦးမောင်မောင်သင်သည် ၁၉၁၂ ခုနှစ် ရတနာဂီရိသွားအဖွဲ့နှင့် လိုက်ပါခဲ့သည်။



**မောင်မောင်အို၊ ဦး၊ လက်ဖက်ရည့်တော်**

ဦးမောင်မောင်အိုသည် မင်းတုန်းမင်းလက်ထက်တွင် လက်ဖက်ရည်တော်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူ၏ သန္နိုင်းဂူကို မိုးခြံတိုက်အနီး၌ တွေ့ရှိရပါသည်။

**မြ၊ ဦး၊ လက်ဖက်ရည်တော်**

ဦးမြသည် သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ကသည်းမြင်းစာရေးရာထူးကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရသည်။ ဦးမြကို ၁၉၁၂ ခုနှစ် ရတနာဂီရိသွားမည့်သူများ စာရင်းတွင် တွေ့ရှိရသည်။

**မြူ၊ ဦး၊ သံချက်ဝန်**

သီပေါမင်း လက်ထက်တွင် မင်းကြီးမင်းလှမဟာစည်သူဘွဲ့ဖြင့် သံချက်ဝန်ထောက်အဖြစ် အမှုထမ်းခဲ့သော ဦးမြူကို ၁၈၄၃ ခုနှစ်ခန့်တွင် ဖွားမြင်ပါသည်။ ငယ်စဉ်က ပြင်သစ်ခရစ်ယန်သာသနာပြု ဘုန်းကြီးထံ အင်္ဂလိပ်စာသင်ဖူးသည်။ အသက် (၁၇)နှစ်အရွယ်တွင် လက်ဖက်ရည်တော်အဖြစ် စတင်အမှုထမ်းခဲ့၏။ ၁၈၆၂ ခု၊ ဒီဇင်ဘာလတွင် မောင်မြူနှင့် မောင်အောင်သူတို့ ပြင်သစ်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့ကြသည်။ သူသည် ဗဟိုစက်မှုသိပ္ပံကျောင်း၌ (၄)နှစ် ပညာသင်ကြားပြီး သိပ္ပံဘွဲ့ ရရှိခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် သတ္တုဗေဒစက်မှုသိပ္ပံပညာများ သင်ယူပြန်၏။ ထို့နောက် ဓာတုဗေဒပညာရပ်ကို ဆက်လက်သင်ယူပြန်သည်။ ၁၈၆၈ ခုနှစ်၊ ဇူလိုင်လတွင် မောင်မြူ မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့သော်လည်း ၁၈၇၀ ဝန်းကျင်၌ ပညာတော်သင် ထပ်မံသွားရောက်ခဲ့ရပြန်၏။ နောက်ပိုင်းတွင် အင်္ဂလန်သို့ သွားရောက်ကာ ခဲယမ်းမီးကျောက်ပညာများ သင်ယူခဲ့သည်။

၂၇၊ ဇွန်၊ ၁၈၇၂ တွင် မောင်မြူအင်္ဂလန်မှပြန်လာကာ ရေနံချက်လုပ်ငန်းကို ဦးစီးရ၏။ ထိုစဉ်က ရေနံချက်လုပ်ငန်းသည် တောင်ထားဝယ်မိုလ်၏ လက်အောက်ခံဖြစ်သည်။ ဦးမြူသည် သီပေါမင်းလက်ထက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်ရာထူးရရှိကာ ၁၈၈၂ ခုနှစ် ဆင်းမလားသွားသံအဖွဲ့နှင့် လိုက်ပါ ရသည်။ ၁၈၈၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့သွားရောက်ကာ စက်မှုလုပ်ငန်းများ လေ့လာခဲ့သည်။ ၁၈၈၅ ခုနှစ်၊ မေလကုန်တွင် ပြန်လည် ရောက်ရှိလာခဲ့သည်။ ၃၀၊ ဇွန်၊ ၁၈၈၅ တွင် ပြင်သစ်သံအမတ်အဖြစ် ခန့်အပ်ခံရသဖြင့် ဇနီးဝန်ကတော် ဒေါ်ရွှေရည်နှင့်အတူ ၁၂၊ ဇူလိုင်၊ ၁၈၈၅ တွင် မန္တလေးမှ ထွက်ခွာခဲ့၏။ သို့သော် သီပေါမင်းပါတော်မူချိန်၌ ပညာတော်သင် (၂၂)ဦးနှင့်အတူ ပြင်သစ်နိုင်ငံ၌ သောင်တင်နေခဲ့ရာ သံချက်ဝန် ဦးမြူအနေဖြင့် ဗြိတိသျှအစိုးရအကူအညီနှင့် ၁၈၈၆ ခု၊ ဖေန်နဝါရီပြန်လည် ရောက်ရှိခဲ့သည်။ နောက်ပိုင်း သမာဓိမြို့ဝန်ဖြစ်လာပြီး အေတီအမ်ဘွဲ့ ရရှိခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် ဦးမြူ မန္တလေးမြို့၌ ကွယ်လွန်ခဲ့ပါသည်။

## မြဲ၊ ဦး၊ စာရေးတော်ကြီး

ဦးမြဲသည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးရာထူးဖြင့် အမှုထမ်းခဲ့၏။ ဦးမြဲကို ၂၄၊ ဖေန်နဝါရီ၊ ၁၂၀၃ တွင် ရွှေဘိုမြို့၊ သမန်းတောရွာ၌ ဖွားမြင်ခဲ့သည်။ ဦးမြဲသည် ဗြိတိသျှအစိုးရလက်ထက်၌ ဝန်ထောက်ရာထူး ရရှိသဖြင့် ဒီပဲယင်းဝန်ထောက် ဦးမြဲဟု အမည်တွင်သည်။ ဇနီးနှစ်ဦးရှိရာ (ပ)ဇနီး ဒေါ်ခင်ပုံမှ သမီးခင်သော့ကြီး၊ (ဒု)ဇနီး ဒေါ်စုမှ သားဦးခင်မောင်မြင့်တို့ကို ဖွားမြင်ပါသည်။ ဦးမြဲ၌ ဦးရဲဆိုသူ ညီတစ်ဦးလည်း ရှိ၏။

၁၈၅၃ ခုနှစ်တွင် ဖခင်က မင်းတုန်း၊ ကနောင်မင်းသားများထံ အမှုထမ်းရာမှ ဦးမြဲအမရပူရသို့ ရောက်ရှိခဲ့သည်။ ဦးမြဲသည် ဦးဖွာ လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် ကလကတ္တားသို့ ပညာတော်သင် စေလွှတ်ခံခဲ့ရသည်။ ထို၌ (၄)နှစ်ခန့်နေ၍ ပြန်လာခဲ့၏။ ၁၈၆၉ ခု၊ ဇူလိုင်လတွင် အင်္ဂလန်နိုင်ငံသို့ စစ်ပညာသင်စေလွှတ်ခံခဲ့ရပြန်သည်။

## မြင့်၊ ဦး၊ အမှာတော်ရေး

ဦးမြင့်သည် သီပေါမင်း လက်ထက်တွင် အမှာတော်ရေးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၁၊ ဇွန်၊ ၁၈၈၆ ခု မာမက်သာထက်၏ အမှု၌ သက်သေအဖြစ် ဝင်ရောက်ထွက်ဆိုခဲ့ရ၏။



## မြစ်၊ ဦး၊ လက်ဖက်ရည်တော်

ဦးမြစ်သည် သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်တော်အဖြစ် အမှုထမ်းရ၏။ သူ့တွင် ဇနီးသုံးဦးရှိရာ ပထမဇနီး ဒေါ်ခင်ပုံ၊ ဒုတိယဇနီး ဒေါ်သင်နှင့် တတိယဇနီး ဒေါ်လေးခင်တို့ ဖြစ်ကြသည်။ ဒေါ်လေးခင်မှ သခင်ဘသောင်းကို ဖွားမြင်ခဲ့သည်။ ဦးမြစ်နှင့် ဒေါ်ပုံတို့သည် သီပေါမင်း နန်းတက်စ မင်းညီမင်းသားများ လုပ်ကြံသတ်ဖြတ်ခံရစဉ်က အချို့ကို ခေါ်ယူထိန်းသိမ်းထားသဖြင့် အသက်ချမ်းသာရာရကြောင်း သီပေါမင်းက မိန့်ဆိုဖူး၏။ သခင်ဘသောင်း (၇)တန်းအောင်၍ စကောလားရှစ်ရသော နှစ်၌ ဦးမြစ် ဆုံးပါးသွားသဖြင့် ဦးထွန်းရှိန်က ကျောင်းဆက်ထားခဲ့ရသည် ဆိုပါသည်။

## မြတ်၊ ဦး၊ ယောမြို့စားဝန်ကြီး

ဦးမြတ်သည် မြေဒူးမင်း လက်ထက်တွင် နေမျိုးသီရိနော်ရထာဘွဲ့ဖြင့် ဝန်ထောက်ရာထူး ရရှိခဲ့ဟန်ရှိပြီး ဗဒုံမင်း နန်းတက်စတွင် ဝန်ကြီးဖြစ်လာ၏။ ဗဒုံမင်းသည် ၂၃၊ မေ၊ ၁၇၈၃ ခုနှစ် ဥကင်သမင်္ဂလာအပြီးတွင် နေမျိုးသီရိနော်ရထာအား မဟာဇေယျသင်္ကြံန်ဘွဲ့ ပေးအပ်ခဲ့သည်။ ၁၁၊ ဇူလိုင်၊ ၁၇၈၃ ခုနှစ်တွင် ယောမြို့ကို မြို့စားအရာရရှိခဲ့သဖြင့် ယောမြို့စားဝန်ကြီးဟု ထင်ရှားခဲ့သည်။ မကြာမီ မဟာသီရိသီဟသူဘွဲ့ ပြောင်းလဲပေးအပ်ခြင်း ခံခဲ့ရသည်။ ၁၊ စက်တင်ဘာ၊ ၁၇၈၅ ခုနှစ် အမိန့်တော်တွင် ယောမြို့စားဝန်ကြီး ဦးမြတ်အပါအဝင် ဝန်ကြီးအားလုံးကို ဗဒုံမင်း အမျက်တော်ရှကာ ရာဇဝတ်သင့်စေ အမိန့်ထုတ်ပြန်ခဲ့သည်။ သို့သော် မကြာမီ အမျက်ပြေသွားပြီး ကင်းလွတ်ခွင့်ပေးခဲ့၏။

## မြတ်ကျော်၊ ဦး၊ ဝန်ထောက်

ဦးမြတ်ကျော်သည် စစ်ကိုင်းမင်းလက်ထက်တွင် စာရေးကြီးရာထူးမှ မဟာကျော်ထင်ဘွဲ့ခံ ဝန်ထောက်ဖြစ်လာ၏။ သူသည် အသည်ဝန်ရာထူးကိုလည်း ရရှိခဲ့ပြီး အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း စစ်မှုထမ်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



### မြတ်စံ၊ ဦး၊ လက်ဝဲသုန္ဒရအမတ်ကြီး

ဦးမြတ်စံကို ရွှေဘိုမြောက်ဘက် မန်ကျီးတုံရွာ၌ ၁၇၂၇ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ မြင်းစီးကြီးမင်းသီဟ(ဦးရေး)နှင့် ဒေါ်ငွမ်းဖြူတို့ ဖြစ်ကြသည်။ ငယ်စဉ်က မန်ကျီးတုံရွာ ရွှေဘုံသာကျောင်းဆရာတော်ထံ ပညာသင်ကြားခဲ့သည်။ ဟံသာဝတီရောက်မင်းလက်ထက်၌ ကိုးသိန်းသခင်ထံ စတင်အမှုထမ်းခဲ့၏။ အင်းဝမြို့ကျဆုံးစဉ် ဇာတိရပ်ပြန်နေသည်။ ထို့နောက် အလောင်းမင်းတရားကြီးထံဝင်ရာ သားတော်အိမ်ရှေ့မင်းသားထံ အမှုထမ်းခဲ့ရသည်။ မကြာမီ အမြင့်မင်းသားထံ အကြီးတော်အဖြစ် အမှုထမ်းရပြန်၏။ ထိုစဉ် လက်ဝဲသုန္ဒရဘွဲ့ကို ရရှိခဲ့သည်။ ၁၆၊ ဩဂုတ်၊ ၁၇၈၃ ခုနှစ် မှတ်တမ်းတစ်စောင်တွင် ညီတော်အမြင့်မင်း၏ အမှုထမ်း ဘယရန္တမိတ်ဟု တွေ့ရသည်။

ဆင်ဖြူရှင်(မြေဒူးမင်း)လက်ထက်တွင် လူပျိုတော်သားငအောင်တင်နှင့် အပျိုတော်မိမိတ်တို့ ပြဿနာကြောင့် မဇာသို့ အပို့ခံခဲ့ရ၏။ စဉ့်ကူးမင်းလက်ထက်တွင် မြင်းစုဝန်ကြီးဦးတုတ်ကြီးလက်အောက်၌ တရားရေးရာကိစ္စများ ဆောင်ရွက်ရသည်။ ဗဒုံမင်း နန်းတက်လာသောအခါ သရေသခ်ယာဘွဲ့ခံ တရားသူကြီး ဖြစ်လာ၏။ ရေးဖွဲ့ခဲ့သော စာပေများအနက် သာမိနပျို့(၁၆ ဩဂုတ်၊ ၁၇၈၃)၊ ဗျူဟာစက္ကိပျို့(၄ ဧပြီ၊ ၁၇၉၀)၊ နန္ဒိသေနပျို့၊ သောဏပျို့(၁၇၉၉)တို့မှာ ထင်ရှားပါသည်။ သောဏပျို့ ရေးဖွဲ့ပြီးနောက်ပိုင်း အမတ်ကြီး ကွယ်လွန်ခဲ့သည်။ အမတ်ကြီး ဦးမြတ်စံနှင့် ဇနီး ဒေါ်ရွှေတို့မှ ဦးအေး၊ ဦးရွှေသား၊ ဒေါ်လွန်းမယ်တို့ကို ဖွားမြင်ပါသည်။ ဦးအေးမှာ စစ်ကိုင်းမင်းလက်ထက်တွင် အတွင်းဝန်ဖြစ်ခဲ့သည်။ အမတ်ကြီး၏ အခြားဇနီးနှစ်ဦးမှာ လှတောရွာသူနှင့် ဟန်လင်းကြီးရွာသူတို့ ဖြစ်ကြသည်။

### မြတ်ထင်၊ ဦး၊ မြင်းစုကြီးဝန်

ဦးမြတ်ထင်သည် စစ်ကိုင်းနယ်၊ နောက်ချေးကျွန်းရွာဇာတိ ဖြစ်၏။ ဗဒုံမင်း မင်းသားဘဝကပင် အမှုထမ်းခဲ့ပြီး ၁၇၈၂ ခုနှစ် ဗဒုံမင်းနန်းတက်လာသောအခါ သီဟမင်းရဲဘွဲ့ဖြင့် လမိုင်းဝန်ရာထူး ရရှိခဲ့သည်။ မကြာမီ သီဟမင်းရဲကို မဟာမင်းလှနော်ရထာဘွဲ့ ပြောင်းလဲပေးအပ်ခဲ့သည်။ ၂၄၊ မေ၊ ၁၇၈၃ ခုနှစ် ဗဒုံမင်း၏ ဥကင်သမင်္ဂလာပွဲအပြီးတွင် မဟာမင်းလှနော်ရထာကို မင်းကြီးမဟာမင်းခေါင်ဘွဲ့ ပြောင်းလဲပေးအပ်ကာ မြင်းဝန်အရာခန့်အပ်ခဲ့သည်။ ထိုအတောအတွင်း လက်ဝဲဝင်းမှူးရာထူးကိုပါ ခန့်အပ်ခံခဲ့ရသည်။

၉၊ အောက်တိုဘာ၊ ၁၇၈၄ ခုနှစ်တွင် ဦးမြတ်ထင်အား ဗဒုံမင်း အမျက်ရှကာ ရာဇဝတ်သင့်စေ အမိန့်ချမှတ်ခဲ့၏။ သို့သော် အမျက်ပြေသွားပြီး နှစ်ရက်အကြာတွင် အမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ၁၇၈၅ ခုနှစ် ယိုးဒယားသို့စစ်ချီစဉ် ဦးမြတ်ထင်သည် မြင်းဝန်မင်းကြီးမဟာမင်းခေါင်ဘွဲ့ဖြင့် လိုက်ပါစစ်မှုထမ်းခဲ့သည်။ ယိုးဒယားစစ်ပွဲမှအပြန် ၁၈၁၂ ခုနှစ်တွင် ဦးမြတ်ထင်ကို မြင်းစုကြီးဝန်အရာ၊ ထို့နောက် ဝန်ကြီးအရာတိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။

ဦးမြတ်ထင်တွင် သားနှစ်ဦးရှိရာ ယောမြို့စားဝန်ကြီး ဦးရွဲညိုနှင့် လမိုင်းဝန် ဦးညိုရောင်တို့ ဖြစ်ကြသည်။

### မြတ်ထွန်း၊ ဦး၊ လက်ျာဝန်းမှူး

ဦးမြတ်ထွန်းသည် ကုန်းဘောင်ခေတ်ဦးကာလတွင် လက်ျာဝန်းမှူးအဖြစ် အမှုထမ်းခဲ့သည်။ သူသည် အလောင်းမင်းတရား၏ သူရဲကောင်း(၆၈)ဦး အဝင်ဖြစ်ပြီး မင်းကျော်ဗညား၊ မင်းကျော်အာကာ၊ မင်းကျော်နော်ရထာ၊ မင်းကြီးစွာစောထွေး၊ မဟာနန္ဒသကြိန်ဘွဲ့များ ရရှိခဲ့သည်။ မှတ်တမ်းတစ်စောင်တွင်မူ မဟာနန္ဒသကြိန်ကို အတွင်းဝန်ရာထူးလည်း ရရှိခဲ့ကြောင်း ဆိုပါသည်။

### မြတ်ထွန်း၊ ဦး၊ အကြီးတော်

ဦးမြတ်ထွန်းသည် ဗဒုံမင်းလက်ထက် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် မင်းသားမောင်အိုက်၏အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရသူ ဖြစ်၏။ သူသည် မင်းသားမောင်ကျော့၏ အကြီးတော်လည်း ဖြစ်သည်။

### မြတ်နိုး၊ ဦး၊ ငါးစိုနဝန်

ငါးစိုဝန် ဦးမြတ်နိုးကို အင်းဝမြို့၌ ဖွားမြင်ခဲ့သည်။ မုံရွာခရိုင်၊ မုံရွေးနယ် အဆက်အနွယ်များမှ ပေါက်ဖွားခဲ့သူဖြစ်ပြီးဦး မြတ်သာနေ၊ ဦးမြတ်သာဝေ တို့နှင့်လည်း ဝမ်းကွဲညီအစ်ကို တော်စပ်ပါသည်။ ဦးမြတ်နိုးသည် သာမန်

www.burmeseclassic.com



စာဟောဆရာဘဝမှ စာဆိုတော်ဖြစ်လာခဲ့ပြီးနောက် ၁၇၈၆ ခု၊ ဇူလိုင်လတွင် ဗဒုံမင်းက မင်းရဲကျော်ခေါင်ဘွဲ့ဖြင့် ငါးစိုဝန်ရာထူး ခန့်အပ်ခဲ့သည်။ ဦးမြတ်နိုး ရေးဖွဲ့ခဲ့သည့် မဟာမြတ်မုနိသမိုင်းပျို့ကို ဗဒုံမင်းနှင့် အိမ်ရှေ့မင်းတို့က နှစ်ခြိုက်သဖြင့် ယင်းသို့ ခန့်အပ်ခဲ့ကြောင်း ဆိုပါသည်။ သူသည် ဇာတိဝရချီ ဝေဿန္တရာပျို့၊ ဇနကပျို့၊ မာတာပိတသင်္ဂဟပျို့၊ မဟာမြတ်မုနိသမိုင်းပျို့၊ ရှင်မာလဲပျို့၊ ပဋ္ဌာစာရီပျို့ စသည်တို့ကို ရေးဖွဲ့ခဲ့သဖြင့် ပျို့စာဆိုဦးနိုးဟု အမည်ထင်ရှားခဲ့ပါသည်။

ဦးမြတ်နိုးသည် မုံရွေးဇေတဝန်ဆရာတော် ကျောင်းအနောက်ဘက်၌ ဗောဓိပင်စိုက်လှူခဲ့ပြီး လက်ဝဲနော်ရထာကောင်းမှု တိလောကစေတီမြောက်ဘက်တွင်လည်း ဉာဏ်တော် (၁၂)တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တစ်ဆူကို လှူဒါန်းခဲ့သေးသည်။ သူသည် စစ်စွမ်းရည်နှင့်ပြည့်စုံသူလည်း ဖြစ်၏။ တစ်ကြိမ်တွင် စစ်သည်ငါးယောက် ဝိုင်းခုတ်သည့် ဓားချက်ကို လှပစွာ တိမ်းရှောင်ပြခဲ့သည်။ လှံ၊ ဓား စသည်တို့ကိုလည်း ကိုယ်တိုင်လုပ်တတ်လေသည်။

## မြတ်နှင်း၊ ဦး၊ အကြီးတော်

ဦးမြတ်နှင်းသည် ဗဒုံမင်းလက်ထက် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် မင်းသားမောင်ကျောက်ခဲ၏ အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရ၏။

## မြတ်ဖော၊ ဦး၊ အသည်ဝန်ကြီး

ဦးမြတ်ဖောကို ဟံသာဝတီရောက်မင်းလက်ထက် သတိုးမင်းရဲမင်းလှကျော်ထင်ဘွဲ့ခံ ဝန်ကြီးဦးသီဟနှင့် ဝန်ကတော်တို့မှ ဖွားမြင်ခဲ့သည်။ ၁၇၅၁ ခုနှစ်တွင် ဝန်ကြီးဦးသီဟ၏ မိသားစုကို ဟံသာဝတီသားတို့ ပဲခူး ဟံသာဝတီသို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ် ဆင်ဖြူကျွန်းသို့အရောက်တွင် ဦးသီဟ ကွယ်လွန်ခဲ့၏။ မိသားစုမှာ ဆင်ဖြူကျွန်း၌ ဆက်လက်နေထိုင်ခဲ့ ကြသည်။ ၁၇၇၁ ခု၊ မြေဒူးမင်း ရန်ကုန်သို့ ရွှေတိဂုံစေတီ ထီးတော်တင်ရန် စုန်ဆင်းလာစဉ် ဝန်ကြီး ဦးသီဟ၏မိသားစု ဆင်ဖြူကျွန်း၌ရှိနေကြောင်း သိရသဖြင့် ခေါ်ယူတွေ့ဆုံခဲ့သည်။ ဦးမြတ်ဖောကိုလည်း ကွမ်းရေကိုင်ရာထူး ပေးအပ်ခဲ့၏။ ၁၇၇၆ ခုနှစ် စဉ့်ကူးမင်း နန်းတက်လာသောအခါ ဦးမြတ်ဖောကို သီရိ



ဇေယျနော်ရထာဘွဲ့ဖြင့် ဟံသာဝတီရေဝန်ရာထူး ခန့်အပ်ခဲ့သည်။ ၁၇၈၅ ခုနှစ် ဗဒုံမင်းလက်ထက်တွင် နေမျိုးဇေယျကျော်သူဘွဲ့ဖြင့် အသည်ဝန်ဖြစ်လာ၏။ ၁၇၈၇ ခုနှစ်တွင် မဟာဇေယျသူရဘွဲ့ဖြင့် ကနောင်မြို့စားဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ အသည်ဝန်ကြီးဟု အမည်တွင်ပါသည်။

ဦးမြတ်ဖောတွင် သားသမီးသုံးဦးရှိရာ မောင်ရွှေပု၊ မောင်လုပ်နှင့် သမီး ထန်းတစ်ပင်ရွာစားတို့ ဖြစ်ကြသည်။ မောင်ရွှေပုသည် ဖခင်ကွယ်လွန်ပြီးနောက် အသည်ဝန်ရာထူး ဆက်ခံခဲ့သည်။

## မြတ်ဖြူ၊ ဦး၊ နာခံတော်

ဦးမြတ်ဖြူသည် စစ်ကိုင်းမင်း လက်ထက်တွင် နေမျိုးကျော်စွာစည်သူဘွဲ့ခံ နာခံတော်အဖြစ် အမှုထမ်းခဲ့၏။

## မြတ်ဖြူ၊ ဦး၊ အကြီးတော်

ဦးမြတ်ဖြူသည် ဗဒုံမင်းလက်ထက် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် မင်းသားမောင်ဘဲကြီး၏ အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရ၏။

## မြတ်ဘူး၊ ဦး၊ မော်ဗီမြို့စားဝန်ကြီး

ဦးမြတ်ဘူးသည် စစ်ကိုင်းမင်းလက်ထက်တွင် မဟာသီဟသူဘွဲ့ဖြင့် လင်းဇင်းသေနတ်ဝန်အဖြစ် အမှုထမ်းခဲ့၏။ ၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်လာသောအခါ မော်ဗီမြို့စားဝန်ကြီးအရာ ပေးအပ်ခံခဲ့ရသည်။ ကျီဝန်ရာထူးဖြင့် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသဖြင့် မော်ဗီမြို့စား ကျီဝန်ကြီး မင်းကြီးမဟာသီဟသူဟူ၍ အမည်တွင်ပါသည်။

ဝန်ကြီးဦးမြတ်ဘူး၏ သမီး မင်းရွှေပုံသည် သာယာဝတီမင်း၏ မြောက်နန်းမိဖုရား ဖြစ်ပါသည်။

## မြတ်မင်း၊ ဦး၊ ကွမ်းရေတော်

ဦးမြတ်မင်းသည် စစ်ကိုင်းမင်းလက်ထက်တွင် ရွှေတောင်ရာဇသူဘွဲ့ဖြင့် ကွမ်းရေတော်ရာထူး ရရှိခဲ့၏။ သူ့တွင် မိတူဆိုသူ သမီးတစ်ဦး ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မြတ်မင်း၊ ဦး၊ သံတော်ဆင့်**

ဦးမြတ်မင်းသည် စစ်ကိုင်းမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူ့တွင် မိစာဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရပါသည်။

**မြတ်ရာ၊ ဦး၊ ညောင်ရမ်းဝန်ကြီး**

ဦးမြတ်ရာသည် ချောင်းဦးဆယ်ရွာ ဇာတိဖြစ်၏။ ဖခင်မှာ မြင်းစာရေး အမှုထမ်းတစ်ဦး ဖြစ်ပါသည်။ ဦးမြတ်ရာသည် ဗဒုံမင်းလက်ထက်တွင် စစ်ကိုင်းမင်းသားထံ ရွှေတောင်စည်သူဘွဲ့ဖြင့် စတင်အမှုထမ်းခဲ့၏။ စစ်ကိုင်းမင်းသားအိမ်ရှေ့မင်း ဖြစ်လာသောအခါ ကျော်ထင်ရွှေတောင်စည်သူ ဘွဲ့ရရှိကာ အိမ်ရှေ့အတွင်းဝန် ဖြစ်လာပါသည်။ ထို့နောက် နေမျိုးသီရိ သခ်ယာဘွဲ့ဖြင့် စကြာမင်းသားခေါ် ညောင်ရမ်းမင်းသား၏ဝန် ဖြစ်လာ ပါသည်။

၁၈၁၉ ခုနှစ် စစ်ကိုင်းမင်းသား နန်းတက်လာသောအခါ မဟာ သေနာပတိ၊ သတိုးမဟာသေနာပတိဘွဲ့များဖြင့် ဝန်ကြီးရာထူး ရရှိခဲ့သည်။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမတိုင်မီတွင် ဦးမြတ်ရာကို ရန်ကုန်မြို့ဝန်ရာထူး ခန့်အပ်ခဲ့၏။ ဦးမြတ်ရာသည် ရန်ကုန်မြို့ဝန်အဖြစ် အမှုထမ်းဆဲကာလတွင် ကျန်းမာရေးအခြေအနေဆိုးဝါးလာမှုကြောင့် နေပြည်တော်သို့ ဆေးဝါးကုသရန် ပြန်စဉ် ၂၈၊ ဇန်နဝါရီ၊ ၁၈၂၆ ခုနှစ်တွင် တောင်ငူမြို့၌ ကွယ်လွန်သွား၏။

ဝန်ကြီးဦးမြတ်ရာ၏ ဝန်ကတော်မှာ မွန်စစ်သူကြီးဒလယန်း၏ ညီပုတ္တကျော်နှင့် ရှင်အောင်ပံတို့၏သမီး ရှင်ပုဏ္ဏဖြစ်သည်။ သမီး မိမိနောက် ခေါ်ခင်အိကို ဖွားမြင်ရာ ခင်အိသည် ရမ္မာဝတီမြို့စားမင်းသား ဦးမေးနှင့် စုံဖက်ကာ သီပေါမင်း၏မယ်တော် လောင်းရှည်မြို့စားမိဖုရားကို ဖွားမြင်ခဲ့ သည်။ ခင်အိသည် ရမ်းဗြဲမင်းမြောက်သားတော် အမှာတော်ရေး အမျိုးသမီး စာဆိုတော်အဖြစ် ထင်ရှားခဲ့သည်။

**မြတ်ရာ၊ ဦး၊ မြို့တော်ဝန်**

ဦးမြတ်ရာသည် စစ်ကိုင်းမင်းလက်ထက်တွင် သစ်တောဝန်ရာထူးဖြင့် အမှု ထမ်းလျက်ရှိရာမှ နေမျိုးသီဟလွှမ်းကျော်ဘွဲ့ဖြင့် မြို့တော်ဝန်အရာ ခန့်အပ် ခံခဲ့ရသည်။



**မြတ်ရာ၊ ဦး၊ အနောက်ဝင်းမှူး**

ဦးမြတ်ရာသည် စစ်ကိုင်းမင်း လက်ထက်တွင် ရွှေတောင်ဇာဟုဘွဲ့ဖြင့် အနောက်ဝင်းမှူးရာထူးကို ရရှိခဲ့၏။

**မြတ်သာနေ၊ ဦး၊ အတွင်းဝန်**

ဦးမြတ်သာနေကို ၁၇၂၃ ခုနှစ်၊ ဇူလိုင်လတွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ မုံရွေးရွာ၌ ဖွားမြင်ပါသည်။ ၁၇၄၃ ခုနှစ် ဟံသာဝတီရောက်မင်းလက်ထက် တွင် သတိုးမေ့ရာဇာမင်းသားထံ ရန္တကျော်စွာဘွဲ့ဖြင့် တောင်တွင်းကြီး မြို့စားအကြီးတော်အဖြစ် စတင်အမှုထမ်းခဲ့၏။ ၁၇၅၁ ခုနှစ် အင်းဝပျက် စဉ် မုံရွေးရွာသို့ ပြောင်းရွှေ့နေထိုင်ကာ မကြာမီ မင်းခေါင်နော်ရထာမှ တစ်ဆင့် အလောင်းမင်းတရားထံ ခိုလှုံခဲ့သည်။

၂၇၊ အောက်တိုဘာ၊ ၁၇၅၄ ခုနှစ်တွင် ဦးမြတ်သာနေ လက်ဝဲ သုန္ဒရဘွဲ့ ရရှိခဲ့သည်။ ၁၇၅၅ ခုနှစ် အလောင်းမင်းတရား ရန်ကုန်သို့ စုန်ဆင်းစဉ် တပ်ရေးအဖြစ် လိုက်ပါရပါသည်။ ဟံသာဝတီကို တိုက်ခိုက် အောင်မြင်ပြီးနောက် ၂၉၊ ဇွန်၊ ၁၇၅၇ ခုနှစ်တွင် လက်ဝဲနော်ရထာဘွဲ့ဖြင့် အတွင်းဝန် ဖြစ်လာ၏။ ဒီပဲယင်းမင်း လက်ထက်တွင်လည်း စည်သူ ကျော်ထင်ဘွဲ့ဖြင့်လည်းကောင်း၊ မြေဒူးမင်းလက်ထက် ၂၂၊ မေ၊ ၁၇၆၄ တွင် နေမျိုးသီရိဇေယျကျော်ထင်ဘွဲ့ဖြင့်လည်းကောင်း၊ ဗဒုံမင်းလက်ထက် ၂၉၊ မေ၊ ၁၇၈၃တွင် မဟာသီဟသူရဘွဲ့ဖြင့်လည်းကောင်း၊ အတွင်းဝန် ရာထူးဖြင့် တာဝန်ထမ်းရွက်ရပါသည်။

၁၀၊ ဇူလိုင်၊ ၁၇၈၃ ခုနှစ် ရွှေတောင်မင်းသား အိမ်ရှေ့မင်းသား အား အိမ်ရှေ့အရာအပ်နှင်းစဉ် ဦးမြတ်သာနေသည် မဟာသက်တော်ရှည်ဘွဲ့ ရရှိပြီး ဖြစ်၏။ ၁၇၉၁ ခုနှစ်တွင် အတွင်းဝန်ဦးမြတ်သာနေ ကွယ်လွန်သွား ပါသည်။ ဦးမြတ်သာနေတွင် ဦးချမ်းငြိမ်းရာနှင့် ဦးချမ်းငြိမ်းသာဆိုသူ သားနှစ်ဦးရှိကြောင်း သိရှိရ၏။

**မြတ်သန္ဓေ၊ ဦး၊ ဟန်လင်းဝန်ထောက်**

ဦးမြတ်သန္ဓေသည် ဗဒုံမင်းလက်ထက်တွင် စည်သူဇေယျကျော်ထင်ဘွဲ့ခံ ဟန်လင်းမြို့စား တရားဝန်ထောက်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြတ်အောင်၊ ဦး၊ ယင်းတောအတွင်းဝန်

ဦးမြတ်အောင်သည် ပခန်းကြီးမြို့၊ ဖျသီးရွာဇာတိ ဖြစ်၏။ အင်းဝမြို့၊ မိုးကောင်းတံခါးအတွင်း ဝေယံသာလွတ်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်ရာမှ မြေဒူးမင်းက သားတော်စဥ့်ကူးမင်းသား၏ အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ဝဏ္ဏဓမ္မကျော်ထင်ဘွဲ့ကိုလည်း ပေးအပ်ခံရပါသည်။ စဥ့်ကူးမင်း နန်းတက်လာသောအခါ မဟာဓေယျသူရဘွဲ့နှင့် တောင်ဘက်ကိုးသင်းမြင်းဝန်၊ အတွင်းဝန်ရာထူးများ ခန့်အပ်ခံရ၏။ အတွင်းဝန်မဟာဓေယျသူရသည် စာပေ၊ ကျမ်းဂန်များ တတ်ကျွမ်းလိမ္မာသူဖြစ်သဖြင့် မနောသာရရွှေမျဉ်းပါဠိနိဿျမိတ်လင်စုံ၊ မနုဝဏ္ဏာဓမ္မသတ် စသည်တို့ကို ရေးသားခဲ့သည်။ မကြာမီ ရာဇဝတ်သင့်၍ ရဟန်းဝတ်ဖြင့် နေရင်းဒေသသို့ ပြန်ပို့ခံခဲ့ရသည်။ ဦးမြတ်အောင်သည် မင်းညီတင်သား မောင်မြစ်ဦးနှင့် မယ်ဘက်တို့မှ ဖွားမြင်သူ မချမ်းနှင့် စုံဖက်ခဲ့၏။ ဦးမြတ်အောင်နှင့် ဒေါ်ချမ်းတို့မှ သားမောင်ပိုးနီကို ဖွားမြင်ခဲ့သည်။

## မေး၊ ဦး၊ ကျောက်ဆောက်ဝန်ကြီး

ဦးမေးသည် ယင်းတော်မြို့ဇာတိဖြစ်၏။ မိဘများမှာ ဦးသာနှင့် ဒေါ်နှီးတို့ ဖြစ်ကြပါသည်။ မွေးချင်း (၁၃)ဦးအနက် ဦးအိတ်၊ သွေးသောက်သီရိသင်္ကြန်ဘွဲ့ခံ ဦးလိပ်၊ မိဒွေးလေး၊ မိလွမ်းပြေ၊ ရာဇသူရကျော်ဘွဲ့ခံ မောင်ပြည့်တို့မှာ ထင်ရှားပါသည်။ ဗဒုံမင်းလက်ထက်တွင် ဝန်ထောက် ဦးကျော်ခိုင်လက်အောက်၌ အကူရေးမှတ်ပညာ သင်ယူခဲ့ပြီးနောက် အသုံးစာရေး၊ စာရေးကြီး၊ နေမျိုးစည်သူနော်ရထာဘွဲ့ဖြင့် ဝန်ထောက်ရာထူးများ ရရှိခဲ့သည်။ ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက်လာသောအခါ ဦးမေးကို မဟာစည်သူဘွဲ့ဖြင့် ဝန်ထောက်အရာ ဆက်လက်ခန့်ထားခဲ့၏။ ၁၈၂၉ ခုနှစ်တွင် ဦးမေးသည် မင်းကြီးမဟာစည်သူဘွဲ့ဖြင့် ကျောက်ဆောက်မြို့စားဝန်ကြီး ဖြစ်လာ၏။ ၁၈၃၅ ခုနှစ်၌ ဝန်ကြီးဦးမေး ကွယ်လွန်ပါသည်။

ကျောက်ဆောက်ဝန်ကြီး ဦးမေး၏ သားတစ်ဦးမှာ ရွှေပြည်ရန်အောင်မြင်းဝန် ဦးရွှေမောင်ဖြစ်ပြီး သူသည် တရားသူကြီးဦးအေး၏သမီး ဒေါ်နိုင်နှင့် စုံဖက်ခဲ့ပါသည်။ ဝန်ကြီးဦးမေး၏သမီး မယ်ရွှေဝမှာမူ ရနိုင်လေးမြို့စာရေးတော်ကြီး၏သား ဦးမောင်မောင်နှင့်လက်ဆက်ပြီး တောင်ခွင်



သာသနာပိုင်ဆရာတော်ကို ဖွားမြင်ပါသည်။ ကျောက်ဆောက်ဝန်ကြီး ဦးမေးနှင့် ပတ်သက်၍ ၁၈၂၉ ခု၊ ဒီဇင်ဘာလ၌ အင်းဝနေပြည်တော်သို့ လာရောက်နေထိုင်သူ ဗြိတိသျှကိုယ်စားလှယ် ဘာနေးက ကျောက်ဆောက်ဝန်ကြီးမှာ အမူအရာ ရိုင်းပျသည်။ စကားပြောလျှင် တိုတိုပြတ်ပြတ် ပြောတတ်သည်။ လွှတ်တော်တွင် အနှောင့်အယှက်ပေးတတ်သည်ဟူ၍ မှတ်ချက်ပြုခဲ့၏။

## မှဲ့၊ ဦး၊ သူရဲဝန်

ဦးမှဲ့သည် သီပေါမင်းလက်ထက်သူရဲဝန် ဖြစ်သည်။ သူသည် မတ္တရာနယ်၊ စကျင်ရွာဇာတိ ဖြစ်၏။ ဝန်ကတော်အမည်မှာ ဒေါ်ခင်ခင်တင် ဖြစ်သည်။ ခင်လေးဆိုသူ အစ်မတစ်ဦးရှိရာ စုဖုရားလတ်၏ အပျိုတော်ဖြစ်သည်။ ဦးမှဲ့သည် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း ၂၅၊ နိုဝင်ဘာ၊ ၁၈၈၅ တွင် မြင်းခြံတိုက်ပွဲ၌ ကျဆုံးခဲ့၏။ ကိုယ်ဝန်ဖြင့်ကျန်ရစ်သူ သားမောင်ကျင်မှာ နောင် ဇန်းမော်မြို့၌ အလယ်တန်းပြဆရာ ဖြစ်လာပါသည်။

## မှဲ့ရ၊ ဦး၊ ပေါက်မြိုင်အတွင်းဝန်

ဦးမှဲ့ရသည် သာယာဝတီမင်း လက်ထက်တွင် မဟာရာဇကျော်ထင်ဘွဲ့ခံ ပေါက်မြိုင်မြို့စား အတွင်းဝန်ဖြစ်ခဲ့၏။ အသေးစိတ်အချက်အလက်များကိုမူ မသိရသေးပေ။

## မို၊ ဦး၊ မြဲတောင်ဝန်ကြီး

ဦးမိုကို ၂၇၊ နိုဝင်ဘာ၊ ၁၇၉၆ တွင် အင်းဝမြို့၌ ဖွားမြင်ခဲ့သည်။ အိမ်ရှေ့စာရေးကြီးဦးဘော်၏ သားဖြစ်ပြီး ညောင်အုပ်ဝန်ကြီးဦးစို၏ ညီလည်းတော်စပ်ပါသည်။ ဦးမိုသည် စစ်ကိုင်းမင်းလက်ထက်တွင် လက်ဖက်ရည်တော်ခေါင်း၊ မြကုံးလှေတော်အုပ်၊ ရွှေခဲလှေလှေအုပ်၊ လက်ဖွေ့သတ်အုပ်၊ လက်သုံးတော်ကြီးကိုင် စသည့် ရာထူးများ ရရှိခဲ့သည်။ သာယာဝတီမင်း နန်းတက်လာသောအခါ အတ္တပတ်မြင်းဝန်၊ ပန်းဘဲဝန်၊ ပုဏ္ဏားဝန်၊ ကသည်းမြင်းဝန်အရာများ ရရှိခဲ့သည်။ ထို့နောက် မင်းကြီးမဟာမင်းလှကျော်သူဘွဲ့ဖြင့် ဇရွှံမြို့စားအတွင်းဝန် ဖြစ်လာ၏။ ပန်းဘဲဝန်ဖြစ်ခဲ့ဖူးသဖြင့် ပန်းဘဲမင်းကြီး ဦးမိုဟု အမည်တွင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဘဲမင်းကြီးသည် ပုဂံမင်း လက်ထက်တွင် သတိုးဘွဲ့ဖြင့် အတွင်းဝန်အရာ ဆက်လက်ရရှိခဲ့သည်။ မင်းတုန်းမင်း နန်းတက်လာပြီးနောက် ၁၈၅၄ ခုနှစ်တွင် ဦးမှိုကို သတိုးမင်းကြီးမဟာမင်းလှကျော်သူဘွဲ့ဖြင့် မြတောင်မြို့စားသေနတ်ဝန်ကြီးအရာ ပေးအပ်ခဲ့သည်။ မြတောင်ဝန်ကြီးဦးမှိုသည် ၂၊ ဩဂုတ်၊ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတွင် ကျဆုံးသွားပါသည်။ ဦးမှို၏သားသမီးများအနက် စပွာယ်နဂိုရ်နှင့် ပင်းမြို့စားမိဖုရား၊ ပဲခူးမြို့စားမာရဘင်ဗိုလ်တို့မှာ ထင်ရှားပါသည်။ ဦးမှိုသည် မန္တလေးမြို့ အိမ်တော်ရာဘုရား၌ ၁၈၅၀ ပြည့်နှစ်က ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခဲ့ဖူးပါသည်။

## မှို၊ ဦး၊ မြောင်လှဝန်ထောက်

ဦးမှိုသည် ဗဒုံမင်းလက်ထက်တွင် နေမျိုးရာဇကျော်ထင်ဘွဲ့ဖြင့် မြောင်လှမြို့စားအရာ ရရှိခဲ့သည်။ ထို့နောက် မင်းကြီးနော်ရထာဘွဲ့ခံ ဝန်ထောက်ဖြစ်လာခဲ့သည်။

## မှို၊ ဦး၊ အတွင်းဝန်

ဦးမှိုသည် ဗဒုံမင်း လက်ထက်တွင် ရွှေနန်းရိုးလမိုင်းဝန်ရာထူးမှ မဟာသီရိဥဇနာဘွဲ့ဖြင့် အတွင်းဝန်ရာထူး ခန့်အပ်ခြင်းခံခဲ့ရသည်။ သူသည် ဦးဝက်နှင့်ခင်တိသာတို့၏သား ဖြစ်သည်။ မွေးချင်း (၅)ဦးရှိရာ မောင်ကွယ်၊ မောင်အယ်ဘူး၊ ရှင်ကောင်းထူး၊ ရှင်မင်းကြီးနှင့် မောင်မှိုတို့ ဖြစ်ကြသည်။ မိခင် ခင်တိသာမှာ အလောင်းမင်းတရားကြီး၏ ဦးရီးတော် မင်းညိုသူမှ ဖွားမြင်ခဲ့သူ ဖြစ်သည်။

ဦးမှိုသည် လက်ဝဲရာဇာ၏မြေး ဒေါ်မင်းဦးနှင့် စုံဖက်ကာ၊ မိမိကြီး၊ မောင်ကလေးနှင့် မောင်ငယ်တို့ကို ဖွားမြင်ပါသည်။ မိမိကြီးမှာ ဘကြီးတော်မင်း၏ မကွေးမြို့စားမိဖုရား ဖြစ်သည်။

## မှိုင်း၊ ဦး၊ ပခန်းဝန်ကြီး

ဦးမှိုင်းသည် ပိဋကတ်တော်အုပ်ဦးပညာ၏သားဖြစ်သည်။ ဗဒုံမင်းလက်ထက် စစ်ကိုင်းမင်းသားအိမ်တော်တွင် လက်ဖွေ့သတ်အဖြစ် အမှုထမ်းခဲ့သည်။



တစ်ကြိမ်တွင် ကျားနှင့်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူးသည် ဆိုပါသည်။ ထို့နောက် နေမျိုးရဲခေါင်ကျော်ဘွဲ့ဖြင့် အမှုထမ်းရွက်ရ၏။ စစ်ကိုင်းမင်း နန်းတက်စ ၁၁၊ ဇူလိုင်၊ ၁၈၁၉ တွင် မြို့ဝန်နေမျိုးရဲခေါင်ကျော်ကို မင်းကြီးမင်းခေါင်ကျော်ဘွဲ့ ပေးအပ်ခဲ့သည်။ အက္ကပတ်မြင်းဝန်ရာထူးကိုလည်း ရရှိခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ဟံသာဝတီစစ်ကြောင်းဖြင့် စစ်ချီစဉ်ဝန်ကြီးအရာ ခန့်အပ်ခဲ့သော်လည်း တာဝန်ပေါ့လျော့လစ်ဟင်းမှုကြောင့် ၃၁၊ မေ၊ ၁၈၂၅ တွင် စီရင်အပြစ်ပေးခံခဲ့ရသည်။ ဝန်ကြီးဦးမှိုင်းတွင် မိမိဆိုသူသမီးတစ်ဦး ရှိပါသည်။

## မှိုင်း၊ ဦး၊ အိမ်ရှေ့ဝန်

ဦးမှိုင်းသည် ဗဒုံမင်းလက်ထက်တွင် မိုးမိတ်မင်းသား မောင်ခန့်ကျော်၏ အကြီးတော်ဖြစ်သည်။ မကြာမီ စကုမြို့ဝန်အရာ ရရှိခဲ့သည်။ ၁၈၀၆ ခုနှစ် ဖြတ်ထိုးစာများအရ ထိုစဉ်က ဦးမှိုင်းစကုမြို့ဝန်ရာထူးဖြင့် အမှုထမ်းလျက်ရှိပြီဖြစ်ကြောင်း သိရှိရ၏။ မကြာမီ မိုင်းလုံမြို့ဝန်အရာ၊ ရန္တမိတ်ကျော်ထင်ဘွဲ့ခံ အိမ်ရှေ့ဝန်၊ အရာများ ခန့်အပ်ခြင်းခံခဲ့ရသည်။ မင်းတုန်းမင်း နန်းတက်စတွင် မဟာမင်းလှသင်္ကြန်ဘွဲ့ခံ တရားသူကြီးရာထူးကို ရရှိခဲ့သေး၏။

ဦးမှိုင်းကို ၁၇၆၅ ခုနှစ်ခန့်တွင် ရေစကြိုမြို့၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ ရေစကြိုခုံတော် ဦးဖြူ ဖြစ်၏။ ဦးမှိုင်း၏ ပထမဇနီးမှာ ဒေါ်နှင်းဆီဖြစ်ပြီး သားသမီးမရှိပါ။ ဒုတိယဇနီး(အမည်မသိသာစည်သူ)မှ သမီးမစာကို ဖွားမြင်ခဲ့သည်။ မစာနှင့် ခင်ပွန်းဦးချန်တို့မှ မယ်အိုကို ဖွားမြင်ပါသည်။ မယ်အိုသည် ဦးဖိုးဝင်းနှင့် စုံဖက်ကာ ဦးညွန့်ကို ဖွားမြင်ပါသည်။ ဦးညွန့်နှင့် ဇနီးဒေါ်မြတို့သည် ရေစကြိုမြို့မရပ်၌ နေထိုင်ကြ၏။

## မှုံ၊ ဦး၊ ငွေခွန်ဝန်

ဦးမှုံသည် စစ်ကိုင်းမင်းလက်ထက်တွင် ငွေခွန်ဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ သူသည် ရွှေအားမျိုးလည်းဖြစ်ပြီး အင်းဝမြို့တောင်ဘက် ငွေစင်ချောင်းအနီး၌ နေထိုင်ပါသည်။ တစ်နေ့ သူ၏နေအိမ်ဝင်းအတွင်းရှိ ရေတွင်းမှ အခိုးအငွေ့များ ထွက်နေသည်ကို ထူးဆန်းစွာ တွေ့မြင်ခဲ့ရသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## မှံ၊ ဦး၊ ဆင်မင်းဝန်ကြီး

ဦးမှံသည် ဖင်းမယ်မြင်းစာရေးကြီး၏သား ဖြစ်ပါသည်။ သူသည် စားတော်ကွမ်းရေကိုင်အဖြစ် စတင်အမှုထမ်းခဲ့ရ၏။ ၁၈၀၆ ခုနှစ်တွင် ပဲခူးနယ်၊ နိဗ္ဗာန်ရွာမှ ဆင်ဖြူတော်ရရှိခဲ့ရာ မဟာမင်းလှဘွဲ့ဖြင့် ဆဒ္ဒါန်ဆင်မင်းဝန်အဖြစ် ခန့်အပ်ခံရသည်။ ထို့နောက် ဝန်ကြီးဖြစ်လာပြီး လာဘ်စားမှုဖြင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

## မှံ၊ ဦး၊ ပုပ္ပားဝန်ထောက်

ဦးမှံသည် မင်းတုန်းမင်း လက်ထက်တွင် ပုပ္ပားမြို့စားဝန်ထောက်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၈၆၆ ခုနှစ် ကနောင်မင်းသားကြီး လုပ်ကြံခံရစဉ်က အနီးကပ်ရှိနေသူတစ်ဦး ဖြစ်သည်။ ၁၈၆၇ ခု၊ စက်တင်ဘာလအတွင်း အဲလ်ဘတ်ဖိုက်ချ်သံအဖွဲ့ မန္တလေးသို့ လာရောက်ခဲ့စဉ်က မလွန်မြို့မှ သွားရောက်ကြိုဆိုခဲ့ရသည်။ ထို့ပြင် ၁၈၇၁ ခုနှစ် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ထီးတော်သစ်တင်ရန် ပင့်ဆောင်ရေးအဖွဲ့ကိုလည်း ဦးဆောင်ခဲ့ရသည်။ ဦးမှံသည် ပုဂံမင်း လက်ထက်ကပင် ဝန်ထောက်ရာထူးဖြင့် အမှုထမ်းခဲ့ပါသည်။ ပုပ္ပားဝန်ထောက်ဦးမှံ၏သားမှာ ပင်းတလဲဝန်ထောက်ဦးသဲ ဖြစ်သည်။

## မှံ၊ ဦး၊ ပေါက်မြိုင်အတွင်းဝန်

ဦးမှံသည် ပုဂံမင်းလက်ထက်တွင် သတိုးမင်းကြီးမဟာမင်းလှကျော်ထင်ဘွဲ့ခံ ပေါက်မြိုင်မြို့စား အတွင်းဝန်အရာ ရရှိခဲ့၏။

## မှံ၊ ဦး၊ ရေကြည်ဝန်

ဦးမှံသည် မင်းတုန်းမင်းနန်းတက်စ ၁၈၅၃ ခုနှစ်တွင် မင်းထင်စည်သူဘွဲ့ခံ ရေကြည်ဝန်ရာထူး ရရှိခဲ့၏။

## မှံ၊ ဦး၊ လမိုင်းဝန်

ဦးမှံသည် မင်းတုန်းမင်း မင်းသားဘဝကပင် အိမ်တော်ပါအမှုထမ်းဖြစ်သည်။ ၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်လာပြီးနောက် မဟာမင်းထင်ရာဇာဘွဲ့ဖြင့် ရွှေနန်းရိုးလမိုင်းဝန်ရာထူး ခန့်အပ်ခံရ၏။ သံတော်ဆင့်ရာထူးကိုပါ



ခန့်အပ်ခံခဲ့ရသည်။ သီပေါမင်းလက်ထက်တွင်လည်း မဟာမင်းကျော်ရာဇာဘွဲ့ဖြင့် ရွှေနန်းရိုးလမိုင်းဝန်အဖြစ် ဆက်လက်ခန့်အပ်ခံခဲ့ရသည်။

## မှံ၊ ဦး၊ ဝန်ထောက်

ဦးမှံသည် စစ်ကိုင်းမင်းလက်ထက်တွင် အလုံဝန်ကြီး၏ ဝန်စာရေးအဖြစ် အမှုထမ်းရွက်နေရာမှ ဝန်ထောက်ရာထူး ရရှိခဲ့သည်။ ဘွဲ့မည်ကို ဖေသူရံဟု တွေ့ရှိရသည်။

## မှံ၊ ဦး၊ အကြီးတော်

ဦးမှံသည် ပုဂံမင်းလက်ထက်တွင် အကြီးတော်အဖြစ် အမှုထမ်းရ၏။ ဦးမှံတွင် ဦးဘိုးကြီးဆိုသူ အစ်ကိုတစ်ယောက်ရှိပြီး ၄င်း၏သမီး ခင်သူအား ပုဂံမင်းက ကျပင်းမြို့စားမိဖုရားအရာ မြှောက်စားခဲ့သည်။ ထိုအခါ ဦးမှံကို နေမျိုးမင်းလှစည်သူဘွဲ့ဖြင့် အကြီးတော်အဖြစ် ခန့်အပ်ခဲ့သည်။အကြီးတော် ဦးမှံနှင့် ဇနီး ဒေါ်မိုင်းတို့တွင် သားသမီးလေးဦး ထွန်းကားခဲ့ရာ ဦးဘား(တောင်ငူခရိုင်ဝန်)၊ ဦးလတ်(ဝက်မစွတ်ဝန်ထောက်)၊ ခင်မိခိနှင့် မောင်ရှင်ကလေးတို့ ဖြစ်ကြပါသည်။

## မှံ၊ ဦး၊ အနောက်ဝန်

ဦးမှံသည် မင်းတုန်းမင်း နန်းတက်စတွင် မင်းလှမင်းထင်နော်ရထာဘွဲ့ခံ အနောက်ဝန်ရာထူးကို ရရှိခဲ့သည်။

## မွေး၊ ဦး၊ အကြီးတော်

ဦးမွေးသည် ဗဒုံမင်းလက်ထက် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် မင်းသားမောင်ရွှေအပ်အား အကြီးတော်ရာထူး ခန့်အပ်ခံခဲ့ရ၏။

## မွန်း၊ ဦး၊ ဝန်စာရေး

ဦးမွန်းသည် မင်းတုန်းမင်း လက်ထက်တွင် ဝန်စာရေးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၈၅၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဝန်ထောက်ဟောင်းတစ်ဦး၏ လယ်ယာမြေအမှု၌ အသိသက်သေအဖြစ် ပါဝင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



(ယ)

**ယာ၊ ဦး၊ မဟာဒါန်ဝန်**

ဦးယာကို ၁၇၅၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဇာတိမှာ ယိုးဒယားနိုင်ငံ ဒွါယာဝတီနယ်မှ ဖြစ်သည် ဆို၏။ အရွယ်ရောက်လျှင် ရှင်ပညာသီဟဘွဲ့ဖြင့် ရဟန်းဝတ်ခဲ့သည်။ ထို့နောက် အမရပူရမြို့ အနောက်ဘက်၊ ကူကြီးတိုက်၌ သီတင်းသုံးခဲ့သည်။ ၁၈၀၁ ခုနှစ်တွင် ရှင်လူထွက်၍ သီရိနန္ဒသကြိန်ဘွဲ့ဖြင့် မဟာဒါန်ဝန်ရာထူး ခန့်အပ်ခံရ၏။ ၁၈၁၄ ခုနှစ်တွင် မုတ္တမရုံးတော်၌ ယိုးဒယားသားတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

**ယံ၊ ဦး၊ မိုင်းနိုင်းအတွင်းဝန်**

ဦးယံကို ၂၄၊ ဇူလိုင်၊ ၁၈၁၅ တွင် စလင်းနယ်၊ သမန်းရင်းရွာ၌ ဖွားမြင်သည်။ မိဘများမှာ ဦးကျော်စံနှင့် ဒေါ်လုံလေးတို့ ဖြစ်ကြသည်။ ၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်စတွင် ရှင်ကေလာသဘွဲ့ဖြင့် ရဟန်းဝတ်နေရာမှ လူထွက်ကာ ဖြုတိုက်သံတော်ဆင့်အဖြစ် စတင်အမှုထမ်းခဲ့သည်။ ပုဂံမင်းလက်ထက်တွင်လည်း ယင်းရာထူးဖြင့်ပင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်လာသောအခါ ဦးယံကို မကွေးမြို့စား သံတော်ဆင့်အဖြစ် ခန့်အပ်ခဲ့သည်။ ထို့နောက် ရှေ့တော်ပြေးမှူး၊ မဟာသီရိဇေယျသူဘွဲ့ဖြင့် မိုင်းနိုင်းမြို့စား ပိဋကတ်တော်အုပ်၊ ခင်မမင်းဝန်ရာထူးများ ရရှိခဲ့သည်။ သီပေါမင်း လက်ထက်တွင်လည်း အတွင်းဝန်ရာထူးဖြင့်ပင် တာဝန်ထမ်းရွက်ခဲ့ရပြီး မကြာမီ အဋ္ဌမခရိုင်ဝန်အဖြစ် ပူးတွဲထမ်းဆောင်ရပါသည်။ ၂၁၊ ဩဂုတ်၊ ၁၈၉၁ တွင် မိုင်းနိုင်းအတွင်းဝန်ဦးယံ ကွယ်လွန်ခဲ့၏။



(ရ)

**ရာ၊ ဦး၊ အတွင်းဝန်**

ဦးရာသည် ဗဒုံမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးမှ ရာဇနန္ဒကျော်ဘွဲ့ဖြင့် အတွင်းဝန်အရာ တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။

**ရာကျော်၊ ဦး၊ စာရေးတော်ကြီး**

ဦးရာကျော်သည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးရာထူးဖြင့် အမှုထမ်းခဲ့ရ၏။ သူသည် အင်္ဂလိပ်ခေတ်တွင်လည်း မန္တလေးတိုင်းသတင်းစာ၌ အယ်ဒီတာအလုပ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဦးရာကျော်သည် မင်းတုန်းမင်း၏ ကုသိုလ်တော်ဘုရားများ အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေခဲ့ဖူးပါသည်။

**ရေး၊ ဦး၊ ကွမ်းရေတော်**

ဦးရေးသည် စစ်ကိုင်းမင်းလက်ထက်တွင် သီဟရာဇရွှေတောင်ဘွဲ့ခံ ကွမ်းရေတော်အဖြစ် အမှုထမ်းခဲ့သည်။ သူ့တွင် မိမိဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရ၏။

**ရေး၊ ဦး၊ လက်ဝဲဝင်းမှူး**

ဦးရေးကို ဆံရှည်ဗိုလ်ဟူ၍ သိကြ၏။ ဦးရေးသည် သာယာဝတီမင်းလက်ထက်တွင် မင်းကြီးမဟာမင်းထင်မင်းခေါင်ဘွဲ့ခံ လက်ဝဲဝင်းမှူးဖြစ်သည်။ သူသည် စစ်ကိုင်းမင်း၏သားတော် စကြာမင်းကလေးနှင့် တစ်နှစ်တည်းဖွားမြင်သူဖြစ်သဖြင့် ၁၈၁၂ ခုနှစ်တွင် ဖွားမြင်ပါသည်။ မင်းကျော်သီဟဘွဲ့ကို ဦးစွာရရှိခဲ့ပြီး လက်ဝဲဝင်းမှူးအဖြစ် အမှုထမ်းနေရာမှ ၁၈၃၈ ခု၊ ဧပြီလတွင် စကြာမင်းသားနှင့်အတူ လုပ်ကြံခံခဲ့ရသည်။ ဦးရေး၏ ကြင်ရာတော်မှာ အလောင်းမင်းလက်ထက် စစ်သူကြီးဗိုလ်တွန်၏သမီး ရှင်ရွှေဂုဏ်နှင့် အိမ်ရှေ့မင်းဦးပေါ်တို့က ဖွားမြင်သူ မြတောင်မင်းသမီး မင်းမြရိုး ဖြစ်ပါသည်။ ဦးရေးနှင့် ကြင်ရာတော် မြတောင်မင်းသမီးတို့မှ သမီးမင်းမြရိုး၊ မမြတ်လှ၊ သား မောင်မျိုးထွန်း၊ မောင်မျိုးညွန့်တို့ကို ဖွားမြင်ပါသည်။ ဦးရေးနှင့် ဇနီးတို့ လုပ်ကြံခံရစဉ် သမီးနှစ်ဦးကို မကြာခေဝ

www.burmeseclassic.com

www.burmeseclassic.com



(နောင်မင်းတုန်းမင်း၏ မိဖုရားခေါင်)က ကယ်တင်ခဲ့ပြီး သားနှစ်ဦးမှာမူ အောက်ပြည်သို့ တိမ်းရှောင်ခဲ့ကြသည်။

**ရေး၊ ဦး၊ အကြီးတော်**

ဦးရေးသည် စစ်ကိုင်းမင်းလက်ထက်တွင် အကြီးတော်ရာထူးဖြင့် အမှုထမ်းရွက်ရ၏။ စလင်းမင်းသားကြီးဦးအို၏ လက်စွဲတော်ဖြစ်ပြီး ဦးအို၏ အမိန့်အရ ရာဇဝံသဒီပက ကျမ်းကို ပြုစုခဲ့သည်။ ၎င်းကျမ်းမှာ ပေ(၄)ထုပ် ရှိခဲ့သော်လည်း စလင်းမင်းသားကြီး စီရင်ခံရချိန်တွင် ဖျောက်ဖျက်ပစ်ခြင်း ခံခဲ့ရဟန်တူပါသည်။ ဦးရေးသည် အပဏ္ဏကပျို့၊ ဒွါဒသဿဒဋ္ဌပျို့ ရာဇဝံသဒီပကကျမ်း၊ ရွှေလောင်းကြီးလေ့တော်ဂုဏ်ချင်း စသည်များကို ပြုစုခဲ့သည်။

အကြီးတော်ဦးရေးသည် ပုခန်းမြို့ဇာတိဖြစ်ပြီး ဟင်္သာတမင်းသမီး၏ အကြီးတော်ဖြစ်သည်။ ၁၇၇၆ ခုနှစ်ခန့်တွင် ဖွားမြင်ခဲ့ပြီး ၁၈၄၆ ခုနှစ်ခန့်၌ ကွယ်လွန်ပါသည်။

**ရဲ၊ ဦး၊ စာရေးကြီး**

ဦးရဲသည် မင်းတုန်းမင်းလက်ထက် အစောပိုင်းကာလတွင် စာရေးကြီး အဖြစ် အမှုထမ်းရွက်ခဲ့သည်။ ကင်းဝန်မင်းကြီးဦးကောင်း ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက်ရှိစဉ် ၈၊ အောက်တိုဘာ၊ ၁၈၇၄ ၌ မန္တလေးမြစ်ဆိပ်မှ ကြိုဆိုခဲ့သူများထဲတွင် သူ့ကို စာရေးကြီးဟောင်းဟူ၍ ဖော်ပြထားပေရာ ထိုအချိန်တွင် ရာထူးမှအနားယူလိုက်ပြီဟု မှတ်ယူရ၏။

**ရဲတင်၊ ဦး၊ စားတော်ကွမ်းရေကိုင်**

ဦးရဲတင်သည် မင်းတုန်းမင်းလက်ထက်တွင် စားတော်ကွမ်းရေကိုင်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၈၇၅ ခု သီပေါမင်းစာတော်ပြန်ရာ၌ ပါဝင်ကူညီ ခဲ့ရ၏။

**ရဲတင်၊ ဦး၊ စက်ဝန်ယွန်းစုဝန်**

ဦးရဲတင်သည် သီပေါမင်းလက်ထက်တွင် စက်ဝန်၊ ယွန်းစုဝန်ရာထူးများ ဖြင့် အမှုထမ်းခဲ့သူဖြစ်၏။ သူသည် ၁၉၁၂ ခုနှစ် ရတနာဂီရိသို့ သွားရောက် မည့်သူများစာရင်း၌ ဇနီးနှင့်အတူ ပါဝင်ခဲ့သူဖြစ်သည်။



**ရော၊ ဦး၊ ရွှေတိုက်စိုး**

ဦးရောသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်၊ ရွှေတိုက်စိုးရာထူး များဖြင့် အမှုထမ်းခဲ့သူဖြစ်သည်။ သူသည် ၁၉၁၂ ခုနှစ်၌ ရတနာဂီရိသို့ သွားရောက်ခဲ့ဟန်တူပါသည်။ ဦးရောသည် သီပေါမင်းပါတော်မူသွားပြီး နောက် မင်း၊ မိဖုရားတို့ အမိန့်တော်ဖြင့် ဆက်သွင်းခဲ့ရသော ပစ္စည်းများ အတွက် တန်ဖိုးငွေ (၁၂၁၆၅)ကျပ် ရယူလိုကြောင်း အင်္ဂလိပ်အစိုးရထံ တင်ပြခဲ့ဖူးပါသည်။

**ရံ၊ ဦး၊ ဝန်ထောက်**

ဦးရံသည် သာယာဝတီမင်းလက်ထက်တွင် နေမျိုးကျော်သူဘွဲ့ခံ ဝန်ထောက် ရာထူးဖြင့် အမှုထမ်းခဲ့၏။

**ရောက်၊ ဦး၊ အသုံးစာရေး**

ဦးရောက်သည် စစ်ကိုင်းမင်း လက်ထက်တွင် အသုံးစာရေးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ၁၈၂၉ ခု၊ ဒီဇင်ဘာလတွင် အင်းဝသို့ရောက်ရှိခဲ့သည့် ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘာနေး၏ မှတ်တမ်း၌...

> 'အသုံးစာရေးဦးရောက်ကို အင်္ဂလိပ်ကိုယ်စားလှယ် အရာရှိတို့ထံ တွင် မကြာခဏတွေ့ရှိရသည်။ ၎င်းကို ဝန်ကြီးများက စာရေး တော်ကြီး မောင်ရွှေလှေ မရှိသည့်အခါ အင်္ဂလိပ်ကိုယ်စားလှယ် ထံသို့ စာပို့ခိုင်းလေ့ရှိသည်။ အင်္ဂလိပ်ကိုယ်စားလှယ် နေထိုင်သော အဆောက်အဦးပျက်စီးပါက ပြင်ဆင်ပေးရသည်။ အလုပ်ကို ကြိုးကြိုးစားစားလုပ်ကိုင်ခြင်းမရှိဘဲ ပျင်းရိသူတစ်ဦးဖြစ်သည်။'

ဟူ၍ မှတ်ချက်ပြုထားပါသည်။

**ရောက်၊ ဦး၊ အသုံးစာရေး**

ဦးရောက်သည် ပုဂံမင်းလက်ထက်တွင် အသုံးစာရေးရာထူးဖြင့် အမှုထမ်း ခဲ့၏။ ဦးရောက်၏ ဇနီးမှာ သဘင်မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်၏။ ၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းသားက နောင်တော်ပုဂံမင်းကို နန်းချသော အခါ ဦးရောက် ရာထူးကျသွားပါသည်။ အသုံးစာရေး ဦးရောက်၏သားမှာ

www.burmeseclassic.com

www.burmeseclassic.com



အချုပ်တန်းဆရာဖေ ဖြစ်သည်။ ဦးရောက်တို့မိသားစုသည် ၁၈၆၀ ပြည့်နှစ်တွင် မန္တလေးမြို့၊ အချုပ်တန်းရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

## ရောက်ကြီး၊ ဦး၊ ဝန်ကြီး

ဦးရောက်ကြီးကို ၁၇၇၄ ခုနှစ်တွင် ပြည်လုံးယူလှေတော်မှူး ဦးရနှင့် ဒေါ်စုတို့က ဖွားမြင်ပါသည်။ အသက် (၁၀)နှစ်အရွယ်ကပင် ဗဒုံမင်း၏ သားတော် အိမ်ရှေ့မင်းသားထံ စည်သူရွှေတောင်ဘွဲ့ဖြင့် စားတော် ကွမ်းရေကိုင်အဖြစ် အမှုထမ်းခဲ့၏။ အိမ်ရှေ့မင်းကွယ်လွန်လျှင် ဗဒုံမင်းထံ ဆက်လက်အမှုထမ်းခဲ့ပြန်သည်။ ထို့နောက် နေမျိုးဇေယျာသူဘွဲ့ဖြင့် ယွန်းစုဝန်၊ ကောင်ဟန်ဝန်၊ ဆင်ဝန်၊ မြောက်ဘက်တိုက်ဝန်ရာထူးများ ရရှိခဲ့သည်။

၁၈၁၉ ခုနှစ် စစ်ကိုင်းမင်းနန်းတက်စတွင် မြောက်ဘက်တိုက်ဝန် နေမျိုးဇေယျာသူကို မြို့တော်ဝန်ရာထူး ခန့်အပ်ခဲ့သည်။ ၁၈၂၁ ခုနှစ်တွင် မဟာသီဟသူရဘွဲ့ လွှဲပြောင်းပေးအပ်ကာ ၁၈၂၅ ခုနှစ်တွင် ဝန်ကြီးဖြစ်လာပါသည်။ သို့သော် မကြာမီ လက်ရာတောင်ကြိမ်ကိုင်သူ တစ်ဦးအား ကိုယ်ထိလက်ရောက်ရိုက်နှက်မှုဖြင့် ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။ နောက်ပိုင်းတွင် မြင်းစုကြီးဝန်ရာထူး ပြန်လည်ပေးအပ်ခံခဲ့ရ၏။ ၁၈၃၅ ခုနှစ်၊ အသက် (၆၁)နှစ်အရွယ်တွင် ဝန်ကြီးဦးရောက်ကြီး ကွယ်လွန်ပါသည်။ ဦးရောက်ကြီးသည် စာပေပညာရှင်တစ်ဦးဖြစ်ပြီး မော်ကွန်း၊ ချေး၊ ပျို့၊ ကဗျာများစွာ ရေးသားပြုစုခဲ့၏။

## ရောက်ကြီး၊ ဦး၊ အရှေ့ဝင်းမှူး

ဦးရောက်ကြီးသည် သာယာဝတီမင်းလက်ထက်တွင် မင်းကြီးမဟာမင်းထင်မင်းခေါင်ဘွဲ့ဖြင့် အရှေ့ဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရသည်။

## ရစ်၊ ဦး၊ ဆောအတွင်းဝန်

ဦးရစ်သည် ဗဒုံမင်းလက်တက် ၁၇ ဧပြီ၊ ၁၈၀၈ ၌ မြေးတော်စစ်ကိုင်းမင်းသားကို အိမ်ရှေ့အရာပေးစဉ်ကပင် စည်သူသီဟကျော်ထင်ဘွဲ့ဖြင့် အိမ်ရှေ့အတွင်းဝန်အဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။ ၇၊ ဇွန်၊ ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက်လာသောအခါ ဝန်ထောက်ရာထူး တိုးမြှင့်ရရှိခဲ့သည်။ ၃၊ နိုဝင်ဘာ၊ ၁၈၁၉ ဥကင်သမင်္ဂလာအပြီးတွင် ဝန်ထောက်စည်သူသီဟကျော်ထင်ကို နေမျိုးနန္ဒသင်္ကြန်ဘွဲ့ ပြောင်းလဲပေးအပ်ခဲ့၏။ ၁၈၂၃ ခုနှစ်တွင် ဦးရစ်ကို အတွင်းဝန်ရာထူးတိုးမြှင့်ပေးခဲ့သည်။ ၃၊ ဧပြီ၊ ၁၈၂၄ ကောသာလီစစ်ကြောင်းချီတက်တိုက်ခိုက်စဉ် အတွင်းဝန်ဦးရစ်သည် လက်ဝဲဝင်းမှူးအဖြစ် လိုက်ပါခဲ့လေသည်။ ထိုစဉ်အတွင်း ဆောမြို့ကို မြို့စားအရာပေးအပ်ခြင်းခံခဲ့ရ၏။

၈၊ ဧပြီ၊ ၁၈၃၇ တွင် သာယာဝတီမင်းက နောင်တော်စစ်ကိုင်းမင်းကို နန်းချသောအခါ ဆောအတွင်းဝန်ဦးရစ် ဖမ်းဆီးခံရလေသည်။ သို့သော် စလင်းမင်းသားကြီးဦးအို၏ အဖွဲ့ဝင် မဟုတ်သဖြင့် ဝန်ထောက်ဦးရွှေနှင့်အတူ လွတ်မြောက်လာခဲ့၏။ သာယာဝတီမင်း နန်းတက်စတွင် ဦးရစ် ကွယ်လွန်သွားဟန်ရှိပါသည်။ ဆောအတွင်းဝန်ဦးရစ်နှင့် ပတ်သက်၍ ၁၈၂၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်းဝသို့ရောက်ရှိခဲ့သည့် ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘားနေးက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့၏။

> 'သူသည် ဗြိတိသျှကိုယ်စားလှယ်နှင့် ဆက်သွယ်ရေးအတွက် ခန့်အပ်ခံရသူ ဖြစ်သည်။ ဘုရင့်အပေါ်တွင် သြဇာရှိသူ ဖြစ်သည်။ပြောရဲဆိုရဲ ရှိသည်။ ဘုရင့်ထံတင်ပြရန်ရှိသော ကိစ္စရပ်များကို ရဲရဲဝံ့ဝံ့တင်ပြနိုင်သည်။ ပါဠိဘာသာ ကျွမ်းကျင်သည်။ အမြော်အမြင် ကြီးကျယ်သူဖြစ်၍ မိတ်ဆွေဖြစ်ရန် လွယ်ကူသည်။ ကဘော်ဒေသ ပြဿနာကို အခြားဝန်ကြီးများထက် ပိုစိတ်ဝင်စားသည်။ ဆော အတွင်းဝန်နှင့် မြဝတီမင်းကြီးတို့မှာ တစ်ဦးနှင့်တစ်ဦး မသင့်မြတ် ကြချေ။'

ဟူ၍ ဖြစ်ပါသည်။

## ရစ်၊ ဦး၊ အလုံဝန်ကြီး

ဦးရစ်ကို အလုံနယ်၊ ငပယင်းရွာ၌ ဖ၊ အောက်တိုဘာ၊ ၁၇၈၂ တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးပေါက်တော၊ ဒေါ်ငြိမ်းတို့ ဖြစ်ကြသည်။ မွေးချင်းလေးဦးအနက် အကြီးဆုံးဖြစ်၏။ မောင်ရစ်သည် ဗဒုံမင်းလက်ထက်တွင် သားတော်အိမ်ရှေ့မင်းသားထံ ကိုယ်ရံတော်အဖြစ် စတင်အမှုထမ်းခဲ့သည်။ ထို့နောက် ဖြဲတိုက်သံတော်ဆင့်ဖြစ်လာပါသည်။ ၁၈၁၃ ခု၊ ဇွန်လတွင် 'နေမျိုးသူရရဲခေါင်'ဘွဲ့ဖြင့် ဒီပဲယင်းမြို့ဝန် ဖြစ်လာ၏။ မကြာမီ အလုံမြို့ဝန်ရာထူး ထပ်မံရရှိခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၁၉ ခု စစ်ကိုင်းမင်း နန်းတက်သောအခါ အလုံမြို့ဝန် နေမျိုးသူရရဲခေါင်ကို မင်းကြီးမဟာဗန္ဓုလဘွဲ့ ပေးအပ်ခဲ့၏။ ဦးရစ်သည် အာသံစစ်မျက်နှာတိုက်ပွဲများကို ဦးဆောင်တိုက်ခိုက်ခဲ့ရပြီးနောက် ၂၁၊ ဖေဖော်ဝါရီ၊ ၁၈၂၃ တွင် ဝန်ကြီးရာထူး တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် သတိုးသုဓမ္မမဟာဗန္ဓုလဘွဲ့ဖြင့် စစ်တောင်းမြို့စားဗိုလ်မှူးဝန်ကြီးအဖြစ် အမှုထမ်းရွက်နေစဉ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ၁၊ ဧပြီ၊ ၁၈၂၅ တွင် ဓနုဖြူမြို့၌ ကျဆုံးခဲ့သည်။

ဝန်ကြီး၏ဇနီး ဝန်ကတော်သုံးဦးမှာ ရှင်မင်းဘူး၊ ဒေါ်သီလနှင့် ဒေါ်ဟောမန်တို့ ဖြစ်ကြပါသည်။ ရှင်မင်းဘူးမှသား ဦးကျန်းကြီးကိုလည်းကောင်း၊ ဒေါ်သီလမှ မရွှေစု၊ မတုတ်တုတ်၊ ဦးကြီး၊ ဦးချုတို့ကိုလည်းကောင်း၊ ဒေါ်ဟောမန်မှ မအိုဘူး၊ မကြီးဘူးတို့ကိုလည်းကောင်း ဖွားမြင်ခဲ့သည်။

## ရန်ငူး၊ ဦး၊ အတွင်းဝန်

ဦးရန်ငူးသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းကြီးဥဇနာဘွဲ့ဖြင့် အမှုထမ်းခဲ့၏။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအတွင်း ၁၈၂၄ ခုနှစ် သန်လျင်တိုက်ပွဲ၌ ကျဆုံးခဲ့ရသည်။ ဦးရန်ငူး၏ မွေးချင်းနှမတစ်ဦးမှာ နန်းမတော်ဝန်ဦးရေးနှင့် စုံဖက်ခဲ့၏။ ဦးရန်ငူး၏သား ဦးရွှေမောင်သည် မင်းတုန်းမင်းလက်ထက် ခန်းပတ်မြို့စားဝန်ကြီး ဖြစ်ပါသည်။

## ရန်ဒွေး၊ ဦး၊ ဝန်ထောက်

ဦးရန်ဒွေးသည် ကျော်ထင်သူရဘွဲ့ခံ အိမ်ရှေ့သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ခဲ့ပြီး စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးနော်ရထာကျော်သူဘွဲ့ခံ ဝန်ထောက်ဖြစ်လာ၏။

## ရန္တမိတ်ကျော်စွာ၊ ရွှေတိုက်စိုး

ရန္တမိတ်ကျော်စွာသည် ဗဒုံမင်းလက်ထက်တွင် ရွှေတိုက်စိုးရာထူးဖြင့် အိမ်ရှေ့မင်းထံ အမှုထမ်းရွက်ခဲ့၏။ သူသည် မြန်မာသီချင်းကြီးများကို သင်္ကေတဖြင့် ရေးသွင်းစုဆောင်းခဲ့သူဖြစ်ပြီး သီချင်းကြီးပုဒ်ရေ (၁၇၀)ကျော်ကို သင်္ကေတ



ဖြင့် ပြုစုခဲ့သည်။ (မြန်မာဂီတသင်္ကေတမှာ တေတျာ၊ ထပ်၊ ထံ စသဖြင့် ရေးသားခြင်း ဖြစ်သည်။)

## ရန်ဝေး၊ ဦး၊ ပခန်းဝန်ကြီး

ဦးရန်ဝေးကို ၂၆၊ ဧပြီ၊ ၁၈၁၂ တွင် ပခန်းကြီးမြို့၌ ဖွားမြင်ခဲ့သည်။ ၁၈၅၂ ခုနှစ် မင်းတုန်းမင်းသား ပုဂံမင်းကိုပုန်ကန်ရန် ရွှေဘိုသို့ထွက်ခွာစဉ်က ဦးရန်ဝေးသည် ပခန်းမြို့နေရင်းရှာ မဏိရတနာတိုက်ဆရာတော် ဦးဝိသုဒ္ဓအဖြစ်မှ လူထွက်လိုက်ပါခဲ့၏။ ထိုစဉ် ဦးရန်ဝေးကို မင်းသားများ၏ အကြီးတော်အဖြစ် ခန့်အပ်ခဲ့သည်။ အရေးတော် ပြီးဆုံးသွားသောအခါ ဦးရန်ဝေးကို မင်းကြီးမဟာမင်းလှစည်သူဘွဲ့ဖြင့် အတွင်းဝန်ရာထူး ပေးအပ်ခဲ့၏။ ၁၈၅၄ ခုနှစ်၊ မတ်လတွင် သတိုးမင်းကြီးမဟာမင်းလှစည်သူဘွဲ့ခံ ပခန်းကြီးမြို့စားဝန်ကြီး ဖြစ်လာပါသည်။

ဦးရန်ဝေသည် မင်းတုန်းမင်းလက်ထက် ထိပ်တန်းဝန်ကြီးတစ်ပါးဖြစ်ပြီး ၁၈၇၅ ခု၊ စက်တင်ဘာလတွင် ကွယ်လွန်ခဲ့သည်။ ပခန်းမင်းကြီး၏ ဝန်ကတော်မှာ မိုးညှင်းမြို့စား၏သမီးတော် သာယာဝတီမင်း၏သန်လျင်မြို့စားမိဖုရားဟောင်းဖြစ်သူ ထိပ်တင်ဖြစ်၏။ ဝန်ကြီးသည် နဖူးကျယ်၍ ကျောက်ပေါက်မာသွဲ့သွဲ့ရှိကြောင်း သိရှိရ၏။

## ရန်အောင်၊ ဦး၊ သုံးပါးဝန်ကြီး

ဦးရန်အောင်သည် ရွှေဘိုနယ်၊ မန်ကျီးတုံရွာဇာတိဖြစ်၏။ ဗဒုံမင်းလက်ထက်တွင် ကမ္မမြို့စားမိဖုရား၏ အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် တောင်တွင်းကြီး၊ ပုဂံ၊ ရွှေတောင်မြို့စားမင်းသမီးသုံးပါး၏ ဝန်ကြီးဖြစ်လာပါသည်။ မကြာမီ နေမျိုးရာဇသူဘွဲ့ဖြင့် စစ်ကိုင်းမင်းသား၏အိမ်ရှေ့ဝန်အဖြစ် ဘိုးမြှင့်ခန့်အပ်ခံခဲ့ရပြန်သည်။ ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက်လာသောအခါ နေမျိုးရာဇသူကို မင်းမဟာဘွဲ့ဖြင့် ဝန်ကြီးရာထူး ပေးအပ်ခဲ့သည်။ မကြာမီ သတိုးမင်းကြီးမင်းမဟာဘွဲ့ ရရှိခဲ့သည်။ သမီးတော်သုံးပါး၏ဝန်အဖြစ် အမှုထမ်းခဲ့ဖူးသောကြောင့် သုံးပါးဝန်ကြီးဟု အမည်တွင်ပါသည်။ ဦးရန်အောင်သည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ၈၊ ဇူလိုင်၊ ၁၈၂၄ တွင် ရန်ကုန် ကမာရွတ်တိုက်ပွဲ၌ ကျဆုံးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



**ရွှဲ၊ ဦး၊ မြဲတိုက်သံတော်ဆင့်**

ဦးရွှဲသည် စစ်ကိုင်းမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့သည်။ သူသည် ၃၊ မေ၊ ၁၈၂၉ တွင် ဖွဲ့စည်းခဲ့သည့် မှန်နန်းရာဇဝင်ပြုစုရေးအဖွဲ့တွင် ပါဝင်ခဲ့ပြီး စာကြမ်းရေးသားပြုစုသည့် တာဝန်ကို ယူခဲ့ရသည်။

**ရွှဲ၊ ဦး၊ မြို့သစ်ဝန်ထောက်**

မြို့သစ်ဝန်ထောက်ဦးရွှဲသည် မင်းတုန်းမင်းနန်းတက်စကပင် မဟာမင်းထင်သီဟသူဘွဲ့ဖြင့် အမှုထမ်းခဲ့ရ၏။ ထို့နောက် မင်းကြီးမဟာမင်းထင်စည်သူဘွဲ့ဖြင့် ဝန်ထောက်ရာထူးကို ရရှိခဲ့သည်။ ဦးရွှဲသည် ရွှေပြည်ရန်အောင်မြင်းဝန်၊ ဖောင်ဝန် စသည့် ရာထူးများကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရသည်။ ထို့ပြင် ၂၀၊ ဩဂုတ်၊ ၁၈၆၄ တွင် မြို့သစ်မြို့စားမိုးနဲ့မိုလ်မှူးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတွင် ရာထူးကျခဲ့သည်။ ဝန်ကတော်မှာ ဒေါ်ကုတ်စီဖြစ်ပြီး ပုပ္ပားမြို့စားအရာ ရရှိခဲ့၏။ ဦးရွှဲနှင့် ဒေါ်ကုတ်စီတို့မှ မင်းတုန်းမင်း၏ နန်းဦးမိဖုရားမမှူး၊ မြို့သစ်ဝန်ထောက် ဦးမောင်ကို၊ အက္ကပတ်မြင်းဝန် ဦးရွှေမောင်၊ ချွန်းတောင်မြို့စားအပျိုတော် မကူး၊ မချူးနှင့် မညွှာတို့ကို ဖွားမြင်ပါသည်။

**ရွှဲ၊ ဦး၊ သံတော်ဆင့်**

သံတော်ဆင့်ဦးရွှဲသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှဇေယျကျော်ဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ခဲ့သည်။ သူသည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၌ ဝင်ရောက်စစ်မှုထမ်းခဲ့ရသည်။

**ရွှဲညို၊ ဦး၊ ယောမြို့စားဝန်ကြီး**

ဦးရွှဲညိုကို ၁၇၆၃ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဖခင်မှာ မြင်းစုဝန်ကြီး ဦးမြတ်ထင်ဖြစ်၏။ ဦးရွှဲညိုသည် ၁၇၈၃ ခုနှစ်တွင် ဗဒုံမင်း၏သားတော် အိမ်ရှေ့မင်းသား ဦးပေါ်ထံ ကွမ်းရေကိုင်အဖြစ် စတင်အမှုထမ်းခဲ့၏။ ထို့နောက် ရွှေတောင်ကျော်စွာဘွဲ့ဖြင့် လမိုင်းဝန်၊ ဝင်းမှူး၊ ကျီဝန်ရာထူးများ ရရှိခဲ့သည်။ ဗဒုံမင်းလက်ထက်၌ပင် မဟာမင်းလှမင်းခေါင်ဘွဲ့ဖြင့် ဝန်ကြီး



အရာ ပေးအပ်ခံခဲ့ရ၏။ ၂၉၊ နိုဝင်ဘာ၊ ၁၈၁၈ တွင် ဝေသာလီသို့စစ်ချီစဉ် ဝန်ကြီးမဟာမင်းလှမင်းခေါင်သည် တပ် (၃၄)တပ်ကို ဦးစီးလျက် ချီတက်ခဲ့ရသည်။

၁၈၁၉ ခုနှစ် စစ်ကိုင်းမင်းနန်းတက်စတွင် မဟာမင်းလှမင်းခေါင်ကို မင်းကြီးမဟာမင်းခေါင်ဘွဲ့ပေးအပ်ကာ ဝန်ကြီးရာထူး ဆက်လက်ခန့်ထားခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမတိုင်မီတွင် သတိုးမင်းကြီးမဟာမင်းခေါင်ဘွဲ့ ပြောင်းလဲပေးအပ်ခံခဲ့ရ၏။ ကျီဝန်ရာထူးကိုပါ ပူးတွဲထမ်းရွက်ရသဖြင့် ကျီဝန်ကြီးဟု အမည်တွင်ပါသည်။ ယောမြို့ကိုလည်း မြို့စားအရာအဖြစ် ပေးအပ်ခံခဲ့ရသည်။ ၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်လာသောအခါ ဦးရွှဲညိုကို ဝန်ကြီးရာထူး ဆက်လက်ခန့်ထားခဲ့၏။ ၅၊ ဇူလိုင်၊ ၁၈၄၆ တွင် ယောမြို့စားဝန်ကြီးဟောင်း ဦးရွှဲညို ကွယ်လွန်ပါသည်။ ဝန်ကတော်အမည်ကိုမူ မသိရပေ။ သားသမီးမထွန်းကားဟု ဆိုပါသည်။

**ရှင်ကလေး၊ ဦး၊ နာခံတော်**

ဦးရှင်ကလေးသည် သာယာဝတီမင်းလက်ထက်တွင် နာခံတော်စမြောင်မှူးအရာဖြင့် အမှုထမ်းခဲ့၏။ မင်းပေးဘွဲ့မည်မှာ မဟာမင်းထင်ကျော်ခေါင်ဖြစ်သည်။ နာခံတော် ဦးရှင်ကလေးသည် မယ်ငယ်ဆိုသူ အမျိုးသမီးနှင့် စုံဖက်ခဲ့ရာ သမီးမယ်ဇက်(သံတော်ဆင့်ဦးရွှေလုံးကတော်)ကို ဖွားမြင်ပါသည်။ ဦးရှင်ကလေးသည် မင်းတုန်းမင်းလက်ထက်တိုင် နာခံတော်ရာထူးဖြင့် ဆက်လက်အမှုထမ်းရွက်ရဆဲဖြစ်၏။

**ရှင်ကလေး၊ ဦး၊ ရွှေတိုက်အတွင်းဝန်**

မင်းတုန်းမင်း၏ မင်္ဂလာအိမ်တော်ပါ အမှုထမ်းတစ်ဦးဖြစ်သည်။ မင်္ဂလာအိမ်တော်၌ရှိစဉ်က ဘဏ္ဍာစိုးအဖြစ် အမှုထမ်းရွက်ခဲ့ရ၏။ မင်းတုန်းကနောင်မင်းသားများ အရေးတော်အတွင်း မင်းလှစည်သူဘွဲ့ဖြင့် ရွှေတိုက်ဝန်ရာထူး ရရှိခဲ့သည်။ မင်းတုန်းမင်းနန်းတက်လာပြီးနောက် မင်းကြီးမဟာသက်တော်ရှည်ဘွဲ့ဖြင့် ကောလင်းမြို့စားရွှေတိုက်အတွင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှင်ကလေး၊ ဦး၊ လက်ယာဝင်းမှူး

ဦးရှင်ကလေးသည် မင်းတုန်းမင်းနန်းတက်စတွင် မင်းကြီးမဟာတရဖျားဘွဲ့ခံ လက်ယာဝင်းမှူးအဖြစ် ခန့်အပ်ခံခဲ့ရ၏။ သူသည် ယခင်က အကြီးစာရေး အဖြစ် အမှုထမ်းခဲ့သူ ဖြစ်ပါသည်။

## ရှင်ကလေး၊ ဦး၊ အမှာတော်ရေး

အမှာတော်ရေး ဦးရှင်ကလေးကို ၁၈၂၄ခုနှစ်တွင် တန့်တားဦးမြို့၊ လက်ဆောင်ယူရွာ၌ ဦးကျား၊ ဒေါ်မိန်းကလေးတို့က ဖွားမြင်ပါသည်။ (၉)နှစ်သား အရွယ်တွင် သာမဏေဝတ်၍ ပညာဆည်းပူးလေ့လာခဲ့သည်။ အမရပူရမြို့၊ တောင်လေးလုံးဆရာတော်ထံ ပညာဆည်းပူးခဲ့ပြီးနောက် သာမဏေထွက်ကာ မိဘများထံ ပြန်နေခဲ့သည်။ ထို့နောက် လက်ဆောင်ယူ ရွာသူကြီး၏နှမ မမယ်နှင့် စုံဖက်ခဲ့သည်။ ပုဂံမင်းလက်ထက်တွင် ဦးရီးတော် သွေးသောက်ကြီး အဆက်အသွယ်နှင့် ဖြဲတိုက်စာရေးရာထူး ရရှိခဲ့သည်။ မင်းတုန်းမင်း လက်ထက်တွင် စာရေးတော်ကြီးရာထူး ရရှိခဲ့၏။ မန္တလေးသို့ပြောင်းရွှေ့ပြီး မကြာမီ၌ပင် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ခံ အမှာတော်ရေး ဖြစ်လာသည်။ သီပေါမင်းလက်ထက်တွင်လည်း အမှာတော်ရေးအဖြစ်ပင် အမှုထမ်းရ၏။

ဦးရှင်ကလေးသည် စာဆိုတော်တစ်ဦးဖြစ်သည့်အားလျော်စွာ လောကနီတိပျို့(၁၈၈၀)၊ ရာဇဝံသကျံ့ရ (၁၈၈၃)၊ သုတမဉ္ဇူဆုံးမစာလင်္ကာ (၁၈၈၄) စသည်တို့ကို ရေးဖွဲ့ခဲ့သည်။ ဦးရှင်ကလေးနှင့် ဒေါ်မယ်တို့မှ မောင်မောင်(အိမ်ထောင်မရှိ)နှင့် မမကြီးတို့ကို ဖွားမြင်ပါသည်။ မမကြီး သည် ဦးအောင်ဒွန်းနှင့် စုံဖက်ကာ သားရွှေနေကြီးဦးဘညွှန့်(တံတားဦးမြို့) တို့ကို ဖွားမြင်ခဲ့သည်။ အမှာတော်ရေး ဦးရှင်ကလေးသည် သီပေါမင်း ပါတော်မူသွားပြီးနောက် လက်ဆောင်ယူရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထို့နောက် သားမောင်မောင်ရှိရာ တံတားဦးမြို့၌ နေထိုင်စဉ် ၁၉၀၇ ခုနှစ် တွင် ကွယ်လွန်ခဲ့သည်။

## ရှမ်းပေါက်၊ ဦး၊ မဟာဒါန်ဝန်

ဦးရှမ်းပေါက်သည် ဗဒုံမင်းလက်ထက်တွင် မဟာဒါန်စာရေးအဖြစ် အမှုထမ်းလျက်ရှိရာမှ မဟာဒါန်ဝန်ဘယနန္ဒသူ ကွယ်လွန်သွားသောအခါ သူ၏



နေရာတွင် လက်ဝဲသိခ်ဘွဲ့ဖြင့် ၁၈၊ ဒီဇင်ဘာ၊ ၁၇၈၉ မှစ၍ မဟာဒါန်ဝန် ဖြစ်လာပါသည်။

## ရွှေကြူ၊ ဦး၊ သံတော်ဆင့်

သာယာဝတီမင်းလက်ထက် သံတော်ဆင့်အဖြစ်အမှုထမ်းခဲ့သူ ဦးရွှေကြူကို စစ်ကိုင်းနယ်၊ ပဒူတောင်ရင်းရွာ၌ ဖွားမြင်ခဲ့သည်။ ဇနီးအမည်မှာ ဒေါ်ရွှေအိ ဖြစ်ပြီး ၁၈၃၅ ခုနှစ်တွင် အင်းဝမြို့၊ မီးသွေးတိုက်တံခါးအနီး နေအိမ်၌ သမီး မယ်ရွှေဝကို ဖွားမြင်ခဲ့သည်။ မယ်ရွှေဝသည် မှန်နန်းအပျိုတော်အဖြစ် မင်းတုန်းမင်းလက်ထက် မိဖုရားခေါင်ထံ ခစားခဲ့ရသည်။ အသက်(၁၈)နှစ် အရွယ်တွင် မင်းတုန်းမင်းက ကောက်ယူခဲ့၏။ နောင်လှိုင်ကျွန်းမိဖုရားဟု အမည်တွင်ပါသည်။

## ရွှေကြူ၊ ဦး၊ သိန္နီဝန်ထောက်

၁၈၆၆ ခု၊ ပတိမ်းမင်းသားအရေးတွင် မက္ခရာမင်းသား၏တောင်ဘက် ကိုးခရိုင်စစ်ကြောင်း၌ ဦးရွှေကြူစစ်ကဲအဖြစ် လိုက်ပါခဲ့ရသည်။ ဘွဲ့မည်မှာ မင်းကြီးမဟာမင်းခေါင်ကျော်ထင် ဖြစ်သည်။ ထို့နောက် မြင်ကွန်းမင်းသား ကို နှိမ်နင်းရန် မြေလတ်ဒေသသို့ ထွက်ခွာခဲ့ရသည်။ ကယားပြည်နယ် အေးချမ်းသွားပြီးနောက် သိန္နီစော်ဘွား၏ အကူအညီတောင်းခံမှုကြောင့် စံဟဲမြို့စားကို တိုက်ခိုက်ရန် ၁၈၃၈ ခု၊ ဧပြီလတွင် ဝန်ထောက်ဦးရွှေကြူ သိန္နီသို့ ထွက်ခွာခဲ့ရသည်။ ထို၌ (၆)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် သိန္နီဝန်ထောက်ဟု အမည်တွင်ပါသည်။ သိန္နီမှ ပြန်လည်ရောက်ရှိလာပြီး နောက် နေပြည်တော်၌ တစ်နှစ်သာနေခဲ့ရပြီး ၁၈၃၉ ခုနှစ်တွင် ဗန်းမော် ဒေသသို့ ထွက်ခွာခဲ့ရပြန်ပါသည်။ ဦးရွှေကြူသည် ဗန်းမော်မြို့၌ပင် ကွယ်လွန်ခဲ့၏။

## ရွှေကြည်၊ ဦး၊ ကျောက်ပန်းတောင်းဝန်ကြီး

ဦးရွှေကြည်သည် သာယာဝတီမင်းလက်ထက် စလေ၊ ပခန်းငယ်မြို့စားဝန် ကြီး ဦးလူညို၏ညီ ဖြစ်ပါသည်။ သူသည် ၃၊ ဩဂုတ်၊ ၁၈၀၁ တွင် ဖွားမြင်ခဲ့၏။ ပုဂံမင်းနန်းတက်စတွင် စလေ၊ ပခန်းငယ်နှစ်မြို့ဝန်အဖြစ် အမှုထမ်းခဲ့သည်။ အရှေ့ဝင်းတော်မှူးရာထူးကိုလည်း ရရှိခဲ့သည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေကြည်သည် ပုဂံမင်းလက်ထက်တွင်ပင် သတိုးသုမဓမ္မမဟာမင်းခေါင်ဘွဲ့ဖြင့် ကျောက်ပန်းတောင်းမြို့စား ဝန်ကြီးအရာ ရရှိခဲ့သည်။ ၁၇၊ ဖေဖော်ဝါရီ၊ ၁၈၅၃ တွင် မင်းတုန်းမင်း နန်းတက်လာသောအခါ ဝန်ကြီးဟောင်းဖြစ်သူ ဦးရွှေကြည်ကို အကျဉ်းချထားကာ စစ်ကိုင်းမြို့သို့ ပို့ထားခဲ့သည်။ ဝန်ကြီးဦးရွှေကြည်တွင် မွေးချင်းလေးဦးရှိရာ ဦးလူညို၊ ဦးဘိုကလေး၊ ဦးရွှေကြည်နှင့် ဦးရွှေဖိုးတို့ ဖြစ်ကြသည်။ မင်းတုန်းမင်း၏ သရစိမ်းမိဖုရားမှာ သူ၏သမီး ဖြစ်သည်။

## ရွှေခဲ၊ ဦး၊ ဝန်ထောက်

ဦးရွှေခဲသည် [illegible]မင်းလက်ထက်တွင် စစ်ကောင်းသီရိဘွဲ့ခံ ဝန်ထောက်ဖြစ်လာ၏။ သူသည် အလောင်းမင်းတရားကြီး၏ မြင်းရည်တက် (၆၈)ဦး အဝင်ဖြစ်သည်။ [illegible] စစ်ကောင်းသီရိကျော်၊ မင်းကြီးကျော်၊ ဥတ္တမသီရိသင်္ခယာဘွဲ့များ ရရှိခဲ့သည်။

## ရွှေခြည်၊ ဦး၊ [illegible]

ဦးရွှေခြည်သည် ဗဒုံမင်းလက်ထက်တွင် သီရိရာဇသူဘွဲ့ခံ မယ်ဇလီရွာစား တံဆိပ်ဝန်အဖြစ် [illegible]ရသည်။ ဦးရွှေခြည်၏ ဖခင်မှာ တံဆိပ်ဝန်ဦးမောင်ဖြစ်သည်။ ဦးရွှေခြည်ကို ၁၇၉၈ ခုနှစ်တွင် ဖွားမြင်ခဲ့၏။ အသက် (၁၈)နှစ်အရွယ် ၁၈၁၆ ခုနှစ်တွင် ဖခင် ကွယ်လွန်သွားသောအခါ သူ့ကို တံဆိပ်ဝန်ရာထူး ခန့်အပ်ခဲ့သည်။ စစ်ကိုင်းမင်းလက်ထက်တွင် ဟံသာဝတီ၊ ရ[illegible] တိုက်၌ စောလုမြို့စားတံဆိပ်ဝန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် ၁၈၂၆ ခုနှစ်တွင် နေမျိုးမင်းလှစည်သူ၊ မင်းလှရာဇကျော်ထင်ဘွဲ့များဖြင့် နာခံတော်ရာထူး ရရှိခဲ့သည်။ ၁၈၄၆ ခု၊ သာယာဝတီမင်းလက်ထက်၌ တံဆိပ်ဝန်ရာထူး ထပ်မံခန့်အပ်ခံခဲ့ရပြန်သည်။ သူသည် မင်းတုန်းမင်း နန်းတက်စ၌ ကွယ်လွန်ခဲ့ဟန် ရှိပါသည်။

တံဆိပ်ဝန် ဦးရွှေခြည်သည် စာဆိုတော်တစ်ဦးဖြစ်သည့်အားလျော်စွာ အဘိရူပပျို့(၁၈၄၉)၊ စန္ဒကိန္နရီပျို့(၁၈၅၀)၊ မဟာပဒုမပျို့ စသည့်ပျို့ပေါင်းများစွာ ရေးသားစပ်ဆိုခဲ့သည်။



## ရွှေစို၊ ဦး၊ ရေနံချောင်း[illegible]

ဦးရွှေစိုကို ၂၅၊ စက်တင်ဘာ၊ ၁၈၀၃ တွင် ရေနံချောင်းမြို့၌ ဦးအင်း၊ ဒေါ်အိတို့က ဖွားမြင်ပါသည်။ စစ်ကိုင်းမင်းလက်ထက်တွင် ညောင်ရမ်းမင်းသားထံ အမှုထမ်းခဲ့၏။ သာယာဝတီမင်းလက်ထက်တွင် ယင်းတောဝန်ကြီးထံ ပညာသင်ခဲ့ပြီးနောက် ပြဲတိုက်စာရေး၊ လွှတ်တော်စာရေး၊ သံတော်ဆင့်ရာထူးများ အဆင့်ဆင့်ရရှိခဲ့သည်။

ပုဂံမင်းနန်းတက်လာသောအခါ မြစ်စဉ်ဝန်၊ ကိုးခရိုင်ဝန်၊ ရမည်းသင်းဗိုလ်၊ ၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်စတွင် မဟာမင်းကျော်မင်းခေါင်ဘွဲ့ခံ ရမည်းသင်းမြို့ဝန်၊ ထို့နောက် အတွင်းဝန်၊ ၁၈၆၆ ခုနှစ်တွင် သတိုးမင်းကြီးမဟာမင်းကျော်မင်းခေါင်ဘွဲ့ဖြင့် ရေနံချောင်းမြို့စားဝန်ကြီးရာထူးများ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။ သီပေါမင်းနန်းတက်လာပြီးနောက် ၁၉၊ ဇန်နဝါရီ၊ ၁၈၇၉ တွင် ဝန်ကြီးဦးရွှေစို ရာထူးကျသွား၏။

ဝန်ကြီး ဦးရွှေစို၏ ဝန်ကတော်နှစ်ဦးမှာ ဒေါ်ချို့နှင့် ဒေါ်သီလှတို့ဖြစ်ကြရာ ဒေါ်ချို့မှ မင်းတုန်းမင်း၏ ကြေးမြင်မိဖုရား မမခင်ကို ဖွားမြင်သည်။

## ရွှေစင်၊ ဦး၊ အမြောက်ဝန်

ဦးရွှေစင်သည် မင်းတုန်းမင်း နန်းတက်စတွင် မင်းလှသီရိမင်းထင်ဘွဲ့ခံ အမြောက်ဝန်ရာထူး ရရှိခဲ့သည်။

## ရွှေဆွဲ၊ ဦး၊ အမြောက်ဝန်

အနောက်ဝန် ဦးရွှေဆွဲအမည်ကို သီပေါမင်းလက်ထက်(၁၈၈၁-၁၈၈၃) အနောက်နေရာတော်ပုံစာရင်း၌ တွေ့ရှိရ၏။ ဦးရွှေဆွဲ၏ဇနီးမှာ ဒေါ်ပုဖြစ်ပြီး အနောက်ပွဲတက်ကတော်တစ်ဦး ဖြစ်သည်။

## ရွှေဖဲ၊ ဦး၊ ဝန်ထောက်

ဦးရွှေဖဲသည် ကျော်ထက်ပျံ့ချီဘွဲ့ခံ အိမ်ရှေ့သံတော်ဆင့်အဖြစ် အမှုထမ်းနေရာမှ ရွှေတောင်နန္ဒကျော်ထင်ဘွဲ့ဖြင့် ဝန်ထောက်ဖြစ်လာခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ မှုရှုပ်ချက်မှတ်တမ်းတွင်မူ [illegible]ကို မဟာမင်းကျော်

www.burmeseclassic.com



သခ်ယာဟု တွေ့ရှိရသည်။ ယင်းမှတ်တမ်းအရ ဝန်ထောက် ဦးရွှေဖံသည် စစ်အတွင်းက ဝင်ရောက်စစ်မှုထမ်းခဲ့ကြောင်း သိရှိရ၏။

**ရွှေတုတ်၊ ဦး၊ သစ်တောမြို့ဝန်**

မြို့ဝန်ဦးရွှေတုတ်သည် မင်းတုန်းမင်းလက်ထက်တွင် မင်းထင်မင်းလှစည်သူ၊ မင်းကျော်မင်းလှစည်သူ၊ မဟာမင်းကျော်စည်သူဘွဲ့များဖြင့် သစ်တောဝန် ရာထူး ရရှိခဲ့သူဖြစ်၏။ ၁၈၅၉ ခုနှစ် မန္တလေးမြို့တော်တည်ဆောက်စဉ်က သစ်တောဝန် မင်းကျော်မင်းလှစည်သူဘွဲ့ခံ ဦးရွှေတုတ်သည် ကျော်မိုး တံခါးကို တာဝန်ယူတည်ဆောက်ခဲ့ရ၏။ ထို့နောက် ၂၃၊ နိုဝင်ဘာ၊ ၁၈၆၃ တွင် မင်းကြီးမဟာမင်းကျော်စည်သူဘွဲ့ဖြင့် ရွှေမြို့တော်ဝန်ရာထူး ရရှိခဲ့သည်။ သစ်တောမြို့ဝန်ဟု အမည်ထင်ရှားပါသည်။ ဦးရွှေတုတ်သည် ၁၈၆၆ ခု မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားများအရေးတွင် ရာထူးကျခဲ့သည်။

**ရွှေတုပ်၊ ဦး၊ ပြင်စည်ဝန်ထောက်**

သာယာဝတီမင်း လက်ထက်တွင် ဦးရွှေတုပ်သည် မဟာမင်းလှရာဇာဘွဲ့ခံ ပြင်စည်မြို့စားဝန်ထောက်အဖြစ် ခန့်အပ်ခံခဲ့ရ၏။

**ရွှေတောင်၊ ဦး၊ မြဲတိုက်သံတော်ဆင့်**

ဦးရွှေတောင်သည် သီပေါမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ ကျောက်စာဝန်တော် စိန်နိုသည် မြဲတိုက်သံတော်ဆင့် ဦးရွှေတောင်ထံမှ မြန်မာမှုအများအပြားကို လေ့လာသင်ယူခဲ့သည်။

**ရွှေတောင်၊ ဦး၊ အသုံးစာရေး**

ဦးရွှေတောင်သည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် သီပေါမင်းပါတော်မူစဉ်၌ မြန်မာဘုရင်လက်ထက်က ပေးသွင်းဝယ်ယူခဲ့ရသည့် မှန်များ တန်ဖိုးငွေ (၈၃၉၅)ကျပ်ကို ရယူလိုကြောင်း ဗြိတိသျှအစိုးရထံ တောင်းခံခဲ့ဖူးပါသည်။



**ရွှေတောင်နော်ရထာ၊ စာရေးတော်**

ရွှေတောင်နော်ရထာသည် အလောင်းမင်းတရားလက်ထက်တွင် စာရေးတော်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ရွှေတောင်စည်သူဘွဲ့ဖြင့် အမှုထမ်းနေရာမှ ၁၊ ဇူလိုင်၊ ၁၇၅၇ တွင် ဟံသာဝတီနန်းတော်၌ ရွှေတောင်နော်ရထာဘွဲ့ ပေးအပ်ခံရသည်။ ၂၈၊ ဒီဇင်ဘာ၊ ၁၇၅၇ အမိန့်တော်တွင် စာရေးတော် ရွှေတောင်နော်ရထာ အပါအဝင် ကျန်စာရေးလေးဦးအား စာချွန်တော်များ ကိုယ်တိုင်ရေးသားကြရန် ညွှန်ကြားထားသည်။

**ရွှေထင်၊ ဦး၊ ဝန်ကြီး**

ဦးရွှေထင်သည် ၁၇၅၂ ခု၊ မေလတွင် ဖွဲ့စည်းခဲ့သည့် အလောင်းမင်းတရား၏ မြင်းရည်တက် (၆၈)ဦးအဝင် ဖြစ်ပါသည်။ အလောင်းမင်းတရားနှင့် ဒီပဲယင်းမင်းတို့ လက်ထက်တွင် နေမျိုးကျော်ထင်(မင်းလှကျော်ထင်)ဘွဲ့ဖြင့် ဝန်ကြီးရာထူး ရရှိခဲ့သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဦးရွှေထင်ကို မြောက်ဦးမြို့စားဝန်ကြီးအဖြစ် ဖော်ပြထားပါသည်။ ဝန်ကြီး ဦးရွှေထင်သည် ၂၁၊ ဧပြီ၊ ၁၇၅၈ တွင် အလောင်းမင်းတရား၏ကုသိုလ်တော် ရွှေစည်းခုံစေတီဌာပနာပိတ်ပွဲသို့ တက်ရောက်ခဲ့သည်။ သူသည် ဆင်ဖြူရှင်လက်ထက်၌ပါ ဝန်ကြီးအရာ ရရှိခဲ့သည်။

**ရွှေထွန်း၊ ဦး၊ သမီးတော်ဝန်ထောက်**

ဦးရွှေထွန်းသည် သာယာဝတီမင်းလက်ထက်တွင် သမီးတော်ဝန်၊ ဝန်ထောက် အရာများ ခန့်အပ်ခံခဲ့ရသည်။ ဘွဲ့မည်မှာ မင်းလှစည်သူကျော်ထင်ဖြစ်သည်။

**ရွှေနီ၊ ဦး၊ နာခံတော်**

နာခံတော်ဦးရွှေနီသည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦးဖြစ်၏။ သူသည် စာဆိုတော်တစ်ဦးလည်းဖြစ်ပြီး ၁၈၆၃ ခုနှစ်တွင် ပဋ္ဌာပါဠိရကန်ကို ရေးဖွဲ့ခဲ့သည်။ သီပေါမင်းလက်ထက်တွင်လည်း အဌ္ဌောဝါဒဆုံးမစာကို ရေးဖွဲ့ခဲ့၏။ ဦးရွှေနီ၏ ဇနီးမှာ ဒေါ်မင်းကလေး ဖြစ်ပါသည်။ နာခံတော် ဦးရွှေနီ၏မြေး ဦးအုန်းမောင်(ဦးနေထွန်းနှင့်ဒေါ်စောမြမေတို့၏သား)သည် (၁၅-၁၂-၉၇)တွင် ကွယ်လွန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



**ရွှေနီ၊ ဦး၊ ဥယျာဉ်တော်မှူး**

ဦးရွှေနီသည် မင်းတုန်းမင်းလက်ထက်တွင် မဟာသီရိအာရမဥယျာဉ်တော်မှူး ရာထူး ရရှိခဲ့သည်။ ဘွဲ့မည်မှာ နေမျိုးမင်းလှသီဟ နန္ဒရာဇ ဖြစ်သည်။ ဦးရွှေနီနှင့် ဖနီးခေါ်နန်းမွေးတို့မှ သားသမီးလေးဦး ဖွားမြင်ခဲ့ရာ ကိုစိန်ငယ် (ရွှေဓားဗိုလ်) ကိုသက်၊ မဖွားမယ်၊ မဖော့တို့ ဖြစ်ကြ၏။ ၁၈၆၆ ခုနှစ်တွင် ဥယျာဉ်တော်မှူး ဦးရွှေနီ ကွယ်လွန်ခဲ့သည်။ ဦးရွှေနီသည် တွင်းငယ်ရွာအုပ် အဖြစ်မှ ရာထူးတိုးမြှင့်ခန့်ထားခံရခြင်း ဖြစ်သည်။

**ရွှေပု၊ ဦး၊ အသည်ဝန်ကြီး**

အသည်ဝန်ကြီးဦးရွှေပုသည် ကနောင်မြို့စားအသည်ဝန် ဦးမြတ်ဖော၏ သားဖြစ်သည်။ စဥ့်ကူးမင်း လက်ထက်တွင် လက်ဝဲရွှေတောင်ဘွဲ့ဖြင့် စားတော်ကွမ်းရေကိုင်အဖြစ် အမှုထမ်းခဲ့၏။ ဖခင် အသည်ဝန်ဦးမြတ်ဖော ကွယ်လွန်သောအခါ မဟာဇေယျသူရဘွဲ့ဖြင့် အသည်ဝန်ရာထူး ဆက်ခံရ၏။ မုတ်ဆိတ်မွေးရှည်ထားသောကြောင့် အသည်မုတ်ဆိတ်ဟုလည်း အမည်တွင်ပါသည်။

ဦးရွှေပုသည် ၁၇၈၅ ခုနှစ်၊ အောက်တိုဘာလခန့်တွင် ဝန်ကြီး ရာထူး ရရှိခဲ့၏။ (၁၊ စက်တင်ဘာ၊ ၁၇၈၅ ဝန်ကြီးများစာရင်းတွင် အသည်ဝန်ကြီး ဦးရွှေပု မပါဝင်သေးဘဲ ၁၁၊ နိုဝင်ဘာ၊ ၁၇၈၅ ယိုးဒယားသို့ စစ်ချီတက်စဥ်၌မူ အသည်ဝန်ရာထူးအား နေမျိုးဇေယျကျော်သူကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း တွေ့ရှိရ၏။) အသည်ဝန်ကြီး မဟာဇေယျသူရသည် ၁၄၊ ဩဂုတ်၊ ၁၇၈၇ ဇင်းမယ်သို့ချီတက်စဥ် မိုးနဲစစ်ကြောင်းအား ဦးစီးတိုက်ခိုက်ခဲ့ရ၏။ ထို့ပြင် ၂၅၊ မေ၊ ၁၇၉၂ တွင် ထားဝယ်သို့ချီတက်ရာ၌လည်း အိမ်ရှေ့မင်း၏တပ်မှ လိုက်ပါစစ်မှုထမ်းခဲ့ရသည်။ ဝန်ကြီးဦးရွှေပု မည်သည့်အချိန်၌ ကွယ်လွန်သည်ကို မသိရပါ။ ဦးရွှေပု၏သားမှာ ဦးကြီးဖြစ်ပြီး မင်းတုန်းမင်းလက်ထက်တွင် ဆင်ယင်(ဆင်ရှင်)ရွာစား အသည်ဝန်ရာထူးကိုရ ရှိခဲ့၏။ ဦးရွှေပု၏သမီး ရှင်မြတ်ထွတ်မှာ ဗဒုံမင်း၏ ကိုယ်လုပ်တော် သီရိဝတီဖြစ်သည်။



**ရွှေပေး၊ ဦး၊ ဝန်စာရေး**

ဦးရွှေပေးသည် စစ်ကိုင်းမင်းလက်ထက် ကျောက်ဆောက်မြို့စား ဝန်ကြီး ဦးမှေး၏ ဝန်စာရေး ဖြစ်သည်။ သူသည် ပုဂံမင်းလက်ထက် ၁၈၅၀ ခုနှစ်တွင် ခံဝန်ကတိစာချုပ်တစ်ခုအတွက် စာစီရေးသားခဲ့၏။

**ရွှေပင်၊ ဦး၊ ပန်းတဉ်းဝန်ထောက်**

မင်းတုန်းမင်းလက်ထက်တွင် မင်းလှရာဇာကျော်ထင်ဘွဲ့ဖြင့် သံတော်ဆင့်၊ ပန်းတဉ်းဝန်၊ ပန်းဘဲဝန်ရာထူးများ ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် မဟာမင်းလှကျော်ထင်ဘွဲ့ဖြင့် ဝန်ထောက်ရာထူး ရရှိခဲ့သည်။ ပန်းတဉ်းဝန်ထောက် ဟု အမည်တွင်၏။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားသံအဖွဲ့နှင့် လိုက်ပါခဲ့ရဖူးပြီး နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာပြီးနောက် သံတော်ဆင့်အဖြစ် ပြန်လည်ခန့်အပ်ခံခဲ့ရသည်။ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူဖြစ်သည်။

ဦးရွှေပင်သည် ငယ်စဉ်ကပင် အမေရိကန်သာသနာပြုများနှင့် ခင်မင်၍ အင်္ဂလိပ်စာစသင်ခဲ့၏။ ၁၈၅၆ ခုနှစ်တွင် ကလကတ္တားသို့ ပညာတော်သင်စေလွှတ်ခံရ၏။ (၂)နှစ်အကြာ ပြန်လည်ရောက်ရှိလာသောအခါ မင်းလှရာဇာကျော်ထင်ဘွဲ့ခံ တောဆောက်ရွာစားသံတော်ဆင့် ဖြစ်လာခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အမြောက်ပစ်နည်း၊ အင်္ဂလိပ်မြင်းများ၊ လက်တွေ့ကွန်ပါရေးနည်း၊ ဘဏ်လုပ်ငန်းဆိုင်ရာတို့ကို ဘာသာပြန်ဆိုခဲ့သည်။ ၁၈၆၃ ခု၊ ဒီဇင်ဘာလတွင် စက်ပစ္စည်းများသယ်ယူရန် စက်ဆရာဦးထွန်းနှင့်အတူ ဘင်္ဂလားသို့ သွားရောက်ရ၏။ ၁၈၆၄ ခုနောက်ပိုင်း၌ ပန်းတဉ်းဝန်၊ ၁၈၆၆ ခုနှစ်၌ ပန်းဘဲဝန်အရာများ ရရှိခဲ့သည်။ ၁၈၆၇ ခုတွင် ပြင်သစ်နိုင်ငံသို့ စက်ကိရိယာပစ္စည်းဝယ်ယူရန် မောင်ထွန်းအောင်၊ မောင်ညွန့်တို့နှင့်အတူ သွားရောက်ခဲ့သည်။ သို့သော် လက်နက်ဝယ်ယူရန်ဖြစ်သဖြင့် ရန်ကုန်မှ လှည့်ပြန်ခဲ့ရသည်။ ၁၈၇၀ ပြည့်နှစ်တွင် ပြင်သစ်၊ အင်္ဂလန်နိုင်ငံများသို့ သွားရောက်ခဲ့ပြီး ၁၈၇၁ ခုနှစ်ကုန်ပိုင်း၌ ပြန်လည်ရောက်ရှိလာခဲ့သည်။ ၁၈၇၂ ခု၊ ဇန်နဝါရီလတွင် ဝန်ထောက်ရာထူး ရရှိပါသည်။

ဦးရွှေပင်ကို ဦးစံရွှင် ခေါ် လှဦးတို့မှ ၁၈၃၃ ခုနှစ်တွင် ဖွားမြင်ပြီး လူရွယ်ဘဝတွင် မမေဆိုသူနှင့် အိမ်ထောင်ကျကာ သားမောင်ဘကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘကြူတို့ကို ဖွားမြင်ပါသည်။ ၁၈၇၃ ခုနှစ် နောက်ပိုင်းတွင် ဦးဘိုးမောင်၏သမီး မရွှေပုံနှင့် ထပ်မံလက်ဆက်ခဲ့သည်။ ပန်းတဉ်းဝန်ထောက် ဦးရွှေပင်သည် အသက်လေးဆယ်ကျော်အရွယ် ၁၈၇၆ ခုနှစ်တွင် ကွယ်လွန်ပါသည်။

**ရွှေဖြူ၊ ဦး၊ မြို့တော်ဝန်**

ဦးရွှေဖြူသည် မုတ္တမမြို့ဝန်အဖြစ် အမှုထမ်းခဲ့ဖူးသူ ဦးရွှဲနှင့် ဝန်ကတော် ဒေါ်မြတ်တို့၏သား ဖြစ်ပါသည်။ မွေးချင်းညီအစ်ကို မောင်နှမများမှာ တောင်ဘက်တိုက်ဝန်၊ လမိုင်းဝန်၊ သူရဲဝန်ကတော်ဒေါ်ဉ၊ ဦးရွှေဖြူနှင့် ဦးမင်းရွှေတို့ ဖြစ်ကြသည်။ သူသည် ရန်ကုန်မြို့ဝန် ထီးလင်းမြို့စားမင်းကြီး ဦးရွှေရောင်နှင့် ဒေါ်မွေးညိုတို့၏ မြေးတော်စပ်သူလည်း ဖြစ်သည်။ ဦးရွှေဖြူသည် ဗဒုံမင်းလက်ထက်တွင် သီရိမဟာသီဟသူဘွဲ့ဖြင့် မြို့တော်ဝန်ရာထူး ရရှိခဲ့၏။

**ရွှေဘော်၊ ဦး၊ ပုဏ္ဏားဝန်**

ဦးရွှေဘော်သည် မင်းတုန်းမင်း လက်ထက်တွင် ပုဏ္ဏားဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ သူသည် ပုဂံမင်း လက်ထက်၌ အောင်ပင်လယ်လမိုင်းဝန်အရာ ခန့်အပ်ခံခဲ့ရသည်။

**ရွှေမင်း၊ ဦး၊ ရန်ကုန်ဝန်ထောက်**

ဦးရွှေမင်းသည် ယခင်က စာရေးကြီးအဖြစ် အမှုထမ်းရွက်နေရာမှ ရာထူးတိုးမြှင့်ရရှိခဲ့ခြင်း ဖြစ်သည်။ ဗဒုံမင်းလက်ထက်တွင် ရွှေတောင်နော်ရထာဘွဲ့၊ ထို့နောက် မင်းကျော်ရွှေတောင်ဘွဲ့များ ရရှိခဲ့သည်။ စစ်ကိုင်းမင်းလက်ထက်တွင် မင်းကျော်ရာဇာဘွဲ့ဖြင့် ဝန်ထောက်ရာထူး ခန့်အပ်ကာ ရန်ကုန်မြို့၌ တာဝန်ထမ်းဆောင်စေခဲ့သည်။ သူသည် ရန်ကုန်မြို့၌ပင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ကျဆုံးခဲ့ရ၏။

**ရွှေမောင်၊ ဦး၊ ကသဲမြင်းဝန်**

ဦးရွှေမောင်သည် မင်းတုန်းမင်းလက်ထက် အမှုထမ်းတစ်ဦး ဖြစ်၏။ ဦးရွှေမောင်ကို အမတ်ကြီး ဦးသာဖြူနှင့် ဇနီးတို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်း



အစ်မနှစ်ဦးမှာ မင်းတုန်းမင်း၏ လင်ပန်းတိုက်စားမိဖုရားနှင့် သက်ပန်းမိဖုရားတို့ ဖြစ်သည်။ သူသည် မင်းတုန်းမင်းလက်ထက်တွင် မင်းလှသမိန်ထောရာဇာဘွဲ့ဖြင့် ရေနံ့သာမြို့စား ကသဲမြင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ သားသမီးများမှာ ခင်ခင်ကြီး(လင်းပင်မင်းသား၏ဇနီး)၊ ခင်ခင်လေး၊ ခင်မောင်ကလေး(ပထမရာဇဝတ်တရားသူကြီး)နှင့် မောင်မောင်စိန်တို့ ဖြစ်ကြသည်။ ဦးရွှေမောင်သည် သီပေါမင်းနန်းတက်စ မင်းသားများ လုပ်ကြံသတ်ဖြတ်မှု၌ ပါဝင်သွားခဲ့၏။

**ရွှေမောင်၊ မောင်၊ ကျိုင်းတုံ၊ စားတော်ကွမ်းရေကိုင်**

ကျိုင်းတုံဦးရွှေမောင်သည် မင်းတုန်းမင်း လက်ထက်တွင် စားတော်ကွမ်းရေကိုင်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၈၇၅ ခုနှစ် သီပေါမင်းစာပြန်ထွက်ရာတွင် လိုက်ပါအမှုထမ်းရွက်ခဲ့ရသည်။

**ရွှေမောင်၊ ဦး၊ ခန်းပတ်မင်းကြီး**

ဦးရွှေမောင်ကို ၅၊ ဖေဖော်ဝါရီ၊ ၁၈၂၀ တွင် အတွင်းဝန် ဦးရန်ငူးနှင့် ဝန်ကတော်တို့က အင်းဝမြို့၌ ဖွားမြင်ခဲ့သည်။ သူသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှသိခ်သူဘွဲ့ခံ စားတော်ကွမ်းရေကိုင်၊ သာယာဝတီမင်းလက်ထက်တွင် လွှတ်တော်စာရေးကြီးအရာများ ရရှိခဲ့သည်။ ၁၈၄၁ ခုနှစ် သာယာဝတီမင်း ရန်ကုန်ဆင်းစဉ် လိုက်ပါခဲ့ရသည်။ ပုဂံမင်းလက်ထက်တွင်မူ ရာထူးကျသွားခဲ့သည်။ ထို့နောက်တစ်ဖန် မင်းတုန်းမင်းလက်ထက်၌ ဝန်ထောက်၊ စို့လေးဆယ်ဒိုင်းဝန်၊ ခန်းပတ်မြို့စားအတွင်းဝန်ရာထူးများ ရရှိကာ ၁၈၆၉ ခုနှစ်၌ ဝန်ကြီးအရာ တိုးမြှင့်ခန့်ထားခံရပါသည်။ ခန်းပတ်မြို့စားဝန်ကြီး သတိုးမင်းကြီးသီရိမဟာမင်းခေါင်ဥဇနာဟူ၍ အမည်ထင်ရှားပါသည်။ ခန်းပတ်မင်းကြီးသည် ၆၊ ဖွန်၊ ၁၈၈၃ တွင် မြေးဖြစ်သူ ဒိုင်းခင်ခင်အရေးနှင့်ပတ်သက်၍ ရာထူးကျသွားပြီး ထောင်သွင်းအကျဉ်းချခံခဲ့ရ၏။ ၁၀၊ အောက်တိုဘာ၊ ၁၈၉၂ တွင် ခန်းပတ်မင်းကြီး ကွယ်လွန်ပါသည်။

ခန်းပတ်မင်းကြီး၏ ဝန်ကတော်မှာ အသည်ဝန်ထောက်၏ သမီးဖြစ်ပြီး သားမောင်မောင်ကဲကို ဖွားမြင်ပါသည်။ မောင်မောင်ကဲသည် ၂၉၊ ဧပြီ၊ ၁၈၈၈ တွင် အသုံးစာရေးဦးကျီးညို၏ သမီး မယ်ဘွားနှင့် နေ့စစ်ကြောင်းလမ်းခဲ့၏။

www.burmeseclassic.com



**<u>ရွှေမောင်၊ ဦး၊ လှေသင်းအတွင်းဝန်</u>**

ဦးရွှေမောင်ကို ထောင်ကဲကြီး မဟာမင်းလှမင်းထင်နှင့် ဇနီးတို့မှ ၂၉၊ စက်တင်ဘာ၊ ၁၈၄၃ တွင် ဖွားမြင်ပါသည်။ ဇာတိမှာ စစ်ကိုင်းမြို့၊ ဝါးချက်ရွာ ဖြစ်သည်။ ၁၈၅၈ ခုနှစ်တွင် မင်းတုန်းမင်းထံ လက်ဖက်ရည်တော်အဖြစ် စတင်အမှုထမ်းခဲ့ပြီး ၁၈၆၀ ပြည့်နှစ်၌ မင်းတပ်ဘွဲ့ရ လှေသင်းစာရေးကြီး၊ ၁၈၆၃ ခုနှစ်၌ မင်းကြီးမဟာမင်းထင်ဘွဲ့ဖြင့် ဖောင်ဝန်ရာထူးများ ရရှိခဲ့သည်။ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတော်ပုံအပြီးတွင် မင်းလှသခ်ယာဘွဲ့ ပေးအပ်ခံခဲ့ရသည်။ ထို့နောက် ဖခင်၏ရာထူးဖြစ်သော ပြည်လုံးအုံထောင်ကဲကြီးအရာ ရရှိကာ ၁၈၇၄ ခုနှစ်တွင် မင်းကြီးမဟာ ဇေယျမင်းကျော်ထင်ဘွဲ့ဖြင့် ရွှေစလွယ် (၁၂)သွယ် အပ်နှင်းခံရ၏။

၁၈၇၈ ခုနှစ် သီပေါမင်းနန်းတက်စတွင် ဖောင်ဝန်အဖြစ်လည်းကောင်း၊ ၂၂၊ ဇန်နဝါရီ၊ ၁၈၇၉ တွင် မြို့တော်ဝန်ရာထူးဖြင့်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၃၊ ဇူလိုင်၊ ၁၈၈၀ တွင် အတွင်းဝန်၊ လှေသင်းဝန်၊ စလေမြို့စားအရာများ ရရှိခဲ့သည်။ သီပေါမင်း ပါတော်မူသွားပြီးနောက် အတွင်းဝန် ဦးရွှေမောင်နှင့်မိသားစု ၃၊ အောက်တိုဘာ၊ ၁၈၈၆ တွင် အိန္ဒိယသို့ သွားရောက်နေထိုင်ခဲ့ကြသည်။ ကလကတ္တား၌ (၄)နှစ် နေထိုင်ပြီး ပြန်လာကာ ၁၊ အောက်တိုဘာ၊ ၁၉၁၁ တွင် ကွယ်လွန်ပါသည်။

အတွင်းဝန်ဦးရွှေမောင်၏ ဇနီးကတော်မှာ မင်းလက်ဝါးကြီး၏သမီး ဒေါ်ခင်ခင်ညွှာ ဖြစ်သည်။

**<u>ရွှေမောင်၊ ဦး၊ မြဲတိုက်သံတော်ဆင့်</u>**

ဦးရွှေမောင်သည် ပုဂံမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့် ရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၃၊ ဇူလိုင်၊ ၁၈၄၈ တွင် လဲချားကျမိုင်း၏ ဝန်ခံချက်ကို အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ရ၏။

**<u>ရွှေမောင်၊ ဦး၊ အတ္တပတ်မြင်းဝန်</u>**

ဦးရွှေမောင်သည် မင်းတုန်းမင်းလက်ထက်တွင် အတ္တပတ်မြင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ဦးရွှေမောင်ကို မြို့သစ်မြို့စားဝန်ထောက် ဦးရွဲနှင့် ဝန်ထောက်ကတော် ဒေါ်ကုတ်စီတို့က ဖွားမြင်ပါသည်။ မွေးချင်း (၅)ဦး



ရှိရာ ဦးမောင်ကို(မကွေးဝန်ထောက်)၊ မမှူး(နန်းဦးမိဖုရား)၊ မကူး(မှန်နန်းအပျိုတော်)၊ မခြူး(ရတနာလှော်ကားတော်မှူးကတော်)၊ ဦးရွှေမောင်နှင့် မညွှာ(သံတော်ဆင့်ကတော်)တို့ ဖြစ်ကြသည်။

**<u>ရွှေရိုး၊ ဦး၊ သံတော်ဆင့်</u>**

ဦးရွှေရိုးသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှသိခ်သူဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ သူသည် (၂၉၊ မေ၊ ၁၈၂၇)ခုနှစ်တွင် ရွှေတိုက်အတွင်းဝန် ဆက်**သလာသည့်** မုံရွေးဆရာတော် မေဓာဝီစာမော်ကွန်းလက်ဘ်ကို ဘုရင်မင်းမြတ်ရှေ့တော်မှောက်၌ ဖတ်ကြားခဲ့ရ၏။

**<u>ရွှေရိတ်၊ ဦး၊ အတ္တပတ်မြင်းဝန်</u>**

ဦးရွှေရိတ်သည် မင်းတုန်းမင်း နန်းတက်စတွင် မင်းလှရာဇစည်သူဘွဲ့ခံ အတ္တပတ်မြင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။

**<u>ရွှေရောင်၊ ဦး၊ ထီးလင်းမင်းကြီး</u>**

ဦးရွှေရောင်ကို ရွှေဘိုနယ်၌ ၁၇၂၉ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။အလောင်းမင်းတရားလက်ထက် ရတနာသိခ်မြို့နယ် (၂၆)ရွာအဝင် သောင်တင်ရွာအစုရဲဘော်မြင်းမှူးအဖြစ် အမှုထမ်းခဲ့သည်။ ဒီပဲယင်းမင်း၊ မြေဒူးမင်းနှင့် စဉ့်ကူးမင်းတို့ လက်ထက်တွင် ဇေယျကာမဏိ၊ မဟာဇေယျကာမဏိ၊ ဘွဲ့များဖြင့် မြို့တော်ဝန်ဖြစ်လာခဲ့သည်။ ၁၇၈၂ ခုနှစ် ဗဒုံမင်းနန်းတက်လာသောအခါ မဟာဇေယျကာမဏိကို မဟာသီရိသင်္ကြန်ဘွဲ့ဖြင့် ဝန်ကြီးရာထူးပေးအပ်ခဲ့သည်။ ၁၁၊ ဇူလိုင်၊ ၁၇၈၃ တွင် ထီးလင်းမြို့ကို မြို့စားအရာ ရရှိခဲ့သည်။ သို့သော် ၂၈၊ ဇူလိုင်၊ ၁၇၈၇ တွင် မဟာသီဟသူရဘွဲ့ဖြင့် ရန်ကုန်မြို့ဝန်အဖြစ် ပြောင်းရွှေ့ခန့်အပ်ခံခဲ့ရ၏။ ရန်ကုန်မြို့ဝန်ရာထူးဖြင့် လေးနှစ်တာဝန်ထမ်းဆောင်နေစဉ် ၁၇၉၁ ခုနှစ်တွင် ကွယ်လွန်ပါသည်။ သူသည် ထီးလင်းမင်းကြီး၊ မြို့ဝန်မင်းကြီး၊ တောင်မင်းကြီး၊ ရန်ကုန်မင်းကြီး စသော အမည်များဖြင့် ထင်ရှားခဲ့၏။ ဝန်ကြီးဦးရွှေရောင်၏ ဝန်ကတော်မှာ ဒေါ်မွေးညိုဖြစ်ပြီး သားမှတ္တမမင်းကြီး ဦးရွဲနှင့် သမီးအတွင်းဝန်ကတော် မယ်သားတို့ကို ဖွားမြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေလှ၊ ဦး၊ လက်ဝဲဝင်းမှူး

ဦးရွှေလှသည် အင်္ဂလိပ်-မြန်မာပထမစစ်အတွင်း အင်းဝရှိ ဗြိတိသျှအကျဉ်းသားတို့အား သက်ညှာစွာ ပြုမူဆက်ဆံခဲ့၏။ ရန်ကုန်တွင်လည်း နေထိုင်ခဲ့ဖူးပါသည်။ ဥရောပတိုက်သားတို့၏ နေထိုင်စားသောက်ပုံကို သဘောကျနှစ်သက်သူ ဖြစ်သည်။ ဘရန်ဒီအရက်ကိုလည်း ကြိုက်နှစ်သက်၏။ စကားပြောရာတွင် အသံကျယ်လောင်စွာ ပြောတတ်ပါသည်။ ဘုရင့်အပေါ် သြဇာရှိသော်လည်း တိုင်းရေးပြည်ရေးကိစ္စများ၌ ဝင်ရောက်စွက်ဖက်တတ်ခြင်း မရှိပေ။

ဦးရွှေလှသည် ငယ်စဉ်ကပင် စစ်ကိုင်းမင်းနှင့် ရင်းနှီးခဲ့သည့်အလျောက် စစ်ကိုင်းမင်း နန်းတက်လာသောအခါ ခဲပေါင်မြို့စားမင်းကြီး မဟာသကြိန်ဘွဲ့ဖြင့် လက်ဝဲဝင်းမှူးရာထူး ရရှိခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်အတွင်း ယုဒသန်နှင့်တကွ ဖမ်းဆီးထားသူ နိုင်ငံခြားသားများအပေါ် အပြစ်မရှိကြောင်း ရဲဝံ့စွာလျှောက်ထားကာ အကျဉ်းမှလွှတ်ပေးရန် ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားသားအချို့ကိုမူ သူ၏အိမ်၌ပင် ကျွေးမွေးထားသေးကြောင်း ဆိုကြ၏။ ၁၈၃၈ ခုနှစ်က ဟင်နရီဘာနေးနှင့် တွေ့ဆုံရာ ဦးရွှေလှ၏ နေအိမ်တွင် ဆွဲယပ်ကြီးများကိုတွေ့ရ၍ အံ့သြမိကြောင်း ဆိုပါသည်။

ရွှေလှ၊ ဦး၊ အကြီးတော်

ဦးရွှေလှသည် ဗဒုံမင်းလက်ထက် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် မင်းသားမောင်ဘညို၏ အကြီးတော်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း ဆိုပါသည်။

ရွှေလုံး၊ ဦး၊ သူရဲဝန်

ဦးရွှေလုံး၏ မင်းပေးဘွဲ့မည်မှာ သတိုးမင်းကြီး မမာသမိန်ဘောဖြတ်စဖြစ်ပြီး မင်းတုန်းမင်းလက်ထက်၌ သူရဲဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ဦးရွှေလုံးကို ၁၈၁၄ ခု၊ ဇွန်လတွင် အင်းဝမြို့၌ ဖွားမြင်ခဲ့သည်။ သူသည် အသက် (၂၀)နှစ်အရွယ်တွင် စတင်အမှုထမ်းခဲ့ပြီး ၁၈၄၁ ခုနှစ် သာယာဝတီမင်း ရန်ကုန်သို့စုန်ဆင်းစဉ်က မင်းတုန်းမင်းသား ဖောင်တော်ပေါ်မှပြုတ်ကျသည်ကို ကယ်တင်ခဲ့ရဖူး၏။ ထို့နောက် ရှေ့ဝင်းတော်မှူး၊ ကိုးခရိုင်အုပ်၊ သူရဲဝန်

www.burmeseclassic.com



စသည့် ရာထူးများ အဆင့်ဆင့်ရရှိခဲ့သည်။ ဝန်ကတော်မှာ ပုသိမ်မြို့ဝန် ဦးမြတ်နှင်းနှင့် ဒေါ်မမကြီးတို့၏သမီး ခင်ခင်ကြီးဖြစ်သည်။ သူရဲဝန်ဦးရွှေလုံးနှင့် ဝန်ကတော် ခင်ခင်ကြီးတို့က သမီးသုံးဦးဖွားမြင်ရာ ဒုတိယသမီး ခင်ညွှာသည် လှေသင်းအတွင်းဝန် ဦးရွှေမောင်နှင့် လက်ဆက်ခဲ့၏။အငယ်ဆုံးသမီး ခင်ဖူးမှာ သူရဲဝန် မောင်မောင်ပြောင်းနှင့် စုံဖက်ခဲ့၏။ ခင်ဖူးသည် 'နွေချိန်ခါလုပြန်တော့တယ်' ပတ်ပျိုးကို ရေးဖွဲ့ခဲ့သည့် ဂီတပညာရှင်တစ်ဦး ဖြစ်ပါသည်။ သူရဲဝန်ဦးရွှေလုံး၏ သားတစ်ဦးမှာ ပျဉ်းမနားနယ်၊ အေလာမြို့၊ ရန်းစောင်းရွာနေ ဦးမြမန်း ဖြစ်သည်။

ရွှေလုံး၊ ဦး၊ သံတော်ဆင့်

ဦးရွှေလုံးသည် သာယာဝတီမင်းလက်ထက်တွင် မင်းတင်ရာဇာဘွဲ့ခံ သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် ဦးရှင်ကလေး၊ ဒေါ်ငယ်တို့၏ သမီးလတ် မယ်ဇက်နှင့်စုံဖက်ကာ သားမောင်မောင်စော (နောင် သံယုတ်ဆရာတော်)ကို ဖွားမြင်ခဲ့သည်။ သံတော်ဆင့် ဦးရွှေလုံးသည် ၁၈၅၄ ခု၊ စက်တင်ဘာလတွင် ကွယ်လွန်ခဲ့သည်။

ရွှေလှ၊ ဦး၊ တံဆိပ်ဝန်

ဦးရွှေလှသည် သီပေါမင်း လက်ထက်တွင် တံဆိပ်ဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် နေမျိုးသိဒ္ဓိကျော်ခေါင်ဘွဲ့ ရရှိခဲ့ပြီး ၈၊ စက်တင်ဘာ၊ ၁၈၉၆ တွင် ကွယ်လွန်ခဲ့သည်။

ရွှေလှ၊ ဦး၊ အဝေးရောက်စာရေး

ဦးရွှေလှသည် မင်းတုန်းမင်းလက်ထက်တွင် အဝေးရောက်စာရေးရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူသည် ၁၈၅၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဝန်ထောက်ဟောင်းတစ်ဦးပိုင် မြေကွက်ပေါ်၌ လှေတော်အမှုထမ်းတို့ နှောင့်ယှက်သည့်အမှုတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း တွေ့ရှိရ၏။

ရွှေလေ့၊ ဦး၊ စာရေးတော်ကြီး

ဦးရွှေလေ့သည် စစ်ကိုင်းမင်းလက်ထက်တွင် အဝေးရောက်စာရေးရာထူးမှ စာရေးတော်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။ ၁၈၂၉ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



တွင် အင်းဝသို့ရောက်ရှိခဲ့သည့် ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘာနေးက စာရေးတော်ကြီး ဦးရွှေလေ့နှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

'သူသည် လွှတ်တော်နှင့် အင်္ဂလိပ်ကိုယ်စားလှယ်တို့အကြား ဆက်သွယ်ရေးတာဝန်ကို ယူရသည်။ သူသည် မြန်မာဝန်ကြီးများနှင့် အင်္ဂလိပ်ကိုယ်စားလှယ်တို့ ဆက်ဆံရေးပြေပြစ်မှုကို လိုလားသည်။ စာရေးတော်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော်လည်း ဝန်ကြီးများက အင်္ဂလိပ်ကိုယ်စားလှယ်နှင့် ဆက်သွယ်သည့်အခါ ၎င်းကိုပင် ဆက်လက်အသုံးပြုရန် သဘောတူညီကြသည်။'

ဟူ၍ ဖြစ်သည်။

## ရွှေဝ၊ ဦး၊ ဝန်စာရေး

ဦးရွှေဝသည် မကွေးမင်းကြီး ဦးကြာဉ၏ ဝန်စာရေးဖြစ်သည်။ ဝန်စာရေး ဦးရွှေဝနှင့် ဇနီး ရှင်ဖွားတို့သည် ၁၈၆၀ ပြည့်နှစ်က မဟာလောကမာရဇိန် စေတီရင်ပြင်၌ ခေါင်းလောင်းချိတ်ဆွဲလှူဒါန်းခဲ့သည်။ ဇနီးရှင်ဖွားသည် ဆရာတော်ဦးသေယျ၏ ပစ္စယဒါယကာ ဦးအောင်မင်း၏သမီး ဖြစ်သည်။

## ရွှေဝ၊ ဦး၊ မဟာဒါန်ဝန်

ဦးရွှေဝသည် သီပေါမင်းလက်ထက် နေမျိုးရာဇစည်သူဘွဲ့ဖြင့် မဟာဒါန်ဝန် ဖြစ်ခဲ့၏။ သူသည် ကင်းဝန်မင်းကြီး ဦးကောင်း၏ တပည့်ရင်းလည်း ဖြစ်ပါသည်။ သီပေါမင်း ပါတော်မူသွားပြီးနောက် ဆီပန်းနီဆရာတော်ရေး 'မှတ်ရစ်ပါလေ' အစချီ လင်္ကာကိုချေပသည့်အနေဖြင့် 'မန်းမကိုင်မှုလ' ချီလေးချိုးကြီးကို ပြန်လည်ရေးစပ်ခဲ့သည်။ ဦးရွှေဝ၏သား ဦးစုမှာ ဆရာတော်ဦးဂုဏဖြစ်ပြီး ဝန်ကတော်မှာမူ ၂၀၊ ဇွန်၊ ၁၈၈၆ တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။

## ရွှေသာ၊ ဦး၊ လက်ဝဲဝင်းမှူး

ဦးရွှေသာသည် သာယာဝတီမင်းလက်ထက်တွင် မင်းကြီးမဟာမင်းလှမင်းထင်ဘွဲ့ဖြင့် လက်ဝဲဝင်းမှူးရာထူး ခန့်အပ်ခဲ့သည်။



## ရွှေသား၊ ဦး၊ ကောင်းတုံဝန်ကြီး

ဦးရွှေသားကို မလွန်မင်းသားမင်းရဲညွန့်ဘွဲ့ခံ ဦးဗွေနှင့် စစ်ကိုင်းသူဗွေးသမီး မယ်ဆက်တို့က ၁၇၇၃ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဦးရွှေသား၏ဖခင် မလွန်မင်းသားသည် အလောင်းမင်းတရားကြီးနှင့် မိဖုရားစိတ္တမဟောတို့မှ ဖွားမြင်ခဲ့သူဖြစ်သဖြင့် ဦးရွှေသားသည် အလောင်းမင်းတရားကြီး၏ မြေးအရင်း ဖြစ်ပါသည်။

ဦးရွှေသားသည် မင်းရဲရာဇာဘွဲ့ဖြင့် သာယာဝတီမင်းသား၏ဝန်အဖြစ် အမှုထမ်းရွက်ခဲ့ပြီးနောက် (၁၈၁၀-၁၈၁၂)ခုနှစ်များအတွင်း မင်းရဲနန္ဒမိတ်ဘွဲ့ဖြင့် ရန်ကုန်မြို့ဝန် ဖြစ်လာခဲ့သည်။ သို့သော် ဗြိတိသျှသံအရာရှိ ဂျွန်ကင်းနင်းလာရောက်စဉ် ဆက်ဆံရေးမပြေပြစ်ခဲ့သောကြောင့် ၁၈၁၂ ခု၊ ဩဂုတ်လတွင် မြို့ဝန်ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။ စစ်ကိုင်းမင်းလက်ထက်တွင် ရာထူးမရရှိဘဲ သာယာဝတီမင်းနန်းတက်စဉ် သတိုးမင်းရဲ ရာဇာဘွဲ့ဖြင့် အတွင်းဝန်ရာထူး ပေးအပ်ခံခဲ့ရသည်။ မကြာမီ ကောင်းတုံမြို့စားဝန်ကြီးအရာ ပေးအပ်ခံရပါသည်။ ဝန်ကြီး ဦးရွှေသားသည် ၈၊ ဖေဖော်ဝါရီ၊ ၁၈၅၅၊ အသက် (၇၉)နှစ်အရွယ်တွင် ကွယ်လွန်ပါသည်။

ဦးရွှေသား၏ဝန်ကတော်မှာ ဗဒုံမင်း၏မိဖုရားခေါင်ဖြစ်သူ ရှင်လွန်းမယ်၏ တူမရင်း ရှင်မလှဖြစ်ပြီး သမီးရှင်ဆုံနှင့် သားမောင်ရွှေညိုတို့ကို ဖွားမြင်ပါသည်။ ရှင်ဆုံသည် မိုးညှင်းမင်းသားနှင့် စုံဖက်ကာ မင်းတုန်းမင်းလက်ထက် ပခန်းဝန်ကြီး ဦးရန်ဝေး၏ဝန်ကတော် ထိပ်တင်ခေါ်ရှင်ဖွားကို ဖွားမြင်ပါသည်။

## ရွှေသား၊ ဦး၊ စစ်တောင်းဝန်ကြီး

ဦးရွှေသား၏ ဖခင်မှာ မင်းလက်ဝဲဖြစ်သည်။ ဦးရွှေသားသည် သာယာဝတီမင်းလက်ထက်တွင် မင်းလှမင်းထင်ဘွဲ့ခံ လက်စွဲတော်ခေါင်းအဖြစ် စတင်အမှုထမ်းခဲ့သည်။ မကြာမီ လက်ယာဝင်းမှူး ဖြစ်လာဟန် ရှိပါသည်။ ၁၈၄၆ ခုနှစ် ပုဂံမင်း နန်းတက်သောအခါ မင်းကြီးမဟာမင်းလှမင်းထင်ဘွဲ့ဖြင့် စစ်တောင်းမြို့စားဝန်ကြီးအရာ ရရှိခဲ့လေသည်။ ဝန်ကြီးဦးရွှေသားသည် ၃၊ ဩဂုတ်၊ ၁၈၅၂ ခုနှစ်တွင် ရာထူးကျသွား၏။ စစ်တောင်းဝန်ကြီးတွင် မောင်မှုံဆိုသူ ညီတစ်ဦးရှိကြောင်း သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရွှေ[illegible] ဦး၊ [illegible]ပြည်ဖျန်အောင်မြင်းဝန်**

ဦးရွှေသားကို လက်ဝဲသုန္ဒရအမတ်ကြီးဘွဲ့ခံ ဦးမြတ်စံနှင့် ဖနီးဒေါ်ရွှဲတို့မှ ဖွားမြင်ပါသည်။ သူသည် ဗဒုံမင်းလက်ထက်တွင် အိမ်ရှေ့သံတော်ဆင့်အဖြစ် စတင်အမှုထမ်းခဲ့၏။ စစ်ကိုင်းမင်းလက်ထက်သို့ရောက်ရှိသောအခါ ရွှေပြည်ရန်အောင်မြင်းဝန်၊ ရွှေပြည်တံခွန်မြင်းဝန်များအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် အမရပူရမြို့ဝန် ဖြစ်လာခဲ့၏။ ဦးရွှေသားတွင် ဦးတွန့်(ခ)ဦးထွန်းနှင့် ဦးညွှန့်ဆိုသူ သားနှစ်ဦးရှိရာ တရားသူကြီးများအဖြစ် ထင်ရှားပါသည်။

**ရွှေ[illegible]တော်ဝန်**

ဦးရွှေ[illegible]ဘွမမြို့ဝန်(ပါဏဲဝန်ကြီးဟုအမည်ထင်ရှားသူ) ဦးရွှဲနှင့် ဝန်က[illegible]မြတ်တို့က ဖွားမြင်ခဲ့သည်။ သူသည် ကွမ်းရေတော်ခေါင်းရာထူးဖြင့် စတင်အမှုထမ်းရွက်ခဲ့ပြီး စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှသင်္ခယာဘွဲ့ခံ မြို့တော်ဝန်ဖြစ်လာ၏။ ဦးရွှေသွေးသည် သာယာဝတီမင်းလက်ထက်တွင်ပါ မင်းကြီးမဟာမင်းလှသီရိသီဟသူဘွဲ့ဖြင့် မြို့တော်ဝန်ရာထူး ဆက်လက်ဆောင်ရွက်ခဲ့ရပါသည်။

**ရွှေဦး၊ ဦး၊ စီးတော်မြင်းဝန်**

ဦး[illegible]ဦးသည် စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းကျော်သင်္ခယာ[illegible]ဖြင့် စီး[illegible]တော်မြင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ သူသည် ဝ[illegible]ရတ်သံအဖွဲ့ကြီး[illegible] ပ[illegible]ဆောင်[illegible]ကဲ့ရသည်။

**ရွှေ[illegible] ဦး [illegible] လက်ဝဲဝင်းမှူး**

ဦးရွှေဦးကို ပေါက်ဖွဲ့ဗိုလ် ဟူ၍လည်း ခေါ်ဆိုကြသည်။ ဦးရွှေဦးသည် [illegible]သာဝတီမင်းလက်ထက်တွင် မင်းလှမင်းခေါင်ကျော်ဘွဲ့ခံ လက်ဝဲဝင်းမှူး အဖြစ်ရရှိခဲ့သည်။ ထို့နောက် မှားမကြာမီ အနောက်ဝင်းမှူးရာထူး ပြောင်းရွှေ့ ခန့်အပ်ခံခဲ့ရသည်။

**ရွှေအို၊ ဦး၊ စီးတော်မြင်းဝန်**

ဦးရွှေအိုသည် မင်းတုန်းမင်း နန်းတက်စတွင် မင်းလှမင်းကျော်ရာဇာဘွဲ့ခံ စီးတော်မြင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။



**ရွှေအို၊ ဦး၊ ဆင်ဝန်**

မင်းတုန်းမင်း လက်ထက်တွင် ဆင်ဝန်ဖြစ်ပြီး တောင်ရွှေရေးဆောင်ဖိုး[illegible] ကြီး၏မောင် ဖြစ်သည်။ ယင်းတော်မြို့ကို မြို့စားအရာ ရရှိခဲ့[illegible]ည်။ ဆင်[illegible] ဦးရွှေအိုနှင့် ဝန်ကတော်တို့မှ ၅၊ စက်တင်ဘာ၊ ၁၈၆၁ တွင် ခင်[illegible]များကို ဖွားမြင်ခဲ့ရာ နောင်တွင် မြင်ကွန်းမင်းသားကြီး၏ ကြင်ရာတော် ဖြစ်လာပါသည်။

**ရွှေအို၊ ဦး၊ ဒိုင်းဝန်ကြီး**

ဦးရွှေအိုသည် ဗဒုံမင်းလက်ထက်တွင် လွှတ်တော်စာရေးအဖြစ် စတင်အမှုထမ်းခဲ့သည်။ ဗဒုံမင်း မင်းကွန်းယာယီနန်းဦးစံစဉ် ဦးရွှေအို "မနော‌ဝေသူ" ဘွဲ့ဖြင့် လိုက်ပါတာဝန်ထမ်းရွက်ခဲ့သည်။ မကြာမီ မင်းကျော်ယံ[illegible]ခံ ဝန်ထောက်၊ ဒိုင်းဝန်အရာများ ရရှိခဲ့သည်။ ထို့နောက် ၁၇၉၁ ခုနှစ် နောက်ပိုင်းတွင် မဟာသီဟသူရဘွဲ့ဖြင့် ဝန်ကြီးဖြစ်လာခဲ့သည်။ ဒိုင်းဝန်ကြီး ဟု အမည်တွင်ပါသည်။ သူသည် ထားဝယ်သို့စစ်ချီစဉ် ရာထူးမှထုပ်[illegible] ခံခဲ့ရပြီး ၁၈၊ နိုဝင်ဘာ၊ ၁၈၁၇ တွင် ကွယ်လွန်ပါသည်။

**ရွှေအိုး၊ ဦး၊ မြို့တော်ဝန်**

မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှမင်းခေါင်သူရိန်၊ [illegible]င်းကြီးမဟာမင်းလှမင်းခေါင်သူရိန်ဘွဲ့တို့ဖြင့် မိုင်းညောင်၊ မြို့သာမြို့များကို မြို့စားအရာ ရရှိခဲ့သည်။ မြို့သာမြို့စားရွှေမြို့တော်ဝန်ဟု အမည်ထင်ရှားခဲ့၏။ သီပေါမင်းလက်ထက်တွင် ရွှေမြို့တော်ဝန်ရာထူး ဆက်လက်ရရှိခဲ့သော်လည်း ၇၆၊ မတ်၊ ၁၈၈၂ တွင် ဒိုင်းခင်ခင်အရေးကြောင့် သားအတွင်းဝန် မြင်းဝန် ဦးဘကြွမ်းနှင့်အတူ ရာထူးကျခဲ့သည်။ ဦးရွှေအိုး၏ ပွဲတက်ဝန်ကတော်မှာ ဒေါ်ညွှာဖြစ်ပြီး သားမောင်ဘကြွမ်းကို ဖွားမြင်ခဲ့သည်။

**ရွှေအိုး၊ ဦး၊ ကျောက်မြောင်းအတွင်းဝန်**

ဦးရွှေအိုးကို ၁၊ မတ်၊ ၁၈၃၆ တွင်ကျောက်မြောင်းနယ်၊ နွယ်ငြိမ်းရွာ၌ ဖွားမြင်ခဲ့သည်။ ဦးရွှေအိုးသည် မင်းတုန်းမင်းလက်ထက်တွင် လက်ဖက်[illegible] တော်အဖြစ် စတင်အမှုထမ်းခဲ့ပြီး ၁၈၅၇ ခုနှစ်တွင် ကလက[illegible]ားသို့

www.burmeseclassic.com

www.burmeseclassic.com



ပညာတော်သင် စေလွှတ်ခံခဲ့ရသည်။ ၁၊ ဖေဖော်ဝါရီ၊ ၁၈၅၉ တွင် မန္တလေးသို့ ပြန်လည်ရောက်ရှိစဉ် မင်းထင်ပညာသိဒ္ဓိဘွဲ့ဖြင့် အဆောင်တော်မြဲရာထူး ရရှိခဲ့၏။ ၂၁၊ မတ်၊ ၁၈၅၉ တွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင် ထပ်မံသွားရောက်ခဲ့ရပြီး ၁၈၆၆ ခု၊ ဩဂုတ်လတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။ ၁၈၆၇ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသောအခါ ဦးရွှေအိုးကို စာရေးကြီး၊ ဖန်ချက်ဝန်ရာထူးများ ခန့်အပ်ခဲ့သည်။

၁၈၇၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကင်းဝန်မင်းကြီး၏ သံအဖွဲ့နှင့် တတိယသံမှူးအဖြစ် လိုက်ပါစဉ် ဝန်ထောက်ရာထူး ရရှိခဲ့ပါသည်။ သို့သော် ပြင်သစ်-မြန်မာစာချုပ်ကိစ္စနှင့်ပတ်သက်၍ ၁၈၇၄ ခုနှစ်၊ မေလတွင် ဦးရွှေအိုးအား ဝန်ထောက်အရာမှ ထုတ်ပယ်ခံခဲ့ရပြီး ၁၈၇၈ ခုနှစ်တွင်မှ မင်းတုန်းမင်း အမျက်ပြေကာ အီတလီနိုင်ငံသို့ သံအဖြစ်စေလွှတ်ခံခဲ့ရ၏။ အီတလီနိုင်ငံမှအပြန် ၁၈၇၉ ခုနှစ်တွင် သီပေါမင်းက မင်းကြီးသီရိမဟာဇေယျနန္ဒကျော်ထင်ဘွဲ့ဖြင့် ကျောက်မြောင်းမြို့စား အတွင်းဝန်ရာထူး ရရှိခဲ့သည်။ ၂၊ ဧပြီ၊ ၁၈၈၂ တွင် ဦးရွှေအိုး၏သံအဖွဲ့ ဆင်းမလားသို့ သွားရောက်ခဲ့သေးသည်။ ၁၉၀၅ ခုနှစ်၌ ဦးရွှေအိုး ကွယ်လွန်သွားပါသည်။

ဦးရွှေအိုး၏ဇနီး ဝန်ကတော်မှာ တိုင်တားမင်းကြီးဦးဘိုး၏သမီး နန္ဒာဒေဝီဘွဲ့ခံ ဒေါ်ခင်တုတ်ဖြစ်ပြီး သားသမီးခြောက်ဦး ထွန်းကားခဲ့သည်။

## ရွှေအိုး၊ ဦး၊ အောင်ပင်လယ်လမိုင်းဝန်

ဦးရွှေအိုးသည် စစ်ကိုင်းမင်းလက်ထက်တွင် အောင်ပင်လယ်လမိုင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ဟံသာဝတီစစ်ကြောင်း၌ လိုက်ပါစစ်မှုထမ်းခဲ့ရသည်။ ဦးရွှေအိုး၏ မင်းပေးဘွဲ့မည်မှာ နော်ရထာကျော်ခေါင် ဖြစ်သည်။

## ရွှဲ၊ ဦး၊ တောင်မင်းကြီး

ဦးရွှဲသည် အနောက်ဝင်းမှူး ဦးကုလား၏သားဖြစ်သည်။ ဗဒုံမင်းနန်းတက်စတွင် ဇော်တသူရဘွဲ့ဖြင့် ရွှေတိုက်ဝန်ရာထူး ခန့်အပ်ခံခဲ့ရ၏။ ၁၇၊ မေ၊ ၁၇၈၃ ဗဒုံမင်း ဘိသိက်ခံစဉ် ရွှေတိုက်ဝန်ဇော်တသူရကို မင်းမဟာဘွဲ့ဖြင့်



အသည်ဝန်ရာထူး ခန့်အပ်ခဲ့သည်။ ထို့နောက် ပင်းတလဲမင်းသားအရေးတွင် ခေတ္တရာထူးကျသွားခဲ့ပြီး အနောက်ဘက်ဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။ တစ်ဖန် မဟာမင်းလှကျော်စွာဘွဲ့ဖြင့် ဝန်ကြီးအရာ ရရှိခဲ့ပြန်သည်။ တောင်မင်းကြီးဟု အမည်တွင်ပါသည်။ တောင်မင်းကြီး၏သားမှာ မောင်ရွှေကန် ဖြစ်သည်။

တောင်မင်းကြီးတွင် မယ်ရွှေရည်ဆိုသူ သမီးတစ်ဦးလည်း ရှိ၏။ တောင်မင်းကြီး၏ သမီးမှာ ဦးမြတ်သာ၊ ဒေါ်ပွင့်တို့၏သား မောင်အုန်းခိုင်နှင့် လက်ဆက်ခဲ့သည်။

## ရွှဲ၊ ဦး၊ လက်ယာဝင်းမှူး

ဦးရွှဲသည် ဗဒုံမင်းလက်ထက်တွင် မဟာမင်းလှကျော်စွာဘွဲ့ဖြင့် လက်ယာဝင်းမှူးရာထူး ရရှိခဲ့သည်။

## ရွှဲ၊ ဦး၊ ဝန်ထောက်

ဦးရွှဲသည် စစ်ကိုင်းမင်းလက်ထက်တွင် မိုးတားမြို့စား စိန္တကျော်သူဘွဲ့ဖြင့် အမှုထမ်းလျက်ရှိရာမှ မင်းကြီးမဟာစည်သူဘွဲ့ခံ ဝန်ထောက်ဖြစ်လာ၏။ ဦးရွှဲသည် အင်းဝဇာတိဖြစ်ပြီး မှူးမတ်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။ ဦးရွှဲကို ၁၇၇၇ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဆယ်နှစ်အရွယ်တွင် သာမဏေပြုကာ စာပေလေ့လာဆည်းပူးခဲ့သည်။ ထို့နောက် ဆင်ခြေတိုက်ဝန်၊ မြေတိုင်းဝန်၊ မြစ်စဉ်ဝန် ရာထူးများ ရရှိသည်။ စစ်ကိုင်းမင်းလက်ထက်တွင် တွင်းသင်းတိုက်ဝန်၊ ဝန်ထောက်ရာထူးများ ရရှိခဲ့၏။ တွင်းသင်းတိုက်ဝန်ဖြစ်စဉ်က မဏိပူရသို့ စစ်ချီတက်လိုက်ပါခဲ့ဖူးပါသည်။ စာပေပညာရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ ကပိလမော်ကွန်း၊ စမွေယျပျို့သစ်နှင့် ဘင်္ဂလားသွားစာတမ်းတို့ကို ပြုစုခဲ့သည်။

## ရွှဲ၊ ဦး၊ ဝန်ထောက်

ဦးရွှဲသည် ပုဂံမင်း လက်ထက်တွင် မင်းကြီးမဟာမင်းလှစည်သူဘွဲ့ဖြင့် ဝန်ထောက်အဖြစ် အမှုထမ်းခဲ့သည်။ သူသည် မင်းတုန်းမင်း နန်းတက်စ ၁၈၅၃ ခုနှစ်တွင် ဖမ်းဆီးချုပ်နှောင် အကျဉ်းချထားခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရှင်၊ ဦး၊ ဖွဲ့သဘုံဝန်ထောက်**

ဦးရှင်သည် သာယာဝတီမင်းလက်ထက်တွင် နေမျိုးဇေယျသူဘွဲ့ခံ ဖွဲ့သဘုံမြို့စားဝန်ထောက်အဖြစ် ထင်ရှားခဲ့၏။

**ရှင်၊ ဦး၊ လက်ဝဲဝင်းမှူး**

ဦးရှင်သည် သာယာဝတီမင်းလက်ထက်တွင် နေမျိုးဇေယျကျော်သူဘွဲ့ဖြင့် အမှုထမ်းရွက်နေရာမှ မင်းကြီးဥဇနာဘွဲ့ခံ လက်ဝဲဝင်းမှူးရာထူး ခန့်အပ်ခံခဲ့ရသည်။

**ရှင်၊ ဦး၊ အတွင်းဝန်**

ဦးရှင်သည် သာယာဝတီမင်း လက်ထက်တွင် နေမျိုးဇေယျသူဘွဲ့ဖြင့် အတွင်းဝန်ရာထူး ရရှိခဲ့သည်။

**ရွှန်း၊ ဦး၊ ဝန်ထောက်**

ဦးရွှန်းသည် စာရေးကြီးအဖြစ် အမှုထမ်းရွက်နေရာမှ စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းလှရာဇာဘွဲ့ခံ ဝန်ထောက်အဖြစ် ခန့်အပ်ခံခဲ့ရ၏။

(လ)

**လှ၊ ဦး၊ လက်ဖက်ရည်တော်**

ဦးလှသည် သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်တော်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၉၀၂ ခုနှစ်တွင် ရတနာဂီရိသို့ လိုက်ပါခဲ့ဟန်တူသည်။

**လှကလေး၊ ဦး၊ စာရေးကြီး**

ဦးလှကလေးသည် သီပေါမင်းနန်းတက်ကာစ ၂၉၊ ဒီဇင်ဘာ၊ ၁၈၇၈ တွင် စာရေးကြီးရာထူး ခန့်အပ်ခံခဲ့ရ၏။



**လှကြီး၊ ဦး၊ စာရေးတော်ကြီး**

ဦးလှကြီးသည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးအဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၆၊ ဇူလိုင်၊ ၁၈၈၄ တွင် လက်ဖက်ရည်တော်ဦးဆက်မိုးနဲ့၌ ဖြစ်ပွားခဲ့သော အမှုစစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။

**လှညို၊ ဦး၊ စလေပခန်းငယ်ဝန်ကြီး**

ဦးလှညို၏ ရာထူးအဆင့်ဆင့် ထမ်းရွက်ပုံကို မသိရပါ။ ဦးလှညိုသည် ၁၈၄၆ ခုနှစ် သာယာဝတီမင်း နန်းတက်စတွင် မင်းကြီးမဟာမင်းလှဗန္ဓုကျော်ဘွဲ့ဖြင့် စလေပခန်းငယ်မြို့စားဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ မကြာမီ သတိုးအတုလမင်းကြီး မဟာဗန္ဓုကျော်ဘွဲ့ ရရှိပါသည်။

ဦးလှညိုသည် မကွေးဒေသ၊ ဆိပ်ဖြူမြို့သူကြီး ဦးစံနက်၏မြေးဖြစ်သည်။ မွေးချင်းလေးဦးရှိရာ ဦးလှညို၊ ဦးဘိုကလေး၊ ဦးရွှေကြည်၊ ဦးရွှေဖုန်းတို့ ဖြစ်ကြသည်။ ဦးရွှေကြည်မှာ ပုဂံမင်း လက်ထက်တွင် ကျောက်ပန်းတောင်းမြို့စားဝန်ကြီး ဖြစ်လာ၏။ ဝန်ကြီးဦးလှညို၏ သားမှာ ဦးမောင်မောင်ကျော် ဖြစ်သည်။ ဦးလှညိုသည် ဆိပ်ဖြူမြို့၌ ၁၈၅၁ ခုနှစ်တွင် ရွှေလှန်းတင်စေတီတော်ကိုလည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် ရွှေမင်းဝံစေတီတော်ကိုလည်းကောင်း တည်ထားကိုးကွယ်ခဲ့သည်။

**လှမင်း၊ ဦး၊ ဝန်စာရေး**

ဦးလှမင်းသည် သီပေါမင်းလက်ထက်တွင် ဝန်စာရေးအဖြစ် အမှုထမ်းရွက်ခဲ့ရဟန်ရှိပြီး ၁၅၊ စက်တင်ဘာ၊ ၁၈၈၇ ၌ ကွယ်လွန်ခဲ့သည်။

**လေး၊ ဦး၊ အသုံးစာရေး**

ဦးလေးသည် သီပေါမင်းလက်ထက်တွင် အသုံးစာရေးအဖြစ် အမှုထမ်းရွက်ခဲ့ပြီး ၂၂၊ ဇူလိုင်၊ ၁၈၈၈ တွင် ကွယ်လွန်ခဲ့၏။

**လက်ယာရွှေတောင်၊ စာရေးတော်**

လက်ယာရွှေတောင်သည် အလောင်းမင်းတရားလက်ထက်တွင် စာရေးတော်အဖြစ် အမှုထမ်းခဲ့၏။ သူသည် လက်ယာဂုဏ္ဍာဘွဲ့ဖြင့် အမှုထမ်းရွက်နေရာမှ ၁၁၊ ဇူလိုင်၊ ၁၇၅၇ တွင် ရန်ကုန်နန်းတော်၌ လက်ယာရွှေတောင်ဘွဲ့

www.burmeseclassic.com



ရရှိခဲ့ခြင်းဖြစ်သည်။ ၂၈၊ ဒီဇင်ဘာ၊ ၁၇၅၇ တွင် စာရေးတော် လက်ယာရွှေတောင်အား စာချွန်တော်များ မိမိကိုယ်တိုင်ရေးသားရန် ညွှန်ကြားခဲ့သည်။

## လက်ယာစည်သူ၊ မြို့တော်ဝန်

လက်ယာစည်သူသည် အလောင်းမင်းတရားကြီး လက်ထက်တွင် မြို့တော်ဝန်အဖြစ် အမှုထမ်းခဲ့သည်။ သူ့အား ဒင်တဲရွာမှ အလောင်းမင်းတရားအမျိုးများ မောက်မာမှု၊ နှိပ်စက်မှုများနှင့်ပတ်သက်၍ အရေးယူမှုများပြုလုပ်ရန် ၁၉၊ အောက်တိုဘာ၊ ၁၇၅၇ တွင် အမိန့်တော်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

## လက်ဝဲစည်သူ၊ မြို့တော်ဝန်

လက်ဝဲစည်သူသည် အလောင်းမင်းတရားကြီး လက်ထက်တွင် မြို့တော်ဝန်အဖြစ်ခန့်အပ်ခံခဲ့ရ၏။ သူသည် ၂၁၊ ဧပြီ၊ ၁၇၅၈ တွင် အလောင်းမင်းတရား ကုသိုလ်တော် ရွှေစည်းခုံဘုရားဌာပနာသွင်း၊ ထီးတော်တင်လှူပွဲအခမ်းအနားကို တက်ရောက်ခဲ့သူဖြစ်သည်။

## လက်ဝဲရွှေတောင်၊ စာရေးတော်

လက်ဝဲရွှေတောင်သည် အလောင်းမင်းတရားလက်ထက်တွင် စာရေးတော်အဖြစ် အမှုထမ်းခဲ့သည်။ သူသည် ယခင်က လက်ယာဝေဠုဘွဲ့ဖြင့် အမှုထမ်းနေရာမှ ၅၊ ဇူလိုင်၊ ၁၇၅၇ ခုနှစ် ရန်ကုန်နန်းတော်၌ လက်ဝဲရွှေတောင်ဘွဲ့ ရရှိခဲ့သည်။ ၂၈၊ ဒီဇင်ဘာ၊ ၁၇၅၇ တွင် စာရေးတော် လက်ဝဲရွှေတောင်အပါအဝင် ကျန်စာရေးလေးဦးတို့ကသာ စာချွန်ရေးသား ထုတ်ပြန်ကြရန်အမိန့်ထုတ်ပြန်ခဲ့သည်။

## လက်ဝဲသီရိကျော်ထင်

လက်ဝဲသီရိကျော်ထင်သည် ဗဒုံမင်းလက်ထက်တွင် ဝန်ထောက်ရာထူးဖြင့်အမှုထမ်းခဲ့၏။ သူသည် ယခင်က ဥဒိန်ဝေရဘွဲ့ခံ သံတော်ဆင့်တစ်ဦးဖြစ်၏။

## လက်ဝဲသီယ၊ ဝန်ထောက်

လက်ဝဲသီယသည် ဒီပဲယင်းမင်းနန်းတက်စ ၁၇၆၀ ခုနှစ်တွင် ဝန်ထောက်ရာထူး ခန့်အပ်ခြင်းခံခဲ့ရ၏။



## လင်း၊ ဦး၊ မြဲတိုက်သံတော်ဆင့်

ဦးလင်းသည် ပုဂံမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၈၅၀ ခုနှစ်တွင် စာချုပ်တစ်ခုချုပ်ဆိုရာ၌ အသိသက်သေအဖြစ် ဆောင်ရွက်ခဲ့ရ၏။

## လတ်၊ ဦး၊ ကွပ်ရွာဝန်ထောက်

ဦးလတ်၏ဘွဲ့မည်မှာ မင်းကြီးမင်းခေါင်စည်သူကျော် ဖြစ်သည်။ ဦးလတ်သည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ကွပ်ရွာစားအဖြစ် အမှုထမ်းရွက်နေရာမှ ၂၁၊ ဇူလိုင်၊ ၁၈၈၀ ၌ ဝန်ထောက်ရာထူး တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။ ၁၈၈၃ ခု၊ ဖေဖော်ဝါရီလအတွင်း ဝန်ထောက်ဦးလတ်ကို မိုးနဲသို့ စေလွှတ်လျက် ငြိမ်ဝပ်ပိပြားရေး ဆောင်ရွက်စေခဲ့၏။ ရုတ်တရက်သူပုန်တို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဦးလတ် ညောင်ရွှေသို့ ဆုတ်ခွာရသောအခါ ပေါ့လျော့မှုဖြင့် ဝန်ထောက်ရာထူးမှထုတ်ပယ်ကာ နေပြည်တော်သို့ အကျဉ်းခေါ်ယူစဉ် ၂၊ အောက်တိုဘာ၊ ၁၈၈၃ ၌ ဟဲဟိုးမြို့တွင် ဦးလတ် ကွယ်လွန်သွားပါသည်။

## လတ်၊ ဦး၊ ဝက်မစွတ်ဝန်ထောက်

ဦးလတ်ကို အကြီးတော်ဦးမွဲနှင့် ဒေါ်ဗိုင်းတို့က ၂၉၊ နိုဝင်ဘာ၊ ၁၈၄၅ တွင် အမရပူရမြို့၌ ဖွားမြင်ပါသည်။ ၁၈၆၀ ပြည့်နှစ်တွင် နေမျိုးမင်းလှသိခ်သူဘွဲ့ဖြင့် စာတော်ဖတ်ရာထူး ရရှိခဲ့ပြီး ၁၈၆၇ ခုနှစ်၌ အင်းဝမြို့စာရေးဖြစ်လာခဲ့သည်။ ထို့နောက် ၁၈၆၈ ခုနှစ်တွင် နေမျိုးမင်းထင်ဘွဲ့ဖြင့် မြဲတိုက်သံတော်ဆင့်ရာထူး ခန့်အပ်ခံခဲ့ရသည်။ စာစ်ဖန် ၁၈၇၁ ခုနှစ်၌ သံတော်ဆင့်၊ ၁၈၈၀ ပြည့်နှစ်၌ အဆေးကျိုဝန်ရာထူးများရရှိခဲ့ပြီး ၂၁၊ ဇူလိုင်၊ ၁၈၈၀ တွင် မင်းကြီးမင်းထင်မဟာစည်သူဘွဲ့ခံ ဝန်ထောက် ဖြစ်လာခဲ့၏။ ၂၃၊ ဩဂုတ်၊ ၁၈၈၀တွင် ဝက်မစွတ်မြို့ကို မြို့စားအရာ ပေးအပ်ချီးမြှင့်ခံခဲ့ရသည်။

ဦးလတ်သည် ၁၈၈၁ ခုနှစ် ဆင်းမလားသွားသံအဖွဲ့၌ သံမှူးအဖြစ်လိုက်ပါခဲ့ရသည်။ ၁၀၊ ဩဂုတ်၊ ၁၉၃၀ တွင် ဝက်မစွတ်ဝန်ထောက်ဦးလတ် ကွယ်လွန်ခဲ့သည်။ ဦးလတ်နှင့် ဇနီး ဒေါ်ခင်လေးလှတို့မှ

www.burmeseclassic.com

www.burmeseclassic.com



မာင်မောင်ကြီး၊ ခင်ခင်ကြီး၊ ခင်ခင်လတ်နှင့် ခင်ခင်လေး ခင်ခင်ဖွေး တို့ကို ဖွားမြင် ခဲ့သည်။

**လုံး၊ ဦး၊ စားတော်ကွမ်းရေကိုင်**

ဦးလုံးသည် သီပေါမင်း လက်ထက်တွင် စားတော်ကွမ်းရေကိုင်အဖြစ် အမှုထမ်းခဲ့သည်။ သူသည် ၁၉၁၂ ခုနှစ်တွင် ရတနာဂီရိသို့သွားရောက်ခဲ့သည့်သူများစာရင်း၌ ပါဝင်ခဲ့သည်။

**လုံး၊ ဦး၊ သံတော်ဆင့်**

ဦးလုံးသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းခဲ့ရဟန်တူပြီး ၁၅၊ ဇွန်၊ ၁၈၈၈ ၌ ကွယ်လွန်ပါသည်။

**လွန်၊ ဦး၊ အသည်ဝန်**

ဦးလွန်သည် ကုန်းဘောင်ခေတ်ဦးကာလတွင် အသည်ဝန်အဖြစ် အမှုထမ်းခဲ့ရ၏။ ဦးလွန်ကို မင်းစိတ္တရာဇာဘွဲ့ခံ ဦးပြင်းအောင်နှင့် မယ်တဲတို့က ဖွားမြင်ပါသည်။ မွေးချင်းလေးဦးရှိရာ မယ်ပု(ပေါင်းတည်မြို့စား)၊ ဦးကွန် (ဒီပဲယင်းမြို့ဝန်)၊ ဦးဘော်(မြင်းဝန်)နှင့် ဦးလွန်တို့ ဖြစ်ကြသည်။ ဦးလွန်၏ သမီးမှာ ခင်ငွေဖြစ်ပြီး အရီးတော် ပေါင်းတည်မြို့စားမယ်ပုက မွေးစားထားခဲ့သည်။ ခင်ငွေ၏သား မောင်မောင်သန့်နှင့် မောင်မောင်ခန့်တို့မှာ မင်းတုန်းမင်းလက်ထက် ကွမ်းရေတော်များ ဖြစ်ကြသည်။

**လွန်းပေ၊ ဦး၊ မြို့တော်ဝန်**

ဦးလွန်းပေသည် ဗဒုံမင်းလက်ထက်တွင် လူဆိုးလူသွမ်း ငဖုန်းဆိုသူအား လက်ရဖမ်းပေးနိုင်ခဲ့သဖြင့် နေမျိုးနန္ဒသူဘွဲ့ဖြင့် မြို့တော်ဝန်ရာထူး ရရှိခဲ့သည်။ သူသည် ဗဒုံမင်း မင်းကွန်း၌ ယာယီနန်းစံစဉ်အတွင်း ရာထူးကျသွားခဲ့သည်။

**လွန်းဘော်၊ ဦး၊ ဆင်ဝန်ထောက်**

ဦးလွန်းဘော်သည် သာယာဝတီမင်းလက်ထက်တွင် မင်းလှမင်းထင်ကျော် ဘွဲ့ဖြင့် ဆင်ဝန်ထောက်ရာထူး ခန့်အပ်ခံခဲ့ရ၏။



**လှ၊ ဦး၊ မြဲတိုက်သံတော်ဆင့်**

ဦးလှသည် သီပေါမင်းလက်ထက်တွင် မြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ရသည်။ သူသည် ၅၊ ဇွန်၊ ၁၈၈၇ တွင် ကွယ်လွန်ခဲ့ပါသည်။

**လှ၊ ဦး၊ ဝန်ထောက်**

ဦးလှသည် မြေဒူးမင်းလက်ထက်၌ အင်းဝတွင် ရှေ့နေအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့၏။ ထင်ရှားသော စာဆိုတော်တစ်ဦးဖြစ်သဖြင့် မြေဒူးမင်းက ခေါ်ယူချီးမြှင့်ခဲ့ဟန်ရှိ၏။ စဥ့်ကူးမင်းလက်ထက်တွင် ရွှေတောင်နန္ဒသူဘွဲ့ဖြင့် ဝန်ထောက်ဖြစ်လာသည်။ သူ၏ ထင်ရှားသောစာပေလက်ရာများမှာ မွေ့နွမ်းရကန်၊ ငွေတောင်ရကန် စသည်တို့ဖြစ်သည်။

**လှ၊ ဦး၊ သံတော်ဆင့်**

ဦးလှသည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ ၁၊ ဇူလိုင်၊ ၁၈၉၁ တွင် သံတော်ဆင့်ဦးလှ ကွယ်လွန်ပါသည်။

**လှကျော်၊ ဦး၊ သူရဲဝန်**

ဦးလှကျော်သည် စဥ့်ကူးမင်းလက်ထက်တွင် သူရဲဝန်ရာထူးဖြင့် အမှုထမ်းခဲ့ပါသည်။

**လှကြီး၊ ဦး၊ မြင်းဝန်**

ဦးလှကြီးသည် မြေဒူးမင်းလက်ထက်တွင် မြင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် မြေဒူးမင်းနတ်ရွာစံလုနီးအချိန် ရေနန်းမှ နန်းတော်ကြီးသို့ ခေါ်ဆောင်သွားရာတွင် အနီးကပ်လိုက်ပါပြုစုခဲ့ရသည်။

**လှဘူး၊ ဦး၊ ပေါက်မြိုင်အတွင်းဝန်**

ဦးလှဘူးကို သံတော်ဆင့် ဦးမောင်နှင့် ဒေါ်စိုတို့က ၂၃၊ ဒီဇင်ဘာ၊ ၁၈၄၆ တွင် အမရပူရမြို့၌ ဖွားမြင်ပါသည်။ မင်းတုန်းမင်းလက်ထက် ၁၈၆၂ ခုနှစ်တွင် နော်ရထာစည်သူဘွဲ့ဖြင့် စာရေးတော်အဖြစ် စတင်အမှုထမ်းခဲ့၏။ ၁၈၆၅ ခုနှစ်တွင် နေမျိုးရာဇစည်သူဘွဲ့ဖြင့် စာရေးတော်ခေါင်းဖြစ်လာပါသည်။ ၁၈၆၈ ခုနှစ်ခန့်တွင် အမှုတော်ရေး၊ ၁၈၇၁ ခုနှစ်တွင် မင်းလှစည်သူ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဘွဲ့ဖြင့် သံတော်ဆင့်ရာထူးများ ရရှိခဲ့သည်။

ကင်းဝန်မင်းကြီးသံအဖွဲ့နှင့် ဥရောပသို့ လိုက်ပါသွားပြီးနောက် ၁၈၇၈ ခု၊ ဇွန်လတွင် ဒေးဝန်းအကောက်ဝန်အရာ ရရှိခဲ့၏။ ထိုစဉ် မင်းကြီးမင်းလှမဟာမင်းထင်ကျော်ဘွဲ့ ရရှိခဲ့၏။ သီပေါမင်းနန်းတက်စ ၁၃၊ ဇန်နဝါရီ၊ ၁၈၇၉ တွင် ပေါက်မြိုင်မြို့စားဝန်ထောက် ဖြစ်လာပါသည်။ ထိုအတောအတွင်း မင်းကြီးမင်းလှမဟာဇေယနန္ဒသကြံန်ဘွဲ့ကို ရရှိခဲ့သည်။ ၂၊ ဇူလိုင်၊ ၁၈၈၀ တွင် အတွင်းဝန်၊ ရွှေတိုက်ဝန်ရာထူးများရရှိပြီး ၁၄၊ စက်တင်ဘာ၊ ၁၉၁၀ တွင် ဦးလှဘူး ကွယ်လွန်ပါသည်။ ဦးလှဘူး၌ ဝန်ကတော် (၅)ဦး ရှိရာ သခင်ပု၊ မယ်ခင်၊ မသင်၊ မနန်းထွေး၊ မဆင့်တို့ ဖြစ်ကြ၏။

**လှိုင်၊ ဦး၊ လက်ဝဲဝင်းမှူး**

ဦးလှိုင်သည် မင်းတုန်းမင်းနန်းတက်စကာလတွင် မင်းကြီးမဟာမင်းခေါင်ဘွဲ့ဖြင့် လက်ဝဲဝင်းမှူးအဖြစ် အမှုထမ်းခဲ့၏။ သူသည် ပုဂံမင်းလက်ထက်က မြေဒူးမြို့ဝန်အဖြစ် အမှုထမ်းခဲ့ပါသည်။

**လှိုင်း၊ ဦး၊ အဆေးရောက်စာရေး**

ဦးလှိုင်းသည် မင်းတုန်းမင်းလက်ထက်တွင် နေမျိုးရာဇကျော်ထင်ဘွဲ့ဖြင့် အဆေးရောက်စာရေးအဖြစ် အမှုထမ်းခဲ့သည်။ ဦးလှိုင်၏ဇနီးမှာ ဒေါ်မိမိဖြစ်ပြီး သားမောင်ဘ(နောင်အဆေးရောက်စာရေး)ကို ဖွားမြင်ခဲ့သည်။



## (ဝ)

**ဝ၊ ဦး၊ ငရဲဝန်ကြီး**

ဦးဝသည် ဘကြီးတော်လက်ထက်တွင် အိမ်ရှေ့စာရေးကြီး ဦးမြတ်တုတ်လက်အောက်တွင် လွှတ်တော်စာရေးအဖြစ် စတင်အမှုထမ်းခဲ့၏။ မကြာမီ သီဟစည်သူဘွဲ့ဖြင့် အိမ်ရှေ့စာရေးကြီးအရာ ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် မင်းလှရာဇာဘွဲ့ဖြင့် နန်းမတော်ဝန်၊ ခြောက်ကြောင်းသေနတ်ဗိုလ်၊ မင်းကြီးကျော်ထင်ဘွဲ့ဖြင့် ငရဲမြို့စားဝန်ကြီးရာထူးများ ရရှိခဲ့သည်။ ၁၈၃၅ ခုနှစ်တွင် ဝန်ကြီးဦးဝကို ရန်ကုန်မြို့ဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့ပြီး ၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်စ၌ ရာထူးကျသွားပါသည်။ သူ့ကို ၁၈၂၉ ခုနှစ်၊ ဒီဇင်ဘာလက အင်းဝသို့ရောက်ရှိခဲ့သော ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘားနေးက…

'ဥပမိရုပ် ကောင်းသည်။ တစ်ဖက်သားအပေါ်တွင် သံသယရှိတတ်သည်။ ပြဿနာတစ်ခုကို လွယ်လွယ်နှင့်သဘောမပေါက်'

ဟူ၍ မှတ်ချက်ပြုခဲ့သည်။ ဦးဝတွင် မမင်းအိုနှင့် မိမမဆိုသူ သမီးနှစ်ဦး ရှိကြောင်း သိရှိရ၏။

**ဝဠုရာဇာ၊ စာရေးတော်**

ဝဠုရာဇာသည် အလောင်းမင်းတရားလက်ထက်တွင် စာရေးတော်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၇၅၇ ခုနှစ်ဝန်းကျင်တွင် ထုတ်ပြန်သည့် အလောင်းမင်းတရား အမိန့်တော်များကို တံဆိပ်ခတ်နှိပ်ပေးရသူဖြစ်သည်။ အလောင်းမင်းတရား ဟံသာဝတီ၌ရှိစဉ် ၂၉၊ ဇွန်၊ ၁၇၅၇ တွင် ဝဠုရာဇာကို လက်ဝဲနော်ရထာဘွဲ့ ပေးအပ်ခဲ့သည်။

**ဝိုက်၊ ဦး၊ ကနီအတွင်းဝန်**

ဦးဝိုက်သည် မင်းတုန်းမင်းနန်းတက်စတွင် မင်းလှသီရိသင်္ခယာ၊ မဟာမင်းကျော်သင်္ခယာ၊ မဟာသီရိသင်္ခယာဘွဲ့များဖြင့် ကနီမြို့ဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ၁၈၅၆ ခုနှစ်၊ မန္တလေးမြို့တည်ရန် ချင်းနင်းဝင်ရောက်ကြည့်ရှုကြသူများတွင် ကနီမြို့ဝန် ဦးဝိုက် ပါဝင်ပါသည်။ ထို့ပြင် ၁၃၊ ဧပြီ၊

www.burmeseclassic.com

www.burmeseclassic.com



၁၈၆၁ တွင် အမိန့်တော်အရ ကန္နီမြို့ဝန် ဦးဝိုက်နှင့် စာရေးကြီး ဦးကောင်းတို့ အောက်မြစ်စဉ်တစ်လျှောက် စုန်ဆင်းကာ အခွန်တော်ငွေကောက်ခံကြရသည်။

၁၈၆၁ ခုနှစ်နောက်ပိုင်းတွင် ဦးဝိုက်ကို ကန္နီမြို့စားအတွင်းဝန်ရာထူး ခန့်အပ်ခဲ့သည်။ အတွင်းဝန် ဦးဝိုက်သည် ၁၈၇၀ ပြည့်နှစ်တစ်ဝိုက်တွင် ဝေပုံဌာန(၄)ခုခွဲရာ၌ လယ်ယာစိုက်ပျိုးရေးဌာနကို တာဝန်ယူခဲ့ရသည်။ ထိုအတောအတွင်း ရာထူးချထားခံရပြီး ၂၉၊ စက်တင်ဘာ၊ ၁၈၇၁ ထုတ်မြန်မာ့ဂေဇက်သတင်းစာ၌ ကန္နီအတွင်းဝန် ဦးဝိုက်အား မူလရာထူးပြန်လည်ပေးအပ်ကြောင်း ဖော်ပြထားသည်။ သီပေါမင်း နန်းတက်စတွင် ဦးဝိုက်ကို မင်းကြီးမဟာမင်းထင်သခ်ယာဘွဲ့ဖြင့် အတွင်းဝန်ရာထူး ဆက်လက်ခန့်အပ်ခဲ့၏။ ၁၁၊ နိုဝင်ဘာ၊ ၁၈၇၈ ခုနှစ် ဝေပုံကျ(၁၄)ဌာန ခွဲဝေစဉ် အတွင်းဝန်ဦးဝိုက်က သာသနာပညာဌာနကို တာဝန်ယူခဲ့ရသည်။ ၁၈၇၉ ခုနှစ်တွင် ဦးဝိုက်အား ရာထူးမှ ဖယ်ရှားလိုက်ပါသည်။

## ဝဇီး၊ ဦး၊ နာခံတော်ပြော်ကြီးမှူး

ဦးဝဇီးသည် စစ်ကိုင်းမင်း လက်ထက်တွင် မဟာဇေယျသခ်ယာဘွဲ့ခံ နာခံတော် ပြော်ကြီးမှူးအဖြစ် တာဝန်ထမ်းရွက်ခဲ့၏။ အသေးစိတ်အကြောင်းအရာများကိုမူ မသိရသေးပေ။

## ဝိုင်း၊ ဦး၊ ဖောင်ဝန်၊ ဝန်ထောက်

ဦးဝိုင်းသည် စစ်ကိုင်းမင်း လက်ထက်တွင် နေမျိုးရာဇကျော်ထင်ဘွဲ့ဖြင့် စာရေးကြီးရာထူး၊ ဖောင်ဝန်ရာထူးများ ရရှိခဲ့၏။ ထို့နောက် ဦးဝိုင်းအား ဝန်ထောက်ရာထူး တိုးမြှင့်ခန့်အပ်ခဲ့သည်။ ၁၈၂၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်းဝသို့ရောက်ရှိလာသည့် ဗြိတိသျှကိုယ်စားလှယ် ဟင်နရီဘာနေးက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့၏။

> 'ဖန်းမော်ဝန်ထောက်အမည် ဦးဝ(ဦးဝိုင်း)ဖြစ်သည်။ ကိုယ်ခန္ဓာဝဖြိုး၍ လေးလံထိုင်းမှိုင်းသည်။ လွှတ်တော်တွင်အမြဲ တွေ့နိုင်သည်။' ဟူ၍ ဖြစ်ပါသည်။



# (သ)

## သာ၊ ဦး၊ အတွင်းဝန်

စစ်ကိုင်းမင်းလက်ထက် အမှုထမ်းတစ်ဦးဖြစ်သူ ဦးသာ၏ မင်းပေးဘွဲ့မည်မှာ မဟာမင်းလှကျော်စွာ ဖြစ်သည်။ ဦးသာတွင် ဦးစီဆိုသူသားတစ်ဦးရှိပြီး စာဆိုတော် လယ်ဝန်းသံတော်ဆင့်တစ်ဦးအဖြစ် ထင်ရှားပါသည်။

## သာ၊ဦး၊ အသည်ဝန်ကြီး

ဦးသာသည် အလောင်းမင်းတရားလက်ထက် ၁၇၅၂ ခုနှစ်၊ မေလတွင် ဖွဲ့စည်းခဲ့သည့် မြင်းရည်တက် (၆၈)ဦး၌ ရွှေတောင်လှကျော်ဘွဲ့ဖြင့် ပါဝင်ခဲ့၏။ ထို့နောက် ရွှေတောင်ထွတ်ကဲ၊ မင်းလှရာဇာဘွဲ့များ ရရှိခဲ့သည်။ ဒီပဲယင်းမင်းလက်ထက်တွင် တောင်ငူမြို့ဝန်ဖြစ်လာပြီးနောက် ၁၇၆၃ ခုနှစ် မြေဒူးမင်း နန်းတက်စဉ် မဟာသီဟသူဘွဲ့ဖြင့် ဝန်ကြီးအရာ ရရှိခဲ့သည်။ စဉ့်ကူးမင်း လက်ထက်တွင် အသည်ဝန်ကြီးရာထူး ဆက်လက်ခန့်ထားခံရ၏။ ဗဒုံမင်းနန်းတက်စ ၁၂၊ ဖေဖော်ဝါရီ၊ ၁၇၈၂ တွင် မဟာသီဟသူရဘွဲ့ဖြင့် ဝန်ကြီးအဖြစ် ခန့်အပ်ခံရသော်လည်း ၂၃၊ ဖေဖော်ဝါရီ၊ ၁၇၈၂ တွင် မသင့်တင့်သောအကြံ ကြံစည်မှုဖြင့် စည်သာမင်းသားနှင့်အတူ စီရင်ခံခဲ့ရသည်။

အသည်ဝန်ကြီး ဦးသာ၏ဇနီး ဝန်ကတော် မယ်တလိုင်းသည် ခင်နှိုင်းစံနှင့် ရတနာသိယ်မြို့ဝန် ဦးငုံကြီးတို့သမီးဖြစ်ပြီး မြေဒူးမင်း၏ မိဖုရားခေါင် မယ်လှနှင့် ညီအစ်မတော်စပ်သူဖြစ်သည်။ သားသမီးများမှာ စဉ့်ကူးမင်း၏ မြောက်နန်းမိဖုရား မမင်းအောင်၊ ရှင်မင်းပေါင်၊ မောင်ဦး၊ မောင်ရွှေသာ၊ မောင်းမင်းပြေ၊ မောင်သီလ၊ မောင်ချစ်စု၊ မောင်ရွှေရေးတို့ ဖြစ်ကြသည်။ ဦးသာသည် ချည်ပါရွာဇာတိဟုမှန်းဆရပြီး ချည်ပါမြေတိုင် တစ်ဦး၏ သားဖြစ်ပါသည်။ သူ့တွင် ငွေတောင်ကြီးခေါ် အစ်ကိုတစ်ဦးလည်း ရှိပါသည်။ ငွေတောင်ကြီးမှာ ဝန်ကတော်မယ်တလိုင်း၏ ပထမခင်ပွန်းဖြစ်ပြီး သားမောင်ရွှေရေးမှာ ငွေတောင်ကြီးနှင့် ဖွားမြင်သောသားဖြစ်သည်ဟုလည်း ဆိုပါသည်။ ဦးသာတွင် ဦးထင်အမည်ရှိ ညီတစ်ဦးလည်း ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**သာကျော်၊ ဦး၊ နာခံတော်**

ဦးသာကျော်သည် မင်းတုန်းမင်းလက်ထက်တွင် နာခံတော်အဖြစ် အမှုထမ်းခဲ့သည်။ သူသည် ၁၈၇၆ ခု၊ သီပေါမင်းသား ပထမကျော်စာမေးပွဲဖြေဆိုရာတွင် ပါဝင်ကူညီခဲ့ရသည်။

**သာကြွယ်၊ ဦး၊ ဝန်စာရေး**

ဦးသာကြွယ်သည် သီပေါမင်းလက်ထက်တွင် ဝန်စာရေးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် နိဗ္ဗာန်ကုန်သည် ဦးဆိုးပေ၏အစ်မ ဒေါ်မြို့သူနှင့် စုံဖက်ခဲ့၏။ ဦးသာကြွယ်နှင့် ဇနီးဒေါ်မြို့သူတို့သည် မန္တလေးမြို့၊ ဆီဘန်းနီကျောင်းတိုက်အတွင်း၌ တိုက်သစ်ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဦးသာကြွယ်သည် မလွန်ဆန်လှူအသင်း၏ ပထမဥက္ကဋ္ဌဖြစ်ပြီး ၁၊ စက်တင်ဘာ၊ ၁၉၂၇ တွင် ကွယ်လွန်ပါသည်။

**သာရွေး၊ ဦး၊ ဥယျာဉ်တော်မှူး**

ဦးသာချွေးသည် မင်းတုန်းမင်းလက်ထက်တွင် မြောက်တိုင်းဥယျာဉ်တော်မှူးအဖြစ် အမှုထမ်းရွက်ရ၏။ သူ၏အမည်ကို ၁၈၅၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ဥယျာဉ်အုပ်ဘဏ္ဍာစာရေး၏သမီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာ၌ အသိသက်သေအဖြစ် ပါဝင်နေသည်ကို တွေ့ရှိရ၏။

**သာထား၊ ဦး၊ စာရေးကြီး**

ဦးသာထားသည် သီပေါမင်း လက်ထက်တွင် စာရေးကြီးအဖြစ် အမှုထမ်းခဲ့၏။ ၂၊ အောက်တိုဘာ၊ ၁၈၉၀ တွင် ဦးသာထား ကွယ်လွန်သွားပါသည်။

**သာထွန်း၊ ဦး၊ မြင်းစုကြီးဝန်**

ဦးသာထွန်းသည် ဗဒုံမင်းလက်ထက် နောင်းပိုင်းကာလ သို့မဟုတ် စစ်ကိုင်းမင်း နန်းတက်စခန့်တွင် မြင်းစုကြီးဝန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ဦးသာထွန်း၏ မင်းပေးဘွဲ့မည်မှာ သီရိမဟာဓေယျသူရ ဖြစ်သည်။

**သာထွန်း၊ ဦး၊ ဝန်ထောက်**

ဦးသာထွန်းသည် ဗဒုံမင်း လက်ထက်တွင် သံတော်ဆင့်အရာမှ နေမျိုးနော်ရထာကျော်ထင်ဘွဲ့ဖြင့် ဝန်ထောက်အရာ ခန့်အပ်ခံခဲ့ရသည်။



**သာနိုး၊ ဦး၊ လက်ယာဝင်းမှူး**

ဦးသာနိုးသည် သာယာဝတီမင်း လက်ထက်တွင် မဟာမင်းခေါင်ဘွဲ့ခံ လက်ယာဝင်းမှူးအဖြစ် အမှုထမ်းခဲ့၏။ သူသည် မကွေးမင်းကြီး ဦးကြာဥ၏ သားဖြစ်သည်။

**သာဘူး၊ ဦး၊ စာရေးတော်ကြီး**

ဦးသာဘူးသည် သီပေါမင်းလက်ထက်တွင် စာရေးတော်ကြီးရာထူးဖြင့် အမှုထမ်းခဲ့၏။ သူသည် ၁၈၈၃ ခုနှစ်တွင် ရွှေလောင်းကြီးလှေတော်ပွဲနှင့် ဦးဥတို့ လက်ရောက်မှု၌ ပါဝင်ဆောင်ရွက်ခဲ့ရသည်။

**သာဘော်၊ ဦး၊ ရွှေတိုက်အတွင်းဝန်**

ဦးသာဘော်သည် မုံရွာနယ်၊ မုံရွေးရွာဇာတိဖြစ်၏။ စစ်ကိုင်းမင်းလက်ထက်တွင် ရန္တမိတ်ကျော်စွာ၊ နေမျိုးမင်းလှစည်သူ၊ မင်းကြီးမဟာစည်သူ၊ မင်းကြီးမဟာသက်တော်ရှည် စသော ဘွဲ့များရရှိခဲ့ပြီး ရွှေတိုက်ဝန်၊ အတွင်းဝန်ရာထူးများဖြင့် တာဝန်ထမ်းရွက်ခဲ့ရ၏။ ဦးသာဘော်၏ ဝန်ကတော်အမည်မှာ ဒေါ်ညက်ဖြူဖြစ်ကြောင်း သိရှိရပါသည်။

**သာမှတ်၊ ဦး၊ ရွှေတိုက်စိုး**

ဦးသာမှတ်သည် မင်းတုန်းမင်း လက်ထက်တွင် ရွှေတိုက်စိုးရာထူးဖြင့် အမှုထမ်းခဲ့ရ၏။

**သာဝ၊ ဦး၊ ဝန်ကြီး**

ဦးသာဝသည် ယိုးဒယားစစ်ပွဲများတွင် ပါဝင်စစ်မှုထမ်းခဲ့သူဖြစ်၏။ မြေဒူးမင်းလက်ထက်တစ်လျှောက် နေမျိုးဓေယျသူဘွဲ့ဖြင့် ထားဝယ်မြို့ဝန်အရာခန့်အပ်ခံခဲ့ရသည်။ ၁၇၇၆ ခုနှစ် စဉ့်ကူးမင်းနန်းတက်စတွင် မင်းကြီးဓေယျသူဘွဲ့ဖြင့် ဝန်ကြီးဖြစ်လာပါသည်။ ဝန်ကြီးဦးသာဝ၏သားမှာ စလင်းမင်းသားမောင်ဖြေဖြစ်ပြီး သမီးမြတ်စွာမယ်ဟောမှာမူ ဗဒုံမင်း၏ ကိုယ်လုပ်တော်တစ်ဦးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**သီရိကျော်သူ၊ မဟာဒါန်ဝန်**

သီရိကျော်သူသည် ဗဒုံမင်းလက်ထက်တွင် မဟာဒါန်ဝန်ဖြစ်ပြီး နန်းတွင်း၌ မဟာဒါန်ဝန် ဘယနန္ဒသူနှင့်အတူ အမှုထမ်းရွက်ရ၏။ သူသည် ၁၇၊ ဇူလိုင်၊ ၁၇၈၉ တွင် အလေးတင်းတောင်းအကြောင်း လျှောက်တင်ခဲ့သည်။

**သီရိဝဍ္ဍာဗိုလ်၊ ကောင်ဟန်ဝန်**

သီရိဝဍ္ဍာဗိုလ်သည် ဗဒုံမင်းလက်ထက်တွင် ကောင်ဟန်ဝန်အဖြစ် အမှုထမ်းခဲ့၏။ ၂၊ ဇွန်၊ ၁၈၁၀ တွင် ထုတ်ပြန်သော အမိန့်တော်၌ ကောင်ဟန်ဝန် သီရိဝဍ္ဍာဗိုလ်နှင့် အပေါင်းပါတို့အား ဓားပြဗိုလ်ငကောက်နှင့် ငရန်မင်းတို့အား ဖမ်းဆီးရန် အမိန့်တာဝန်ပေးအပ်ကြောင်း ဖော်ပြပါရှိပါသည်။

**သူ၊ ဦး၊ မိုးတားအတွင်းဝန်**

ဦးသူသည် သာယာဝတီမင်း လက်ထက်တွင် မဟာမင်းလှကျော်ထင်ဘွဲ့ခံ မိုးတားမြို့စား အတွင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။

**သူ၊ ဦး၊ အရှေ့ဝင်းမှူး**

ဦးသူသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းကြီးမဟာသီလဝဘွဲ့ဖြင့် အာသံဗိုလ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေရာမှ ရှေ့ဝင်းမှူးရာထူးသို့ ပြောင်းရွှေ့ခန့်ထားခံခဲ့ရသည်။

**သူ၊ ဦး၊ အတွင်းဝန်**

ဦးသူ၏ဖခင်မှာ ဗဒုံမင်းသား၏ အကြီးတော်ဖြစ်၏။ ဦးသူ၏ ငယ်မည်မှာ မောင်ဘူးကလေး ဖြစ်သည်။ ဦးသူသည် အလောင်းမင်းတရားထံတွင် စတင်အမှုထမ်းခဲ့ပြီး မြေဒူးမင်းလက်ထက်၌ ရွှေတောင်နန္ဒမိတ်ဘွဲ့ကို ရရှိခဲ့သည်။ စဉ့်ကူးမင်း နန်းတက်လာသောအခါ သံတော်ဆင့်၊ လှော်ကားသုံးထောင်မှူး၊ အတွင်းဝန် စသည့်ရာထူးများ ရရှိခဲ့၏။ ဦးသူသည် ဗဒုံမင်းလက်ထက်တွင် ကွယ်လွန်ပါသည်။ အတွင်းဝန်ဦးသူသည် စာဆိုတော်တစ်ဦးဖြစ်သည့်အားလျော်စွာ ကုသပျို့၊ ဆင်ဖြူရှင်သားတော် စလင်းစားချင်း၊ စန္ဒကုမ္မာရဇာတ်ချင်းများကို ရေးသားပြုစုခဲ့သည်။



**သဲ၊ ဦး၊ ပင်းတလဲဝန်ထောက်**

ဦးသဲသည် ပုပ္ပားဝန်ထောက် ဦးမှုံ၏သားဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းထင်ကျော်ဘွဲ့နှင့် သံတော်ဆင့်၊ ပင်းတလဲမြို့ဝန် စသည့်ရာထူးများ ရရှိခဲ့သည်။ သီပေါမင်းလက်ထက်တွင် ယင်းရာထူးများဖြင့် ဆက်လက်ခန့်ထားခဲ့ရာမှ မင်းကြီးမင်းခေါင်မဟာကျော်ထင်ဘွဲ့ဖြင့် ဝန်ထောက်ရာထူး ခန့်အပ်ခြင်းခံခဲ့ရသည်။ ၂၃၊ ဇူလိုင်၊ ၁၈၉၁ တွင် ပင်းတလဲဝန်ထောက် ဦးသဲ ကွယ်လွန်ပါသည်။ ဦးသဲသည် လှေသင်းအတွင်းဝန် ဦးရွှေမောင်၏ ယောက်ဖတော်စပ်သူဖြစ်ကြောင်း သိရှိရ၏။ပင်းတလဲဝန်ထောက်ကတော်သည် ၁၈၈၉ ခုနှစ်တွင် ဘ.ဂိလားသို့ ထွက်ခွာသွားကြောင်း ဝက်မစွတ်ဝန်ထောက်၏ ဒိုင်ယာရီအရ သိရှိရပါသည်။

**သော့၊ ဦး၊ စာရေးကြီး**

ဦးသော့သည် သီပေါမင်း လက်ထက်တွင် စာရေးကြီးရာထူးဖြင့် အမှုထမ်းရွက်ခဲ့ပြီး ၂၆၊ ဇန်နဝါရီ၊ ၁၈၉၀ တွင် ကွယ်လွန်ခဲ့သည်။

**သော်၊ ဦး၊ သဘင်ဝန်**

ဦးသော်သည် စစ်ကိုင်းမင်းလက်ထက်တွင် ရွှေတောင်မြို့စားသဘင်ဝန်အဖြစ် အမှုထမ်းရွက်ခဲ့၏။ သူသည် ၁၊ မတ်၊ ၁၈၂၂ တွင် ဘုရင်မင်းမြတ်ထံ ရှိသေးသဘင်စာတမ်းကို ဆက်သွင်းခဲ့သည်။

**သောကြာ၊ ဦး၊ မြင်းစုကြီးဝန်ထောက်**

ဦးသောကြာကို ၁၈၃၃ ခုနှစ်ခန့်တွင် ဖွားမြင်ခဲ့သည်။ ဦးသောကြာသည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်တွင် မင်းကြီးမဟာမင်းခေါင်ကျော်ထင်ဘွဲ့ဖြင့် မြင်းစုကြီးဝန်ထောက်ရာထူး ရရှိခဲ့၏။ ဦးသောကြာတွင် ဦးထွန်းမြိုင်(မြို့ပိုင်)နှင့် ဦးမောင်မောင်ဖြား(သမဝါယမဝန်ထောက်)ဆိုသူ သားနှစ်ဦး ထွန်းကားပါသည်။

**သံမှို၊ ဦး၊ အကြီးတော်**

ဦးသံမှိုကို ၂၇၊ ဖေဖော်ဝါရီ၊ ၁၈၃၆ တွင် ဦးရွှေရေးနှင့် ဒေါ်ပိုင်းတို့က ကျောက်ဆောက်မြို့အနီး ရွာသာရွာ၌ ဖွားမြင်ပါသည်။ ရှစ်နှစ်သားအရွယ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆီမီးကန်ရွာ၊ ကျီးကျောင်းဆရာတော်ထံ စတင်ပညာသင်ကြားခဲ့သည်။ (၁၂)နှစ်သားအရွယ် သာမဏေပြုစဉ် ရှင်ကိတ္တိဘွဲ့ ရရှိခဲ့သည်။ (၁၈)နှစ်အရွယ်တွင် မြင်းခြံမြို့ကိုးဆောင်တိုက်ဆရာတော်ထံ၌လည်းကောင်း၊ မန္တလေး ခင်မကန်တိုက်ဆရာတော်ထံ၌လည်းကောင်း ပညာဆည်းပူးခဲ့ပြန်သည်။ ရဟန်းရှစ်ဝါအရတွင် ဖခင်ကွယ်လွန်သွားသဖြင့် လူဝတ်လဲကာ မင်းမှုထမ်းခဲ့ရာ မလွန်မင်းသား၏ အကြီးတော်ဖြစ်လာပါသည်။ ၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတွင် မလွန်မင်းသားကြီး ကွယ်လွန်သွားပြီးနောက် မြင်းခြံသို့ ထွက်ပြေးတိမ်းရှောင်နေရာမှ မြင်ကွန်းမင်းသားက ခေါ်ယူခဲ့သည်ဆိုပါသည်။ ရန်ကုန်တွင် ပြောင်းရွှေ့နေထိုင်ရင်း ၁၃၊ ဇန်နဝါရီ၊ ၁၉၀၅ တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

<u>သက်၊ ဦး၊ ပြဲတိုက်သံတော်ဆင့်</u>

မင်းတုန်းမင်းလက်ထက်တွင် ပြဲတိုက်သံတော်ဆင့်အဖြစ် အမှုထမ်းရွက်ခဲ့သည်။ ဦးသက်သည် ၁၂၊ ဇူလိုင်၊ ၁၈၅၃ တွင် ဝက်မစွတ်မြို့စားအတွင်းဝန် မဟာမင်းကလေး၊ သံတော်ဆင့်မင်းလှမင်းကျော်သီရိတို့နှင့်အတူ ပလိုင်းရွာကန်တော် ထပ်မံဆည်လုပ်ရသောလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ပြဲတိုက်သံတော်ဆင့် ဦးသက်သည် ဒေါ်ချိုနှင့်စုံဖက်ကာ သားမောင်မောင်ဘကို ဖွားမြင်ပါသည်။ မောင်မောင်ဘမှာ အလုံမြို့ဝန် ဦးကံ၊ ဒေါ်မှိုနတို့သမီး မမတော်နှင့် လက်ဆက်ကာ ရေနံမြေအလုပ်သမားများအသင်းချုပ်ဥက္ကဋ္ဌ ဦးမျိုးညွန့်ကို ဖွားမြင်ခဲ့သည်။

<u>သင်၊ ဦး၊ အသုံးစာရေး</u>

ဦးသင်သည် မင်းတုန်းမင်းလက်ထက်တွင် အသုံးစာရေးအဖြစ် အမှုထမ်းခဲ့သည်။ မွေးချင်းသုံးဦးရှိရာ မမေ(ပုဂံမင်းလက်ထက် မှန်နန်းအပျိုတော်)၊ မောင်ပြင်နှင့် မောင်သင်တို့ ဖြစ်ကြပါသည်။ ဦးသင်သည် မင်းတုန်းမင်းလက်ထက်တွင် နေမျိုးကျော်သူဘွဲ့ခံ စာရေးတော်ခေါင်းအဖြစ် ဦးစွာအမှုထမ်းခဲ့ရပြီး ရေနံချောင်းဝန်ကြီးဦးစိုထံ အသုံးစာရေးအဖြစ် သုံးနှစ်ခန့်တာဝန်ထမ်းဆောင်ပြီးစဉ် ကွယ်လွန်သွားပါသည်။ ဦးသင်၏ဇနီး ဒေါ်ထယ်မှာ ပုသိမ်အကောက်ဝန် ဦးပွင့်၏သမီးဖြစ်ပြီး မောင်ဆိုင်(ငယ်စဉ်ကွယ်လွန်)နှင့် မောင်ကြွေ(စာရေးတော်)တို့ကို ဖွားမြင်ခဲ့သည်။



<u>သင်၊ ဦး၊ အိမ်ရှေ့အတွင်းဝန်</u>

မင်းတုန်းမင်းလက်ထက်အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အတွင်းဝန်ဖြစ်သူမှာ ဦးသင်ဖြစ်သည်။ သူသည် နတ်မောက်မြို့စားလည်းဖြစ်ပြီး ၁၈၆၆ ခုနှစ် ကနောင်မင်းသားကြီး ကျဆုံးခဲ့စဉ်က အိမ်ရှေ့မင်း၏လုံခြုံရေးတပ်ကို ဦးဆောင်ရသူဖြစ်သည်။ ဦးသင်၏ ဝန်ကတော်မှာ ထောင်မှူးကြီးသမီး ခင်သော့ဖြစ်ပြီး သားသမီးမထွန်းကားခဲ့ပေ။ ခင်သော့တွင် ခင်ဖော့(ကနောင်မင်းသားကြီး၏ကြင်ရာတော်)နှင့် ခင်ကြော့(အခွန်ဝန်ဦးစစ်ခါး၏ဝန်ကတော်) ဟူသော ညီအစ်မများ ရှိကြပါသည်။

<u>သောင်၊ ဦး၊ ဖောင်ဝန်</u>

ဦးသောင်သည် သီပေါမင်းလက်ထက်တွင် မဟာမင်းထင်မင်းလှသီဟသူဘွဲ့ဖြင့် ဖောင်ဝန်အဖြစ် အမှုထမ်းခဲ့သည်။ ဖောင်ဝန်ဦးသောင်သည် ကိုလိုနီခေတ်ဦးကာလ ၉၊ ဇန်နဝါရီ၊ ၁၈၉၅ တွင် ကွယ်လွန်ခဲ့သည်။

<u>သိုင်း၊ ဦး၊ စာရေးတော်ကြီး</u>

သီပေါမင်းလက်ထက်တွင် လေခပ်ချိုနှင့် ဝဏ္ဏာမဏ္ဍကျော်ထင်ဘွဲ့များ ရရှိခဲ့သည်။ စာရေးတော်ကြီး ဦးသိုင်းသည် အင်္ဂလိပ်အစိုးရလက်ထက်တွင် ကေအက်စ်အမ်၊ အေတီအမ်ဘွဲ့များ ရရှိခဲ့၏။ စာရေးတော်ကြီး ဦးသိုင်းသည် ဒေါ်မမကောနှင့်စုံဖက်ကာ သားမောင်ဂုဏ်ဘဏ်ကို ဖွားမြင်ခဲ့သည်။

<u>သိုင်း၊ ဦး၊ တောင်ခွင်မင်းကြီး</u>

ဦးသိုင်းကို ၃၀၊ အောက်တိုဘာ၊ ၁၈၂၈ တွင် ဖွားမြင်ခဲ့သည်။ ဦးသိုင်းသည် မင်းတုန်းမင်းလက်ထက်တွင် သံတော်ဆင့်မင်္ဂလာ မြင်းဝန်၊ ပုလိပ်ရန်နှင်းလှေတော်အုပ်၊ မြကိုးလှေတော်အုပ်ရာထူးများနှင့် အမှုထမ်းရွက်ခဲ့ပြီး ၁၈၇၁ ခုနှစ်တွင် ဝန်ထောက်ရာထူးများ ခန့်အပ်ခံခဲ့ရသည်။ ၁၈၇၂ ခုနှစ်တွင် မင်းကြီးမဟာမင်းထင်စည်သူဘွဲ့ဖြင့် တောင်ခွင်မြို့စား ရွှေတိုက်အတွင်းဝန်ဖြစ်လာခဲ့သည်။ ထို့နောက် ၁၈၇၉ ခုနှစ်၊ ဇူလိုင်လ သီပေါမင်း နန်းတက်စတွင် သတိုးမင်းကြီးမဟာမင်းထင်စည်သူဘွဲ့ဖြင့် တောင်ခွင်မြို့စား ဝန်ကြီးအရာ ရရှိခဲ့ပါသည်။ ၅၊ ဒီဇင်ဘာ၊ ၁၈၉၂ တွင် တောင်ခွင်ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ပါသည်။ တောင်ခွင်ဝန်ကြီး ဦးသိုင်း၏ ဝန်ကတော်မှာ မြို့သာမြို့စားသုမိတ္တကေသီဖြစ်ပြီး မှန်နန်းအပျိုတော် ခင်ခင်ကြီးကို ဖွားမြင်ပါသည်။

**သိုင်း၊ ဦး၊ ပညာဝန်ထောက်**

ပညာဝန်ထောက်ဦးသိုင်းကို ၁၈၂၃ ခုနှစ်တွင် ဖွားမြင်ပါသည်။ မန္တလေးကို အင်္ဂလိပ်တို့ သိမ်းပိုက်ချိန်တွင် ပညာဝန်ထောက် ဦးသိုင်းမှာ အသက် (၆၀)နှစ်၊ လုပ်သက် (၁၇)နှစ်ရှိပြီ ဖြစ်ပါသည်။ သီပေါမင်းလက်ထက် ၂၅၊ ဧပြီ၊ ၁၈၈၄ တွင် လောကီဗေဒင် အတတ်ပညာရပ်များကို သင်ကြားပေးခဲ့သူ ပညာရှိလယ်ကိုင်းမြို့ဝန်ကို ဝန်ထောက်၊ ပညာဝန်အဖြစ် ခန့်အပ်ခဲ့ကြောင်း ဆိုပါသည်။ စလေဒင်၏ စာရင်းတွင်မူ Minister of Education ဟု ဖော်ပြထားပါသည်။ ပညာဝန်ထောက်ဦးသိုင်းသည် ကိုလိုနီခေတ်ဦးကာလ ၂၈ မေ၊ ၁၈၉၁ တွင် ကွယ်လွန်ခဲ့၏။ သူ့တွင် မောင်ဘဆိုသူ သားတစ်ဦးရှိပြီး ဖိနပ်တော်အဖြစ် အမှုထမ်းခဲ့ကြောင်း သိရှိရ၏။

**သစ်၊ ဦး၊ စာရေးတော်ကြီး**

ဦးသစ်သည် ပုဂံမင်း လက်ထက်တွင် စာရေးတော်ကြီးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲစတင်ဖြစ်ပွားစဉ်အတွင်း စစ်ကြောင်းသုံးကြောင်းပြန်တမ်းကို ဆိုင်ရာသို့ ပေးအပ်ခဲ့ရသည်။

**သစ်၊ ဦး၊ ဝန်ထောက်**

ဦးသစ်သည် ပုဂံမင်းလက်ထက်တွင် ဝန်ထောက်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့သူဖြစ်သည်။ ဦးသစ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရသေးပေ။

**သန့်၊ ဦး၊ သံတော်ဆင့်**

ဦးသန့်သည် သီပေါမင်းလက်ထက်တွင် သံတော်ဆင့်အဖြစ် အမှုထမ်းခဲ့၏။ သူသည် ၁၈၈၄ ခုနှစ်တွင် သီပေါမင်း၏ အမိန့်တော်အရ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို ဆောက်လုပ်ခဲ့ရသည်။ သီပေါမင်းပါတော်မူစအချိန်တွင် ဦးသန့် ကွယ်လွန်သွားရာ ဇနီးသံတော်ဆင့်ကတော် ဒေါ်လယ်ကခင်ပွန်း သံတော်ဆင့်မင်း စိုက်ထုတ်ခဲ့သည့် ကျောင်းအတွက်ကုန်ကျငွေကို ပြန်လည်ရယူလိုကြောင်း ဗြိတိသျှအစိုးရထံ တင်ပြခဲ့၏။



**သန့်၊ ဦး၊ အသည်ဝန်**

ဦးသန့်သည် သီပေါမင်း လက်ထက်တွင် မင်းကြီးမင်းခေါင်မဟာသီရိသင်္ခယာဘွဲ့ခံ အသည်ဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့သည်။

**သိန်း၊ ဦး၊ ရွှေတိုက်စိုး**

ဦးသိန်းသည် သီပေါမင်း လက်ထက်တွင် ရွှေတိုက်စိုးအဖြစ် အမှုထမ်းရွက်ခဲ့သည်။ အသေးစိတ်အကြောင်းအရာများကို မသိရှိရသော်လည်း ကိုလိုနီခေတ်ဦးကာလ ၅၊ အောက်တိုဘာ၊ ၁၈၉၅ တွင် ကွယ်လွန်ခဲ့ကြောင်းသိရှိရ၏။

(ဟ)

**ဟန်၊ ဦး၊ ရွှေတိုက်ဝန်**

ဦးဟန်သည် ပုဂံမင်း လက်ထက်တွင် ခဲပေါင်မြို့စားရွှေတိုက်ဝန်အဖြစ် အမှုထမ်းရွက်ခဲ့သည်။ သူသည် ပုဂံမင်းလက်ထက် ခေတ်နှောင်းကာလတွင် သရက်မင်းသား၏ ပုန်ကန်မှု၌ ပါဝင်ပတ်သက်မှုဖြင့် အကျဉ်းချထားခံခဲ့ရသည်။ ဦးဟန်နှင့်အတူ နှစ်မ မိဖြုပါ ဖမ်းဆီးခံခဲ့ရသည်။

(အ)

**အပိုး၊ ဦး၊ သံတော်ဆင့်**

ဦးအပိုးသည် မင်းတုန်းမင်းလက်ထက် ၁၈၇၄ ခုနှစ်တွင် နေမျိုးသီဝသိဒ္ဓိဘွဲ့ခံသံတော်ဆင့်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ သူသည် ဖခင် တရုတ်လူမျိုး၊ မိခင် မြန်မာအမျိုးသမီးတို့က ဖွားမြင်သူဖြစ်သည်။ ဘာသာစကားခြောက်မျိုးကို ကျွမ်းကျင်ပြီး ရတနာပုံနေပြည်တော်သတင်းစာအား ကြီးကြပ်ထုတ်ဝေခဲ့ရသည်။ ဦးအပိုးသည် သီပေါမင်းပါတော်မူသွားပြီးနောက် ဗြိတိသျှအစိုးရထံ ပုံနှိပ်စက်ငှားရမ်းခလက်ကျန်ငွေများ တောင်းခံခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



**အူ၊ ဦး၊ လွှတ်တော်စာရေးကြီး**

ဦးအူသည် မင်းတုန်းမင်း လက်ထက်တွင် လွှတ်တော်စာရေးကြီးရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ ၁၈၇၃ ခုနှစ်တွင် ဦးအူခေါင်းဆောင်သော သံအဖွဲ့ တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ သွားရောက်ခဲ့ရ၏။ သူနှင့်အတူ စာရေးကြီး ဦးသာဘူးနှင့် မြဲတိုက်သံတော်ဆင့် ဦးတုတ်တို့လည်း လိုက်ပါခဲ့ကြသည်။ စာရေးတော်ကြီး ဦးအူသည် ရတနာပုံမန္တလေးမှ တရုတ်နိုင်ငံ ပေကျင်းမြို့အထိ အသွားလမ်းခရီးတိုင်စဉ်လင်္ကာကို ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်။

**အူ၊ ဦး၊ အုတ်ဝန်**

ပုဂံမင်း လက်ထက်တွင်အုတ်ဝန်ရာထူးဖြင့်အမှုထမ်းရွက်ခဲ့သူ ဦးအူသည် ၁၈၄၉ ခုနှစ်တွင် မင်းသားကြီးဦးကျောက်လုံး၏ မိကျောင်းတံတားနှင့် ခြသေ့ရုပ်မုခ်ဦးတို့ကို တာဝန်ယူတည်ဆောက်ခဲ့ရ၏။ ထို့ပြင် အိမ်တော်ရာ စေတီတော် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ခဲ့ရသည်။ ဦးအူ၏ မင်းပေးဘွဲ့မည်မှာ မင်းလှသီရိကျော်ထင် ဖြစ်သည်။ ရတနာပုံခေတ်နှောင်းကာလတွင် ထင်ရှားခဲ့သည့် အုတ်ဝန်ဦးဘိုးကြီးသည် အုတ်ဝန် ဦးအူ၏မြေး ဖြစ်ပါသည်။

**ဦး၊ ဦး၊ နာခံတော်**

ဦးဦးသည် စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးရာဇဓေယျသူဘွဲ့ခံ နာခံတော် အဖြစ် အမှုထမ်းခဲ့ပါသည်။ ဦးဦးနှင့် ပတ်သက်၍ အသေးစိတ်အချက် အလက်များ မသိရသေးပါ။

**အေး၊ ဦး၊ စဉ့်ကူးမြို့စားအတွင်းဝန်**

ဦးအေးကို လက်ဝဲသုန္ဒရဘွဲ့ခံ စာဆိုတော်အမတ်ကြီးဦးမြတ်စံနှင့် ဝန်ကတော် ဒေါ်ရွှဲတို့က ၁၇၇၀ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဦးအေးသည် ဗဒုံမင်း လက်ထက် ၁၇၈၅ ခုနှစ်တွင် ရွှေတောင်နော်ရထာဘွဲ့ဖြင့် မြင်းမူမြို့စား ရေကြည်ဝန်အဖြစ် စတင်အမှုထမ်းခဲ့၏။ ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက် လာသောအခါ မင်းကြီးမဟာအတုလသီဟသူဘွဲ့ဖြင့် ရေကြည်အတွင်းဝန် အရာ ရရှိခဲ့သည်။ မကြာမီ စဉ့်ကူးမြို့ကို မြို့စားအရာရရှိခဲ့ပြီး အသည်ဝန်



အဖြစ်ပါ ပူးတွဲခန့်အပ်ခံခဲ့ရသည်။ ၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်စ တွင် ဦးအေးကို မြင်းခုန်တိုင်မြို့စားတရားသူကြီး ရာထူးခန့်အပ်လိုက်၏။ ၁၈၄၄ ခုနှစ်တွင် အတွင်းဝန်ဦးအေး ကွယ်လွန်ခဲ့သည်။ ဦးအေးနှင့် ဇနီးတို့မှ သား မောင်ကျောက်ခဲနှင့် သမီး မနိုင်တို့ကို ဖွားမြင်ပါသည်။ မောင်ကျောက်ခဲ မှာ သာယာဝတီမင်းလက်ထက်တွင် ဓာတ်ဆရာအဖြစ် အမည်ထင်ရှားခဲ့ပြီး မနိုင်မှာမူ မင်းတုန်းမင်းလက်ထက် မြို့တော်ဝန် ဦးပေရေ၏မိခင် ဖြစ်ပါ သည်။

**အေး၊ ဦး၊ သံတော်ဆင့်**

ဦးအေးသည် သီပေါမင်း လက်ထက်တွင် သံတော်ဆင့်ရာထူးဖြင့် အမှုထမ်း ခဲ့သည်။ ၂၆၊ ဧပြီ၊ ၁၉၂၄ တွင် သံတော်ဆင့်ဦးအေး ကွယ်လွန်ခဲ့သည်။

**အော၊ ဦး၊ ငရန်မြို့စားအတွင်းဝန်**

ဦးအောသည် ဗဒုံမင်းလက်ထက်တွင် နေမျိုးသီရိကျော်သူဘွဲ့ဖြင့် ငရန်မြို့စား အတွင်းဝန်ရာထူး ရရှိခဲ့သည်။ သူသည် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် လှိုင်မင်းသား၏အကြီးတော်ရာထူး ခန့်အပ်ခံခဲ့ရသူ ဖြစ်ဟန်ရှိပါသည်။ သူသည် ၁၊ ဒီဇင်ဘာ၊ ၁၇၈၇ တွင် လှိုင်မင်းသား၏ အကြီးတော်ရာထူး ပေးအပ်ခံခဲ့ရသူ ဖြစ်ဟန်ရှိပါသည်။

**ဩ၊ ဦး၊ သံတော်ဆင့်**

ဦးဩကို ခရစ်နှစ် ၁၇၂၇ ခုနှစ်တွင် အလုံနယ်၊ မောင်းထောင်ရွာ၌ ဖွားမြင်ပါသည်။ မိဘများမှာ ဦးဇေယျနှင့်ဒေါ်ပုတို့ ဖြစ်ကြ၏။ ငယ်ရွယ်စဉ် က မောင်းထောင်ရွာဆရာတော် ရှင်ဂုဏသာရထံ ပညာဆည်းပူးခဲ့၏။ ထို့နောက် အင်းဝမြို့ ပထမကျော်အောင်စံထားဆရာတော်ထံ ဦးလေး ရှင်လင်္ကာသာရ(နောင်တွင်းသင်းတိုက်ဝန်ဦးထွန်းညို)တို့နှင့်အတူ ဆက်လက် ပညာသင်ယူခဲ့၏။ အသက် (၁၉)နှစ်အရွယ်တွင် လူထွက်ကာ ဟံသာဝတီ ရောက်မင်း၏ ဘထွေးတော် တောင်ငူရာဇာထံ အမှုထမ်းခဲ့ရာ မင်းရဲကျော် ခေါင်ဘွဲ့ ရရှိခဲ့သည်။ မကြာမီ ရွှေတောင်ရာဇကျော်ဘွဲ့ ရရှိခဲ့ပြန်၏။ ၁၊ စက်တင်ဘာ၊ ၁၇၅၁တွင် တောင်ငူရာဇာ တောင်းပန်၍ ကဝိလင်္ကာ

www.burmeseclassic.com

www.burmeseclassic.com



သတ်ပုံကျမ်းအား ရေးသားပြုစုပြီးစီးခဲ့သည်။ ၁၇၅၃ ခုနှစ် အင်းဝမြို့တော် ပဲခူးဟံသာဝတီသားတို့ လက်အောက်သို့ ကျရောက်ချိန်တွင် ဦးညိုမောင်း ထောင်နယ်သို့ ပြန်သွားခဲ့ဟန်ရှိပါသည်။

ဦးညိုသည် ၁၇၅၇ ခုနှစ်နှစ်ဦးပိုင်းကာလတွင် အလောင်းမင်းတရားထံဝင်ရောက်ခစားခဲ့ရာ စိန္တကျော်သူဘွဲ့ဖြင့် သံတော်ဆင့်ရာထူး ရရှိခဲ့ပါသည်။ အလောင်းမင်းတရားက ဦးညိုအား သားတော်ဗဒုံမင်းသား၏ အကြီးတော်အဖြစ်ပါ ခန့်အပ်ခဲ့သည်။

## အံ့၊ ဦး၊ တရားသူကြီး

ဦးအံ့သည် သီပေါမင်းလက်ထက်တွင် မဟာမင်းကျော်ရာဇာဘွဲ့ခံ ရေနံ့သာမြို့စား တရားသူကြီးအဖြစ် အမှုထမ်းခဲ့ပါသည်။ အသေးစိတ်အချက်အလက်များကိုမူ မသိရပေ။

## အံ့ကိုး၊ ဦး၊ သံတော်ဆင့်

သံတော်ဆင့် ဦးအံ့ကိုးသည် ဝက်မစွတ်ဝန်ထောက်ဦးလတ်၏ တူဝမ်းကွဲတော်စပ်သူ ဖြစ်သည်။ သူ၏ဇနီး သံတော်ဆင့်ကတော်ခင်ခင်(ရေနံတွင်းစားရိုး)မှာ မြဝတီမင်းကြီးဦးစ၏ တူမအရင်း ဒေါ်ဖြူနှင့် ဦးစံခိုင်တို့က ဖွားမြင်သူဖြစ်သည်။ ဦးအံ့ကိုးနှင့် ၎င်ခင်တို့က မောင်မောင်တင့်၊ မခင်နှင်းနှင့် မခင်သစ်ဆိုသူ သားသမီးသုံးဦးကို ဖွားမြင်ခဲ့ပါသည်။

## အံတော်နီ၊ ဦး၊ အကောက်ဝန်ရွှေတိုက်စိုး

ဦးအံတော်နီသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှရာဇာဘွဲ့ခံ အကောက်ဝန်၊ ရွှေတိုက်စိုးရာထူးများဖြင့် အမှုထမ်းခဲ့၏။ သူသည် ၃၀၊ ဇူလိုင်၊ ၁၈၆၃ တွင် မြနန်းစကြာသင်္ဘောဖြင့် မန္တလေးသို့ရောက်ရှိလာရာ သူနှင့်အတူ ရန်ကုန်မှ သုံးဆယ်မင်းသားကြီးလည်း လိုက်ပါလာခဲ့လေသည်။

## အို၊ ဦး၊ ကျီဝန်

ဦးအိုသည် ဗဒုံမင်းလက်ထက်တွင် ကျီဝန်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။



## အို၊ ဦး၊ ရန်အောင်မြင်ဝန်ထောက်

ဦးအိုသည် မြတောင်ဝန်ကြီးဦးမို၏ တပည့်ရင်းဖြစ်သည်။ သူသည် ပုဂံမင်းလက်ထက်တွင် မင်းလှရာဇာဘွဲ့ခံ မြဲတိုက်သံတော်ဆင့်၊ မင်းတုန်းမင်းလက်ထက်တွင် အသုံးစာရေး၊ လွှတ်တော်စာရေးကြီး၊ အောင်ပင်လယ်လမိုင်းဝန် အရာများ ရရှိခဲ့သည်။ ထို့နောက် ပန်းတဉ်းဝန်၊ ပန်းပဲဝန်၊ သံတော်ဆင့်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ဘွဲ့ခံ မြနန်းစကြာသင်္ဘောတော်အုပ်၊ ပုဂံစလေမိုးမိတ်မိုးလှိုင်းလေးမြို့ဝန်၊ တောင်ငူရမည်းသင်းနှစ်မြို့ဝန်၊ မြို့တော်ဝန်ရာထူးများ ရရှိခဲ့၏။ ဝန်ထောက်အဖြစ် အမှုထမ်းရွက်စဉ်အတွင်း ၁၈၇၁ ခုနှစ်၌ ရာထူးမှရပ်စဲခြင်း ခံခဲ့ရ၏။ သို့သော် ယင်းနှစ်အတွင်း၌ပင် ပုဂံ၊ စလေနှစ်မြို့အုပ်အဖြစ် ခန့်အပ်ခံခဲ့ရပြန်ပါသည်။ ၁၈၇၃ ခုနှစ်တွင် မိုးမိတ်၌ ပုန်ကန်ခြားနားနေသော ကချင်တောင်စားကို သွားရောက်နှိမ်နင်းရပြီးနောက် ဝန်ထောက်ရာထူး ပြန်လည်ခန့်အပ်ခံရပါသည်။ ထို့နောက် သီပေါမင်းနန်းတက်စတွင် ရန်အောင်မြင်မြို့စား ဝန်ထောက်အဖြစ် အမည်ထင်ရှားခဲ့သည်။ (၁၄)ဌာနအုပ်ချုပ်ရေး စတင်အကောင်အထည်ဖော်ချိန်တွင် ရန်အောင်မြင်ဝန်ထောက် ဦးအိုသည် အမှတ် (၁၄)စက်မှုဌာနကို အုပ်ချုပ်ရ၏။ ရန်အောင်မြင်ဝန်ထောက် ဦးအို၊ ဇနီးဝန်ထောက်ကတော်နှင့် သားကြီးတို့ပါ မိသားစုသုံးဦးက စစ်ကိုင်း၊ ဓမ္မိကချောင်တွင် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ရာ ငွေ (၁၂၈၀၀)ကျပ် ကုန်ကျကြောင်း သိရှိရ၏။

## အို၊ ဦး၊ ရွှေတိုက်အတွင်းဝန်

ဦးအိုသည် စစ်ကိုင်းမင်း လက်ထက်တွင် မင်းကြီး မဟာမင်းလှရာဇာဘွဲ့ခံ ရွှေတိုက်အတွင်းဝန်ရာထူး ရရှိခဲ့သည်။

## အို၊ ဦး၊ အရှေ့ဝင်းမှူး

ဦးအိုသည် ဗဒုံမင်းနန်းတက်စတွင် မင်းလှမင်းခေါင်ကျော်ဘွဲ့ဖြင့် အရှေ့ဝင်းမှူးဖြစ်ခဲ့ပြီး ၂၄၊ မေ၊ ၁၇၈၃ တွင် မင်းကြီးမင်းခေါင်ကျော်ဘွဲ့ကို ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**အောင်၊ ဦး၊ မကွေးဝန်ထောက်**

မကွေးဝန်ထောက်ဦးအောင်သည် သီပေါမင်းလက်ထက် အမှုထမ်းတစ်ဦး ဖြစ်ပြီး ၁၉၀၄ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

**အောင်ကြီး၊ ဦး၊ အဝေးရောက်မင်း**

ဦးအောင်ကြီးသည် သီပေါမင်းလက်ထက်တွင် အဝေးရောက်မင်းခေါ် အဝေးရောက်စာရေးအဖြစ် အမှုထမ်းခဲ့ပါသည်။ ဦးအောင်ကြီးကို ၂၅၊ ဒီဇင်ဘာ၊ ၁၈၅၃ တွင် အမရပူရမြို့မြောက်ပြင်၌ လေးမြို့စာရေးကြီး ဦးမှတ်နှင့် ဒေါ်စပ္ပာယ်တို့က ဖွားမြင်ခဲ့သည်။ အသက် (၁၅)နှစ်မှ (၁၇)နှစ်အရွယ်အထိ ရှင်သာမဏေဝတ်ခဲ့ပြီးနောက် စာရေးကြီးဦးမှုံထံ ချဉ်းကပ်၍လွှတ် ရုံးကိစ္စရပ်များကို လေ့လာသင်ယူခဲ့သည်။ ဝန်ထောက်ဦးကောင်း(နောင်ကင်းဝန်မင်းကြီးဦးကောင်း)က နာခံတော်ပြောကြီးမှူး ဦးဘိုးထံ အပ်နှံ၍ မင်းမှုထမ်းစေခဲ့ရာ စာရေး၊ စာတော်ဖတ် စသည့် ရာထူးအဆင့်ဆင့်ကို ရရှိခဲ့သည်။ သီပေါမင်းနန်းတက်စတွင် စာတော်ဖတ်အဖြစ် တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ရ၏။ ထို့နောက် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ခံ အဝေးရောက်ရာထူး ရရှိပါသည်။ သီပေါမင်း ပါတော်မူပြီးနောက် ရွှေဘိုသို့ ပြန်နေခဲ့သည်။ ဦးအောင်ကြီးသည် ၂၆၊ စက်တင်ဘာ ၁၉၄၂ တွင် ကွယ်လွန်ခဲ့သည်။ ဦးအောင်ကြီး၌ ဇနီးနှစ်ဦးရှိရာ ပထမဇနီး ဒေါ်ခင်မယ်နှင့် မမိန်းကလေး၊ မောင်ဖေမြင့်၊ မောင်ဖေတင့်တို့ကို ဖွားမြင်ခဲ့သည်။ ဒုတိယဇနီး ဒေါ်ထွေးနှင့် သားသမီးမထွန်းကားခဲ့ပေ။

**အောင်ညို၊ ဦး၊ ခေါင်းတုံးမြို့စားဝန်ကြီး**

ဦးအောင်ညိုသည် ဗဒုံမင်းနန်းတက်စကာလတွင် မဟာမင်းခေါင်ဘွဲ့ခံ ငါးစိုဝန် ဖြစ်ပါသည်။ ၁၇၈၄ ခုနှစ်တွင် မဟာမင်းလှမင်းခေါင်ဘွဲ့ကို ရရှိခဲ့၏။ ထို့နောက် ၁၈၀၃ ခုနှစ်တွင် ခေါင်းတုံးမြို့စားဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ခေါင်းတုံးမြို့သည် မန္တလေးမြို့အနီး၌ တည်ရှိပါသည်။



**အောင်ပု၊ ဦး၊ မြဝတီဝန်ကြီး**

ဦးအောင်ပု၏ဖခင်မှာ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအတွင်း ကမာရွတ်ခံတပ်တိုက်ပွဲတွင် ၈၊ ဇူလိုင်၊ ၁၈၂၄ က ကျဆုံးခဲ့သည့် ဝန်ထောက်မင်းကြီး မဟာနော်ရထာဘွဲ့ခံ ဦးရွှေမင်းဖြစ်သည်။ ဦးအောင်ပုသည် စစ်ကိုင်းမင်းလက်ထက်တွင် မင်းလှသီဟသူဘွဲ့ဖြင့် သံတော်ဆင့်အဖြစ် စတင်အမှုထမ်းခဲ့၏။ စစ်ပွဲအတွင်း ဖခင်ကွယ်လွန်သွားပြီးနောက် ဂုဏ်ပြုသောအားဖြင့် သားဖြစ်သူဦးအောင်ပုအား မဟာမင်းလှသီဟသူဘွဲ့ဖြင့် ဖခင်၏ဝန်ထောက်(စစ်ကဲ)ရာထူးကို ပေးအပ်ခဲ့သည်။ ၁၈၃၇ ခုနှစ်တွင် သာယာဝတီမင်းနန်းတက်လာသောအခါ ဝန်ထောက်မဟာမင်းလှသီဟသူကို မြဝတီမြို့စားမြင်းစုကြီးဝန်အဖြစ် တိုးမြှင့်ခန့်အပ်ခဲ့သည်။ ၁၂၊ ဒီဇင်ဘာ၊ ၁၈၃၇ တွင် မိုးနဲ့ဗိုလ်မှူးရာထူး ပေးအပ်ခဲ့ပြန်၏။ တစ်ဖန် ၂၅၊ ဇူလိုင်၊ ၁၈၃၉ တွင် ဝန်ကြီးအရာရရှိသဖြင့် မြဝတီမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူဟု ထင်ရှားလာပါသည်။ ၁၈၄၀ ပြည့်နှစ်၊ မတ်လတွင် ရွှေမားမင်းသား၏ ပုန်ကန်မှုပေါ်ပေါက်လာခဲ့ပြီးနောက် ပါဝင်ပတ်သက်နေသူ ဝန်ကြီး ဦးအောင်ပုအား ၂၊ ဧပြီ၊ ၁၈၄၀တွင် ရာထူးမှယုတ်ပယ်ခံခဲ့ရသည်။ ဝန်ကြီးဦးအောင်ပု၏ဝန်ကတော်အမည်မှာ ဒေါ်နိုင်ဖြစ်ကြောင်း သိရှိရပါသည်။

**အောင်ဘော်၊ ဦး၊ အမြောက်ဝန်**

ဦးအောင်ဘော်သည် မြေဒူးမင်းလက်ထက်တွင် အမြောက်ဝန်၊ အတွင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်ခဲ့၏။ သူသည် မြေဒူးမင်းနတ်ရွာစံလွန်အချိန်တွင် ရေနန်းတော်မှ နန်းတော်ကြီးသို့သယ်ဆောင်သွားရာ၌ အနီးကပ်ရှိနေခဲ့သည်။

**အောင်မင်း၊ ဦး၊ လက်နက်တိုက်ဝန်**

ဦးအောင်မင်းသည် မင်းတုန်း၊ ကနောင်ညီနောင်များ ရွှေဘိုသို့ မုဂ်မင်းအား နန်းချရန် ထွက်ခွာသွားစဉ် အတူလိုက်ပါ အမှုထမ်းခဲ့သူဖြစ်သည်။ အမရပူရမြောက်တံခါးမှအထွက်တွင် တံခါးမှူးက တံခါးဖွင့်ပေးရန် ငြင်းဆန်နေသဖြင့် ဦးအောင်မင်းက တံခါးမှူးအား လုပ်ကြံစီရင်ခဲ့သည်ဆို၏။ ဦးအောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



သည် မင်းတုန်းမင်းလက်ထက်တွင် လက်နက်တိုက်ဝန်အဖြစ် ထပ်မံခန့်အပ်ခံခဲ့ရသည်။

**အောင်သူ၊ ဦး၊ ကသည်းမြင်းဝန်**

မြင်းဝန် ဦးအောင်သူသည် မင်းတုန်းမင်းထံ လက်ဖက်ရည်တော်အဖြစ် စတင်အမှုထမ်းခဲ့ရ၏။ ၁၈၆၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံသို့ လက်ဖက်ရည်တော် မောင်မြှုနှင့်အတူ သွားရောက်ပညာသင်ယူခဲ့သည်။ မောင်အောင်သူသည် ဦးစွာ ဗဟိုဝိဇ္ဇာနှင့်ထုတ်လုပ်ရေးကျောင်း (L'Ecole des arts et Manufacture)၌ ပညာဆည်းပူးခဲ့ပြီး ၁၈၆၅ ခု၊ အောက်တိုဘာလတွင် စိန့်စီ (Saint Cyr) တက္ကသိုလ်ဝင်ခွင့်ရရှိကာ စစ်ပညာသင်ယူခဲ့၏။ ယင်းသို့ ပညာဆည်းပူးနေဆဲ ကနောင်မင်းသားကြီး လုပ်ကြံခံရသဖြင့် ၁၈၆၆ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်သစ်ပြည်မှပြန်လာရာ ၁၈၆၇ ခုနှစ်၊ ဇန်နဝါရီလ၌ ပြန်လည်ရောက်ရှိကြသည်။ ထို့နောက် ၁၈၇၀ ပြည့်နှစ်၊ ဖွန်လတွင် ပန်းတဉ်းဝန်ထောက် ဦးရွှေဘင်ဦးဆောင်သော သံအဖွဲ့၌ လိုက်ပါရကာ ပြင်သစ်၊ အင်္ဂလန်တို့သို့ ရောက်ရှိခဲ့သည်။ နောက်ပိုင်း ပြင်သစ်နိုင်ငံတွင် ဆက်လက်ပညာသင်ယူခွင့်ရရှိခဲ့သဖြင့် ၁၈၇၂ ခုနှစ်၊ မေလတွင်မှ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုစဉ် နေမျိုးမင်းထင် သူရိန်ဘွဲ့ဖြင့် မြင်းတပ်ဗိုလ်ရာထူး ရရှိခဲ့ပါသည်။

ဦးအောင်သူသည် ၁၄၊ မတ်၊ ၁၈၇၄ တွင် ကင်းဝန်မင်းကြီး ဦးကောင်း ဦးဆောင်သော သံအဖွဲ့နှင့်အတူ ဥရောပနိုင်ငံများသို့ သံငယ်အဖြစ် လိုက်ပါခဲ့ရပါသည်။ ၁၈၇၄ ခုနှစ်၊ အောက်တိုဘာလတွင် ပြန်လည်ရောက်ရှိခဲ့ကြပြီးနောက် ဦးအောင်သူသည် ၁၈၇၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြင်သစ်နိုင်ငံသို့ထပ်မံသွားရောက်ခဲ့ရပြန်သည်။ ၁၄၊ မတ်၊ ၁၈၇၅ တွင် မန္တလေးသို့ပြန်လည်ရောက်ရှိလာရာ ဦးအောင်သူသည် မဏိပူရမြင်းတပ်ကို ကြီးကြပ်အုပ်ချုပ်ခဲ့ရသည်။ ၁၈၇၆ ခုနှစ်တွင် ကသည်းမြင်းဝန်ရာထူး ရရှိပါသည်။ ၁၈၈၀ ခုနှစ်ခန့်တွင် ဦးအောင်သူ ကွယ်လွန်ပါသည်။ မှတ်တမ်းတစ်စောင်တွင် အရှင်နန်းမတော်ဘုရားစာရေးကြီး ငအောင်သူဟူ၍ တွေ့ရှိရ၏။



**အတ်၊ ဦး၊ သူရဲဝန်**

ဦးအတ်ကို ရွှေဘိုမြို့အနောက်ဘက်၊ မူးမြစ်၏အရှေ့ဘက်ကမ်းရှိ မူးသာရွာ၌ ဖွားမြင်ပါသည်။ ဇင်းမယ်ရှမ်းအနွယ်ဟူ၍လည်း ဆိုကြသည်။ ၁၈၅၂ ခုနှစ် မင်းတုန်း၊ ကနောင်မင်းသားများ နောင်တော်ပုဂံမင်းကို နန်းချရန် ရွှေဘိုသို့ ထွက်ခွာစဉ် ဦးအတ်နှင့် ညီအစ်ကိုတော် ဦးလတ်တို့ လိုက်ပါစစ်မှုထမ်းခဲ့ကြ၏။ အရေးတော်ပြီးဆုံးသွားသောအခါ ဦးအတ်ကို အတွင်းခြောက်စု ကိုယ်ရံတော်သေနတ်စွဲ သွေးသောက်ကြီးအရာ ခန့်အပ်ခဲ့ပါသည်။ သီပေါမင်းလက်ထက်တွင် မင်းလှဓေယျသူရိန်ဘွဲ့ဖြင့် ရွှေပြည်မှန်ကင်း သေနတ်ဗိုလ်အရာ ရရှိခဲ့သည်။ ထို့နောက် သူရဲဝန်ပင်းသာမြို့စား ရာထူးကျသွားသောအခါ ၄င်းနေရာတွင် သူရဲဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။ သူသည် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း တောင်ငူစစ်ကြောင်းမှ စစ်ချီတိုက်ခိုက် ခဲ့ရ၏။ ထင်ရှားသော ပြာသာဒ်ဒကာကြီး ဦးစိုးဂေါင်မှာ ဦးအတ်၏တူတော် စပ်သူဖြစ်သည်။ (စာရေးဆရာမကြီး လူထုဒေါ်အမာမှာ ဦးစိုးဂေါင်၏ မြေးတော်စပ်သူ ဖြစ်သည်။)

**အုန်း၊ ဦး၊ ရွှေနန်းရိုးလမိုင်းဝန်**

ဦးအုန်းသည် သီပေါမင်း လက်ထက်တွင် သံတော်ဆင့်၊ ရွှေနန်းရိုးလမိုင်းဝန်အဖြစ် အမှုထမ်းရွက်ခဲ့သည်။ ဦးအုန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရပေ။ ဦးအုန်းသည် ကိုလိုနီခေတ်ဦးကာလ ၁၄၊ စက်တင်ဘာ၊ ၁၈၉၇ တွင် ကွယ်လွန်ခဲ့သည်။

**အုန်းခိုင်၊ ဦး၊ နောက်တော်ပါမြင်းဝန်**

ဦးအုန်းခိုင်သည် သီပေါမင်းလက်ထက်တွင် နောက်တော်ပါမြင်းဝန်အဖြစ် အမှုထမ်းရွက်ခဲ့ရ၏။ သူသည် ၈၊ နိုဝင်ဘာ၊ ၁[illegible]၅ တွင် မင်း၊ မိဖုရားနှစ်ပါးတို့ သာသနာပိုင်ဆရာတော်ရှာပနသို့ [illegible] မြင်းရထားစီစဉ်ထားမှု မရှိသဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

**အုပ်၊ ဦး၊ ကောလင်းဝန်ကြီး**

ဦးအုပ်သည် ဗဒုံမင်းလက်ထက်တွင် အိမ်ရှေ့စံစစ်ကိုင်းမင်းသားထံ နေမျိုးဓေယျကျော်စွာဘွဲ့ဖြင့် အိမ်ရှေ့အတွင်းဝန်အဖြစ် အမှုထမ်းရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၁၉ ခုနှစ် စစ်ကိုင်းမင်းနန်းတက်လာသောအခါ ဦးအုပ်ကို မင်းရာဇာဘွဲ့ဖြင့် ကောလင်းမြို့စားအတွင်းဝန်ရာထူး ပေးအပ်ခဲ့၏။ မကြာမီ မင်းကြီးသီရိမဟာဥဇနာဘွဲ့ဖြင့် ဝန်ကြီးအရာ ရရှိပါသည်။ ၁၂၊ ဒီဇင်ဘာ၊ ၁၈၂၈ တွင် ကောလင်းမြို့စားဝန်ကြီး ဦးအုပ် ကွယ်လွန်ခဲ့သည်။

## အိမ်၊ ဦး၊ မြေတွန်းဝန်ထောက်

ဦးအိမ်သည် ဗဒုံမင်းလက်ထက်တွင် ဝန်ထောက်၊ မြေတွန်းဝန်ရာထူးများဖြင့် အမှုထမ်းရွက်ခဲ့ရသည်။ ၁၈၀၇ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ခဲ့သည့် အမိန့်တော်တစ်ခု၌ မြေတွန်းဝန်ထောက်ကျော်ထင်နော်ရထာဟု တွေ့ရှိရသည်။ ဦးအိမ်ကို နောင် ဝန်ကြီးရာထူး ခန့်အပ်ခဲ့ကြောင်း၊ တောင်ငူမင်းသား၊ ပြည်မင်းသားများနှင့် ကြံရာပါဖြစ်သဖြင့် စစ်ကိုင်းမင်းက စီရင်ခဲ့ကြောင်း ဆိုပါသည်။ သို့သော် စစ်ကိုင်းမင်းလက်ထက် ဝန်ကြီးစာရင်း၌မူ ဦးအိမ်၏ အမည်ကို မတွေ့ရပေ။

## အိမ်၊ ဦး၊ မြို့တော်ဝန်

ဦးအိမ်သည် ဗဒုံမင်း နန်းတက်စတွင် ပုဏ္ဏားဝန်၊ ဝန်ထောက်ရာထူးများဖြင့် အမှုထမ်းရွက်ခဲ့သည်။ ဦးအိမ်သည် ပုဏ္ဏားဝန်အဖြစ် အမှုထမ်းရွက်နေစဉ် နေမျိုးကျော်ခေါင်ဘွဲ့ဖြင့် ဝန်ထောက်အရာ ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် နေမျိုးနော်ရထာဘွဲ့ခံ မြို့တော်ဝန်ဖြစ်လာခဲ့သည်။

## အုံ၊ ဦး၊ စာတော်ဖတ်

ဦးအုံသည် မင်းတုန်းမင်းလက်ထက်တွင် စာတော်ဖတ်အဖြစ် အမှုတမ်းရွက်ခဲ့သည်။ အသေးစိတ်အချက်အလက်များကိုမူ မသိရပေ။

## ဦးအုံ၊ အတွင်းဝန်

ဦးအုံသည် ပုဂံမင်းလက်ထက်တွင် သတိုးမင်းကြီးမဟာမင်းလှနော်ရထာဘွဲ့ဖြင့် အတွင်းဝန်ရာထူး ရရှိခဲ့သည်။ သူသည် သာယာဝတီမင်းလက်ထက်ကပင် အတွင်းဝန်အရာ ရရှိခဲ့ပြီး ပုဂံမင်းလက်ထက် ၁၈၄၉ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းတွင် ကွယ်လွန်ခဲ့သည်။ ဦးအုံသည် ဓနုံမြို့စားအတွင်းဝန် ဖြစ်၏။



## အုံး၊ ဦး၊ စာရေးကြီး

ဦးအုံးသည် သီပေါမင်းလက်ထက်တွင် စာရေးကြီးရာထူးဖြင့် အမှုထမ်းရွက်ခဲ့ပါသည်။ အသေးစိတ်အချက်အလက်များကို မသိရသေးသော်လည်း ကိုလိုနီခေတ်ဦးကာလ ၂၇၊ မေ၊ ၁၈၉၂ တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။

## အယ်ပု၊ ဦး၊ အတွင်းဝန်

ဦးအယ်ပုသည် ပင်းတလဲမင်းသား ဦးဖြူ၏သားဖြစ်ပါသည်။ စစ်ကိုင်းမင်းလက်ထက်တွင် နေမျိုးကျော်စွာရွှေတောင်ဘွဲ့ဖြင့် လင်းကတော(၁၀)ရွာစားဖြစ်ခဲ့သည်။ ထို့နောက် သာယာဝတီမင်းလက်ထက်တွင် မဟာမင်းကလေးဘွဲ့ဖြင့် ထရံကာမြို့စားအတွင်းဝန် ဖြစ်လာပါသည်။ ၂၂၊ ဧပြီ၊ ၁၈၄၀ ၌ ဘုရင်အမျက်တော်ရကာ ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။ ဦးအယ်ပုတွင် မလေးဆိုသူ သမီးတစ်ဦးရှိကြောင်း သိရှိရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း


| | |
|---|---|
| ကေလာသအရှင် | မန္တလေးသာသနာဝင်(ပဌမတွဲ) |
| ကိုပညာ၊ အမရပူရ | 'ဘိုးတော်ဘုရား၏နေ့စဉ်မှတ်တမ်း' |
| ကျော်ဝင်း၊ မောင် | အတွေးအမြင်၊ ၁၉၈၈ ဩဂုတ် |
| (မဟာဝိဇ္ဇာ) | 'ကုန်းဘောင်ခေတ်ကတော်မယားများစာရင်း'၊ ရွှေတုဂျာနယ် ၊ (၁၅-၁၀-၁၉၇၄) |
| ဒေါက်တာကျော်ဝင်း | နှစ်လေးဆယ်သမိုင်းရှာပုံတော်၊ ရန်ကုန်၊ အားမာန်သစ်စာပေ၊ ၂၀၀၆၊ |
| ကြန်၊ ဒေါ် | |
| 〃 | ပဒေသရာဇ်မြန်မာနိုင်ငံ၏ဓာတ်သိမ်း၊ ရန်ကုန်၊ စာပေဗိမာန်၊ 'မင်းတုန်းမင်း၏ မှူးတော်မတ်တော်များ' JBRS. |
| ခင်ခင်စိန် (တည်း) | အလောင်းမင်းတရား အမိန့်တော်များ၊ |
| (မဟာဝိဇ္ဇာ) | မြန်မာ့သမိုင်းကော်မရှင် ကျမ်းစဉ် ၅၊ ၁၉၆၄။ |
| ခင်အေးမြင့် | 'အဝေးရောက်မင်းဦးဘ'၊ မြန်စာဂုဏ် မဂ္ဂဇင်း၊ |
| စန္ဒိမာ၊ ဦး၊ | ၁၉၆၅၊ ရွှေရေးဆောင်ကျောင်းတိုက်ကြီး၏ |
| စန်းမောင်၊ ဦး၊ ဒဂုန် | ခေတ်(၃)ခေတ် သမိုင်းစာပေ 'သံတော်ဆင့်ဘုရားခေါ်မဟာလောကမဉ္စူစေတီ' တရားရိပ်မြိုင် ဓမ္မမဂ္ဂဇင်း၊ ၁၉၉၇ ဇူလိုင်လ |
| စိန်မောင်ဦး၊ ဦး | ပိုးတဝါး သမိုင်းပုံရိပ်များ၊ ရန်ကုန်၊ တော်စိန်နှိ ရာပြည့်အောင်ဆက်၊ ၂၀၀၇၊ မေ၊ လွှတ်တော်မှတ်တမ်း၊ |
| တင်၊ဦး၊ပုဂံဝန်ထောက်မင်း | ကဗျာဗန္ဓသာရကျမ်း၊ |
| တင်နိုင်တိုး | ကုန်းဘောင်ခေတ်အဝေးမြို့ဝန်၊ ရန်ကုန်၊ စာလုပ်ငန်း ပုံနှိပ်တိုက်၊ ၂၀၀၄၊ ဒီဇင်ဘာ |





| | |
|---|---|
| ဒဂုံခင်ခင်လေး | 'မိုင်းကိုင်မြို့စားဦးရန်' သွေးသောက်၊ ၁၉၇၉၊ ဇွန် |
| ဒဂုန်ခင်ခင်လေး | ရတနာပုံနိဒါန်းနှင့် နိဂုံး |
| 〃 | ဝက်မစွတ်အတ္ထုပ္ပတ္တိနှင့်စာပေများ၊ ရန်ကုန်၊ စည်ပင်သာယာပုံနှိပ်တိုက်၊ ၁၉၇၉ |
| ဒေါန၊ မောင်၊ ရေစကြို | 'ရေစကြိုခုံတော်ဦးမှိုင်း' သွေးသောက်၊ ၁၉၆၁၊ မေ |
| နဂါးဗိုလ်ထိပ်တင်ထွေး | ရတနာသိင်္ခကုန်းဘောင်မဟာရာဇဝင်အကျဉ်း၊ ရန်ကုန်၊ အနော်ရထာပုံနှိပ်တိုက်၊ ၁၉၆၇ |
| ပညာဝံသ၊ ဦး | နန်းမ..ဘာမယန ရာဇဝင်မှုမှန် |
| ဘထွေး | 'မိုးဖြစ်စက်ကဲတော်ကြီး'၊ မိုးဂျာနယ်၊ ၁၉၉၉၊ နိုဝင်ဘာ |
| ဘဦး၊ ဦး၊ ရွှေဘို | မြန်မာမှတ်စလင်တို့၏ အတ္ထုပ္ပတ္တိ |
| မင်းကျော်ရာဇာ | ဝန်ကြီးမှူးကြီးများအကြောင်း JBRS. 1962 December |
| မောင်မောင်တင်၊ ဦး | အမှတ်တရပုဂ္ဂိုလ်များ၊ ရန်ကုန်၊ |
| (မဟာဝိဇ္ဇာ)(တည်း) | ရွှေမြို့တော်ပုံနှိပ်တိုက်၊ ၁၉၆၈ |
| 〃 | မှန်ရှည်တပ်ခွေတော်စည်၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆၊ 'မှူးတော်မတ်တော်တို့၏အမည်များ' သမိုင်းဂျာနယ် |
| မောင်မောင်တင်၊ ဦး | ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး |
| (KSM, A.T.M) | (ပ)(ဒု)(တ)၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၇ |
| မောင်သုတ | စာဆိုတော်များအတ္ထုပ္ပတ္တိ |
| မောင်အေးသန့် | အဝေးရောက်မင်း ဦးအောင်ကြီး |


www.burmeseclassic.com

www.burmeseclassic.com



မျိုးသန့်တင်၊ ဒေါက်တာ — ကုန်းဘောင်ခေတ်မြန်မာ့သိပ္ပံပညာရှင်များ၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၁၉၈၄၊ ဒီဇင်ဘာ

" — 'ယောမင်းကြီးဦးဘိုးလှိုင်၏ခွေ့စဉ်မျိုးဆက်' သိပ္ပံ၊ ၁၉၈၀၊ အောက်တိုဘာ

မော်ဘီဆရာသိန်း — ပညာရှိကြီးများအကြောင်း၊ ရန်ကုန်၊

ရီရီ၊ ဒေါက်တာ — 'မြန်မာသမိုင်းအထောက်အထားများ'၊ နိုင်ငံသမိုင်းသုတေသနစာစောင်(၁)

ရှေးဟောင်းစာပေသုတေသီတစ်ဦး — ကုန်းဘောင်ခေတ်စာရင်းပဒေသာ နန်းသုံးယာဉ်ပရိဘောဂနှင့် ဝတ်စားဆင်ယင်မှု၊ အတွဲ(၁)၊ အပိုင်း(၁) ရှေးဟောင်းမှတ်စာပဒေသာ၊ အတွဲ(၃)။ (၁၅)

ရွှေစင်ဘုန်းနိုင် — သန်ရိုင်းစာများပါ ရတနာပုံခေတ်ဆိုင်ရာ သမိုင်းအထောက်အထားများ

ရွှေဘိုမိမိကြီး — လှေသင်းအတွင်းဝန်ဦးရွှေမောင်၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၅

လယ်တီဦးလှပိုင် — စတုဘုမ္မိကမဂ္ဂင်သာသနာဝင်သမိုင်း၊ ရန်ကုန်၊ ကျော်ဝင်းဆွေပုံနှိပ်တိုက်၊ ၁၉၇၆ ခုနှစ်

ပေ၊ပုရပိုက်များမှတ်တမ်းများ၀

၁။ ကစားတော်ဘက် ၄၀ တော် မှူးမတ်စာရင်း၊ (၁၈၂၁ ခုနှစ်)
ပေ-၃၆၆၇၈၉(တ၂ဗစ)

၂။ ရှေးမင်းတို့လက်ထက် မှူးမတ်စာရင်း(သမိုင်းသုတေသနဦးစီးဌာန)

၃။ ရတနာဂီရိသို့ လိုက်ပါသူတို့စာရင်းကျယ်(သမိုင်းသုတေသနဦးစီးဌာန)

www.burmeseclassic.com



တင်နိုင်တိုး

# ကုန်းဘောင်ခေတ်မင်းမှုထမ်းများ
# အဘိဓာန်

www.burmeseclassic.com